www.burmeseclassic.com

# ယောက်ျားတို့အကြောင်း

ခင်နှင်းယု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူ-၃၉၁/၂၀၀၀ (၆)
မျက်နှာဖုံး-၄၆၉/၂၀၀၀ (၇)

ပုံနှိပ်ခြင်း
တတိယအကြိမ်

ထုတ်ဝေကာလ
စက်တင်ဘာ၊ ၂၀၀၀ပြည့်နှစ်

အုပ်ရေ
၁၀၀၀

အဖုံးပန်းချီ
ဇော်မောင်

စာအုပ်ချုပ် - ကိုမြင့်

စာစီ - ဖိုးဇော်

အတွင်းဖလင်
စိုးအောင်

ပုံနှိပ်သူ
မျက်နှာဖုံး - ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ် - ၉၆၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။
အတွင်း - ဦးကျော်ငွေးမင်း (၀၅၉၉၂) ဇွဲအိုင်အေပုံနှိပ်တိုက်
အမှတ် (၂၅၆)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေ၊
အမှတ် ၈/၆၅-အုပ်စု-၃၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး -

စိစဉ်ထုတ်လုပ်မှု
ချမ်းငြိမ်းမိုး

ဖန်တီးမှု
ခင်ဇော်

BURMESE CLASSIC .com

# စာရေးသူ၏အမှာစာ

**ပါရမီဘက် ခင်မွန်**

ဒီစာတန်းလေးကို ဆရာမြသန်းတင့်က ကျွန်မတို့ကို ပြခဲ့သည်။ ၁၉၉၄ ခုနှစ် ပတ်ဝန်းကျင်လောကက ကျွန်မနှင့် အဝင်း (ကလျာ)တို့ ဆရာမြသန်းတင့်တို့နှင့်အတူ အညာတစ်ခွင် ခရီးထွက်စဉ်က ညောင်ဦး၊ ရွှေစည်းခုံဘုရား တစ်နေရာတွင် အလှူရှင် ကမ္ပည်းထိုးထားသော စာတန်းကို ညွှန်ပြခြင်းဖြစ်သည်။

ထိုစာတန်းလေးက လှသလို ပါရမီဘက်ဟူသော စကားလုံးကလည်း မွန်မြတ်၍ အဓိပ္ပာယ်ရှိသည့် စကားလုံးဖြစ်သည်။ ပါရမီဆိုသည်မှာ သံသရာတစ်ဘက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ရောက်ရန်အား ထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာအကျင့်ပင်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရား အလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားသခင် လက်ထက်တွင် ဘုရားဆုပန်၍ နောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်တွင် ဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရားဖြစ်လတ္တံ့ဟူ၍ ဒီပင်္ကရာဘုရားထံမှ ဗျာဒိတ်ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူနေစဉ်တွင် အနီးတစ်နေရာရှိ သုမိတ္တာအမျိုးသမီးသည် ကြာပန်းငါးခိုင်ကို ဒီပင်္ကရာဘုရားထံကပ်လှူ၍ "ဤသုမေဓာရှင်ရသေ့ ဘုရားအဖြစ်သို့ ရောက်သည်အထိ ကျင့်ကြံအားထုတ်ရာတွင် တပည့်တော်သည် ဘဝအဆက်ဆက် ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့သည်။

ထိုစဉ်က သုမေဓာရှင်ရသေ့သည် ပြုခဲ့သောကုသိုလ်ကြောင့် ဒီပင်္ကရာဘုရားရှင်ထံတွင် နိဗ္ဗာန်ဆုကိုတောင်း၍ ကျင့်ကြံအားထုတ်လျှင် နိဗ္ဗာန်ကိုရောက်နိုင်သော်လည်း သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်ရန် ဘုရားဆုကို ခံခဲ့ခြင်းဖြစ်သည်။ ဘုရားဖြစ်ဖို့ ဖြည့်ကျင့်ရသော ပါရမီဆိုသည်က လွယ်သည်မဟုတ်။ ဒုက္ခ အနန္တကို ခါးစည်းခံ၍ ဖြည့်ဆည်းခဲ့ရခြင်း ဖြစ်သည်ကို ကျွန်မဖော်ပြရန် မလိုတော့ပါ။

ထိုမျှခက်ခဲသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဘဝအဆက်ဆက် ခရီးကို လျှောက်လှမ်းရန်အတွက် သုမိတ္တာသည် ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့ခြင်းမှာ အလောင်းတော်၏ သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားရပါလို၏ဟု ဆုတောင်းသည်နှင့် အတူတူပင် ဖြစ်သည်။

သုမိတ္တာဘဝမှသည် ယသော်ဓရာမိဖုရား ဖြစ်သည်အထိ အလောင်းတော်၏ ပါရမီဖြည့်ဖက် ယသောဓရာဇာတ်လမ်းသည် ပုထုဇဉ်မျက်လုံးနှင့်ကြည့်လျှင် မသက်သာလှ။ ဝမ်းနည်းကြေကွဲဖွယ်ရာအတိ ဖြစ်သည်။

အလောင်းတော်သည် ဂေါတမမြတ်စွာဘုရားသခင်အဖြစ်သို့ ရောက်ပြီးနောက် ကာဠုဒါယီအမတ်ကြီး လျှောက်ထားချက်အရ နောက်ပါတပည့်သားသံဃာများနှင့်အတူ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး စံရာ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူသည်။

ကပိလဝတ် နန်းတော်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှစ၍ နန်းတွင်းသူ နန်းတွင်းသားအားလုံး ဘုရားသခင်အား ဖူးမျှော်ကန်တော့ကြသည်။



ယသောဓရာ မိဖုရားကမူ ခန်းမဆောင်မှမထွက်၊ မြတ်စွာဘုရားကို လာရောက်၍ ဖူးမျှော်ခြင်းမပြုပေ။

"ငါ၏ကျေးဇူးတရားကို သိပါလျှင် ငါ့ထံသို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာလိမ့်မည်"ဟု စိတ်ထဲမှအားပေး၍ ခန်းမဆောင်အတွင်းမှာပင် နေသည်။

မြတ်စွာဘုရားသခင်သည် ယသော်ဓရာ၏စိတ်ကိုသိ၍ ယသော်ဓရာမိဖုရား၏ အဆောင်သို့ ကြွမည်ပြုစဉ် အရှင်သာရိပုတ္တရာက "မာတုဂါမ၏အဆောင်သို့ ကြွတော်မမူသင့်ကြောင်း" လျှောက်ထားခဲ့သည်။

မြတ်စွာဘုရားက

"ချစ်သား သာရိပုတ္တရာ၊ ယသော်ဓရာသည် သံသရာအဆက်ဆက် ငါဘုရား ကျင့်ကြံအားထုတ်ခဲ့သော ပါရမီကို အောင်မြင်ရန် ဖြည့်ဆည်းခဲ့သော ပါရမီဖြည့်ဖက် ဖြစ်သည်။ ယသော်ဓရာ၏ ကျေးဇူးသည် ကြီးမားလှပါပေ၏"

ဟု ယသော်ဓရာ၏ကျေးဇူးကို ဖော်ကျူးကာ ယသော်ဓရာ၏ ခန်းမဆောင်သို့ နောက်ပါသံဃာများနှင့် ကြွတော်မူသည်။

မြတ်စွာဘုရားသခင်ကိုမြင်လျှင် ယသော်ဓရာသည် ထိန်းချုပ်ခြင်းကို မတတ်နိုင်ဘဲ မြတ်စွာဘုရားသခင်၏ ခြေဖမိုးကို မျက်နှာဖြင့် အပ်ကာ အနှစ်နှစ်အလလ ရင်ထဲမှာ ခံစားနေရသမျှကို မျက်ရည်ဖြင့် ဖော်ထုတ်ကာ မိန်းမော သတိမေ့မတတ် စိတ်ရှိတိုင်း ယသော်ဓရာသည် သည်းထန်စွာ ငိုကြွေးခဲ့သည်ကို မြတ်စွာဘုရားသခင် ခွင့်ပြုတော်မူခဲ့သည်။

ယသော်ဓရာ အလွမ်းကို ပုထုဇဉ်ဖြစ်သော ကျွန်မ မတွေးရဲ။ သို့သော် ယသော်ဓရာ 'ကြာပန်းကိုင်'သည်မှာ မှန်ခဲ့သည်။ သူ ဒီပင်္ကရာဘုရားလက်ထက်တွင် ကြာပန်းကို ကပ်လှူ၍ ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏ဟု ဆုတောင်းဆုယူ ပြုခဲ့သူမှာ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်သည့် သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးစ ဇနီးသည်တစ်ယောက် ယခုလို ပြောဆိုသည့်အတွက် ကိုကိုမောင် ဘယ်လိုခံစားရမည် မသိသော်လည်း ကျွန်မစိတ်ထဲတွင်မူ ကိုကိုမောင်အယူအဆကို မကြိုက်ပေ။ "ရှာတာတော့ ဟုတ်တာပေါ့၊ ခုသွားမှာက တိုးတိုးငွေနဲ့ တိုးတိုးသွားမှာ၊ တိုးတိုးအယူအဆက ရှာတုန်းတော့ ငွေကိုရှာမယ်၊ ကိုယ့်စိတ်ချမ်းမြေ့မှုအတွက် နားနားနေနေ သွားမယ်ဆိုလဲ စိတ်ပစ်လက်ပစ် သွားချင်တယ်၊ ဦးနှောက် အပန်းဖြေတယ်ဆိုပြီး ပဲရစ်က ဘာရိုကိတ်ကအမြတ် ထင်သလောက် ကိုက်ပါ့မလား၊ အမေရိကန်နိုင်ငံကဲ ဘယ်လိုနေမလဲဆိုတာ သဘော်ပေါ် တွေးနေရရင်တော့ အဲဒီခရီးကြီးဟာ အလကားပဲ၊ သူက အဲဒီလို လုပ်နေတော့ ကိုကိုနဲ့တိုးက ဒီခရီးကို ဘယ်လိုလုပ် အရသာခံမလဲ"

ကျွန်မသည် အခန်းထဲရောက်မှပင် ရင်ထဲရှိသမျှ ပွင့်ရတော့သည်။

နောက်လဆန်းတွင် ဤဟန်နီးမွန်း ခရီးစဉ်ကြီးကို ဖျက်လိုက်ရပါတော့သည်။ မမစိုး၏ ဘရိုကိတ်များ သဘော်တင်ရက် နောက်ကျသည့်ကိစ္စရော၊ အမရပူရမှ ရက်ကန်းစင်များ အမြတ်တော်ကြေးလိုက်သည့်ကိစ္စပါ ရှုပ်လာ၍ မမစိုး မလိုက်နိုင်တော့ပေ။ ကိုကိုမောင် ခွင့်ရက်ကလည်း စေ့လုပြီဖြစ်၍ မသွားရတော့ပါ။ ကျွန်မသည် ထိုကိစ္စမှာပင် ကိုကိုမောင်ကိုရော၊ မမစိုးကိုပါ မကျေနပ်ပါပေ။

ကိုကိုမောင် ကျောင်းပြန်တက်သော ရက်များတွင် ကျွန်မ အလုပ်များလာ၏။ ကျောင်းသွားအချိန်မီ နံနက်စာကို ဒေါ်မြနှင့်အတူ ကူချက်ရ၏။ ခါတိုင်းတော့ ကျွန်မတို့အိမ်သားများအတွက် ဒေါ်မြက စီမံလိုက်လျှင် ထမင်းချက်နှစ်ယောက်က အပြီးချက်၍ စားပွဲပြင်ရုံပင်ဖြစ်သည်။ မမစိုးသည် ခပ်စောစောပင် ဆိုင်သို့ထွက်သွားကာ သူ စားချင်သည်ကို ဒေါ်မြအား မှာခဲ့၏။ ကျွန်မအဖို့လည်း ထမင်းပွဲရောက်မှပင် လက်ဆေးစားမြဲ ဖြစ်သည်။

ယခုတော့ ကျွန်မ လင်ရလာချေပြီ။ ဘယ်လိုမင် အပျိုတုန်းက ပေါ်ကြော့နေလာသည်ဆိုဆို 'လင်'ဆိုသည့်အသိက စေတနာအလိုလို ကိုကိုမောင့်အပေါ် သက်ရောက်လာသည် ထင်ပါသည်။ ကိုကိုမောင့် အကြိုက်ဟင်းတစ်ခွက်တော့ ကျွန်မကိုယ်တိုင် ချက်ပေးချင်လာသည်။ ချက်ပေးချင်တော့လည်း ကြိုးစားလာပါသည်။ ကြိုးစားတော့လည်း ယခု ခြောက်လအတွင်းတွင် ကျွန်မသည် တကယ့်အိမ်ရှင်မကြီးလိုပင် မီးဖိုချောင်ကို နိုင်နိုင်နင်းနင်း စီမံချက်ပြုတ်လာတတ်တော့သည်။



"မိတိုးပြောင်းလဲပုံကို အံ့သြလိုက်တာဟယ်"

ဟု ဒေါ်မြကပင် ကျွန်မကို ပြောပါသည်။ ကျွန်မသည် ကိုကို မောင်ကျောင်းမသွားခင် နံနက်စာကို ကိုယ်တိုင်စောင့်ကျွေးပြီးမှ ကိုကိုမောင့်အပါးတွင် အဝတ်အစားများကို ပြင်ဆင်ပေးသည်။ ကျွန်မတို့ နှစ်ယောက်အတွက် သီးသန့်ထားသော အိုပယ်ကားလေးကို ကိုယ်တိုင် မောင်းကာ ကိုကိုမောင်ကို ကျောင်းသို့သွားပို့ပါသည်။ အပြန်တွင်လည်း ကိုကိုမောင်မှာသောအချိန်တွင် ကျွန်မကိုယ်တိုင် သွားကြိုပေးသည်။

ညဥ့်စာ စားပွဲတွင်တော့ အိမ်သားအားလုံး မျက်နှာချင်းဆိုင် စုံစုံညီညီ ထမင်းစားရပေသည်။

တစ်ညနေတွင်မူ ကိုကိုမောင်က သုံးနာရီလောက် သင်တန်းပြီးမည်ဆို၍ သွားကြိုပါသည်။ ကျောင်းရောက်ချိန်တွင် အင်းစိန်ရှိ မိတ်ဆွေတစ်ယောက်ထံ ကိုကိုမောင်က သွားမည်ဆို၍ နှစ်ယောက်သား ထွက်လာခဲ့ပါသည်။

အိမ်အပြန် မိုးချုပ်သော်လည်း ကျွန်မတို့ ရေမိုးချိုးပြီးချိန်အထိ အိမ်သားများသည် ထမင်းစားရန် စောင့်နေလေသည်။ လှေခါးမှ နှစ်ယောက်သား ဆင်းလာစဉ်တွင်ပင် "တိုး မနက်က ငါးရံ့ခေါင်းစွပ်ပြုတ် လုပ်ထားဖို့ တိုးကိုမှာခဲ့တာ လုပ်ဖြစ်သေးလား"သူသည် ရှပ်အင်္ကျီ လက်ကို မ,ရင်း မေးလာ၏။

"လုပ်ဖြစ်တယ်ကို၊ ကျောင်းလာမကြိုခင်ကပဲ တိုး လုပ်ထားတယ်၊ စားခါနီးမှ ကိုကြိုက်တဲ့ သံပုရာရည်လေးညှစ်ပြီး ရေပ်သီးစိမ်း ခပ်သောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက်သည် ထမင်းစားခန်းသို့ ဝင်လာ၏။ ဒေါ်မြနှင့် စားပွဲထိုးမှာ ထမင်းပွဲကို ပြင်နေသည်။ ကျွန်မသည် ငါးရံ့ခေါင်းစွပ်ပြုတ်ကို နည်းနည်းအအေးခံ၍ သံပရာရည် ညှစ်လိုက်၏။ ပူပူညှစ်လျှင် ခါးတတ်သောကြောင့် ဖြစ်သည်။ ကျွန်မ ပြင်ဆင်နေချိန်တွင် မမစိုးသည် အငွေ့တထောင်းထောင်းနှင့် ဟင်းချိုပန်းကန်လုံးကြီးကို ကိုင်ကာ ထမင်းစားခန်းထဲသို့ ဝင်လာ၏။ ဒေါ်မြသည် ကျွန်မမျက်နှာကိုတစ်လှည့်၊ မမစိုးမျက်နှာကိုတစ်လှည့် ကြည့်နေပေသည်။ ကျွန်မနှင့် ကိုကိုမောင်ကမူ မမစိုးအမူအရာကို နားမလည်သလို ကြောင်ကြည့်နေ၏။

“မောင်မောင်၊ ဒီငါးရံ့ခေါင်းတွေ စကော့ဈေးထဲပေါလို့ မမစိုး စွပ်ပြုတ်လုပ်ထားတယ်၊ အညှီပြေအောင် ငရုတ်ကောင်းလေး ခတ်သောက်”

ကျွန်မသည် ဘာမျှမပြောနိုင်ပါပေ။ မှင်သက်မိသလိုလို ဖြစ်နေ၏။ မမစိုးသည် ဘယ်တုန်းကမှ ဈေးခြင်းတောင်းကိုလည်း မကိုင်။ ငါးစိမ်းတန်းဆိုသည်ကိုလည်း သွားဖူးသူ မဟုတ်ပါပေ။ ‘ကိုကိုမောင်က ငရုတ်ကောင်းမှုန့် မကြိုက်ဘူး၊ သံပရာရည် ညှစ်သောက်ချင်တာ’ ဟု ပြောရ ကောင်းမလား။ တိုးတိုးကိုယ်တိုင် ဒီမှာလုပ်ထားတယ်ဟု ပြောရကောင်းမလား။ ကျွန်မသည် စကားတစ်လုံးမှပင် ပြောမထွက်တော့ပေ။ ထမင်းသာ စားနေရသော်လည်း ငြိမ်သက်နေမိ၏။ ကိုကိုမောင်ကတော့ မမစိုး၏ဟင်းချိုတွေကိုသာ တစ်ဇွန်းပြီးတစ်ဇွန်း ငုံ့သောက်နေသည်ကို တွေ့ရပါသည်။ တစ်ချိတစ်ချိတော့ သူ့အပေါ်တွင် ထမင်းစားနေသော ကျွန်မမျက်လုံးများကို သူ တောင်းပန်ဟန်နှင့် ကြည့်ပုံရ၏။ ‘ကိုဘာလုပ်ရမလဲ’ ဟု မေးနေပုံလည်းရ၏။

ကျွန်မစိတ်ထဲတွင် အလိုလိုနေရင်းပင် ထမင်းစားပွဲကို စိတ်မပါတော့သလို ဖြစ်လာ၏။ ထမင်းစားနေသူလေးယောက်တွင် မမစိုး တစ်ယောက်သာ စကားသွက်သွက် ပြောနေပေသည်။

ကျွန်မသည် ခါတိုင်းလိုပင် ကိုကိုမောင်ထမင်းစားပြီးချိန် ဆောင်ရွက်စရာရှိသည်များကို လုပ်ပေးရန်စောင့်နေသော်လည်း ထမင်းကိုမူ အစောကြီး



စားပြီးလေသည်။ ကိုကိုမောင့်အတွက် သောက်ရေငှဲ့ပေး၊ သွားကြားထိုးတံများ ချပေးပြီးလျှင် ခြံထဲသို့ တိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်တည်း ထွက်လာမိခဲ့၏။

စင်စစ်မတော့ မမစိုးစွပ်ပြုတ်တခွက် ကိုကိုမောင်အား တိုက်ရုံနှင့် ကျွန်မ ဘာမှ မဖြစ်ထိုက်ပါပေ။ သို့သော် ကျွန်မစိတ်ထဲတွင် မပြောပြနိုင်သော စိတ်အရှိန်တစ်ခုက လာရောက်၍ ကျွန်မနှလုံးသားကို ထိလာ၏။

‘စွပ်ပြုတ်တိုက်ခြင်း’၏ နောက်ပိုင်းတွင် အဓိပ္ပာယ်အများကြီး ရှိလာသလိုလို၊ သို့သော် ထိုကိစ္စကို ဘယ်သူ့မှလည်း ဖွင့်မပြောပါပေ။

ညဥ့်တွင်လည်းအိပ်မရ၊ ဤစွပ်ပြုတ်တစ်ပန်းကန်မှ အငွေ့တထောင်းထောင်းသည် ကျွန်မနှလုံးသားကို အပူငွေ့ဖြင့် ကြိမ်မီးအုံးသလို ဖြစ်နေစေတော့သည်။ မမစိုးမျက်လုံးများသည် ကျွန်မလိုမဝိုင်း၊ အနည်းငယ် ရှည်မျောမျောနေ၍ မျက်တောင်က ခပ်စင်းစင်းနေသည်။ ယခင်နေ့များက မမစိုးမျက်လုံးများသည် အရောင်မဲ့နေသည်ဟု ကျွန်မထင်၏။ ညနေ ထမင်းစားဝိုင်းတွင်မူ မမစိုးမျက်လုံးများသည် အထူးပင်တဖျပ်ဖျပ်နှင့် တောက်ပနေကြဟန်ရှိ၏။ သူသည်ကျွန်မထက် အရပ်တစ်လက်မခန့်ပိုမြင့်၍ အသားညိုညိုနှင့် တုတ်တုတ်ခိုင်ခိုင် ရှိသည်။ အဝတ်အစားကိုမူ သပ်သပ်ရပ်ရပ်ဝတ်တတ်ရုံမက ရန်ကုန်တိုက်ဆိုင်ကြီးတွင် အစဉ်ထိုင်နေသူမို့ ဝယ်သူမျက်စိကျအောင် အချိုးတကျ ဝတ်ပြနေလေ့ရှိသောကြောင့် မမစိုးသည် အမြဲလှနေသတည်း။

ခါတိုင်းလည်း ဤအစ်မဖြစ်သူနှင့် တွေ့မြင်နေပါလျက်နှင့် ယနေ့ညကျကာမှ မမစိုးရုပ်ပုံက ကျွန်မမျက်လုံးထဲမှမထွက်ပါပေ။ ကျွန်မသည် သက်ပြင်းကို အမောတကော ချမိရင်း ကိုကိုမောင်ဘက်သို့ လှည့်လိုက်မိ၏။ သူ့ကျောပြင်ကို မမြင်၊ ညနေက စွပ်ပြုတ်ခေါင်းငုံ့၍ သောက်နေသော သူ့ဟန်ကို မြင်၍လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုလျှော့လိုက်ကာ ကြိုးစား၍အိပ်နေတော့သည်။ နောက်တစ်ပတ်စနေတွင်မူ ကျွန်မသည် ကိုကိုမောင်ကိုကျောင်းပို့ရန် ကားထုတ်နေစဉ်တွင် မမစိုးသည် ဈေးသို့သွားရန် သူ့ကားပေါ်သို့ လှမ်းတက်နေ၏။ သူက ဒရိုင်ဘာနှင့် သွားနေကျ ဖြစ်၏။

‘တိုးတိုး၊ ဒီနေ့လယ် မောင်မောင်ကို တိုးမကြိုနဲ့တော့။ မမစိုး ဈေးကလှည့်ပြီး ဝင်ခေါ်လာခဲ့မယ်’ သူသည် ပြောပြောဆိုဆိုနှင့် ကားတံခါးကို ဂျိုင်းခနဲပိတ်ကာ မောင်းထွက်သွားတော့သည်။ ကျွန်မသည် ဘာပြောရမှန်းမသိ။ ပါးစပ်အဟောင်းသားနှင့် ခပ်ကြောင်ကြောင်ဖြစ်နေ၏။ လောကကြီး ကမ္ဘာပင်ပျက်နေစေဦးတော့ သူ့ဆိုင်မှ အချိန်ကုန်မှ ပြန်လာတတ်သော မမစိုး၊ ငွေကိုသာ အစဉ် ဦးစားပေးသော မမစိုး။ ယနေ့စနေနေ့တွင်မှ ဆိုင်က နေ့ဝက်နှင့် ပြန်လာမည်ဆိုတော့...။ ကျွန်မသည် ဘာမှ ဆက်မတွေးချင်သလို ဖြစ်လာ၏။ အလိုလို မျက်ရည်များ ဝိုင်းလာသည်။ ကားကို ကားဂိုဒေါင်မှ ဆင်ဝင်အောက်သို့ အသာမောင်းလာခဲ့၏။

“ကိုကိုမောင်ရေ၊ တိုး ကားအဆင်သင့်ဖြစ်နေပြီ”

တုန်နေသောအသံကို ထိန်း၍ ကိုကိုမောင်အား အသံပြုလိုက်ပါသည်။ ကိုကိုမောင်သည် ခေါင်းပေါင်းခြင်းလေးပိုက်ကာ ကားရှိရာသို့ ဆင်းလာ၏။ ကျွန်မကို ပြုံး၍ကြည့်ကာ ကျွန်မဘေးမှ သူဝင်ထိုင်လိုက်သော အခါတွင်မူ ကျွန်မမျက်လုံးမှ မျက်ရည်ပေါက်များ ကျမလာအောင် မနည်းထိန်းထားလိုက်ရပါသည်။ သို့သော် ကျွန်မမျက်လုံးများသည် မျက်ရည်များနှင့်တော့ စိုစွတ်စပြုနေ၍ ကျွန်မမျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ရ၏။

ကျွန်မတို့အိမ်မှာ ရှစ်မိုင်တွင်ရှိသည်။ ယခင်က အိမ်မှကျောင်းသို့ ကားနှင့်လာတိုင်း “ကိုကိုရေ...ဒါလင်ရေ” နှင့် ပြောမဆုံးနိုင်သော စကားများကို ကားပေါ်တွင် နှစ်ယောက်တည်းနှင့် ကျက်ကျက်ညံအောင် ပြောဆိုလာတတ်မြဲဖြစ်သော်လည်း ယနေ့တွင် ကျွန်မအသံသည် တိတ်၍ ကျွန်မနှုတ်သည် ပိတ်နေမိသည်။



“မိတိုးကြီး ဒီနေ့ ငြိမ်လှချည့်လား” ကိုကိုကတော့ စကားစရှာပါသည်။ ကျွန်မ ဘာမှမပြောတော့ဘဲ သူ့ကျေနပ်ရုံသာ ပြုံး၍ပြလိုက်၏။ ကျောင်းရောက်လျှင် ယခင်က ကိုကို တံခါးဖွင့်ပေးမှ အောက်သို့ဆင်းမြဲဖြစ်သော ကျွန်မသည် ယခုတော့ ကျွန်မပင် ဦးအောင် ကားတံခါးကို အမြန်ဖွင့်ဆင်းကာ ကိုကိုဘက်သို့ အပြေးကလေးသွား၍ ကားတံခါးကို ဖွင့်လိုက်ပါသည်။ ကိုကိုသည် ပြောင်းလဲသော ကျွန်မအမူအရာကြည့်ရင်း

“ကျေးဇူးတင်ပါတယ် အချစ်ရယ်”ဟု အင်္ဂလိပ်လို ကျွန်မကိုပြော၍ ဆင်းလာ၏။

“နေ့လယ်ကျရင်လေ၊ တိုးတိုးကို ကိုကို မစောင့်နဲ့တော့နော်၊ မမစိုးက သူ ဈေးကနေ လှည့်ကြိုမယ်တဲ့”

ကျွန်မအသံသည် အထူးပင် ခြောက်ကပ်နေရုံမက ကျွန်မမျက်နှာသည် ဘယ်လိုမှ ပြုံး၍မလာ။ အသံတုန်ရီ၍ တိုးလွန်းနေသောကြောင့် ကိုကိုမောင်မှ ကြားပါ့မလားဟု ထင်မိသည်။ သို့သော် ကိုကိုမောင်သည် ကျွန်မအသံကို ကြားပါသည်။ ကျွန်မမျက်နှာကို ငြိမ်သက်စွာ ရပ်ကြည့်နေသည်။ ကျွန်မသည် ကားကိုမောင်း၍ သူ့အပါးမှ ခွာခဲ့သော်လည်း တစ်ဆစ်ချိုးကွေ့တော့မည့်ဆဲဆဲ သူရှိရာသို့ လည်ပြန်လှည့်ကြည့်မိသည်။ သူသည် ရပ်နေဆဲနေရာမှ မရွေ့၊ ကျွန်မ ကားမောင်းထွက်သွားရာသို့ ကျောက်တိုင်ကြီးလို ငြိမ်သက်စွာ ကြည့်နေ၏။

“ဪ၊ သူ့ရင်ထဲမှာကော ဘယ်လိုများ ခံစားနေရှာပေမည်နည်း” အိမ်ရောက်လျှင် မီးဖိုချောင်ထဲသို့ ကျွန်မဝင်လာ၏။ ထမင်းချက်နှစ်ယောက်ကို အိမ်ပေါ်ထပ်ရှိ ရေချိုးခန်း ကြွေဇလုံများကို တိုက်ခိုင်းလိုက်၏။ နေ့တိုင်း ဂျာဒူးကုလား လုပ်နေကျပေမင့် ကျွန်မသည် သူတို့နှစ်ယောက်ကို မီးဖိုထဲတွင် မရှိစေချင်သောကြောင့် ဖြစ်ပေသည်။ ဒေါ်မြတစ်ယောက်သာ ကျန်ရစ်၏။

“ကဲ..ဒေါ်မြ၊ အုန်းနို့ညှစ်ခိုင်းထားတာ အဆင်သင့် ဖြစ်နေပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပြီ"

ဒေါ်မြသည် အုန်းနို့ထည့်ထားသော ကြွေချိုင့်ကို ကျွန်မအပါးသို့ ယူလာ၏။ ကျွန်မသည် ကြက်သားများစင်း၍ ဆီပြန်အောင်ချက်ထားသော ဟင်းအိုးကို မီးဖိုပေါ်တင်လိုက်ကာ အုန်းနို့လောင်းထည့်ရန် ပြင်နေ၏။ ယနေ့နေ့ဝက်ကျောင်းဆင်းလာလျှင် ကိုကိုမောင်က အုန်းနို့ခေါက်ဆွဲ စားချင်သည်ဆို၍ ကျွန်မ ခေါက်ဆွဲဟင်းချက်ရန် ပြင်ဆင်နေခြင်း ဖြစ်ပေသည်။ ဒေါ်မြသည် ကျွန်မအပါးမှ လိုအပ်ချက်များကို စောင့်၍သယ်ပေးနေလေသည်။

ဟင်းအိုးကျလျှင် ကျွန်မသည် ခွင်ပေါ်မှ အသာချ၍ ကျွန်မလက်ကို ဆေးနေ၏။

"မုန့်ကြွပ်ကော ကြော်ပြီးပြီလား ဒေါ်မြ"

"ပြီးပြီ တိုး၊ ကြက်သွန်တော့ ငြီးစော်နံမယ်၊ စားခါနီးမှ လှီးတာပေါ့"

"ဒါနဲ့ ဒေါ်မြကို တိုး တစ်ခုပြောချင်လို့"ဒေါ်မြသည် ကျွန်မ ရုတ်တရက် စကားစပုံ ဆန်းသဖြင့် ကျွန်မကို အံ့ဩသလို ကြည့်နေသည်။

"ဒေါ်ဒေါ်မြဟာ ဒီအိမ်မှာ အကြီးဆုံးပဲ၊ တိုးစိတ်ထဲမှာ ငယ်ငယ်ကတည်းက တိုးတို့ကို ထိန်းလာတဲ့ အထိန်းလို့ မထင်ဘူး၊ သွေးရင်းသားရင်း အဒေါ်လိုပဲ ခင်တယ်၊ ချစ်လဲချစ်တယ်"

ဒေါ်ဒေါ်မြသည် စကားပြောရင်း တုန်လာသော ကျွန်မအသံကိုကြားလျှင် ကျွန်မအပါးသို့ တိုးကပ်လာ၏။

"တိုးမှာ တိုင်ပင်စရာ ပြောစရာ ဒေါ်ဒေါ်မြပဲ ရှိတယ်"ကျွန်မသည် အသံတုန်လာရုံမက မျက်ရည်များပါ စီးကျလာသည်။

"ဆိုစမ်းပါဦးကွယ်၊ သမီးလေးရယ်" သူသည် ကျွန်မပခုံးကို ယုယစွာ ကိုင်လိုက်၏။

"တိုး ရှင်းရှင်းပဲပြောပြချင်တယ်၊ ခုတလော မမစိုးအမူအရာတွေဟာ ပြောင်းလဲမလာဘူးလား" ကျွန်မသည် တိတိကျကျ ထုတ်ဖော်ပြောရမည့်အခါကျတော့လည်း ပါးစပ်မှ မထွက်ရဲသလို ဖြစ်နေပြန်သည်။



"တိုး... စတင်ပြီးတော့လဲ မစွပ်စွဲချင်ဘူး၊ ကိုယ့်ကို တစ်သက်လုံးက မိဘလိုစောင့်ရှောက်ခဲ့တဲ့ အစ်မ၊ ဒါပေမင့် ...ဒါပေမင့် တိုး သူ့အမူအရာတွေကို ခုမကြိုက်တော့ဘူး"

ကျွန်မသည် ဒေါ်ဒေါ်မြပခုံးကိုဖက်ကာ ချုံးချုံးချ၍ငိုရင်း ပြောလိုက်တော့၏။ ဒေါ်ဒေါ်မြသည် ရုတ်တရက် ဘာကိုမျှ မဖြေသေးဘဲ ကျွန်မ့ပခုံးကို တယုတယ ဖက်ထား၏။ ကျွန်မကို သူ ထိန်းလာသော တစ်သက်တွင် ထိုမျှ ရှိုက်ကြီးတငင်ငိုသည်ကို သူ မတွေ့ခဲ့ဖူးပါပေ။

"တိုးတိုးရယ်၊ ဒါလောက်ကြီးငိုတော့ ဒေါ်ဒေါ်မြ စိတ်မကောင်းလိုက်တာ" သူက ဒါလောက်ပင်ပြောကာ ကျွန်မခါးကြားမှ လက်ကိုင်ပဝါကို အသာယူ၍ ကျွန်မမျက်နှာမှ မျက်ရည်များကို သုတ်ပေး၏။

"ဒီလိုရှိတယ် တိုးတိုး၊ အချိန်ကို စောင့်ကြည့်ပါဦး၊ သူဟာအပျိုကြီးတစ်ယောက်၊ တိုးသိတဲ့အတိုင်း ကုန်သည်ပိုင်းကရော၊ အစိုးရ အရာရှိပိုင်းကရော လာစပ်လိုက်တာမှ၊ သူသာ အိုးနဲ့အိမ်နဲ့ နေချင်တဲ့စိတ်ရှိမှ တစ်ယောက်ယောက်ကို ခေါင်းခေါက်ယူနိုင်ပါတယ်၊ ခု မောင်မောင့်အပေါ်မှာ သူ ပြုစုချင်လာတာဟာ သားချင်းတစ်ယောက်အနေ၊ မောင်သားတစ်ယောက်အနေလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ရှက်စရာကြီး တိုးရယ်၊ ကိုယ် ထင်သလို သူများထင်လာရင်လဲ မကောင်းပါဘူးကွယ်"

"တိုး ထင်သလို ပတ်ဝန်းကျင်က ထင်မလာအောင် တိုးလုပ်ရမှာမှ မဟုတ်ဘဲ၊ သူ့အမူအရာကို သူဆင်ခြင်ရမှာပေါ့"

"အခုလဲ ဘာမှ ရုပ်ပျက်ဆင်းပျက် မဖြစ်သေးပါဘူး တိုးရယ်၊ ဟိုနေ့ညတုန်းက ငါးရံ့ခေါင်းစွပ်ပြုတ် တိုက်တာတစ်ခုပဲဟာ"

ဒေါ်ဒေါ်မြကလည်း ထိုနေ့ညနေကို ဂရုပြုမိဟန်ပေါက်ပါသည်။

"စွပ်ပြုတ်တိုက်တာမှာ အဓိပ္ပာယ်အများကြီးနော် ဒေါ်ဒေါ်မြ"ဒေါ်ဒေါ်မြသည် ကျွန်မစကားလုံးဆန်းသည်ကို ကြောင်၍ ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ဒီနေ့လယ် သူ ကိုကိုမောင့်ကို ကြိုလာခဲ့မယ်တဲ့၊ မနက်က ဈေးမသွားခင်က မှာသွားတယ်"

"တကယ်"

ဒေါ်ဒေါ်မြပင် မယုံနိုင်ပေ။

"မြော် တိုးကို သူကိုယ်တိုင် ပြောသွားတာ၊ အဲ့ဒါများ တနင်္ဂနွေကလွဲလို့ ဆိုင်က နေ့ဝက်နဲ့ပြန်လာတယ်လို့ ထုံးစံရှိလား၊ ပြီးတော့ တိုးဘာသာကျောင်း ကြိုနေကျ သူ ဝင်ပါစရာ ဘာမှမလိုဘူး"

ဒေါ်ဒေါ်မြသည် သက်ပြင်းကြီးချလိုက်၏။

"ဒေါ်ဒေါ်မြလေ၊ သူ့ကို တိုက်ရိုက်တော့ မပြောဘူး၊ သွယ်ဝိုက်ပြီးပြော ကြည့်ဦးမယ်တိုး၊ ဒါလောက်နဲ့တော့ ကတောက်ကဆဖြစ်အောင် တိုး မပြော ပါနဲ့ဦးကွယ်"

"ပြောရမှာက ရှက်စရာကြီးပါ၊ တိုးလဲသိပါတယ်၊ တိုးက လင်လဲရှက် တာပဲ" ကျွန်မက မျက်ရည်ကိုသုတ်၍ ကျွန်မစကားကို လက်စသတ်ကာ အိမ်ပေါ်သို့ တက်လာခဲ့ပါသည်။

နေ့လယ်တွင် ရေမိုးချိုး အဝတ်အစားလဲပြီး ကိုကိုမောင် ပြန်အလာကို စောင့်နေ၏။ ထမင်းစားပွဲတွင်မူ ကြက်သွန်, ငံပြာရည်, ငရုတ်သီးမှုန့်, အဆာ့ပလာအစုံနှင့် ခေါက်ဆွဲမှာ အဆင်သင့်ပြင်ထားပါသည်။ အုန်းနို့ ဟင်းတစ်ခုပင် စားခါနီးမှ ပူပူနွေးနွေး ထည့်စားရန် ကျန်ပါတော့သည်။

ဆယ့်နှစ်နာရီခွဲလောက်တွင် မမစိုးနှင့် ကိုကိုမောင် ကားအတူယှဉ်စီးကာ ရောက်လာတော့သည်။ ဒရဝမ်က ကားတံခါးကို ဖွင့်ပေးလိုက်လျှင် ကျွန် မသည် ကိုကိုမောင်လှမ်းပေးသော ခေါင်းပေါင်းခြင်းလေးကို လှမ်းယူကာ ကို့ကို ဆီးကြိုပါသည်။ မမစိုးက သူ့ဘာသာ တစ်ဖက်မှ ဆင်းလာ၏။ ကျွန်မတို့နှစ်ယောက် သံဆွဲတံခါးအတွင်းသို့ရောက်၍ လှေခါးရင်းရောက် သည့် တစ်ပြိုင်နက် မမစိုးအသံကို ကြားရ၏။



"ဒေါ်မြ၊ မအေးကိုပြောလိုက်စမ်းပါ၊ ကားထဲမှာ အုန်းနို့ခေါက်ဆွဲချိုင့် ပါလာတယ်၊ မောင်မောင်စားဖို့ စားပွဲတစ်ခါတည်း ပြင်ထားလိုက်"

ကျွန်မသည် လှေခါးမှတက်ရန် ပြင်နေသော ခြေလှမ်းသည် တုံ့သွား၏။

ဘယ်ဘက်ထမင်းစားခန်းအဝတွင် ရပ်နေသော ဒေါ်မြကလည်း ကျွန်မ ကို အဓိပ္ပာယ်အများကြီးမျက်လုံးနှင့် လှမ်းကြည့်လိုက်တော့သည်။

တမင်များ လုပ်နေသလား ကျွန်မစိတ်ထဲတွင် ထင်လာ၏။

"လာလေ တိုး၊ အပေါ်တက်လေ"

ကိုကိုမောင်သည် ကျွန်မခါးကို အသာဖက်ကာ လှေခါးတက်ရန် တွဲ ခေါ်၏။

"ဟင်း... ထမင်းစားပွဲကိုသာ ခြေထောက်နဲ့ ကန်ပစ်ချင်တယ်"

"တိုးတိုးပြောပါ တိုးရယ်၊ မမစိုး ကြားပါ့မယ်"

ကိုကိုမောင်သည် ကျွန်မနားသို့ကပ်၍ ပြောပါသည်။ ကျွန်မစိတ်ထဲ တွင်တော့ တကယ်ပါပေ၊ ငယ်ငယ် ကျောင်းနေစဉ် စိတ်အတိုင်းဆိုလျှင် ခေါက်ဆွဲများ အသင့်ပြင်ထားသော ထမင်းစားပွဲကြီးကို ခြေထောက်နှင့် ကျွမ်းပြန်အောင်ကို ကန်ပစ်မည် ဖြစ်ပါသည်။

ထိုနေ့ကတော့ မဟာအဝီစိငရဲဝယ် မီးလျှံများအပါးတွင် ကြိမ်ပိုက်ဆူး များကို စားနေရသလို ခေါက်ဆွဲများကို ဖြစ်နှစ်မျိုနေရတော့သည်။

ထိုညနေတွင် ကျွန်မတို့နှစ်ယောက် ထမင်းကို အိမ်မှာပြန်မစား၊ ခြောက် နာရီခွဲ ရုပ်ရှင်ကြည့်ပြီးမှ ဆယ်နာရီကျော်ကျော်လောက်မှ အိမ်ပြန်ရောက် ကြ၏။ ကိုကိုမောင်သည် အဝတ်အစားလဲပြီး ခုတင်ပေါ်တွင် ခြေပစ်လက် ပစ်လှဲနေလေသည်။

"ကိုကိုမောင်ဖို့ အိုဗာတင်း တိုး သွားယူလိုက်ဦးမယ်"

ကျွန်မသည် အိမ်အောက်ဆင်းပြီး အိုဗာတင်းဖျော်ကာ ပြန်တက်လာခဲ့ ၏။ ကျွန်မတက်အလာတွင် မမစိုးအခန်းမှာ မီးရောင်လင်းနေသေး ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်နှင့် ယသော်ဓရာဇာတ်လမ်းကို ကြည့်လျှင် ယောကျ်ားနှင့် မိန်းမသည် တစ်ယောက်နှင့်တစ်ယောက် ပါရမီဖြည့်ဖက်၊ ကျေးဇူးပြုဖက်များ ဖြစ်သည်ကို တွေ့ရသည်။

သို့သော် ကျွန်မပတ်ဝန်းကျင်တွင် 'ကြာပန်းကိုင်'မှားခဲ့သော အမျိုးသမီးများ အမြောက်အမြား တွေ့ရှိရ၍ ကျွန်မ သူတို့အကြောင်းဝတ္ထုများ ရေးခဲ့ပါသည်။

'ယောကျ်ားတို့အကြောင်း'ကို ဝတ္ထုတိုအဖြစ် လစဉ် မြဝတီမဂ္ဂဇင်းမှာ ၆ လရေးပြီးမှ သတ္တမမြောက် 'ယောကျ်ားတို့အကြောင်း'ကို မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ကျွန်မ ရေးခဲ့ပါသည်။

ထိုစဉ်က ကျွန်မ၏ချစ်သူ အသက်ရှင်လျက် ရှိနေသေးသည်။ သူ၏မိတ်ဆွေ စာရေးဆရာကြီးတစ်ယောက်က ပြောသည်။

"မစုက ယောကျ်ားတွေအကြောင်း ဘယ်လောက်သိလို့ ယောကျ်ားတို့အကြောင်း ဝတ္ထုရေးရတာလဲ"ဟု သူ့ကိုမေးသည်ဟု ဆိုပါသည်။

"မစု ယောကျ်ားတို့အကြောင်း သိလို့ရေးတာမဟုတ်ဘူး၊ မသိလို့ရေးတာ"ဟု ဖြေခဲ့ပါသည်။

ကျွန်မသည် သစ္စာရှိ၍ ကြင်နာပါသော ခင်ပွန်းသည်ကို ရရှိပါသော်လည်း 'ယောကျ်ားတွေ ဘာကိုကြိုက်ပါသလဲ'ဆိုတာ ကျွန်မ ယခုထိ မသိ။ ဘာ့ကြောင့်ဆိုသော် ကျွန်မပတ်ဝန်းကျင်တွင် များသောအားဖြင့် တွေ့ရသော အမျိုးသမီး ၇၅ ရာခိုင်နှုန်းလောက် အဆင်မပြေသော အိမ်ထောင်ရေးကို တွေ့ရှိနေရ၍ ဖြစ်သည်။ ကျွန်မကိုယ်တွေ့နှင့် နှိုင်း၍ မရ။ ကျွန်မက လင်ကံကောင်းခဲ့ပါသည်။

ငယ်စဉ်က တွေ့ခဲ့ဖူးသည်။ "ယောကျ်ားတွေဟာ အလှကိုကြိုက်တယ်၊ ငါက အကျည်းတန်တယ်၊ ငါ ယောကျ်ားယူရင် တစ်နေ့ ပစ်သွားမှာပဲ၊ ဒါကြောင့် ငါ အပျိုကြီးလုပ်မယ်"ဟု စိတ်ကူးခဲ့ပါသည်။



ဒါပေမယ့် ကျွန်မ ယခုလက်တွေ့ဘဝ၊ ကျွန်မပတ်ဝန်းကျင်တွင် တွေ့ရသော အမျိုးသမီးတချို့မှာ ကျွန်မထက် လှပသည်။ ယောကျ်ားကိုလည်း ပြုစုယုယသည်။ ပညာတတ်သည်။ စီးပွားရေးလုပ်ငန်းလည်း ကျွမ်းကျင်ပါလျက်နှင့် ယောကျ်ား၏ သစ္စာမဲ့မှုကို ခံယူနေကြရသည်။

လွန်ခဲ့သောနှစ်က ဒိုင်ယာနာကွယ်လွန်တော့မှ ကျွန်မအယူအဆ စွန့်လွှတ်မိသည်။ ဒိုင်ယာနာသည် ချောမောလှပ၍ ငယ်ရွယ်နုပျိုသူ ဖြစ်သော်လည်း လင်သည် ချားလ်မင်းသား၏ အချစ်ကို မရခဲ့။

ယောကျ်ားတစ်ယောက်အချစ်ကို ရဖို့က 'အလှ'တစ်ခုတည်းနဲ့ မဖြစ်နိုင်ပါလားဟု သံဝေဂ ရမိသည်။

လွန်ခဲ့သော အနှစ် ၃၀ လောက်က သတ္တမမြောက် 'ယောကျ်ားတို့အကြောင်း'ကို ရုပ်ရှင်ရိုက်ကူးသည်။ တင်တင်မူ၊ ခင်ယုမေ၊ ကြည်စိုးတို့နှင့် ရိုက်ကူးခဲ့သည်။ ဇာတ်ကားထဲမှာ တကယ်ပဲ ကြည်စိုးသည် တင်တင်မူနှင့် ခင်ယုမေတို့နှစ်ယောက်ကြားမှာ အရုပ်ကလေးတစ်ရုပ်လို သရုပ်ဆောင်ခဲ့သည်။

ကျွန်မချစ်သူ ဒုတိယဗိုလ်မှူးကြီး ကျော်သောင်း၏ ဦးလေး၊ ချောင်းဦးမှ ဦးဘဌေးက ထိုရုပ်ရှင်ကိုကြည့်ပြီး "မစု နင့်ဇာတ်ကားက ယောကျ်ားတို့အကြောင်း မဟုတ်ဘူး၊ မိန်းမတို့အကြောင်း ဖြစ်နေတယ်"ဟု ဝေဖန်ပါသည်။ မှန်ပါသည်။ ယောကျ်ားတို့ဘဝတွင် မိန်းမများစွက်ဖက်မှုက ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ယောကျ်ားတို့သည် မိန်းမတို့၏ မာယာထောင်ချောက်တွင်မိကာ အနိုင်ကျင့်ခံရစဉ်တွင် ယုန်သူငယ်လေးလို သနားစရာကောင်း၍ သူတို့ ရက်စက်လာပြန်သောအခါ အသားစားဘီလူးကဲ့သို့ ရက်စက် ကြမ်းကြုတ်ပြန်သည်။

ယောကျ်ားတိုင်းလည်း အလောင်းတော် မဟုတ်သလို၊ မိန်းမတိုင်းလည်း ယသော်ဓရာမဖြစ်နိုင်။ သို့သော် ယောကျ်ားနှင့် မိန်းမသည် သွားရာခရီးရှည်လျှင် ရှည်သလောက် လက်တွဲရမည်ဖြစ်၍ ကျေးဇူးပြုဖက်၊ ပါရမီ

www.burmeseclassic.com

www.burmeseclassic.com



စကားသံ ကြားနေရသည်။ သူတို့စကားသံထဲတွင် ကျွန်မနာမည် "တိုးတိုး" ဟူသော စကားလုံးကို ကြားလိုက်ရ၍ အိုဗာတင်းကို အိမ်ခန်းတွင်းရှိ စားပွဲပေါ်တွင် ထားရစ်ကာ မမစိုး အခန်းဘက်သို့ ပြန်လျှောက်လာပါသည်။ ခန်းဆီးကြားမှ ခုတင်ပေါ်တွင်လှဲနေသော မမစိုးကို မြင်နေရသည်။ စကားပြောသံမှာမူ ဒေါ်မြအသံ ဖြစ်၏။

"တိုးတိုးအတွက် စိုးရိမ်စရာမရှိပါဘူး" ဟု ဒေါ်ဒေါ်မြက ပြောနေလေသည်။ ဘာအကြောင်းမှ စကားဆက်လာသည်ကိုမူ ကျွန်မ မသိပေ။

"ထမင်းချက်တဲ့သူတော့ ကျန်ရစ်မှာပဲဟာ"

မမစိုးက ပြော၏။

"မကျန်ရစ်လဲ တိုးတိုးဟာ လက်ထပ်ပြီးမှ အံ့ဩစရာကို ပြောင်းလဲလာတာပဲ၊ စိုးစိုးက ဈေးမှာအချိန်ကုန်နေလို့ မသိတာ၊ နေ့တိုင်းလို ဒေါ်မြနဲ့ မီးဖိုထဲမှာ ချက်ပြုတ်တာများ အချိုးကိုကျလို့၊ မောင်မောင်မှာခဲ့တဲ့ဟင်းဆို သူကိုယ်တိုင်ချက်တာပဲ၊ မောင်မောင်ကလဲ တိုးတိုးလက်ရာကို သဘောကျတာ"

ဒေါ်ဒေါ်မြသည် သွယ်ဝိုက်သောနည်းဖြင့် မမစိုးအား ပြောမည်ဆိုသည့်အတိုင်း ပြောနေခြင်းဖြစ်သည်။ သို့သော် ထိုစကားမှာမူ ဘယ်ကဆက်လာသည် မသိသေး၊ ဤနေရာ ဤစကားစပ်တွင် ကျွန်မ ဝင်ပြောဖို့ သင့်သည်ဟု ကျွန်မယူဆလိုက်မိသည်။ မမစိုးသည် သဘောရိုးနှင့်ပင် အပျိုကြီးစေတနာအတိုင်း အိမ်သစ်များထဲမှ တစ်ယောက်တည်း ယောကျ်ားအဖြစ် ရှိနေသော ကိုကိုမောင်အား ပြုစုလိုသည်ထားဦး၊ ဇနီးဖြစ်သူ ကျွန်မကို ဦးစားပေးရမည်ဟူသော အသိကို မမစိုး သိစေချင်သည်။ ကျွန်မသည် ပြောင်သလိုလို ချော့သလိုလို ငယ်ငယ်တုန်းက ညီမငယ်တစ်ယောက်ဟန်အတိုင်း ခန်းဆီးကို မ,ကာ ပြုံး၍ ခပ်သွက်သွက်ပင် အခန်းထဲသို့ ဝင်သွားလိုက်ပါသည်။

"လူများအတင်း ပြောနေကြတယ်ပေါ့လေ၊ တိုးတိုးက အခန်းအပြင်က အားလုံးကြားတယ်"



မမစိုးက မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်ကာ ဒေါ်ဒေါ်မြကမူ ပြုံးရာမှ "ကောင်မလေး တို့စကားပြောတာ နိုးနားထောင်နေလား"ဟု ဆို၏။

"ပြောင် နားထောင်တာပါ၊ တိုးကို ပြောင်းလဲလာသလေး ဘာလေးနဲ့၊ ပြောင်းလဲရတာပေါ့၊ လင်ပဲ ယူတတ်လာရင် ပြုစုတဲ့အတတ်လဲ တတ်လာရတာပေါ့ ဒေါ်ဒေါ်မြရဲ့၊ လင်ဆိုတာကလဲ ကိုယ့်မိန်းမ ကိုယ်တိုင်လုပ်ပေးတာမှ ပိုသဘောကျသလို မိန်းမကလဲ ကိုယ်တိုင်ပဲ ပြုစုချင်တယ်၊ ကိုယ့်လက်နဲ့ ကိုယ်ချက်တဲ့ဟင်းကို ကိုယ့်လင် မြိန်မြိန်ယှက်ယှက်စားတာ ကြည့်ချင်တာပေါ့၊ သူများကျွေးတဲ့ ဟင်းခွက်ကို လက်ဖျားနဲ့တို့တာတောင် မကြိုက်ဘူး"

ကဲ...နောက်ဆုံးစကားလုံးမှာ ဖွင့်ဟပြောသင့်သော စကားလုံးမဟုတ်မှန်း သိရက်နှင့် ထိန်း၍မရ၊ ကျွန်မပါးစပ်မှ ထွက်သွားတော့သည်။ ကျွန်မသည် ကြောင်တက်တက် ဖြစ်သွားရာမှ ချက်ချင်းလိုပင် ဣန္ဒြေဆည်ကာ မမစိုးမျက်နှာကို ပြုံး၍စိုက်ကြည့်ကာ ပြောလိုက်၏။

"ဟုတ်တယ်မဟုတ်လား မမစိုး"

မမစိုးမှာ မျက်နှာကြီး မည်းသွားပါသည်။ ဤမျက်နှာထား အပြောင်းအလဲကို ကြည့်ခြင်းအားဖြင့် မမစိုးသည် မသိတတ်၍ လုပ်နေခြင်းမဟုတ်ကြောင်းမှာ ထင်ရှားသည်ဟု ကျွန်မထင်သည်။

"တို့မှာ အပျိုကြီးတွေ၊ ဒါတွေ နားမလည်ပေါင်တော်"ဟုဆိုကာ ဒေါ်ဒေါ်မြက ဝင်၍ပြောရင်း ရယ်လိုက်တော့မှ ကျွန်မလည်း နေသာသွားသည်။ မမစိုးလည်း သူ့မျက်နှာကို ပြင်ချိန်ရသွားပါတော့သည်။

"တိုးတိုးအတွက် အခြေအနေက ဖန်တီးလာတော့ ပြောင်းလဲလာရတာပေါ့၊ ကိုယ့်စိတ် ပြောင်းလဲလာပုံကိုလဲ ဖော်ပြနိုင်ဖို့ အခွင့်အရေးရှိသကိုး၊ တချို့ကျတော့လဲ သူတို့စိတ် အပြောင်းအလဲကို ဖော်ပြဖို့အခွင့်အရေး မရှိကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမစိုးသည် ခြင်ထောင်အမိုးကိုကြည့်ရင်း အေးအေးဆေးဆေးပြော၏။ ခက်ကပြီ၊ သူ ဘာဆိုလိုသည်ကို ကျွန်မ နားလည်ပါ၏။ မမစိုးသည် ဖြောင့်ကျကျပင် ခြေလှမ်းလှမ်းဖို့ ပြင်ဆင်နေသလော၊ ကျွန်မသည် ရုတ်တရက် မျက်နှာပျက်သွားသည်နှင့် တစ်ပြိုင်နက်...

"ဒီနေ့ ဘာဓာတ်ကား ကြည့်လာခဲ့လဲ တိုး..."

ဒေါ်မြသည် ချက်ချင်းပင် အခြေအနေ ပြောင်းလဲသွားစေရန် စကားဝင်၍ပြောင်းလိုက်၏။ ကျွန်မသည် သက်ပြင်းချရင်း မျက်နှာကိုလည်း ထိန်း၍ပြင်လိုက်ပါသည်။

"အီတလီဓာတ်ကား၊ အဲဒီအထဲက မိန်းမကလဲ ဆိုးလိုက်တာ တာတေလံနေတာပဲ...၊ ကားနာမည်ကိုက This Woman is Dangerous တဲ့၊ သမီးရဲ့လင်တောင် ကြောင်တောင်နိုက်တာပဲ၊ အီတလီဓာတ်ကားတွေဟာ များသောအားဖြင့် လိင်ကိစ္စကို သိပ်အရေးပေးတာပဲ၊ ပိုးစိုးပက်စက်ကိုပြတယ်၊ ခက်တာက လိင်ကိစ္စဟာ သဘာဝဆိုပေမင့် ဒီစိတ် သိပ်လွှမ်းမိုးလာရင် မှောင်ကျတာပဲ၊ ဗုဒ္ဓဘာသာမှာသာ ဒီစိတ်ကိုနိုင်တဲ့ ဝိပဿနာတရား ရှိတာကိုး၊ သူတို့မတော့ အဲဒီစိတ်ကြောင့်နဲ့ ပိုးစိုးပက်စက် ဖြစ်ကြရတာ၊ ကြောက်စရာကြီး" ကျွန်မသည် ဒါပဲပြောခဲ့ကာ အခန်းအပြင်သို့ ထွက်လာခဲ့ပါတော့သည်။ ကြာရှည်ထိုင်နေလျှင်လဲ အစ်မဖြစ်သူကို ပြောသင့်တာတွေကိုရော၊ မပြောသင့်သည်များကိုရော ပြောမိမည် ဖြစ်သည်။ လင့်အိပ်ခန်းသို့လည်း မဝင်နိုင်၊ လှေခါးထိပ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း မမစိုးစကားလုံးများကို ပြန်၍စဉ်းစားနေမိ၏။

'တချို့ကျတော့လဲ သူတို့စိတ် ပြောင်းလဲလာပုံကို ဖော်ပြဖို့ အခွင့်အရေး မရှိကြဘူး'

ထိုစကားလုံးများမှာ အဓိပ္ပာယ်အများကြီးရှိ၏။ မမစိုးသည် ကိုကိုမောင်အပေါ်တွင် စိတ်ပြောင်းလဲလာပါသော်လည်း ဖော်ပြနိုင်ဖို့ အခွင့်အရေး မရှိဟု သူ ဆိုလိုလေသလား။



ဪ...အကယ်၍သာ ကိုကိုမောင်သည် ကျွန်မခင်ပွန်းသည်သာ မဖြစ်ခဲ့ပါလျှင်တော့ မမစိုး၏ ပြောင်းလဲလာသော စိတ်အတွက် မမစိုးအဖြစ်သည် သနားစရာပင်တည်း။ ယခုတော့ ကိုကိုမောင်သည် ကျွန်မ၏ ချစ်သူသာမက ကျွန်မ၏ လင်သားတည်း။

အို...ဘုရား မတော်မူပါ၊ ဤလို ကြောက်မက်ဖွယ်ရာကောင်းသော စိတ်ဓာတ်ပြောင်းလဲမှုသည် ကျွန်မတို့ ညီအစ်မကြားတွင် ပြဿနာမပေါ်ပါစေနှင့် ဘုရား။

* * *

"နေပါဦး ဒေါ်ဒေါ်မြရဲ့၊ ညဉ့်က တိုးတိုးနဲ့ ထမင်းချက် ထားခဲ့မယ် ဆိုတာ ပြောသံကြားလိုက်တယ်၊ အဲဒါ မမစိုးနဲ့ဒေါ်ဒေါ်မြ ဘာကိုတိုင်ပင်နေတာလဲ"

နောက်နေ့ ကိုကိုမောင် ကျောင်းသွားချိန်၊ မမစိုးလည်း ဈေးသွားပြီဖြစ်၍ ကျွန်မနှင့်ဒေါ်ဒေါ်မြ နှစ်ယောက်တည်း မီးဖိုတွင်ဆုံစဉ် ကျွန်မမေးလိုက်၏။

"ဒီလိုလေ၊ ခုတလော ပိုးချည်တွေ မှန်မှန်မရတော့ အမရပူရက ရက်ကန်းစင်တွေကိစ္စက နည်းနည်းစဉ်းစားစရာ ဖြစ်နေတယ်၊ မပြတ်ရက်နေဖို့ ပိုးလိုတယ်၊ ရွာသစ်ဘက်မှာ ဖြန့်ထားတဲ့စင်တွေအတွက်ကလဲ ချည်လုံချည် အဆင်ဆန်းဆန်းတွေထွင်ဖို့ လိုလာတယ်။ အဲဒီကိစ္စကြောင့် စိုးစိုး အမရပူရကို သွားချင်နေတယ်"

ဒေါ်ဒေါ်မြပြောသည်ကို ကျွန်မသည် ကောင်းကောင်းနားမလည်သေး။

"ဒီလိုကိစ္စတွေကြောင့် သွားချင်တယ်ဆိုလဲ မမစိုး သွားနိုင်သားပဲ၊ ဆိုင်မှာ မန်နေဂျာရော၊ စာရေးရော ရှိတာပဲ၊ မမစိုးအစား ဒီတစ်ပတ် နှစ်ပတ်လောက်တော့ တိုးတိုး ဆိုင်ထိုင်ပေးမှာပေါ့"

ဒေါ်ဒေါ်မြသည် ကျွန်မကို စိုက်ကြည့်ရင်း သက်ပြင်းလေးရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက တစ်ခါတည်း မောင်မောင်ပါ အနားရအောင် နွေရာသီ မောင်မောင်ကျောင်းပိတ်မှ တစ်ပါတည်း သွားချင်နေတယ်"

"ဘာ…ဘာပြောတယ်၊ သူ့လင်သွားရင် သူ့မိန်းမ ပါရမှာပေါ့၊ တိုးကို ဒီရန်ကုန်အိမ်မှာ ထားရစ်ခဲ့ပြီးတော့ သူကတော့ ကိုကိုမောင်ကို ခေါ်သွားမယ်ပေါ့"

ကျွန်မက ပြုံးတွေးပြတဲ ရှုံ့ရှုံ့ရှားရှား ငယ်စိတ်ငယ်ဟန်နှင့် ကမန်းကတမ်း ပြန်ပြောမိသည်။

"နေပါဦး…နေပါဦး တိုးရယ်၊ စိတ်ကလဲ တယ်မြန်တယ်"ဒေါ်ဒေါ်မြက တောင်းပန်ပြီးမှ စကားဆက်ပြော၏။

"ပထမအစီအစဉ်က တိုးရောမောင်မောင်ပါ ထားရစ်ခဲ့ဖို့ပဲ၊ ဒါကြောင့် ထမင်းချက်နဲ့ ဖြစ်ပါ့မလားလို့ သူမေးနေတာ၊ နောက်မှ တိုးတို့ ဟန်းနီးမွန်းလဲ မထွက်ဖြစ်တော့ ခုနွေကျောင်းပိတ် မောင်မောင့်ပါခေါ်ပြီး တစ်ခါတည်း သူသွားမယ်လို့ပြောတာ၊ ဒေါ်ဒေါ်ကလဲ တိုက်တွန်းပါတယ်၊ ဘာဖြစ်လို့လဲဆို အမွေခွဲကြရင် အမရပူရ ရက်ကန်းစင်တွေက တိုးရမှာ၊ ဒီဆိုင်ကသာ စိုးစိုးယူရမှာဆိုတော့ ရက်ကန်းလုပ်ငန်းတွေကို တိုးတိုးလဲ ခုကတည်းက လေ့လာနားလည်ထားသင့်တယ်"

ကျွန်မသည် မီးဖိုပြတင်းဝနား သွားရပ်ကာ မောမောပန်းပန်း အသက်ရှူမိ၏။

"ဘာအမွေမှတောင် မယူချင်တော့ပါဘူး ဒေါ်ဒေါ်မြရယ်၊ တိုးစိတ်ထဲမတော့ ဒီလိုသာ သုံးယောက်တွဲပြီး အမရပူရသွားရမယ့် အတူတူတော့ ကိုကိုမောင်နဲ့တိုး နှစ်ယောက်တည်း ဒီရန်ကုန်အိမ်ကြီးမှာ နေရစ်ခဲ့ချင်တယ်၊ သူ့ဘာသာ သွားပေါ့"

"သူက လိုက်ရမယ်ဆိုရင် တိုးငြင်းနိုင်မှာလား"

ဒေါ်ဒေါ်မြက မေး၏။

"တိုးတို့လူစုဟာ မမစိုးကို ဘာကြောင့် မလွန်ဆန်နိုင်ရတာလဲဟင်"



ကျွန်မက ဒေါ်ဒေါ်မြအမေးကို မဖြေဘဲ မေးခွန်းအသစ်ကိုပင် ထပ်၍ မေးလိုက်၏။ ဒေါ်ဒေါ်မြကလည်း ပင့်သက်ရှူ၏။

"သူက အစကတည်းက မိဘလို အုပ်ချုပ်စီမံလာခဲ့တာမို့လား တိုးတိုး၊ မင်းတို့နှစ်ယောက်ကြားထဲမှာ အလတ်တစ်ယောက်ကလဲ သေသွားတော့ မင်းတို့ညီအစ်မက ညီအစ်မသာဆိုရတာ အသက်ချင်း သိပ်ကွာတာပဲ၊ သူက အဒ်မနဲ့မတူဘူး၊ အမေလိုဖြစ်နေတယ်၊ စီးပွားရေးမှာလဲ သူကသာ ခန့်ခွဲနေရတော့ တိုးဟာ သူ့သြဇာကို နာခံရမှာပေါ့၊ တို့များကလဲ ဒီအိမ်ရဲ့ ဦးစီးအနေနဲ့ သူ့ကို လေးစားရ၊ ကျိုးနွံရတာပဲ"

"ဒီ စီးပွားရေး သူကချုပ်ကိုင်ထားတာနဲ့ သူ့ကိုအားလုံးက ကြောက်နေရမယ်လား၊ သူလုပ်နေတာတွေ တရားနေသရွေ့တော့ တိုးတိုး လေးစားနေမှာပဲ၊ အခုတော့ သူ့အမူအရာတွေက မရှင်းမရှင်းနဲ့၊ တိုးတိုး သူ့ကို မလေးစား၊ မကြည်ညိုတော့ဘူး၊ ချစ်တော့ ချစ်နေသေးတယ်"

ကျွန်မသည် ဒေါ်ဒေါ်မြကိုကြည့်ပြောရင်း မျက်ရည်က ရစ်ဝဲလာပြန်သည်။

"မရှင်းမရှင်းဆိုတာကို တိုးတိုးဘက်က လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲနဲ့ တိုးတိုးဘယ်လိုလုပ်ပြီး သူ့ကို စွပ်စွဲမလဲ"

ဒေါ်ဒေါ်မြမေးခွန်းမှာလည်း မေးစရာပင်တည်း။

"အိုး…တိုးစိတ်ထဲက သိနေတယ်၊ ပြီးတော့ သူ့အမူအရာကို ဒေါ်ဒေါ်မြလဲ နားလည်ဖို့ကောင်းတယ်၊ ပညာရှိဆန်ဆန် နှိပ်စက်လာတဲ့ဟန်မျိုးကို လက်ဆုပ်လက်ကိုင်ပြဖို့ ခက်တယ်"

"အဲဒီလို တိုးစိတ်ကထင်လာရင် ကိုယ်ကလဲ ပညာရှိဆန်ဆန် ဟန်မပျက်နေပြပြီး သူ့အမူအရာ တကယ်ဖောက်ပြန်လာတာကို လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့နေ့မှ အထုပ်ဖြေပြရတာ မကောင်းဘူးလား၊ ခုနေ တိုးရှုံ့ရှုံ့ရှားရှားလုပ်ရင် ကောင်မလေး တစ်ဘက်သတ် အယူလွဲပြီး [illegible] နေတာလို့ အများကပြောမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်မြသည် ကျွန်မပခုံးကိုပုတ်ကာ မအေသဖွယ် ဖျောင်းဖျောင်း ဖျဖျ ပြောပြပါသည်။

"မဟုတ်နိုင်သေးပါဘူး ဒေါ်ဒေါ်မြရယ်၊ တအုံနွေးနွေး မရှင်းမရှင်း နေရတဲ့ကိစ္စဟာ ရင်ထဲမှာ သိပ်အခံရခက်တယ်နော်၊ ဒီမမစိုး လွှမ်းမိုးတာက လွတ်အောင် တိုး အဲဒီအမွေတွေကို မယူဘူးလေ"

"ဘာပြောတယ်" ဒေါ်ဒေါ်မြက ကျွန်မ စွန့်လွှတ်ရဲခြင်းအတွက် အံ့သြဟန်နှင့် မေး၏။

"ဘာအမွေမှမယူဘဲ တိုးရယ်၊ ကိုကိုမောင်ရယ်၊ အိမ်ခွဲနေချင်တယ်၊ ကိုကိုမောင့်လခနဲ့ တိုးတို့ စားလောက်ပါတယ်"

"တိုးရပြီးသား လက်ဝတ်လက်စားတွေ ရောင်းပြီးတော့လဲ အိမ်ဆောက်နိုင်တယ်၊ နို့မို့ရင် သူ့အရိပ်ကြီးက မိုးမိုးပြီး တိုးတို့လင်မယားကြားမှာ မိုးမှောင်ကျလာမှာ တိုး သိပ်စိုးရိမ်တာပဲ"

ကျွန်မသည် ပြောရင်း ဒေါ်ဒေါ်မြပခုံးကို မျက်နှာဖွက်ကာ ရှိုက်ငင်၍ ငိုမိပြန်သည်။

"ငိုရပြန်ပြီ မိန်းကလေးရယ်၊ အချိန်ကို စောင့်ပါဦးကွယ်၊ မိဘလက်ထက်ကတည်းက နေလာခဲ့တဲ့ ဒီအိမ်ကြီးက ဘာဖြစ်လို့ တိုးခွဲထွက်သွားရမှာလဲ"

"ခွဲထွက်မသွားရအောင် တိုးက နေချင်တာပေါ့၊ သူက သူ့ဘက်ကလဲ စောင့်စည်းသင့်တာကို သူနားလည်သင့်တယ် ဒေါ်ဒေါ်မြရဲ့၊ တစ်နေ့နေ့တော့ စီးပွားရေးမကလို့ ရှိသမျှအဝတ်ပဲ ယူထားထား၊ တိုး အားလုံးစွန့်လွှတ်ခဲ့မယ်၊ ကိုကိုမောင်နဲ့သာ ဖြစ်ရာဘဝမှာ နှစ်ယောက်တည်း နေချင်တယ်"

ကျွန်မသည် မျက်ရည်များကိုသုတ်ကာ မီးဖိုထဲတွင် အကြမ်းသုံးသော စားပွဲ၏ဘေးရှိ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်၏။ သူများ၏ အချစ်ဇာတ်လမ်းတို့က ဇာတ်လိုက်နှစ်ယောက် တွေ့ဆုံရေးက စကာ လက်ထပ်ချိန်တွင် ညားကြလေသတည်းနှင့် ဆုံးကြ၏။ ကျွန်မ၏ဇာတ်လမ်းက ယခု



လက်ထပ်ပြီးမှ စရတော့မည် ပါတကား။ နှစ်ယောက်တည်းနေချင်တယ် ဇာတ်လမ်းကို ကပြရန်အတွက် ယခုမှ အားသွန်ကြိုးပမ်းရတော့မည်။ ဤဇာတ်လမ်းတွင် အဓိကရန်သူကြီးအဖြစ် အစ်မဖြစ်သူကို ဦးတည်၍တိုက်ရမည့်အဖြစ်ကို ကျွန်မကြုံနေရသည်။ ကျွန်မ ခံစားနေရသောစိတ်ကို ကျွန်မသာလျှင် သိသည်။ ဒေါ်ဒေါ်မြပြောသလိုပင် သူ့အမူအရာများ ဖောက်ပြန်လာသည့်အဖြစ်က အများသိသေးသည်မဟုတ်၊ လူသိရှင်ကြား ကျွန်မက ရှင်းလင်းထွက်ခွာသွားမည်ဆိုလျှင်လည်း ဤဇာတ်လမ်းတွင် မမစိုးက လူဆိုးကြီး အစစ်ဖြစ်ပါလျက် သူ့ကို ပရိသတ်က လူဆိုးဟူ၍ ထင်မည်မဟုတ်။ ငယ်စဉ်ကတည်းက အောက်ခြေသိမ်း ပြုစုမျိုးထောင်လာခဲ့သော မိဘလိုဖြစ်သည့် အစ်မကို အာခံသူ၊ တော်လှန်သူဟူ၍ ပရိသတ်က ကျွန်မကိုပင် သူတို့၏ အတွေးခုံရုံးဝယ် စွဲချက်တင်ကြမည်တကား။

"စဉ်းစားပါ သမီးရယ်...ဒေါ်ဒေါ်မြဟာ တိုးတိုးကိုရော၊ စိုးကိုရော သမီးအရင်းလို ချစ်တယ်ဆိုတာ သိတယ်မို့လား၊ ဒေါ်ဒေါ်မြစေတနာကို နားလည်ရင်ဖြင့် ဒေါ်ဒေါ်မြတောင်းပန်တာဟာ ဘက်လိုက်တာမဟုတ်ဘူးလို့ သမီးနားလည်သင့်တယ်...ဖြည်းဖြည်းစဉ်းစားကွယ်"

ဒေါ်ဒေါ်မြသည် ငိုင်နေသောကျွန်မကို ပခုံးဖက်ကာ ရှင်းလင်းပြောပြနေပြန်၏။

"ဖြည်းဖြည်း...ဖြည်းဖြည်းနဲ့ စဉ်းစားတော့ နေတာပဲ၊ ငါ့သားမက်လေးကြည်စား၊ အလကားပါဟဲ့နဲ့၊ တော်ကြာ လည်မျိုထိ အမျိုခံရတဲ့ဘဝရောက်မှ ခက်မယ်ဒေါ်ဒေါ်မြ...၊ ဒီတော့မှ ဓားကြီးနဲ့ ခွဲထုတ်ရတဲ့ဘဝအဖြစ်ဆိုးကို တိုး သာပြီး ရင်မဆိုင်ရက်သေးတယ်"

"ဒေါ်ဒေါ်မြ တောင်းပန်ရတာက ဖြည်းဖြည်းလုပ်သင့်လျက်နဲ့ တိုးအငယ်စိတ်ငယ်မာန်နဲ့ ဖြောင်ကြီးလုပ်ချရင် ကိုယ့်ဘက်က မှန်လျက်သားနဲ့ ကိုယ်ရှုံးတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါတယ်...ဒေါ်ဒေါ်မြကြ အချုစ်ဆိုတဲ့ အကြောင်းကိုသာ နားလည်ချင် လည်မယ်၊ ကာမဂုဏ်ဆိုတဲ့သဘောကို နားလည်မယ် မထင်ပါဘူး"

ကျွန်မသည် လူကြီးတစ်ယောက်လို စကားလုံးများကို ကြီးကြီးကျယ်ကျယ် ရွေးချယ်ပြောဆိုလိုက်၏။ တကယ်တော့လည်း ဒီဂရီယူပြီး အသက်နှစ်ဆယ်ကျော်လာပြီးနောက် အိမ်တွင် အငယ်ဆုံးမို့ ကလေးလိုနေသော်လည်း ဒီစကားလုံးများကို သုံးစွဲရန်အတွက်မူ ကျွန်မ ကျွမ်းကျင်ပြီး ဖြစ်ပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ဒေါ်မြက အပျိုကြီးမို့လို့" ကျွန်မက စကားကို ဆက်ပြော၏။

"ကာမဂုဏ်ဆိုတဲ့သဘောက တွယ်လာပြီဆိုရင် စပါးကြီးမြွေ ညှိုပြီး ရစ်ပတ် အမျိုးခံရတာထက် ဆိုးဦးမယ်၊ ခုအချိန်မှာ ဒီလိုအကြောင်းတွေ ဘာတွေ ဘာမှမပြဘဲ တိုးတိုးတို့ဟာ ကိုယ့်အိမ်ထောင်နဲ့ကိုယ်မို့လို့ အေးအေးနေချင်လို့ ,တိုး အိမ်ခွဲဆင်းချင်တယ်လို့ အကြောင်းပြမယ်လေ"

ကျွန်မသည် ကျွန်မပြလိုသော အကြောင်းခိုင်လုံမှုအတွက် ဒေါ်ဒေါ်မြ ထောက်ခံချက်ကို ယူလိုပြန်သည်။

"ကဲ... အဲဒီတော့ သူကဆိုမယ်၊ အေးအေးနေချင်တယ်ဆိုရအောင် ခုနေရတာကော မအေးဘူးလား၊ အိမ်သားစစ်စစ်ဆို ပြေးရေမှ သုံးယောက်တည်းရယ်လို့ သူက ပြောလိမ့်မယ်၊ ဒီလို သူ့ဘက်ကရော၊ အကြောင်းမပြနိုင်ပေဘူးလား"

ဒေါ်ဒေါ်မြကလည်း ဖြစ်လာမည့်အခြေကို သူ့ခမျာ တွက်ပြခြင်း ဖြစ်၏။

"ခက်လိုက်တာနော်၊ ကိုယ်လုပ်ချင်တာ တစ်ခုအတွက် ကျိုးကြောင်းပြနေရတာတွေ၊ အများပရိသတ်က မှန်ပါတယ်လို့ ထင်မြင်လာအောင် ရှင်းပြပြောဆိုနေရတာ သိပ်စိတ်ရှုပ်ဖို့ ကောင်းတာပဲ"



ကျွန်မသည် လူငယ်ပီပီ ညည်းမိ၏။

"သြော်...စိတ်မရှုပ်နဲ့ မိန်းကလေး...လူ ဆိုတာ တစ်ယောက်တည်းနေတဲ့ သတ္တဝါမှ မဟုတ်ဘဲ၊ အဲဒီပရိသတ်ထဲမှာနေတဲ့နောက် ကိုယ်လုပ်တာ မှန်ပါတယ်ဆိုတာ အဲဒီပရိသတ်ပတ်ဝန်းကျင် ထင်လာအောင် တင်ပြပြောဆိုတတ်ရတယ်၊ ကိုယ်ထင်တာ ကိုယ်လုပ်ကြေး၊ ဘယ်သူမှ ဂရုမစိုက်ဘူးဆိုရင် မဖြစ်ဘူးလားဆိုတော့ ဖြစ်တာပေါ့၊ ဒါပေမယ့် လူ့အသိုင်းအဝိုင်းမှာ ဆက်ဆံရေး မကောင်းတော့ဘူးပေါ့"

"အခု ဘယ်သူမှ ဂရုမစိုက်ဘဲ ကိုယ်ထင်တာ ကိုယ်လုပ်နေတာက မမစိုး၊ ဒေါ်ဒေါ်မြက သိရက်သားနဲ့...ဒါပေမယ့် ကတ္တီပါမျက်နှာဖုံး သူစွပ်ထားတော့ သူဝှက်ပြီး ထိုးထိုးနေတဲ့လက်သီးကို ဘယ်သူမှ မသိဘူး သိလား၊ မိတိုးမှာ အရှိက်ကိုချည်း အထိုးခံနေရတယ်..."

"အေးပေါ့၊ တော်ကြာ အထိုးလဲခံနေရသေး၊ ကိုယ့်ကိုအဆိုးလို့ သူများအထင် ခံရဦးမယ်ဆိုတော့ တိုးအဖို့ ဘယ်ကောင်းမလဲ၊ ဒါကြောင့် ဒေါ်ဒေါ်ကြီးက အချိန်ယူစဉ်းစားပါလို့ ပြောတာ..."

ကျွန်မသည် ဒေါ်ဒေါ်မြကို ဆက်စကားမပြောချင်တော့ဘဲ အိမ်ပေါ်သို့သာ တက်လာခဲ့၏။ အိမ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကျွန်မ၏တိုက်ပွဲတွင် မှန်ကန်စွာ အောင်မြင်နိုင်ရေးအတွက် စစ်ဆင်ရေးကို စဉ်းစားနေမိသည်။ ခေါင်းရင်းဘက် နံရံရှိ ကျွန်မလက်ထပ်စဉ်က ဓာတ်ပုံကြီးမှာ ဝင့်ဝင့်ကြွားကြွားနှင့် ထည်ဝါလှ၏။

ခရာသင်းတွေကိုကိုင်ကာ သတို့သား၊ သတို့သမီးနောက်တွင် ရပ်နေသော ပုဏ္ဏားကြီးရှစ်ယောက်၏ ဖော့လုံးမှ ယုန်နားရွက်လေးများမှာ ထောင်နေကြသည်။ ဤ ပုဏ္ဏားကြီးရှစ်ယောက်တို့ကလည်း မိရွှေတိုး အရှိက်အထိုးခံနေရသောအဖြစ်ကို ဘယ်လိုမှ မကယ်နိုင်ကြတော့ပြီတကား။

ကိုကိုမောင် ထိုင်နေရာ နောက်ဘက်တွင် မမစိုးပုံမှာ မတ်တတ်ရပ်၍ ထင်ပေါ်လှ၏။

**ငြိမ်းငြိမ်းချမ်းချမ်းတအုပ်ကိုက်**

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဖက်သာ ဖြစ်ပါသည်။ ဒါပေမယ့် မိန်းမသားများအတွက် သတ္တဝါများကို ကယ်တင်ဖို့ လင်သားကို ပါရမီဖြည့်ရလျှင် နှလုံးသားကို တံတားခင်းပေးရပါစေ ပေးနိုင်သော်လည်း တခြားမိန်းမတစ်ယောက်ကို အချစ် ခွဲဝေပေးရသည်ကိုတော့ ဘယ်မိန်းမမှ ခွင့်မလွှတ်နိုင်ပါ။ ပါရမီ မဖြည့်နိုင်ပါ။

ကျွန်မက 'ရေချိုတွင်း' ဝတ္ထု ရေးခဲ့ပါသည်။ မိန်းမတို့သည် ပင်လယ်သမုဒ္ဒရာအတွင်းက ကျွန်းပေါ်တွင်နေရသူနှင့် တူသည်။ ကျွန်းငယ်၏ပတ်ဝန်းကျင်တွင် ပင်လယ်ရေငန်များ ဝိုင်း၍ မိုးကုပ်စက်ဝိုင်းအထိ ကျယ်ပြောကာ ရေများ များပေမယ့် ရေငန်များဖြစ်၍ သောက်သုံး၍မရကြောင်း၊ ကျွန်းပေါ်ရှိ သေးငယ်လှသော 'ရေချိုတွင်း'လေးကသာ ကျွန်းပေါ်နေသူ အမျိုးသမီးအတွက် အသက်ဆက်မည့် ရေချိုဖြစ်ကြောင်း၊ မိန်းမသားများအဖို့ မိမိလင်သားသာလျှင် အားကိုးအားထားရာ 'ရေချိုတွင်း'ဖြစ်သည်ဟု ကျွန်မရေးခဲ့ပါသည်။

ကျွန်မမိတ်ဆွေ အမျိုးသမီးတစ်ယောက်က 'ရေချိုတွင်း'ဝတ္ထုကို ဖတ်၍–

"မစုရေ ကျွန်မရဲ့ ရေချိုတွင်းကြီးကတော့ ခန်းသွားပြီ" ဟုပြောပါသည်။ သူ့ခင်ပွန်းသည်မှာ နောက်မိန်းမတစ်ယောက်နှင့် ဖောက်ပြန်ရုံမက စီးပွားရေးကိုလည်း ဘာမှ အထောက်အကူမပြုတော့ပါ။

ခေတ်များက ပြောင်းလဲသွားကြပြီဖြစ်ပေမယ့် မြန်မာပြည်မှာတော့ မြန်မာ့ဓလေ့ထုံးစံအရ လင်ယောကျ်ားဆိုသည်မှာ အိမ်ထောင်ဦးစီးပင်ဖြစ်သည်။ ကျွန်မတို့ မြန်မာမများ စီးပွားရေးမှာ ဝင်ရောက်လုပ်ကိုင်၍ ကိုယ့်စီးပွား ကိုယ်ရှာပါသော်လည်း လင်သားအပေါ်မှာတော့ အိမ်ဦးနတ်လိုကိုးကွယ်အားထားကြသည်မှာ မြန်မာအမျိုးသမီး ဓလေ့နှင့် ယဉ်ကျေးမှုဖြစ်ပါသည်။

ကျွန်မကလည်း 'ယောကျ်ားတို့အကြောင်း'ကို ယောကျ်ားတို့သည် အိမ်ထောင်ဦးစီးအနေနှင့် ရေချိုတွင်းလိုဖြစ်လျှင် သောက်သုံးရသူ ဇနီးနှင့်



မိသားစုတစ်ခုလုံး အေးမြချမ်းငြိမ်းမှုကို ပေးစွမ်းနိုင်သူများ ဖြစ်ကြပါသည်ဟု ရေးလိုပါသည်။

သို့သော် ရေချိုတွင်း အတိမ်အနက်က သိစွမ်းနိုင်၍ ကျွန်းကိုဝိုင်းနေသော ပင်လယ်သမုဒ္ဒရာတို့၏ အတိမ်အနက်ကိုရော၊ ကျယ်ပြောမှုရော၊ သမုဒ္ဒရာကြမ်းခင်းတွင် ဘာတွေရှိသည်ကိုရော ကျွန်မတို့ အကုန်မသိနိုင်သေး။ လေ့လာ၍ သုတေသန လုပ်နေရဆဲ ဖြစ်ပါသည်။

အသိခက်သော 'ယောကျ်ားတို့အကြောင်း'ကို ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်မှ 'တတိယအကြိမ်မြောက်' ထပ်မံထုတ်ဝေလိုက်ပါသည်။ အမှန်တော့ ရေးမည်ဆို ရေးစရာတွေ အများကြီး ကျန်ပါသေးသည်။ သို့သော်…

ချမ်းမြေ့ရွှင်လန်းပါစေ။

ခင်နှင်းယု

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာသည် ရွှင်ပြုံးချို့နေ၏။ ဆံထုံးထုံးကာ စိန်ပန်းခိုင် ပန်ထား၍ ကျက်သရေရှိလှသည်။ ထိုမျှ ကျက်သရေနှင့် ပြည့်စုံသူတစ်ယောက်သည် ညီမ၏လင်သားကိုမှ ချစ်မေတ္တာ ယိုင်မိလေခြင်း၊ ကျွန်မသည် ပင့်သက်ရှူရင်း မျက်ရည်များ ရစ်ဝိုင်းလာသောကြောင့် သူ့ရုပ်သွင်မှာ ကျွန်မမျက်စိတွင် ဝိုးတဝါး ဖြစ်သွားလေသည်။

ယခုအခါတွင် အချစ်ဇာတ်လမ်းပုံပြင်က မယ်ထွေးတို့ပုံ ဆန်၍နေပါသည်။ ခြေကျင်းဝတ်အထိ စပါးကြီးမြွေကြီးက မျိုစပြုနေသည်ကို ကျွန်မ သိပါသည်။ ကျွန်မအယူအဆတွင် ထိုမျိုစက ကြို့တင်၍ ကိုကိုမောင်ကို စပါးကြီးမြွေခံတွင်းက ကျွတ်အောင်ဆွဲယူလိုက်လျှင် လွယ်လွယ်ကူကူနှင့် စာရင်းရှင်းနိုင်မည်။ ဒေါ်ဒေါ်မြကို ကျွန်မပြောသလိုပင် လည်မျိုရောက်ခါမှ ဓားကိုသုံးကာ ကိုကိုမောင်ကို စပါးကြီးမြွေခံတွင်းမှ ခွဲယူရလျှင်မူကား ဤဇာတ်လမ်းသည် သွေးစက်စက်ယိုကျရသော အဖြစ်နှင့် စခန်းသိမ်းရပေမည်။ ကျွန်မသည် ဓားကိုကိုင်ကာ အစ်မဖြစ်သူ စပါးကြီးမြွေကို ရင်ခွဲယူရမည်အထိ ကျွန်မ မရက်စက်နိုင်ပါ။ ကျွန်မ၏ အသည်းနှလုံးများသည် အကြင်နာ မကင်းကြသေးပါ။

ထိုအချိန်အခါတွင် သွေးစက်များ အစင်ခံရသော ကျွန်မအဖြစ်ကရော သာသာယာယာ ဖြစ်ပါမည်လော၊ တဂယ်ပုံအစစ်မှာကိုပင် စပါးကြီးမြွေ သွေးများ အစင်ခံရသော မြွေမင်းသားလေးသည် မြွေပြန်ဖြစ်ကာ တစ်ယောက်တည်း တောသို့ဝင်သွားရ၏။

အို...ကျွန်မ ဓားကိုစွဲကိုင်သည်အထိ မရက်စက်နိုင်ပါ၊ ကျွန်မသည် မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံလှသော ဤဇာတ်ပုံကြီးကို ဆက်ကြည့်မနေနိုင်တော့ဘဲ ခုတင်ဆီပြေးသွား၍ ပစ်လှဲကာ ငိုရှိုက်မိ၏။

မကင်းနိုင်၊ မပြတ်နိုင်သော မေတ္တာအရှိန်ကြောင့် ဓားကိုမကိုင်ဘဲ ကျွန်မ လက်ပိုက်ကြည့်နေလျှင်တော့ ကိုကိုမောင့်ကို စပါးကြီးမြွေ၏ဝမ်းတွင်းသို့ အရှင်လတ်လတ် ဆက်သရသည့် အဖြစ်သို့သာ ကျွန်မ ကြုံရတော့မည်။



မပြတ်သားသူတို့ ခံစားရမြဲဖြစ်သော ဝေဒနာကို ကျွန်မ အလူးအလိမ့် ခံနေရတော့သည်။

ဤလောကတွင် ပြတ်သားသည် ဆိုသူတွေကျတော့လည်း ကိုယ့်ပယောဂဖြင့် သွေးတစ်စက်မကျ သွေးချောင်းပင်စီးစီး ကိုယ်လိုချင်တာကို ကိုယ်ရအောင်ယူတတ်ကြ၏။ ကျွန်မကြောင့်တော့ သွေးတစ်စက် မကျစေချင်ပေ။ မြွေကိုလည်း မသေစေချင်၊ ကျွန်မချစ်သူကိုလည်း အဆုံးမခံရက်၊ ဤဇာတ်လမ်းကို ကြည်ကြည်နူးနူးနှင့် ကျွန်မ အဆုံးသတ်လိုပါ၏။ တကျော့ဝတ်ရုံကို အစဉ်ခြုံလွှမ်းထားသော ကာမဂုဏ်နတ်မင်းအား ကျွန်မချစ်သူ ကိုကိုမောင့်ကို မဆုံးရှုံးရန်အတွက် ယစ်ပူဇော်ရာတွင် အစ်မ၏ လည်ချောင်းသွေးကို ယစ်ပလ္လင်တွင် ကျွန်မ မည်သို့တင်ရက်ပါမည်နည်း။ လူ့လောကရာဇဝင်တွင် ချစ်သူကို ရယူရေးအတွက် အစ်မလည်ချောင်းသွေးကို ယစ်ပူဇော်ရက်သူဟု မတွင်ရစ်စေလိုပါ။ ဤအတွေးက ကျွန်မအတွေးဖြစ်၏။ တစ်ဘက်သောသူကမူ ညီမ၏လည်ချောင်းသွေးကိုသာမက ညီမ၏နှလုံးသား သည်းပွတ်တို့အား ယစ်ပူဇော်ကာ ချစ်သူကို အပိုင်သိမ်းမည့်စခန်းကို လမ်းစပြုနေလေသည်။ ထိုအခြေ ရောက်လာလျှင် ကျွန်မ လည်စင်း၍ ခံမည်လော၊ ထိုအတွေးသို့ရောက်တိုင်း ကျွန်မ ပူလောင်လှသည်တကား။

သြော်...ချစ်မေတ္တာ ရှင်နတ်မင်း၏ နတ်ကွန်းကား စမ်းရေစပ်တွင်ရှိ၍ ပန်းတို့ဖြင့် မွှေးကြိုင်၏။ ကြည်လင်သော ရေအလျဉ် ရစ်ဝိုင်းသည်ဖြစ်၍ အေးမြချမ်းငြိမ်းသည်တကား၊ ကာမဂုဏ်နတ်မင်း၏ နတ်ကွန်းကား ဆီမီးတို့ဖြင့် ပြောင်ပြောင်ညီးညီး ပူပြင်းလှ၍ ယစ်ပလ္လင်သည်လည်း သားကောင်တို့၏ သွေးဖြင့် အညှီရနံ့ ပြင်းထန်လှသည်တကား။

* * *

နွေရာသီကျောင်းပိတ်ရက်သည် တဖြည်းဖြည်း နီးကပ်လာ[illegible] မေ စိုးနှင့် ဒေါ်ဒေါ်မြ စီစဉ်ထားသည့်အတိုင်း ကျောင်းပိတ်လျှင် [illegible]

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြမည့်အကြောင်းကို အိမ်သားတိုင်း သိကြ၏။ ကျွန်မလင် ကိုကျော်ရုပ်ကလည်း ထိုအစီအစဉ်ကို လက်ခံ၏။ အတော်ကြာကြာ နေမည်ဖြစ်၍ အညာနွေနှင့်ကိုက်မည့် ပါးပါးပေါ့ပေါ့၊ အေးအေးလူလူရှိမည့် အဝတ်အစားများကို ကျွန်မ ကြိုကြိုတင်တင် ပြင်ဆင်နေ၏။

"ငါးရံ့ခြောက်တော့ ဆားပေါ့ချိုချိုလေး ယူခဲ့ပါတိုးရယ်၊ အမရပူရက မန်ကျည်းပင် ပေါပေါရယ်၊ မန်ကျည်းပင်ရိပ်အောက်မှာ ရေနွေးကြမ်းလေးနဲ့ ငါးခြောက်ဖုတ်စားပြီး ကိုကိုမောင်တော့ စာတွေထိုင်ဖတ်နေမှာပဲ"

သူက ပြုံးပြုံးအေးအေး မျက်နှာပေးနှင့် ပြောလာပြန်တော့လည်း ကျွန်မသည် ဘာမှမသိသူ ကလေးလေးတစ်ယောက်ကို သနားဟန်ဖြင့် ကြည့်သလို ကြည့်မိ၏။ တရုတ်ပိုး ရုပ်အင်္ကျီလက်မှ ကြယ်သီးတစ်လုံး ပြုတ်နေသည်ကို တပ်နေရင်း "ကိုကိုမောင်က သိပ်အေးတာပဲနော်"ဟု ကျွန်မကဆို၏။

"ဟင်...တိုးကလဲကွယ်၊ ဒီလို အေးအေးလူလူနေတာ မကြိုက်ဘူးလား"

"တိုးက သာပြီးကြိုက်တာပေါ့၊ တိုးက ဒါထက် အေးအေးနေချင်လို့"

"ဒါနဲ့များ လူကို သိပ်အေးတာပဲတဲ့...၊ အေးအေးနေချင်ပါတယ် တိုးရာ၊ လောကကြီးက ရှုပ်လွန်းလွန်းလို့၊ တိုးယောကျ်ား မအေးဆေးစေချင်ရင် လွယ်လွယ်လေးရယ်၊ ဒီကောင် မျက်ခုံးတစ်စချီလိုက်ရင်ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်လာပြီး ပူလို့ရှုပ်လို့ အလွန်ကောင်း..."

သူက ရယ်မော၍ အရွှန်းဖောက်ကာ ပြောနေ၏။

"သိပါတယ်...ရုပ်ကိုက ဘိကျွန်ုပ်တောင် ရှာန်လျှောမယ့်ရုပ်မျိုး"ကျွန်မက ကြမ်းပေါ်တွင် အတူယှဉ်ထိုင်၍ ပြောနေသောသူကို ပြုံး၍ပြန်ပြောလိုက်၏။

"မလုပ်ပါနဲ့ဗျာ...ဆရာဆိုတာ ဆရာသမာဓိနဲ့ နေရတာ၊ ခုခေတ်ခင်ဗျားတို့မိန်းကလေးတွေက ကြောက်စရာ၊ မြင်းကဲမလှုပ်၊ ခုံကချည်းစစလှုပ်နေတာပဲ"



"ဒါတော့ သိမ်ကြုံးပြီး မပြောပါနဲ့၊ မိန်းကလေးတိုင်းမဟုတ်ပါဘူး"

သူသည် အင်္ကျီစကလေးကို ကိုင်ကြည့်ရင်း စကားဆက်ပြောနေ၏။

"အားလုံး သိမ်းကြုံးမပြောပါဘူး တိုးရယ်၊ တိုးလဲ ခေတ်မိန်းကလေးတစ်ယောက်ပဲ၊ ခုခေတ်မှာနော်၊ ကာမပိုင်ရှိတဲ့ မိန်းမကိုရော၊ ယောကျ်ားကိုရော ချစ်ရဲတဲ့ကိစ္စတွေ သိပ်ပေါတာပဲ၊ အဲဒါတွေဟာ အနောက်နိုင်ငံက ရုပ်ရှင်တွေ၊ စာအုပ်တွေများကြောင့်လား မသိဘူး၊ တချို့စာအုပ်တွေက အဲဒါလို ခပ်ရှင်းရှင်းဆို ကြာခိုတာကိုပဲ အချစ်ရယ်လို့ တခမ်းတနား စာဖွဲ့တတ်တာလဲမကောင်းဘူး"

ကျွန်မသည် မျက်နှာကို စေ့စေ့ကြည့်၍

"တကယ်လို့ ကိုကိုမောင်ကို တခြားမိန်းမတစ်ယောက်က ချစ်လာပါပြီတဲ့၊ ကဲ...ကိုကိုမောင် ဘယ်လိုလုပ်မလဲ"

ကျွန်မသည် ပြုံး၍ သူ့နဖူးကို လက်ညှိုးလေးနှင့်ထောက်ကာ မေးလိုက်၏။ သူသည် ဟက်ဟက်ပက်ပက် ရယ်ရင်း...

"အမလေး၊ မေးခွန်းကလဲ ဆန်းလိုက်တာဟာ၊ ကိုကိုမောင်က ဟောဒီတိုးတိုးကြီးကို ထုတ်ပြလိုက်မှာပေါ့"ဟု ပြောပြ၏။

ဘော်ပါသေး၏။ ကိုယ့်တပ်က လုံနေပေသေးသည်ဟု ကျွန်မစိတ်ထဲတွင် ယုံကြည်ချက် ရှိသွားပါသည်။

"တစ်ခုတော့ရှိတယ် တိုး၊ မိန်းကလေးတွေက အားနွဲ့သူလေး၊ ဣန္ဒြေကြီးသလေးနဲ့ သူတို့က စချစ်လာလို့ စစ်ဆင်လာရင် သူတို့လက်နက်က မမြင်ရဘဲနဲ့ ကြောက်ဖို့ကောင်းတယ် ဆရာ၊ အဲဒီအခါကျရင်တော့ ကိုကိုမောင် လက်မြှောက်အရှုံးပေးမိမလား ဘာလားတော့ ကြိုတင်မပြောနိုင်ဘူး"ဟုပြောကာ သူ့ဟာသူ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။ ကျွန်မသည်လည်း သူနှင့်အတူရောပြုံးရင်း စိတ်ထဲမှာတော့ တွေးနေမိ၏။ ကိုကိုမောင် ပြောသည်ကလည်း မှန်ပေသည်။ စကားအကုန် မပြောခြင်းမှာ ကိုကိုမောင့်ဘက်က မှန်ပေသည်။

မြိုင်းမြိုင်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်းရော၊ အနောက်တိုင်းမှာရော ဒဏ္ဍာရီများ အမြောက်အမြား ရှိကြ၏။ ယောက်ျားနှင့် မိန်းမအကြောင်း ဒဏ္ဍာရီများတွင် များသောအားဖြင့် ဆင်ပြောင်ငါးစီး ဆောင်နိုင်ရုံမက လက်နက်ငါးပါးတွေ၊ ဆယ်ပါးတွေ ကိုင်ထားသော အာဇာနည်ကြီးများသည် လက်နက်မဲ့သူ မိန်းမတစ်ယောက်၏ အတွေ့တွင် လက်နက်တွေပျောက်ကာ ဒူးထောက်ကြရသည်ကို များသောအားဖြင့် တွေ့ရသည်။

ဒဏ္ဍာရီဆိုသည်ကလည်း ယုံတမ်းပုံပြင်ဟုသာဆိုသည်၊ ကျွန်မတို့ မျက်မြင်တွင် ဘာ့ကြောင့် ဒဏ္ဍာရီဆန်သော အဖြစ်များသည် ထင်ထင်ရှားရှား ဖြစ်နေကြပါသနည်း။

"မမတိုး...အောက်ထပ်မှာ ဦးကြီးဘအို ရောက်နေပါတယ်၊ မမစိုးက ကိုကိုမောင်ရော၊ မမတိုးရော လာတွေ့ပါတဲ့"

အိမ်စေမလေးက လာခေါ်တော့မှ ကျွန်မအတွေးပြတ်သွားကာ ကိုကိုမောင်နှင့်နှစ်ယောက် အောက်ထပ်သို့ ဆင်းလာပါသည်။ ဧည့်ခန်းတွင် ဦးကြီးဘအို၊ မမစိုး၊ ဒေါ်ဒေါ်မြတို့ကို ထိုင်လျက်တွေ့ရ၏။ မမစိုးလက်ထဲတွင် စာရွက်ပြာပေါ်တွင် ဆွဲထားသော တိုက်ပုံစံတစ်ခုကို တွေ့ရသည်။

"မိတိုး...နေကောင်းရဲ့လား..."

ဦးကြီးဘအိုက စၡနှုတ်ဆက်၏။ ကျွန်မသည် ပြုံးပြုံးရွှင်ရွှင်ပင် ခေါင်းညိတ်ပြရင်း မမစိုးအပါးတွင် ဝင်ထိုင်လိုက်၏။

"ဟာ...ဒီတိုက်က ဘယ်သူနေဖို့လဲဟင်"

ကျွန်မသည် မမစိုးလက်ထဲမှ တိုက်ပုံစံကို လက်ညှိုးထိုးကာ မေးလိုက်၏။

"ဘယ်သူမှ နေဖို့မဟုတ်ဘူး၊ အင်းလျားလမ်းပေါ်ကမြေကို တိုက်ဆောက်ပြီး သံရုံးတစ်ရုံးကို ငှားမလို့၊ မြေပေါ်က တဲရှင်တွေကလဲ ဖယ်မသွားသေးဘူး၊ မြူနီစီပယ်က အိမ်ပုံစံအရင်တင်ပြီး ဆောက်ဖို့အမိန့်ကျမှ တဲတွေထွက်သွားဖို့ အမိန့်ထုတ်ပေးမယ်တဲ့၊ ဒါကြောင့် ဦးကြီးဘအိုက



တိုက်ပုံစံတွေဘာတွေ ဆွဲလာပြီး လာပြတာ"ဟု မမစိုးက ရှင်းလင်းပြောပြ၏။

"ဒါ...မမစိုး ကြိုက်တဲ့ပုံစံလား"

"အေးပေါ့"

"ဟင်...တိုက်ကလဲ အဆောင်တွေ၊ အခန်းတွေ အကွေ့တွေ၊ အကောက်တွေ များလိုက်တာ၊ ဦးကြီးဘအို တိုးတိုးကိုလဲ တစ်ထပ်တိုက်ပုံလေးတစ်ခု ဆွဲပေးပါ"

မမစိုးသည် ကျွန်မကို မျက်ခုံးရှုံ့ကြည့်လိုက်၏။

"အောင်မယ်... ဘာလုပ်ဖို့"

သူက ကလေးငယ်တယောက်ကို ကြည့်သောအကြည့်မျိုးနှင့် ကျွန်မကို ကြည့်၍ မေးလိုက်၏။

"ကိုကိုမောင်နဲ့ တိုးနဲ့ နှစ်ယောက်တည်းနေဖို့ပေါ့"

"အံမယ်လေး၊ ဒီအိမ်ကြီးတစ်အိမ်လုံးက ဘာလုပ်ဖို့လဲ၊ ကိုယ့်မိဘလက်ထက်ကတည်းက ဆောက်တဲ့အိမ်ထက် ဘယ်အိမ်က ကောင်းဦးမလဲ၊ သူက များ ကြီးကြီးကျယ်ကျယ် နှစ်ယောက်တည်း အိမ်ခွဲဆောက်ချင်သေးသတဲ့၊ အားလုံးပေါင်းမှ အိမ်မှာ သုံးယောက်ရှိတာ"

မမစိုးက မျက်နှာထားခပ်တင်းတင်းနှင့်ပင် ပြန်ပြော၏။ ဒေါ်ဒေါ်မြ မျက်နှာကမူ "မိချွေတိုး ဒီစကားလုံးတွေ မင်းအစ်မပြောလိမ့်မယ်ဆိုတာ ငါ အစက မပြောဘူးလား" ဆိုသော မေးဟန်နှင့် ကျွန်မကိုကြည့်နေပုံရ၏။ ကျွန်မသည် စိတ်ကူတောင်းသဘောနှင့် ကျွန်မလင်တော်မောင် ကိုကျော့ရုပ်ကိုကြည့်လိုက်သည်။ ပြုံး၍ကျွန်မကို ကြည့်နေသည်မှတစ်ပါး ဘာမှဝင်ရောက်စွက်ဖက်မပြောပါပေ။ ကျွန်မဘာပြန်ပြောရမှန်းမသိဘဲ ကြောင်နေစဉ် ဦးကြီးဘအိုသည် သူ့အလုပ်အကြောင်းကို စကားစလိုက်၏။

"မြူနီစီပယ် အမိန့်နဲ့ဆို တဲတစ်တဲကို ငါးဆယ်လျော်ပေးရမယ်၊ ပြောင်းတဲ့ရွှေ့တဲ့ကားကိုတော့ မြူနီစီပယ်က ပေးတယ်"

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မမစိုးသည် စဉ်းစားနေ၏။

"ဒါပေမင့် တဲရှင်တွေဆန္ဒက သူတို့စိုက်ပျိုးထားတဲ့ အခင်းလေးတွေအတွက်လဲ လျော်ကြေးရချင်ကြသေးတယ်"

ဦးဘအိုက ဆက်ပြော၏။

မမစိုးသည် စဉ်းစားနေရာမှ ဖျတ်ခနဲမျက်လုံးက ဝင်းလက်လှုပ်ရှားသွား၏။ ဤတောက်ပလာဟန်သည် အကြံသစ် ဉာဏ်သစ်ရလာသောဟန်မျိုး၊ အချစ်စိတ်ကြောင့် ဝင်းပလာဟန်မျိုး မဟုတ်ပေ။ သူ့စီးပွားရေးကို ထိလာ၍ မခံဘူးဟူသောရုပ်မှက်နှင့် စိုးမိုးချင်သော မျက်လုံးရောင်မျိုး ဖြစ်၏။

"အဲမလေး မပေးနိုင်ပါဘူး၊ သူများမြေပေါ်မှာ လုပ်စားလာခဲ့တာ နှစ်အကြာကြီး ငါးဆယ်ထက်တော့ ပိုမပေးဘူး၊ ရက်ချိန်းအတိုင်း သွားချင်သွား၊ မသွားရင်တော့ ပုလိပ်အခေါ်ပဲ"

ကျွန်မသည် မမစိုးစကားကြောင့် ကြက်သီးပင်ထ,သွားမိ၏။

"မမစိုးကလဲ ဒါတော့လွန်လွန်းပြီ" ကျွန်မသည် မနေနိုင်ပြန်ပေ၊ ဝင်စွက်လိုက်ပြန်၏။

"တရားဥပဒေအတိုင်း မမစိုးလုပ်တာ"

သူက ဥပဒေနှင့် ဆိုလာ၏။

"မှန်တယ်၊ မမစိုးဘက်က ဥပဒေအရ မှန်တယ်ဘဲထား၊ လူလူချင်းထားရတဲ့ စေတနာ၊ မေတ္တာဆိုတာ ရှိဦးမှပေါ့"

"ဘုရားအလောင်းမက ကျွန်မကို တရားဦးဟောပါဦး"

သူသည် ပြောင်သလိုလို ပြောလိုက်၏။

"တရားဦးဟောတာလဲ မဟုတ်ဘူး၊ တိုးတိုးက သူတို့ ကျူးကျော်ဆောက်တဲ့အကျင့်၊ စည်းကမ်းဖျက်တဲ့အကျင့်ကို အားပေးချင်လို့လဲမဟုတ်ဘူး၊ သူတို့တဲဖျက်ဖို့ အချိန်ဆိုတာလဲ ပေးသင့်သေးတာ၊ ဒီတဲကို ဖျက်ယူသွားပြီး ဆောက်နေဖို့နေရာလဲ လိုသေးတယ် မမစိုး၊ မြေနေရာ အစားမပေးနိုင်ရင် ထိုက်တန်တဲ့ မြေကွက်လေး သူတို့ဝယ်နိုင်လောက်အောင်



လျော်ကြေးက သင့်တော်အောင် ပေးဦးမှပေါ့၊ မြူနီစီပယ်ကဖြတ်တဲ့ နှုန်းအတိုင်း ငါးဆယ်က ဘာသွားလုပ်မလဲ၊ ငွေသုံးလေးထောင်လောက်ဟာ မမစိုးအဖို့ ဘာအရေးလဲ၊ ကိုယ့်မြေပေါ်က သူတို့ ကြည်ကြည်ဖြူဖြူထွက်သွားဖို့ အရေးကြီးတာ"

"တိုးတိုးတော့ သူတို့ စိတ်ကွက်ပြီး စွန့်လွှတ်ထားခဲ့တဲ့ မြေပေါ်မှာ အိမ်ဆောက်မနေရဲပါဘူး၊ စိတ်အရှိန်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတာပဲ"

ကျွန်မက ပြောလိုက်၏။

"တိုးတိုး မနေရဲရင်နေ၊ သံရုံးကိုဌားမှာ၊ ဦးကြီးဘအို ခဏစောင့်ဦး၊ စိုးစိုး ငွေသွားယူဦးမယ်"

မမစိုး နေရာမှထသွားသောအခါ ဧည့်ခန်းတွင်ကျန်ရစ်သူ လေးယောက်စလုံး သက်ပြင်းချလိုက်သောကြောင့် သက်ပြင်းသံသည် 'ဟင်း'ခနဲ တစ်ညီတစ်ညွတ်တည်း ပေါ်လာ၏။

"စိုးစိုးတစ်ယောက်ဟာ နာမည်နဲ့လိုက်အောင်ကို ပိုင်စိုးပိုင်နင်း လုပ်တတ်တယ်၊ သူလိုချင်တာတစ်ခု ရှိပြီဆို စိုက်လိုက်မတ်တတ် မရ,ရအောင်လုပ်တတ်တာ၊ တိုးတိုးက ကိုယ့်အစ်မအကျင့် အသိသားနဲ့" ဦးကြီးဘအိုသည် ငယ်စဉ်ကတည်းက အုပ်ထိန်းလာရသော တူမကြီးဖြစ်၍ ကျွန်မကို သူ့ဘူမအကြောင်း ပြောပြနေ၏။

"ဟာ၊ ဦးကြီးဘအိုကလဲ ကိုယ်လိုချင်တာကို မရ,ရအောင်လုပ်တယ်ဆိုတဲ့'ခွဲ'ဆိုတာကတော့ ချီးကျူးစရာပေါ့၊ ဒါပေမင့် တရားသည်၊ မတရားသည် ဆိုတာလဲ ထည့်စဉ်းစားဦးမှပေါ့၊ ငါ့မှာ ငွေရှိတယ်၊ ခုချက်ချင်း ပုလိပ်ခေါ်နိုင်တဲ့ အာဏာလဲရှိတယ်ဆိုပေမင့် ဟို ခံရတဲ့ တစ်ဘက်သားအနေနဲ့လဲ ထည့်စဉ်းစားဦးမှပေါ့"

ကျွန်မသည် ကျွန်မရင်ထဲတွင်လည်း တစ်ဘက်က ခံထားရသည့်အဖြစ်က ရှိနေသောကြောင့် အကွက်ဆိုက်တုန်း ပြောချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးဘအိုတို့က ခံရတဲ့ဘက်က တစ်ခါမှ မနေဖူးသေးဘဲကိုး၊ တိုက်ကြီးပေါ်မှာချည်း နေလာခဲ့တော့ တစ်ဘက်သားဒုက္ခကို ကိုယ်ချင်းမစာတတ်ဘူး၊ ဦးကြီးဘအိုသာ တဲပုတ်လေးနဲ့ နေရစမ်း၊ ခုပြောင်းဖို့ စရိတ်မရှိ၊ မြေအစားမရှိဆိုရင် ဖြုန်းဖြုန်းဒိုင်းဒိုင်း ဖျက်,ဖျက်ဆို ဘယ့်နဲ့လုပ်မလဲ"

"အေး၊ ဒါကြောင့်လဲ ဦးကြီးက စိုက်ထားတဲ့ ယာခင်းတွေအတွက် ထပ်လျော်ကြေးပေးဖို့ စိုးစိုးကို ပြောကြည့်နေတာပါ"

"တိုးတိုးတော့ ဦးကြီးဘအိုတို့ကိုလဲ မယုံပါဘူး"

ကိုကိုမောင်နှင့် ဒေါ်ဒေါ်မြသည် ကျွန်မကို ဖျတ်ခနဲကြည့်လိုက်၏။

"ဦးကြီးဘအိုက ခု တိုးတိုးတို့ ဆွေမျိုးစုမှာ အကြီးဆုံးပဲ၊ တကယ်ဆို မမစိုး မှားနေတာရှိရင် လက်ထောက်ပြပြီး ရဲရဲဝံ့ဝံ့ ဆုံးမရဲရမှာပေါ့၊ ခုတော့ ဦးကြီးလဲ သတ္တိမရှိဘူး၊ မမစိုးရှေ့ကျရင် 'မှန်ပါ့'ဖြစ်နေရော"

"ဟင်၊ တိုးတိုးကလဲကွယ်၊ လူကြီးကို ဘာတွေပြောနေတာလဲ"

ကျွန်မလင် ကိုကျော်ရပ်သည် ကျွန်မစကားကို ဝင်တားလိုက်၏။ ဒေါ်ဒေါ်မြသည် အားလုံးအခြေအနေကို နားလည်သူဖြစ်သည့်အတိုင်း ပထမ ရယ်သလိုမောသလို လုပ်ပြီးမှ စကားဝင်ပြော၏။

"ကောင်မလေး၊ ကိုကြီးဘအိုကိုသာ ပြောနေတာ၊ သူလဲ သူ့အစ်မကို ကြောက်တာပဲ"

ဦးကြီးဘအိုမှာ ထိုအခါမှ ဒေါ်ဒေါ်မြနှင့်အတူ ရောရယ်ပါတော့သည်။

"ကြီးသူကို ငယ်သူက ရိုသေရမယ်ဆိုတဲ့စိတ်နဲ့ တိုးတိုးက ရိုသေနေတာ၊ မမစိုးလုပ်တာကို မကြောက်မရွံ့၊ တိုးတိုးက မတရားဘူးထင်လို့ ဒိုးဒိုးဒေါက်ဒေါက် ဝင်ပြောရင် ဒေါ်ဒေါ်မြတို့ပဲ ပြောဦးမှာ၊ ကောင်မလေး အစ်မကို မရိုသေဘူး၊ မိုက်သလေး၊ ရမ်းသလေး သူများကိုပဲ ဝိုင်းဖိကြတာပဲ"

ကျွန်မသည် ရန်တွေ့သလိုပင် ပြောနေမိ၏။ မမစိုး ပြန်ဝင်လာ၍ စကားစ ပြတ်သွားကြသည်။ မမစိုးသည် ငွေများကို ရေတွက်၍ ဦးကြီး



ဘအိုလက်ထဲသို့ ထည့်သောအခါတွင်မူ တစ်တဲကို ငါးဆယ်နှုန်းဖြင့် တဲ ငါးတဲအတွက် နှစ်ရာငါးဆယ် ပေးလိုက်၏။

"မမစိုး သံရုံးပြန်ဗွာတော့ လခက နှင့်နေအောင်ရမှာ၊ ဒီ ယာခင်းလေးတွေအတွက်တော့ ပိုပေးလိုက်ပါ မမစိုးရာ၊ တိုးတိုးမင်္ဂလာဆောင်တုန်းက ငွေငါးသောင်းလောက် ဖြုန်းပစ်နိုင်တာ၊ ဒီသုံးထောင်ကျမှ တွက်မနေပါနဲ့"

ကျွန်မသည် ဒီတစ်ခါတော့ ဖွင့်ဖွင့်ပြောကာ၊ နေရာမှ ထလာခဲ့ပါသည်။ သူ ငွေထပ်တိုးပေးသည် မပေးသည်ကိုတော့ ကျွန်မ,မသိပါပေ။

ကျွန်မသည် အိမ်ပေါ်ပြန်တက်လာခါ မပြီးသေးသော ကြယ်သီးတပ်လက်စကို ဆက်တပ်နေပေသည်။ မကြာခင် မမစိုးတစ်ယောက်တည်း ဝင်လာ၏။ သူ့လက်ထဲတွင် အင်္ကျီသုံးလေးထည် ပါလာသည်။

"ဒါ မောင်မောင်ဝတ်ဖို့ ရှပ်အင်္ကျီ သုံးထည်၊ မမစိုး ချုပ်လာခဲ့တာယ်၊ အညာက ပူတယ်မို့လား၊ ဒီအစက တရုတ်ပိုးဆိုတော့ အေးလဲအေး၊ ပေါ့လဲပေါ့တယ်"

သူသည် ခုတင်ပေါ်ထိုင်ကာ အင်္ကျီများကို ခေါင်းအုံးပေါ်တင်ရင်း ပြောနေ၏။

"တိုးတိုး ကိုကိုမောင် နွေရာသီဝတ်ဖို့ဆိုပြီး ချုပ်ထားတာတွေ တစ်ပုံကြီးပဲ၊ အားလုံးထည့်ပြီးပြီ"

"အို၊ ဒါတွေလဲ ထပ်ထည့်လိုက်ဦးလေ၊ ချည်လုံချည်တွေကတော့ ပလေကပ်က ပိုအေးမှာ၊ အိန္ဒိယကပြန်လာတဲ့ စန္ဒာဝင်းကုမ္ပဏီက မမစိန်ကို မှာလိုက်တာ၊ ပလေကပ်ငါးထည် ပါလာတယ်၊ ညနေကျ ချုပ်ပြီးမယ်၊ အဲဒါလဲ မောင်မောင့်ဖို့ ထည့်ယူခဲ့"

"မလိုဘူး၊ မလိုဘူး၊ ကျွန်မလင်ဘာကြိုက်တယ်ဆိုတာ ကျွန်မအားလုံးသိတယ်"ဟူ၍သာ ဟစ်အော်ပြောလိုက်ချင်ပါသည်။

မမစိုးထွက်သွားလျှင်မူ ကျွန်မသည် လက်ထဲမှအင်္ကျီကိုချကာ ခုတင်ပေါ်က အင်္ကျီကို ကောက်ကိုင်ကြည့်မိ၏။ စိတ်ထဲက ဒေါသမြိုမြိုဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

## အမှတ်(၁)

ကျွန်မ မင်္ဂလာဆောင်ရပေတော့မည်။

လွန်ခဲ့သည့် ကာလကပင် ကိုကိုမောင်၏ မိဘများ ရန်ကုန်သို့ရောက်လာကြပြီဖြစ်၍ မင်္ဂလာပွဲကိစ္စများကို နှစ်ဖက်သဘောတူ စီစဉ် နိုင်ကြပေပြီ။ ကျွန်မတို့ဘက်မှ ဦးဆောင်စီစဉ်သူမှာ မမစိုး ဖြစ်လေသည်။ ကိုကိုမောင် မိဘများသည် မမစိုး၏ ဆန္ဒသဘောကို ဘာမျှမငြင်းပယ်ကြပေ။ အားလုံးလိုလိုပင် မမစိုး သဘောကျ လိုက်လျောပေသည်။

ကျွန်မတို့ဘက်မှ မမစိုး ဦးဆောင်ရခြင်းမှာ ကျွန်မတို့တွင် ဖေဖေရော၊ မေမေရော မရှိသောကြောင့် ဖြစ်၏။

ကိုကိုမောင်ရော၊ ကျွန်မတို့ပါ မန္တလေးဇာတိများ ဖြစ်ကြသော်လည်း ကျွန်မတို့က ရန်ကုန်တွင် အခြေစိုက်နေပြီဖြစ်၍ ကျွန်မတို့ မင်္ဂလာပွဲကို ရန်ကုန်တွင် ကျင်းပရခြင်းဖြစ်ပေသည်။

မန္တလေးတွင်လည်း ဖေဖေသည် ပိုးကုန်သည်ကြီးဖြစ်၍ ထင်ရှားရုံမက ကျွန်မတို့ ရက်ကန်းစင်များမှာ ယခုတိုင် အမရပူရတွင်ရှိနေပေသေးသည်။ ကိုကိုမောင် မိဘများကမူ လက်ဖက်ခြောက်ကုန်သည်များ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီများကို ဆုပ်ယူကာ အခန်းဝသို့ လွှင့်ပစ်လိုက်ပါသည်။ အခန်းတွင်းသို့ ဖြန်းခနဲဝင်လာသော ကိုကိုမောင့် မျက်နှာပေါ်တွင်အုပ်လျက် အင်္ကျီများမှာ ကျသွားပါသည်။

"တိုးတစ်ယောက်တည်း ဘာဖြစ်နေတာလဲ"

ကျွန်မသည် အိပ်ရာပေါ် ကန့်လန့်ကြီး ပစ်လှဲလိုက်ကာ ငိုနေမိ၏။ ကိုကိုမောင်သည် ကျွန်မပခုံးကို အသာကိုင်ရင်း

"တိုးတိုး ဘာဖြစ်လို့လဲဟင်၊ မမစိုးနဲ့ စိတ်ဆိုးလို့လား"ဟုမေး၏။

ကျွန်မသည် ငိုရှိုက်ရင်းမှ စိတ်ကိုထိန်းသော်လည်း တစ်စိတ်တစ်ဒေသ ဖွင့်၍ စကားဆိုမိပါသည်။

"မမစိုးကြီးက တဲဖျက်ပြီးလို့ အခု အသည်းဖျက်တော့မယ်သိလား"

"ဘာပြောတယ်"

ကိုရွှေအသည် တကယ်ပင် နားမလည်လေရော့သလား၊ တမင်ပင် နားမလည်ချင်ဟန် ဆောင်နေသလား မသိပေ။

* * *

အညာသို့မသွားခင် တနင်္ဂနွေနေ့တစ်နေ့ မနက်စောစော ကျွန်မသည် အဝတ်အစားလဲ၍ နေပေသည်။ ကိုကိုမောင်သည် ခြံထဲတွင် လမ်းလျှောက်ပြီး အပေါ်သို့တက်လာ၏။

"ကိုကိုမောင် ကားထုတ်ပါလား၊ ဒေါက်တာကြည်မောင်နဲ့ တိုး ချိန်းထားတယ်"

သူသည် အပါးသို့ကပ်လာ၏။

"ဘာဖြစ်လို့လဲ တိုး၊ မမစိုးကြီးကလဲ အခုမနက် ဘုရားသွားမလို့တဲ့၊ သူ့ကို လိုက်ပို့ရမယ်တဲ့"

ကျွန်မသည် သူ့မျက်နှာကို အကဲခတ်သလို ကြည့်လိုက်၏။

"အိမ်ကဒရိုင်ဘာ ကိုဘသန်းကြီး ဘယ်သွားလို့လဲ"



"ကိစ္စရှိလို့ သူ ဒီနေ့ခွင့်ပေးလိုက်တယ် ပြောတာပဲ"

ကိုဘသန်းသည် အိမ်မှာနေသူဖြစ်၍ တနင်္ဂနွေနေ့ရယ်ဟူ၍ ခွင့်မပေးပါ။ သူနားချင်လျှင် ကြိုက်သည့်နေ့ကို နားတတ်ပေသည်။ ကျွန်မသည် ကျွန်မဘာသာတွေး၍ သဘောပေါက်သွား၏။

"ဒီလိုဆို ဒီလိုလုပ်မယ်၊ တိုးလဲတူတူလိုက်ခဲ့ပြီး သွားကြရော၊ ဘုရားကျတော့ မမစိုးကို ချထားခဲ့ပြီး တိုးတို့နှစ်ယောက် ဒေါက်တာကြည်မောင်ဆီ သွားမယ်"

ကျွန်မသည် သူဝတ်ရန် အပေါ်အင်္ကျီကို ထုတ်ပေးရင်း စကားဆက်ပြောပါ၏။

"ဘာဖြစ်လို့ တိုးဘာသာ ကားမောင်းနေကျ မောင်းမသွားလဲလို့ မေးစရာရှိတယ်၊ ခုဟာက ပထမကလေး..."

သူသည် အင်္ကျီလျှိုဝတ်ရင်း မျက်လုံးလေးများ တောက်ပသွား၏။

"ဒီတော့ ပထမဆုံး ဆရာဝန် အစမ်းအသပ်ခံတဲ့နေရာမှာ ကိုယ့်ယောက်ျားနဲ့တူတူသွားပြီး ကိုယ့်ယောက်ျားအပါးမှာ ရှိစေချင်တာပဲ"

"ဝမ်းသာလိုက်တာ တိုးရယ်၊ ကိုကိုမောင်တို့ ကလေးရတော့မယ်"

သူသည် ကျွန်မပခုံးကို တယုတယ တင်းတင်းကျပ်ကျပ် ဖက်ကာ ကြည်ကြည်နူးနူးပြောနေတော့သည်။

"ကားကိစ္စကတော့ တိုးတို့ညီအစ်မ ပြေလည်အောင် တိုးဘာသာ မစိုးကို သွားပြောတော့"

"စိတ်ချ၊ စိတ်ချ"

ကျွန်မသည် ပြောပြောဆိုဆို အခန်းပြင်သို့ ထွက်သွားပါသည်။ မမစိုးအခန်းထဲ ရောက်သောအခါ ဒေါ်ဒေါ်မြသည် မမစိုးအတွက် အင်္ကျီကြယ်သီး တပ်ပေးနေသော်လည်း သူ့ကိုယ်တွင် ဘာမှပြင်မထားသေးပေ။

"ဒေါ်ဒေါ်မြ အဝတ်အစား မလဲသေးဘူးလား၊ မမစိုး ဘုရားသွားမလို့ဆို"

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်မြမှ မလိုက်ဘဲ"

ကျွန်မသည် မျက်လုံးလေးပြူးသွားကာ အံ့အားသင့်သွား၏။ အစ်မတော် ဒေါ်စိုးပိုင်ကြီးကမူ ဟန်မပျက် ပေါင်ဒါရိုက်နေတုန်း ဖြစ်၏။ ခုမှ ကျွန်မ သဘောပေါက်သွားတော့သည်။ မမစိုးသည် ကိုကိုမောင်နှင့် နှစ်ယောက်တည်း ဘုရားဖူးရန်အတွက် အကွက်ဆင်ထားခြင်း ဖြစ်၏။ ပိုင်လည်း အတော်ပိုင်သော ဉာဏ်ပါပေတည်း။ ဒေါ်ဒေါ်မြ သင်ကြားပေးသည့်အတိုင်း ကျွန်မသည် ပညာရှိစစ်ဆင်နည်းဖြင့် ခပ်တည်တည် စစ်ဆင်ရပေဦးမည်။

"အို...ဘယ်ဖြစ်မလဲ၊ မမစိုးတစ်ယောက်တည်း ဘုရားပေါ်မှာ တိုးတိုး စိတ်မချပါဘူး၊ ဒေါ်ဒေါ်မြ အဝတ်မြန်မြန်လဲလိုက်ပါ၊ တိုးနဲ့ ကိုကိုမောင်က ဆရာဝန်ဆီ သွားစရာရှိလို့ ဒေါ်ဒေါ်မြတို့ကို ဘုရားမှာ ချထားခဲ့မယ်လေ၊ အပြန်မှ ဝင်ကြိုမယ်၊ ဟုတ်တယ်မဟုတ်လား မမစိုး"

မမစိုးသည် မှန်ထဲမှ ကျွန်မကို ဖျတ်ခနဲကြည့်လိုက်၏။ မျက်နှာမှာ မသိမသာ ပျက်သွားတော့သည်။ ဒီတစ်ခါ မိတိုး တစ်ကွက်သာသွားသည်ကို မခံချည့်မခံသာ ဖြစ်ဟန်ရှိသည်။ သူသည် ရိုက်လက်စတို့ပတ်ကို ခပ်ဆောင့်ဆောင့်လေး ငွေဗူးထဲသို့ ပစ်ချလိုက်၏။

"တိုးတိုးကားလေးနဲ့ တိုးတိုးဘာသာ မသွားဘူးလား"

အစဉ်စိုးမိုး၍ သူ့အမိန့်အတိုင်း အားလုံးလိုလို ဖြစ်ပါလျက်နှင့် ကျွန်မ၏ ယခုလို ကြားဖြတ်ဝင်ထိုးလိုက်သော အကွက်ကို သူအတော် မကျေမနပ် ဖြစ်ပုံရလေသည်။

"အို... ပထမကလေးဆိုတာ အပျိုလိုဖြစ်နေတာ၊ ကိုယ့်လင်မပါဘဲ ယောကျ်ားဆရာဝန်ဆီကို တစ်ယောက်တည်း မသွားချင်ဘူး"

ကျွန်မသည် ကိုကိုမောင်၏ တစ်ဦးတည်းသောမယား၊ ကလေးပင် ရပြီကို မမစိုးသိအောင် ပြောချင်ပေသေးသည်။

"သူ့ဟာက ဘာမှလဲ မသိသာဘူး"မမစိုးက ပြောပြန်၏။



"အပျိုဗိုက်မှာ လ,နတာလဲတစ်ကြောင်း တိုးတိုးက ကျန်းမာတာကိုး"

ဒေါ်ဒေါ်က ပြန်ဖြေလိုက်၏။

"ကဲ...ဒေါ်ဒေါ်မြကြီး အဝတ်လဲ၊ မမစိုးလဲ ဘုရားပေါ်မှာ နေပူနေမယ်၊ တိုးလဲ ဒေါက်တာနဲ့ ရှစ်နာရီတိတိ ချိန်းထားတာ"ကျွန်မသည် ဆက်စကားမပြောတော့ဘဲ အောင်နိုင်သူတို့ခြေလှမ်းဖြင့် ခပ်သွက်သွက်လေး မမစိုး အခန်းမှ ထွက်လာခဲ့ပါသည်။

ကိုကိုမောင်သည် အဝတ်အစား အဆင်သင့်လဲပြီးပေပြီ။

"အဆင်ပြေလား တိုးတိုး"

"အားလုံး အိုကေပဲ ကိုကိုမောင်၊ ကဲ အောက်သွား၊ ကားထုတ်ရအောင်"

ကျွန်မတို့နှစ်ယောက် ကားထုတ်ပြီး ဆင်ဝင်အောက်မှ စောင့်နေကြ၏။ အဖြစ်ကလည်း ကျွန်မသည် တရားဝင်လက်ထပ်ထားသော ကိုကိုမောင်၏ဇနီးမယားဖြစ်ပါလျက် ကိုယ့်လင်နှင့် ကားရှေ့ခန်းတွင် တွဲထိုင်နိုင်ဖို့အရေး စောစောနေရာယူထားရ၏။ ဖြစ်မှဖြစ်ရလေခြင်းဟု ကျွန်မဘာသာ တွေးနေမိ၏။

မမစိုးသည် မျက်နှာထား ခပ်မှုန်မှုန်နှင့်ပင် ကားပေါ်တက်လာ၏။ ဒရဝမ်ပိတ်ပေးသည်ကို မစောင့်ဘဲ ကားတံခါးကိုဆောင့်၍ပိတ်လိုက်၏။ ဒေါ်ဒေါ်မြကတော့ ပန်းစည်းကြီးကိုင်ကာ ငြိမ်သက်စွာလိုက်လာ၏။

လမ်းပေါ်တွင် ကားလေးမှာ တငြိမ့်ငြိမ့်မောင်းလာသည်။ တကယ်ဆိုတော့ ညီအစ်မ ကြည်ကြည်ရွှင်ရွှင်မဖြစ်ဘဲ ယခုလို တိတ်တိတ်ဆိတ်ဆိတ်ကြီး ကားစီးလာရသည်မှာ ဝမ်းနည်းစရာပင်တည်း။ မတတ်နိုင်တော့ပြီ၊ ဤ စစ်အေးတိုက်ပွဲမှာ ကျွန်မက စရသည်မှ မဟုတ်ဘဲ သူပြင်လာသော စစ်ရေးကို ကျွန်မက ပညာရှိစစ်ဆင်နည်းဖြင့် ကိုယ့်ဘက်နယ်ကျွံလာအောင် ခံစစ် ပြင်ရခြင်းတည်း။

အချစ်နှင့်စစ်တွင် တရားသည်၊ မတရားသည်မရှိဟု တချို့က ဆို[illegible] သော်လည်း ယခု အချစ်အတွက် ညီအစ်မနှစ်ယောက်၏ အုံ့ပုံး[illegible]တွင် ကျွန်မသည် တရားမျှတစွာ ကာကွယ်နေခြင်းပါတည်း။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်သည် ကားပေါ်တွင် စကားတစ်လုံးမှမပြောကြဘဲ ငြိမ်သက်နေသည်ကို မနေတတ်ဟန် ဖြစ်လာပုံရ၏။ ကားအတွင်းမှ ရေဒီယိုကို ဖွင့်လိုက်၏။

ရေဒီယို၏သီချင်းကို ကြားရသောအခါတွင်လည်း ကျွန်မသည် အံ့သြသွား၏။

"အို…မောင်ရယ်၊ မုန့်သာဝေစားနိုင်မယ်၊ အချစ်တော့ဖြင့် မဝေမျှနိုင်ပါ မောင်ရယ်"

ကျွန်မသည် အားရပါးရ ရယ်လိုက်ချင်သည်။ ခုနေခါ မမစိုးမျက်နှာ ဘယ်လိုဖြစ်နေသည်ကို ကျွန်မ လှည့်၍ကြည့်ချင်သည်မှ ရင်ထဲကကို ယားလာပါသည်။ သို့သော် ကျွန်မ မကြည့်ရဲပါ။

ညနေစောင်းတွင် ကျွန်မနှင့် ကိုကိုမောင် လမ်းလျှောက်ထွက်ရန် တိုက်အောက်သို့ ဆင်းလာခဲ့သည်။ ဆင်ဝင်အောက်ခြေရှိ ဒေလီယာပန်းများအနားတွင် မမစိုးတစ်ယောက်တည်း ရပ်နေသည်ကို တွေ့ရသည်။

"မောင်မောင်တို့ လမ်းလျှောက်ရင် မမစိုးလဲလိုက်မယ်၊ ရော့၊ မောင်မောင်ကိုင်ဖို့ တုပ်ကောက်"

ကျွန်မသည် ဤမျှ ဏ္ဍမြှေပျက်နေသော မမစိုးအတွက် မသက်မသာ သက်ပြင်းချမိပါ၏။ ကိုကိုမောင်သည် အိမ်ပေါ်ကတည်းက ကျွန်မပေးလာသော ချယ်ရီသား လက်ကိုင်တုတ်ကလေးကို ဘေးချထားရမလို၊ မမစိုးပေးသောတုတ်ကောက်ကိုပင် လှမ်းကိုင်ရတော့မလိုလို ခပ်ကြောင်ကြောင်ဖြစ်နေ၏။ ကျွန်မစိတ်ထဲတွင်တော့ မမစိုး၏ ကြိုက်မရှက်ဖြစ်နေပုံကို မျက်နှာပူပူ ရှိသည်နှင့် ရှေ့မှ အသာထွက်၍လာခဲ့ပါသည်။ တစ်ယောက်တည်းလိုလိုပင် ရှေ့မှ ခပ်လှမ်းလှမ်းလျှောက်၍ လာခဲ့ပါသည်။ နောက်တွင် မမစိုးသည် ကိုကိုမောင်ကို စကားတပြောပြောနှင့် လျှောက်လာ၏။ သူတို့ကို စောင့်၍ အတူတူယှဉ်လျှောက်ရန် ကျွန်မစိတ်ကို ကျွန်မ မနည်းလုပ်ရပါသည်။ အတန်ကြာမှပင် စိတ်ကိုထိန်းရကာ ဖြည်းဖြည်းစောင့်၍ လျှောက်



ရင်း သုံးယောက် ယှဉ်တန်းမိပေသည်။ ကိုကိုမောင့်လက်ထဲတွင်တော့ ကျွန်မပေးသော ချယ်ရီသားတုတ်ကလေး မတွေ့တော့၊ မမစိုး၏ လက်ကိုင်တုတ်ကိုသာ တွေ့ရ၏။

ပြည်လမ်းမဘက် အင်းလျားကန်စောင်းသို့ ရောက်လာကြ၏။ ကျွန်မသည် ကန်ပေါင်တွင် ငြိမ်သက်စွာထိုင်လိုက်၏။

"ကိုကိုမောင်၊ မမစိုးနဲ့ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ချင် ဆက်လျှောက်လေ" ကျွန်မသည် သူတို့ကို ခွင့်ပြုလိုက်၏။

"မမစိုးတော့ လျှောက်ဦးမယ်၊ လာ မောင်မောင်"

မမစိုးထွက်သွားရာသို့ ကိုကိုမောင်သည် တုံ့နှေးတုံ့နှေးနှင့် လိုက်သွားတော့၏။ ကျွန်မစိတ်များမှာ အလိုလို မောနေလေသည်။ အညာက ပြန်လာလျှင်တော့ မသိမသာ လမ်းခွဲမှ ဖြစ်ပေလိမ့်မည်။ ထိုကိစ္စကို အေးအေးသာသာ ကျေကျေနပ်နပ် ဖြစ်ကြရအောင် ဒေါ်ဒေါ်ကို တိုင်ပင်ရဦးမည်ဖြစ်၏။ ကိုကိုမောင်ကို ကျွန်မဖွင့်ပြောရမည်ကာလည်း ကိုယ့်အစ်မအတွက် အတွင်းစုတ်နေသည်ကို ဖြေပြရမှာ ကျွန်မ,မရဲပါပေ။

အင်းလျားရေပြင်ကို တိုက်လာသော လေညင်းတို့သည် နှင်းမြူငွေ့များကို သယ်လာကြပေသေးသည်။ မြို့နွယ်နှင့် သစ်ပင်ခြေများတွင် နှင်းမြူများ ထိုင်းနေဆဲဖြစ်သည်။ ကျွန်မသည် အေးမြသောလေကို ဝကြီးရှူလိုက်မှ အမောသက်သာသလို ဖြစ်သွားသည်။ စင်စစ်မတော့ ကိုယ်ကမမော စိတ်က မောနေခြင်း ဖြစ်လေသည်။

အဝေးရှိ မရမ်းပင်အုပ်များဆီမှ ဥသြသံသည် ချိုချိုအေးအေး ထွက်ပေါ်လာ၏။ ယခင်ကသာဆိုလျှင် နီနီထွေးထွေး ရွက်နုလေးများသည် သူတို့၏ လိပ်ခွေနေသော ရွက်လွှာများကို ဖြေလှစ်ကာ အေးချိုသော ဥသြ၏တေးသံကို နားထောင်ကြပေသည်။

နွေ၏ရှေ့ပြေး တမန်တော်၏တေးသံမို့ ပန်းငုံဖူးလေးများသည် ရွက်သစ်များထက်တွင် မေးတင်၍ နားဆင်လိုကြပေသည်။ ယခုကား ဥသြငယ်



www.burmeseclassic.com

www.burmeseclassic.com



သည် အနုပညာရှင် ကဗျာဆရာမို့ သူဖွဲ့နွဲ့သီဆိုသောတေးသည် ကျွန်မတို့ ကျောင်းသူများစိတ်ကို ညှို့တွန်းစေရုံသာမက သက်မဲ့ပန်းဝတ်မွှာများပင် သူ့အသံကိုကြားလျှင် ဝတ်လွှာကိုဖွင့်ကာ လာမည့်နွေကို ကြိုဆိုလိုကြပါသည်။

သူ့ရာသီတိုင်၍ အလိုအလျောက် ပြောင်းရွှေ့ခြင်းသဘောကို ရွက်နုပန်းပွင့်များပင် လက်ခံလိုက်လျောကြပေသည်။

ယခုတော့ နှင်းမှုံပင် မစဲသေး၊ ဆောင်းသည် ထွက်ခွာသွားရန် ပြင်နေဆဲတွင်မှ နွေမင်းရာဇာသည် တမန်တော်လွှတ်လိုက်သည်မှာ စောပင်စောလွန်းလှတကား။ ချင်းနင်းဝင်ရောက်လိုချင်လွန်းသောဟန်က နွေတွင် ဣန္ဒြေပျက်လောက်အောင်ကို ပါလာသောအခါ နွေဦး၏ သာတောင့်သာယာဟန်သည် အနိဋ္ဌာရုံ ဆန်လာပေသည်။

ယခင်က အနုပညာရှင် ကဗျာဆရာတစ်ဦးဟု အသိအမှတ်ပြုထားသော ဥဩငှက်သည်ပင်လျှင် ယခုတော့ ချင်းနင်းဝင်ရောက်လိုချင်လွန်းသော နွေ၏တမန်တော်အဖြစ် အထင်ခံရလာသောအခါ သူ့နှလုံးသားမှကဗျာသည် ကျွန်မအတွက် မသာယာတော့ပေ။

ဤတပေါင်းတွင် ရွက်နုများပင် သစ်ကိုင်းများထက်မှ ပြုံး၍ပင်မကြည့်ဘဲ နွေကို မကြိုဆို၊ ခေါင်းလျှို၍နေကြဟန် ရှိပေသည်။ ကျိုးကျဲသောရွက်မဲ့သစ်ကိုင်းများသာ ကန်ရေပြင်ထက်တွင် မိုး၍နေတော့သည်။

အဝေးတွင် မမစိုးနှင့် ကိုကိုမောင်သည် ယှဉ်တွဲလျှောက်ကာ ကျွန်မရှိရာသို့ ဦးတည်လာနေပေသည်။

တကယ်ဆိုလျှင် နှင်းစဲသည်အထိ နွေသည် စောင့်သင့်သေးသည် မဟုတ်ပါလော။ ဥဩငှက်သည်လည်း နှင်းကြွင်းနှင်းကျန်များကို ရုတ်သိမ်းရန် ဆောင်းရာသီကို တောင်းပန်ပြီးကာမှ နွေသခင်လာမည့်အကြောင်းကို ဖွင့်ဟတေးဆိုသင့်သည်တကား။



ဤသို့သာ ပြေပြစ်ခဲ့ပါလျှင် ဆောင်းကိုချစ်သူကလည်း ကျေနပ်မည်။ နွေကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပေမည်။ ယခုတော့ နွေသည် အတင့်ရဲလွန်း၍ ကျွန်မသည် ပွင့်နေသောမျက်စိကိုပင် အသာမှိတ်ကာ နွေရာသီနှင့် ပတ်သက်သမျှ မည်သည့်အလှအပကိုမှ ကြည့်လိုမြင်လိုသော စိတ် မရှိအောင် ဖြစ်နေမိတော့သည်။

* * *

သင်္ကြန်အပြီးတွင် ကျွန်မတို့ အမရပူရသို့ ရောက်လာခဲ့ကြသည်။ ဖေဖေငယ်စဉ်က နေသွားသော တောင်မြို့တွင် ကျွန်မကို တည်းခိုကြသည်။ အပြန်မှပင် မန္တလေးရှိ ကိုကိုမောင့်မိဘများအိမ်တွင် တစ်ပတ်လောက်နားမည်ဟု စီစဉ်ထားပေသည်။ ကျွန်မတို့အိမ်သည် အတွင်းဘက်ကျ၍ ဂဝံလမ်းမကြီးနှင့် ဝေးသောကြောင့် တိတ်ဆိတ်၏။ မန်ကျည်းပင်မြင့်မြင့်ကြီးများ ခြံပတ်လည်တွင် မိုးနေ၍ အညာနွေ၏ အပူရှိန်မှ အလိုအလျောက် ကာကွယ်ပေးသလို ဖြစ်နေပေသည်။

ခြောက်ခြောက်သွေ့သွေ့ တိုက်ခတ်လာသော အညာနွေ၏ လေထဲတွင် ချိုးကူသံသည် လေးလေးတွဲ့တွဲ့ ပါလာ၏။ နေ့လယ်ထမင်းစားပြီး ငိုက်မြည်းနေသူကို ချိုးကူသံသည် ချော့သိပ်နေသလို ရှိပေသည်။ ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာဖတ်နေတတ်သော ကိုကိုမောင့်အပါးတွင် ကျွန်မသည် အိပ်စက်နားနေတတ်၏။ မမစိုးသည်လည်း သူ့ပိုးကိစ္စ၊ ချည်ကိစ္စတွေနှင့် အလုပ်ရှုပ်နေ၍ ကျွန်မ၏အပါး မကပ်လာသောကြောင့် တစ်ရက်နှစ်ရက်အတွင်း ကျွန်မစိတ်မှာ သက်သောင့်သက်သာ ဖြစ်နေသည်။

"ကိုကိုမောင် မန္တလေးကောလိပ်ကို အလုပ်ပြောင်းရအောင် စီစဉ်ပါလား၊ တိုးတိုးလေ ခုလိုနေရတာ သိပ်စိတ်ချမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ကွပ်ပျစ်ပေါ်တွင် လှဲနေရာမှ သူ့အား စကားစလိုက်၏။ သူသည် ရန်ကုန်က ပြောလာသည့်အတိုင်းပင် ကုလားထိုင်ရှေ့တွင် ချထားသော စားပွဲပေါ်မှ ငါးခြောက်ကို နှိုက်ယူ၍ တမြုံ့မြုံ့စားနေသည်။

"ဟုတ်ပါရဲ့နော်၊ မန္တလေးနဲ့တောင် မတူဘူး၊ ဒီနေရာက အေးအေးချမ်းချမ်း ရှိလိုက်တာ၊ ဒါပေမယ့် တိုးတိုး ကြာကြာနေနိုင်ပါ့မလား၊ တော်ကြာ ရန်ကုန်ကို လွမ်းဦးမှာ"

"လွမ်းတော့လဲ တစ်ခေါက်တစ်လေ သွားလိုက်တာပေါ့၊ ကိုယ့်ချစ်သူနဲ့ စိတ်အေးလက်အေး နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်တယ် ကိုကိုမောင်ရယ်"

ကျွန်မသည် နံဖူးပေါ်လက်တင်၍ သူ့ကိုမကြည့်ဘဲ မန်ကျည်းကိုင်းကို မော်ကြည့်ကာ ညင်ညင်သာသာ ပြောလိုက်၏။

"တိုးစကားက ဆန်းလိုက်တာ၊ ရန်ကုန်မှာနေရတာ မလွတ်လပ်ဘူးလား"

အဖြေရခက်သော မေးခွန်းပေတည်း။

"လွတ်လပ်တယ်ဆိုတဲ့ စကားလုံးထဲမှာ စိတ်နှလုံး အေးမြချမ်းငြိမ်းခြင်းဆိုတဲ့ အဓိပ္ပာယ်လဲပါတာပေါ့ ကိုကိုမောင်၊ လူ့ဘဝဆိုတာ ကိုယ့်ခန္ဓာကိုယ်ကိုဖြစ်ဖြစ်၊ ကိုယ့်အသက်လို မြတ်နိုးတဲ့ပစ္စည်းကိုဖြစ်ဖြစ် တစ်နေ့နေ့ ဘယ်သူများ လာထွက်ဆွဲမလဲနဲ့ တထိတ်ထိတ် ရင်မနေရတဲ့ဘဝဆိုရင် ဘယ်မှာ လူဖြစ်ကျိုးနပ်မလဲ၊ အဲဒီလို လူသားတစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်အတွက် လုံခြုံမှုမရှိရင် လွတ်လပ်တယ်ဆိုတာလဲ အဓိပ္ပာယ်မရှိဘူး"

ကျွန်မသည် အဓိပ္ပာယ်အများကြီးနှင့် သွယ်ကာဝိုက်ကာ စကားလုံးရှာ၍ ပြောနေရသည်ကို အတော်ပင် စိတ်မောမိပါသည်။ နားထောင်သူကလည်း အတော်ပင် တွေးတွေးခေါ်ခေါ် နားထောင်နေရဟန်ရှိ၏။ တကယ်တော့ တိုတိုနှင့်လိုရင်းကို ပြောရလျှင် "ကျွန်မအသက်နှင့်ထပ်တူ မြတ်နိုးသော ကိုကိုမောင်ကို မမစိုးက တစ်နေ့နေ့ ဝင်ဆွဲမလားဟူသော စိတ်



သောကနှင့် အစဉ်နေနေရလျှင် ထိုဘဝမှာ စိတ်ချမ်းသာမှုကို ဘယ်လိုလုပ်ရပါမည်နည်း"ဟူ၍ ပြောရမည်သာဖြစ်၏။ ထိုစကားလုံးများကိုမူ ကျွန်မပါးစပ်မှ ဖွင့်ဟမထွက်ရဲ။ မထွက်ရက်ပါပေ။ သို့သော် ရန်ကုန်မှာနေလျှင် ကိုကိုမောင်၏ လုံခြုံမှုမှာ လုံးဝမရှိပါ။ တစ်နေ့ ရင်ကွဲစရာရှိတော့ ကျွန်မသာ ကွဲပေမည်။

"တိုးတိုးကလဲ ဖလော်ဆော်ဖီသာ မယူခဲ့တယ်၊ ခု စကားပြောတာများ အဘိဓမ္မာဆရာကြီး ကျနေတာပဲ"

သူ့အဖို့တော့ စိတ်သန့်ရှင်းနေသေး၍ တကယ်ပင် နားလည်ရှာမည် မဟုတ်ပေ။

"အဘိဓမ္မာဆိုတာ စာအုပ်တွေသိပ်ဖတ်၊ ပညာတွေသိပ်တတ်မှ ပြောတတ်ဆိုတတ်တာလဲ မဟုတ်ပါဘူး၊ တစ်ခါတလေ သူ့ရင်ထဲမှာ အခံရခက်အနေရခက်လာရင် သူ့ပါးစပ်က အလိုလို သူ့အတွေးအခေါ်တွေကို ဖော်ပြရှုတ်ဆိုတတ်လာတာပဲ။ 'အဘိဆိုတာ နက်နဲခြင်း၊ ဓမ္မာဆိုတာ တရား' နက်နဲတဲ့တရားသဘော အယူအဆဟာ လောကုတ္တရာနိဗ္ဗာန် သွားရာလမ်းအတွက်မှာတင် ရှိတာမဟုတ်ဘူး၊ လူ့လောကမှာလဲ လူ့ဘဝအတွေ့အကြုံနဲ့လိုက်ပြီး နက်နဲတဲ့ အတွေးအခေါ် အယူအဆသဘောတွေ ပေါ်လာတတ်တာပဲ"

သူသည် အတော်ကလေး ငိုင်ကျသွားကာ စဉ်းစဉ်းစားစား နားထောင်၏။ ကျွန်မသည်လည်း ကျွန်မစကားလုံးများကို စဉ်းစဉ်းစားစားနှင့် ပြင်ဆင်ပြောရပြန်သည်။

"ဒီလိုရှိတယ်လေ၊ ရန်ကုန်မှာ နေရတာ မကောင်းဘူးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မမစိုးတို့ ရှာဟယ်၊ ဖွေဟယ်၊ နင်လား၊ ငါလား ငွေအပြိုင်ရှာချင်တဲ့လူတွေအတွက်တော့ ကောင်းပါတယ်၊ မမစိုးဆို လိုင်စင်ဈေးကောင်းချိန် ငွေဟာ သဲယူသလိုရတာပဲ၊ ကုလားကုန်သည်ကြီးတွေနဲ့ မိုးစိုပိုင်း မလပ်ရအောင် အပြိုင်အဆိုင်လုပ်ရတာ၊ ဒါက သူကြိုက်တဲ့ဘဝကိုး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ပိုးဆိုင်နှင့် တိုက်ဆိုင်မှာ ဗိုလ်ချုပ်ဈေးတွင်ရှိ၍ 'စိုး ကုမ္ပဏီ' ဟု အမည်တပ်ထား၏။ ထိုစဉ်က လိုင်စင်ခေတ်ကောင်းချိန် ဖြစ်၍ ကျွန်မတို့လက်တွင် ငွေသီးနေချိန် ဖြစ်၏။ မမစိုးသည် ဗိုလ်ချုပ်ဈေးရှိဆိုင်ကို အုပ်ချုပ်ရုံမက အမရပူရမှ ရက်ကန်းစင်များကိုလည်း သူ တာဝန်ယူရပေသေးသည်။ ကျွန်မအဖို့တွင်မူ ဖေဖေ့ယက်ကန်းစင် များကိုလည်း စိတ်မဝင်စား။ ဗိုလ်ချုပ်ဈေးဆိုင်ကိုလည်း တစ်ခါတလေမှ ရောက်သည်။ ကျွန်မ ကျောင်းနှင့်ပင် အချိန်ကုန်ခဲ့လေသည်။

ကျွန်မ ဒီဂရီရပြီး ကိုကိုမောင်နှင့် လက်ထပ်ရမည်ဆိုတော့ ကျွန်မ အလွန်ပျော်သည်။ ကျွန်မသည် ကိုကိုမောင်ကို ချစ်နေသောကြောင့် ဖြစ်၏။ ကိုကိုမောင်သည် သူယူထားသော ဘောဂဗေဒဘာသာအတွက် အမေရိက မသွားခင်ကပင် အိမ်ကို ခဏခဏရောက်လာသည်။ ကိုကိုမောင်သည် ကျွန်မ မျက်လုံးထဲတွင် ဘာမှ မချို့ယွင်းသူ ဖြစ်သည်။

လူငယ်ကြိုက်အနေနှင့်ကြည့်လျှင် ကိုကိုမောင် အရပ်ကမြင့်သည်။ ရင်အုပ်က ကျယ်ပြန့်ရသည့်အထဲ သူ့လက်မောင်းသည် ခေါင်းမို၍ အုံးစက် ရတိုင်း အားရစရာကောင်း၍ မျက်နှာပေါက်က အသားဖြူဖြူ၊ နှာတံပေါ်ပေါ် နှင့် မျက်ခုံးအနက်သည်။ ပါးစပ်က ပြုံးနေသလို သူ့မျက်လုံးများကလည်း အစဉ်ပြုံးနေသူတစ်ယောက် ဖြစ်လေသည်။

လူကြီးကြိုက်အနေနှင့်ကြည့်လျှင် တစ်ယောက်တည်းသောသား၊ မိဘက သိန်းချီ၍ ချမ်းသာသည်။ ကိုကိုမောင့် မိဘများမှာ ဖေဖေတို့လက်ထက် ကတည်းက ဆက်ဆံသိကျွမ်းလာခဲ့သူများမို့ ဘာမှ ရှေ့ရေးတွင် အဆင် မပြေစရာ မရှိချေ။

အားလုံးကပင် ကျွန်မကို ကံကောင်းသည်ဟု ဆိုကြသည်။ ပြီးတော့ ကျွန်မ မိန်းမတစ်ယောက်အနေနှင့် မိန်းမကြိုက်ကို ဖွင့်ပြောရမည်ဆိုလျှင် ကိုကိုမောင်သည် ကျွန်မကို ဆက်ဆံရာတွင် အရှေ့တိုင်းသားလို မဆက်ဆံ။ အနောက်တိုင်းသားလို ဆက်ဆံသောကြောင့် ဖြစ်၏။



"တိုးရေ၊ အနွေးထည်လေး ဝတ်ဦးလေ"

ညနေစောင်း အင်းလျားဘက်သို့ ကားမှောင်းထွက်မည်ဆိုလျှင် သူသည် မညားခင်ကပင် ကျွန်မအပေါ်တွင်ရပ်ကာ အနွေးထည်ကို အသင့် လက် လျှိုဝတ်နိုင်အောင် ကိုင်ထား၏။ ကားပေါ်မတက်ခင် သူက ကားတံခါးကို ကြို၍ဖွင့်ထား၏။ ကားပေါ်ကဆင်းလျှင်လည်း သူကပင် ကြို၍ ကားတံခါး ဖွင့်ထား၏။ ကျွန်မက ကားထဲတွင် ထိုင်နေရာမှ လက်ဖျားလေးကို အသာ ကမ်းလိုက်လျှင် သူသည် အောက်ကို ကျွန်မဆင်းရန်အတွက် ညင်သာစွာ တွဲယူလိုက်၏။

အိမ်ပြန်ရောက်လျှင်

"တိုး...ရေ၊ ဒါလင်... ကိုကိုမောင် ပြန်တော့မယ်" ဟု အသံအေးအေး နှင့် နှုတ်ဆက်ရုံမက ကျွန်မလက်ဖျားကို အသာမ,ယူကာ လက်ဖမိုးလေးကို နှုတ်ခမ်းနှင့် စုပ်ယူနှုတ်ဆက်တတ်ပါသည်။ ကျွန်မက ဤလိုပုံစံမျိုးကို ကြိုက် ပေသည်။

လက်ထပ်ပွဲမှာ ရှေ့အပတ်ထဲတွင် ကျရောက်ပေတော့မည်။ လန်ဒန် မှ ရောရှိင်းယား သဘော်ကြီးနှင့် မှာယူထားသော ကျွန်မတို့ အိပ်ရာခမ်းနား အတွက် ခုတင်၊ မွေ့ရာခမ်းနား၊ ဘီဒို၊ ဆိုဖာများလည်းအားလုံး ရောက် ကုန်ကြပေပြီ။

မမစိုးက အားလုံး ရွှေဖလားရောင် သုံးရမည်ဟု ဆိုသည်။ ကျွန်မသည် ကျွန်မလက်ထပ်ပွဲတွင် ပုလဲရောင်ကို သုံးချင်ပေသည်။ ဇာနုလေးများနှင့် ချုပ်ထားသော ခြင်ထောင်အပိုင်းမှအပ ကျန်အဝတ်အထည်များမှာ ရွှေဖလား ရောင်ချည်းပင် ဖြစ်၏။

"ဒေါ်ဒေါ်မြ၊ ဟောဒါတွေ မနေ့က အမရပူရက ရောက်လာတာ၊ အပျိုရံတွေအတွက် ချိတ်ထဘီနဲ့ လူပျိုရံတွေအတွက် ပုဆိုး၊ မောင်မောင် နဲ့ တိုးရေ၊ မင်းတို့အတွက် အချိတ်ဆင်တွေကိုလဲ လာကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



တိုးတို့အနေက တဲပုတ်ထဲမှာ ဆိုဆမ်းစားတဲ့ဘဝတော့ မနေနိုင်ဘူး၊ ဒါပေမယ့် ကိုကိုမောင်ရတဲ့ လခ,ရယ်၊ တိုးရက်ကန်းစင်က ရတဲ့ငွေရယ်နဲ့ သမှာအာဇီဝ ရိုးရိုးအေးအေးပဲနေချင်တယ်၊ တော်ရောပေါ့၊ လုံလောက်တာထက် အပိုတွယ်တာမှုတွေကြောင့် လူ့ဘောင်မှာ ဒုက္ခရောက်ကြတာ”

သူက သက်ပြင်းလေးရှူကာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်၏။ ကျွန်မစကားကို သူဘယ်လိုပင်နားလည်လို့ ဘယ်လိုပင် အဓိပ္ပာယ်ယူဆယူဆ၊ နောက်ဆုံး မမစိုးနှင့်ဝေးရာ ဤဒေသတွင် လာနေဖို့ သူသဘောပေါက်လျှင် ကျွန်မ ကျေနပ်ပါပြီ။ ဤအတွက်နှင့်များ ဒါလောက်စကားလုံးကို ခက်ခက်ခဲခဲ စဉ်းစား၍ ဝေ့လည်ကြောင်ပတ် ပြောရမည်လားဟု အပြစ်ဆိုချင်ဆိုနိုင်သော်လည်း အခြေအနေ အခါအခွင့်က မပေးသေးသောအခါတွင် ကိုယ်ဆိုလိုချင်သော အကြောင်းရောက်အောင် စကားအလှအပရွေး၍ ပြောနေရတော့သည်။

“တိုး စိတ်ချမ်းသာမယ်ဆိုလဲ နေဖို့စီစဉ်တာပေါ့၊ မန္တလေးကောလိပ်ပြောင်းဖို့ကိုတော့ ဖြည်းဖြည်းစီစဉ်ရမှာ၊ တိုးလဲ ရန်ကုန်မှာ မျက်နှာမြင်ရမှာနဲ့ဆိုရင် ရွှေ့နှစ်လောက်တော့ ဖြစ်နိုင်ကောင်းပါတယ်၊ မမစိုးကျေနပ်အောင်သာ ပြောပေါ့၊ ဟိုမှာနေရတာ ကိုကိုမောင့်အဖို့တော့ လွတ်လပ်အေးချမ်းတာပါပဲ”

ကိုယ့်ပိုင်ဆိုင်မှုကို ထိပါးစော်ကားခြင်း မခံရသူများအဖို့ လွတ်လပ်ခြင်း၏ အခွင့်အရေးများ ဆုံးရှုံးနေသော်လည်း ဆုံးရှုံးနေရပြီဟု သူ့ကိုယ်သူ မသိသည်မှာ အံ့ဩစရာ မဟုတ်ပေ။ ကျွန်မကတော့ ကျွန်မပိုင်ဆိုင်သူကို ထိပါးလာခြင်းနှင့် ကြုံတွေ့နေရပြီဖြစ်၍ ကျွန်မအတွက် အသက်ရှူကျပ်နေခြင်းဖြစ်၏။

“ပြီးတော့လဲ ကိုကိုမောင်နဲ့ တိုးရဲ့ နောင်ရေးကလည်း ရှိသေးတယ်၊ ကိုကိုမောင် ကထိကဘဝကနေ ပါမောက္ခပဲဖြစ်ဦးတော့ တစ်နေ့ ပင်စင်ယူရမှာ၊ တိုးတို့နဲ့ အစဉ်တွဲနေမှာက ဒီရက်ကန်းလုပ်ငန်း၊ ဒီတော့ ခုကတည်းက ပြင်ဆင်သင့်တာတွေ ပြင်ဆင်ထားချင်တယ်လေ၊ ခုလဲ ပိုးရှားတဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပြီ၊ တိုးတို့ မေမြို့မှာ ခြံတွေဝယ်ပြီး ပိုးစာပင်စိုက်၊ ပိုးမွေးမယ်ဆိုရင် နောင်ကို လိုအပ်တဲ့ပိုးအတွက် ဂျပန်နဲ့တရုတ်ကို အားကိုးနေဖို့ မလိုတော့ဘူး၊ တိုးနဲ့ကိုကိုမောင် အိုမင်းလာတဲ့အချိန်ကို ဒီလိုပဲ မန်ကျည်းပင်ရိပ်အောက်မှာ နားနားနေနေ ကုန်လွန်ချင်ပါတယ် ကိုကိုမောင်ရယ်”



သူသည် ပြုံး၍ ကျွန်မအိပ်နေရာ ကွပ်ပျစ်ဆီသို့ ပြောင်းထိုင်ရင်း နဖူးပေါ်တင်ထားသော ကျွန်မလက်ကို ဆွဲယူလိုက်ပါသည်။

“တိုး ခုလို အေးအေးဆေးဆေး တွေးတွေးခေါ်ခေါ် စကားပြောတာကို သမီးရည်းစားဘဝတုန်းကတောင် ကိုကိုမောင် မတွေ့ခဲ့ဖူးဘူး၊ အရင်က တိုးကိုကြည့်ရတာ ကျောင်းသူတစ်ယောက်လို ဒိုးဒိုးဒေါက်ဒေါက်ပြောလို့ စိတ်မြန်လက်မြန်နဲ့ ကလေးဆန်သလိုပဲ၊ ခု တိုးပြောနေတာတွေဟာ ကိုကိုမောင့်စိတ်ထဲ အံ့ဩတောင်နေတယ်”

“ဩော်… ကိုကိုမောင်ရယ် တိုး ပြောခဲ့ပါပကော၊ လူဟာ သူ့နှလုံးသားကိုထိလာရင် သူ့ပါးစပ်က ပွင့်လာတတ်ပါတယ်ဆို…အဲဒီ ပွင့်လာတာကိုသာ မဖော်ပြရရင် အသည်းကျွမ်းတတ်ကြတာ” ကျွန်မက သူ့လက်ကိုပြန်ဆုပ်၍ ကြည်ကြည်နူးနူး ပြောလိုက်ပါ၏။ ခုမှ သမီးရည်းစားစကား ပြောနေရတော့သည်။

“တိုး…တိုးရေ…”

ကျွန်မနာမည်ကို ခေါ်ရင်း ကျွန်မတို့စကားပြောရာသို့ ဒေါ်ဒေါ်မြကြီး အိမ်ဘက်မှ လျှောက်လာပါသည်။

“နက်ဖြန် အင်းဝဘက်က မယ်နုအုတ်ကျောင်းတို့၊ နန်းတော်ဟောင်းတို့ သွားကြည့်မယ်ဟေ့၊ ပြင်ထားပေတော့”

ဒေါ်ဒေါ်မြသည် ပြောပြောဆိုဆိုနှင့် ကိုကိုမောင်ထိုင်သော ကုလားထိုင်ဘေးတွင် ဝင်ထိုင်ခါ ပြောလိုက်ပါ၏။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ကိုကိုမောင်ကတော့ အနံ့ရောက်ဖူးတယ်၊ တိုးတိုးက အညာသူပေမင့် အောက်မှာကြီးတဲ့သူဆိုတော့ မရောက်ဖူးဘူး၊ အတော်ပဲ"

ကိုကိုမောင်က ဝမ်းသာအားရ ပြောလိုက်ပါသည်။ နောက်နေ့တွင် ကျွန်မတို့ အင်းဝဘက်သို့ ခရီးထွက်လာကြသည်။ ပျော်ပွဲစား ထွက်ရသလိုပင် မနက်စာအဲအတွက် အားလုံးချက်ပြုတ်ယူခဲ့ပါသည်။ မန္တလေး၊ စစ်ကိုင်း ကားလမ်းမကြီးမှ မြစ်ငယ်ဘက်ဆီသို့ ခွဲထွက်လာသော ကားလမ်းရောက်လျှင် ဖုန်များသည် တထောင်းထောင်းထလျက်ရှိသည်။ ညာဘက်တွင် မြရောင်တောက်နေသော ရောဝတီမြစ်သည် ငြိမ်သက်စွာ စီးဆင်းနေ၏။ ဘယ်ဘက်တွင်မူ ချိုးဖြတ်ပြီးသော ပြောင်းဖူးပင်များအောက်တွင် ပဲပင်များသည် အညွန့်တလူလူနှင့် ခေါင်းမော်လျက် ရှိကြသည်။ ပဲခင်းသည် မိုးကုပ်စက်ဝိုင်းအထိ ပျံ့ကျယ်သွားသောအခါ စိမ်းစိုသော ကမ္ဗလာကြီးခင်းထားသလို ဖြစ်နေတော့သည်။

တန်ခူးနွေသည် ပြင်းပြစွာ ပူသော်လည်း စိမ်းစိုသော ပဲခင်းအရှိန်၊ ညာဘက်ရှိ အေးငြိမ့်သော ရောဝတီမြစ်ရေ အရောင်ဖြင့် အပူငွေ့ကို သက်သောင့်သက်သာ ဖြစ်စေပေသည်။

ကားကို ဖောင်ပေါ်တင်၍ မြစ်ငယ်ကမ်းတစ်ဘက်ကို ရောက်သွားချိန်တွင်မူ ကားလမ်းသည် ပို၍သာတောင့်သာယာ ရှိသည်။ လမ်းကမူ အချိုင့်တို့ဖြင့် ကြမ်းသော်လည်း ဝဲယာနှစ်ဘက်မှ ရှောက်ခြံနှင့် သံပုရာခြံများမှ ရနံ့များသည် သင်းပျံ့စွာ မွှေးနေလေသည်။ ရွက်ချင်းယှက်ခါ အုံ့ဆိုင်းနေသော ကုက္ကိုနှင့် မယ်ဇယ်လီပင်များသည် ခေါင်းပေါ်တွင် မိုးနေသောကြောင့် နွေ၏အပူရှိန်ကို သဘာဝအတိုင်း ကာကွယ်ပေးသလို ဖြစ်နေတော့သည်။ ကျွန်မတို့ကားလေးသည် နန်းမတော်မယ်နု၏ အုတ်တိုက်ရှိရာသို့ လမ်းခွဲလေးမှ မောင်းလာခဲ့၏။ ဘယ်ဘက် ခပ်လှမ်းလှမ်းတွင်မူ အင်းဝနန်းတော်ရာဟောင်းသည် မြင့်မားသော သစ်ပင်ကြီးများနှင့် ခြုံနွယ်များဖုံးပိတ်ကာ ကျန်ရစ်ခဲ့လေသည်။



အုတ်ကျောင်းရောက်လျှင် စားစရာ၊ သောက်စရာများကို အပြင်ဘက်ခမ္မာရုံတစ်ခုတွင် ထားရစ်ကာ ကျွန်မတို့ အုတ်တိုက်ကြီးဘက်သို့ စတင်ဝင်ရောက်၏။ အုတ်တိုက်ကြီးသည် စုလစ်မွမ်းချွန်တို့ဖြင့် မြင့်မားကြံ့ခိုင်သော အုတ်တိုက်ဖြူကြီးဖြစ်၏။ သို့သော် အထဲတွင်မူ အဆစ်အချိုး အကွေ့အကောက် အများကြီးနှင့် လင်းနို့ချေးနံ့ကလည်း နံ့ပေသည်။ ဘယ်လိုအကြံဉာဏ်နှင့် ဘာလုပ်ဖို့အတွက် မယ်နုသည် ဤအုတ်တိုက်ကို ဆောက်ခဲ့ပါသနည်း။ ကျွန်မသည် ကျွန်မတစ်ယောက်တည်း တွေးလာ၏။ သွားရာလမ်းတို့ကလည်း ကျဉ်းမြောင်း၊ ထောင့်ချိုးတို့ကလည်း မည်းမှောင်လှသည်။ သံဃာတော်တို့စုဝေးရန် ဆိုရအောင်ကလည်း ထေရ်ရှင်သံဃာတော်တို့ စုစုဝေးဝေး တရားဓမ္မဆွေးနွေးနိုင်သော နေရာကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ခန်းမဆောင်နေရာရယ် ဟူ၍လည်းမရှိ၊ ဝင်္ကပါလို လမ်းချိုးများအလယ်တွင် ဘုရားများကလည်း မည်းမှောင်နေသော အုတ်တိုက်များအတွင်းတွင် စံပယ်နေကြ၏။ ပုဂံရှိအာနန္ဒာဘုရားကဲ့သို့ ရုပ်တုတော်များ၊ အတွင်းကျသော်လည်း အလင်းကို ရယူထားသော ပိသုကာ၏ လက်ရာအတွေးအခေါ်ကိုလည်း မတွေ့ရ၊ ကျွန်မသည် လျှောက်ရင်း အသက်ရှူရ ကျပ်လာ၏။ ကျွန်မနောက်တွင် ကိုကိုမောင်၊ ဒေါ်ဒေါ်မြ၊ မမစိုးနှင့် တောင်မြို့အိမ်မှလူများ ပါလာကြသည်။ သူတို့ကလည်း ထုထည်ကြီးမားသော ပေပျဉ်ကြီးများ ခင်းထားသည့် အခင်းပေါ်တွင် ရိုက်ထားသည့် ဒင်္ဂါးပြားထက်ပင်ကြီးသော သံမှိုကြီးများကိုကြည့်ကာ ဆောင့်ခါဆောင့်ခါ နင်းကြည့်ကြ၏။ လိုဏ်သံကြီးက မည်းမှောင်သော လမ်းကျဉ်းထဲတွင် ဟိန်း၍ဟိန်း၍ ပေါ်လာသည်ကို ကြားရသည်မှာ စိတ်မချမ်းမြေ့စရာပင်တည်း။

ကိုကိုမောင်သည် အလင်းရောင်ရှိသော ဂူဝမှ ကျွန်မအား ဆီးကြို၏။

"အသက်ရှူကျပ်လိုက်တာ ကိုကိုမောင်ရယ်"

ကိုကိုမောင့်လက်ကို ကျွန်မ အသာတွဲကိုင်ကာ ဇရပ်ရှိရာသို့ ဖြည်းဖြည်း လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာဝိုင်းတွင်မူ လူအားလုံး ဆုံကြ၏။ မမစိုးသည် ထုံးစံအတိုင်းပင် သူ့နှိက်သမျှ ဟင်းခွက်တိုင်းမှ ဟင်းတစ်ဖတ်စီကိုယူကာ

"မောင်မောင်၊ ဒါ ကြက်သားဆီပြန်"

"မောင်မောင်၊ ဒါ ငါးသလောက်ဆားနယ်၊ အညာချက်"

"မောင်မောင်၊ ဒါ ပဲကြီးဟင်းချို"

သူက တစ်မောင်တည်းမောင်တိုင်း ကျွန်မက အစိမ့်ပွာယ်အပြည့်ပါသော မျက်လုံးနှင့် ဒေါ်ဒေါ်မြကို လှမ်း၍လှမ်း၍ ကြည့်၏။ ဒေါ်ဒေါ်မြကလည်း 'ဟင်း'ခနဲ၊ 'ဟင်း'ခနဲ သက်ပြင်းကြီး ရှူ၍ရှူ၍ပြ၏။

"ဒေါ်ဒေါ်မြ ဘာဖြစ်နေလဲ"

မမစိုးက မေးလိုက်သည်။

"အသက်ရှူကျပ်နေပြီ ထင်တယ်" ဒေါ်ဒေါ်မြမဖြေခင် ကျွန်မက ဝင်ဖြေလိုက်၏။

"တိုးတိုးသာ မိဖုရားဖြစ်ရင်လား၊ တိုးဆောက်မယ့် ကုသိုလ်တော်တွေ၊ အဆောက်အဦတွေဟာ ခန်းမကြီးတွေ၊ ပြတင်းအကျယ်ကြီးတွေနဲ့ ပွင့်လင်းရှင်းနေရမယ်"

"ဒီမိဖုရားကြီးက ဘယ်တော့ဖြစ်မှာလဲ"ဒေါ်ဒေါ်မြက ရယ်ကာမောကာ ဝင်နှောပါသည်။ ကျွန်မသည် အကွက်ကလည်းဆိုက်တုန်း စိတ်ကလည်း ကြွလာသဖြင့်

"မမစိုးက အိမ်ခွဲမဆောက်ရဘူးဆိုတော့ မိဖုရားဖြစ်မှ ကိုယ်ကြိုက်သလို ဆောက်ရမှာ၊ ဟိုရန်ကုန်အိမ်မှာတုန်းက မမစိုးပြတဲ့ သံရုံးကိုဆောက်ပေးမယ့် အိမ်ပုံစံကလဲ တကယ့်ကို ဟောဒီအုတ်တိုက်ကြီးသာသာပဲ၊ အချိုးတွေ၊ အကွေ့တွေ အကောက်တွေ၊ အခန်းတွေကလဲ ရှုပ်ပွနေတာပဲ"

"အောင်မယ်၊ နင့်ဘာသာ ပြောချင်ပြော၊ ငါ့တိုက်ကိုတော့ လာမထိပါနဲ့"



မမစိုးသည် ဒီတစ်ခါ အရှိုက်ထိုးခံလိုက်ရပုံ ပေါ်သည်။ ရှူးရှူးရှားရှား နှင့် ဣန္ဒြေပင် ဆောင်မရတော့ဘဲ နင်ငါတွေနှင့် ပြန်ပြောကာ လက်ဆေး၍ ထသွားပါတော့သည်။

*　　*　　*

တောင်မြို့တွင် နားနေစဉ် ပိုး အလျှဉ်မပြတ်ရရေးအတွက် လောလောဆယ်တော့ စိမ့်၍မရပေ။ သမဝါယမက ထုတ်ပေးသမျှနှင့် ယက်ရမည်ဖြစ်၏။ ရန်ကုန်တွင်လည်း တရားသောနည်းနှင့်ဖြစ်စေ၊ မတရားသောနည်းနှင့်ဖြစ်စေ ကုလား၊ တရုတ်ကုန်သည်များမှတစ်ဆင့် ဆက်သွယ်၍ ပိုး ဝယ်ယူသိုလှောင်ကာ ရက်ကန်းစင်များရှိရာသို့ ပေးပို့ရမည်ဖြစ်လေသည်။

ကျွန်မအနေနှင့်ကတော့ ရေရှည်စီမံကိန်းဟု ဆိုရမည်ဖြစ်သော်လည်း ဤ ကုလား၊ တရုတ်မနုရှင်များနှင့် ပူးပေါင်းကာ မတရားသဖြင့်ရော၊ တရားသဖြင့်ရော ပိုးချည်ဝယ်ယူလုပ်ကိုင်မည့်အစား မေမြို့တောင်စောင်း မြေကွက်များတွင် ပိုးစာပင်စိုက်ပျိုး၍ ပိုးမွေးရန်ပင်ဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်လောက်က ဂျပန် အကြံပေးအရာရှိနှင့် အစိုးရလုပ်ခဲ့သော ပိုးစာပင် စိုက်ပျိုးရေးမှာ မကျွမ်းကျင်သော လူတစ်စု၏ လွှမ်းမိုးမှု၊ အကြံပေးသူတို့၏ စေတနာမဖြောင့်ဖြူးမှုကြောင့် ပျက်စီးသွားခဲ့ရသည်။

ကျွန်မအကြံကို မမစိုးမှာ မငြင်းသာပေ၊ ကိုကိုမောင်ကလည်း လက်ခံ၏။ ကျွန်မသည် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်အောင် စီစဉ်ရခြင်း ဖြစ်ပေသည်။ မေမြို့တောင်စောင်းတွင် မြေဝယ်မည့်ကိစ္စကိုမူ ကိုကိုမောင့်မိဘများအား လွှဲအပ်ခဲ့ရမည် ဖြစ်ပေသည်။

တစ်ညနေတွင်မူ ဂန္ဓာရုံ ဆရာတော်ဘုရားအား ပုစွန်ခြောက်များ ကပ်လှူလို၍ ကျွန်မနှင့် ဒေါ်ဒေါ်မြသည် ဆရာတော်ကျောင်းသို့ ထွက်လာခဲ့ပါသည်။ ကိုကိုမောင်ကတော့ ခပ်စောစောကပင် သူ့မိတ်ဆွေတစ်ဦးထံ အလည်ထွက်၍ သွားပေသည်။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ရောက်လျှင် ဆရာတော်ဘုရားမှာ ဖေဖေ့အမည် ဦးအောင်မြို့ ကူသော စကားလုံးကို ကြားကြားချင်းပင် ကျွန်မတို့နှင့် အလွှာပ၊ သလွှာပ ပြောဍ်မဆုံးတော့ပေ။ ဖေဖေတို့မှာ တောင်မြို့တွင်အနေများ၍ ဖေဖေနှင့် ဆရာတော်ဘုရားမှာ ဆရာရင်း၊ တပည့်ရင်းများ ဖြစ်ကြပေသည်။

အတော်လေး နေညိုမှ ဆရာတော်ထံမှ ပြန်လာခဲ့ကြသည်။ ဂန္ဓာရုံကျောင်းတိုက်အနီးရှိ နေပူခံနှင့် ဆုတောင်းပြည့် စေတီများမှာ ယခုကဲ့သို့ ရှင်းလင်းမထားသေး၍ ထိုစဉ်က ခြုံနွယ်ကြီးများ ပေါက်လျက်ရှိနေပေသည်။ ဒေါ်ဒေါ်မြက ဦးပိန်တံတားဘက် လမ်းလျှောက်သွားရအောင်ဟု ခေါ်သောကြောင့် ကျွန်မလည်း လိုက်ပါလာခဲ့ပေသည်။ နေညိုချိန်တွင် ဦးပိန်တံတားသည် အဝေးကြည့် လှပနေ၏။ တောင်သမန်အင်း၏ ရေအရှိန်ဖြင့် ညနေစောင်းသည် ပူလောင်လောင်မနေဘဲ အေးအေးမြမြရှိလှ၏။

ကျွန်မတို့သည် ဦးပိန်တံတားမရောက်ခင် အမြစ်ကြီးများ တွဲရရွဲဖြာကျနေသော ညောင်ပင်ကြီးတစ်ပင်ကို ဖြတ်ကျော်သွားရမည် ဖြစ်သည်။

သို့သော် တံတားထိပ်တွင် ယှဉ်တွဲရပ်နေသူနှစ်ယောက်ကို မြင်သည်နှင့် တစ်ပြိုင်နက် ကျွန်မ ရှေ့တိုး၍ လှမ်းမရပေ။ သို့တို့နှင့်ကျွန်မသည် ညောင်မြစ်ကွယ်နေ၏။ ရပ်နေသူနှစ်ဦးကား ကိုကိုမောင်နှင့် မမစိုး ဖြစ်၏။ ကျွန်မသည် ရင်ခုန်လွန်း၍ ညောင်မြစ်ခြေတွင် ထိုင်လိုက်၏။ ဒေါ်ဒေါ်မြသည် ကျွန်မကို စကားပြောမည်အလုပ် ကျွန်မသည် လက်ကာ၍ ပါးစပ်ပိတ်ပြပါသည်။ သူတို့ရှိရာသို့ လက်ညှိုးထိုးပြလိုက်လျှင် ဒေါ်ဒေါ်မြသည် မျက်လုံးကြီးပြူးကာ ကျွန်မအပေါ်တွင် ထိုင်ချလိုက်ပေသည်။ လုံးဝပိတ်ကွယ်နေခြင်းမဟုတ်၍ ညောင်မြစ်များကြားမှ သူတို့နှစ်ယောက်ကို မြင်နေရသည်။ သူတို့ကတော့ ကျွန်မတို့ဘက်ကို ကျောခိုင်းနေ၍ ကျွန်မတို့လာသည်ကို သိပုံမပေါ်ပါ။ ကျွန်မမျက်နှာကတော့ ဘယ်လိုဖြစ်နေသည်မသိ၊ ဒေါ်ဒေါ်မြမျက်နှာကမူ သွေးဆုတ်နေသလို ဖြူဖပ်ဖြူလျော်နှင့် အတော်စိတ်ထိခိုက်နေပုံရလေသည်။ နှစ်ယောက်သား စကားလည်းမပြောနိုင်၊ အသက်ကိုလည်း



မနည်းရှူနေရ၏။ ကျွန်မအဖြစ်က ကြည့်လည်းကြည့်ချင်သည်၊ ကြည့်လည်းမကြည့်ရဲ ဖြစ်နေတော့သည်။ တစ်ချက်တစ်ချက် မမစိုး စကားပြောသံကိုမသဲမကွဲကြားရ၏။

ကျွန်မမျက်လုံးတွင်တော့ မျက်ရည်များ ဝိုင်းလာတော့သည်။

"မောင်မောင်ပြောရင် သူ" မမစိုးစကားသံမှာ တိုးသွားပြန်သည်။ ကျွန်မတို့နှစ်ယောက်သည် ရှူးစိုက်နားထောင်နေကြ၏။

"မမစိုး သူ့ကို မခွဲနိုင်ဘူး၊ ပြီးတော့ မောင်မောင်ကိုလဲ မခွဲနိုင်ဘူး"

ဤနေရာရောက်လျှင်မူ ကျွန်မခန္ဓာကိုယ်မှာ ချာချာလည်သွားသည်ဟု ထင်ပါသည်။ သတိပြန်ထား၍ သေသေချာချာကြည့်သောအခါတွင် ညောင်ပင်ကြီးသည် အခြေကနေကျွတ်ကျမခေါင်းပေါ် ပိကျလာသလို မှုးဝေဝေပြာနောက်နောက် ဖြစ်သွားပါတော့သည်။ အဘယ်ကြောင့်ဆိုသော် မမစိုးသည် ကိုကိုမောင့်ရင်ခွင်တွင် မျက်နှာအပ်၍ ငိုနေသောကြောင့် ဖြစ်၏။ ကိုကိုမောင့်လက်များကလည်း မမစိုးပခုံးကိုကိုင်ကာ ဖြည်းညင်းစွာ ပွတ်သပ်ပေးနေတော့သည်။

ဒေါ်ဒေါ်မြက ကျွန်မကိုဆွဲထူကာ လာလမ်းအတိုင်း ကျွန်မပြန်ခဲ့သော်လည်း အိမ်ကို ဘယ်ခြေလှမ်း၍ ဘယ်လိုရောက်လာသည်ကိုပင် ကျွန်မသတိမထားနိုင်တော့ပါ။ အိမ်ရောက်လျှင် အိပ်ခန်းထဲတန်းဝင်ကာ အိပ်ရာပေါ် ပစ်လှဲလိုက်ပါသည်။

ကျွန်မ ဘာလုပ်ရပါမည်နည်း၊ နှစ်ယောက်လုံးကို မျက်နှာချင်းဆိုင်၍ မြောင်မေးရဲလောက်အောင်လည်း ကျွန်မတွင် သတ္တိမရှိပေ။ ယခင်ကတော့ ကိုယ့်တပ်ကလုံ့သည်ဟု အထင်နှင့် အန္တရာယ်ကို သိနေသော်လည်း ယခုလောက် မတုန်လှုပ်မိပေ။ ယခုတော့ ကျွန်မ၏တပ်ကပင် နောက်ကြောင်းက ဖောက်၍လာပြီကို မျက်မြင်တွေ့နေရပြီတကား။ ခပ်စောစောကဆိုလျှင် ထိုကိစ္စကို ကျွန်မ တိတ်တိတ်ကျကျနှင့် ပြတ်ပြတ်သားသား ရင်ခုန်မိသည်။ သုံးယောက်မျက်နှာချင်းဆိုင် တိုက်ပွဲတွင် မမစိုး လွှင့်ချင်လည်း လွှင့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွား၊ ကိုကိုမောင်နှင့်ကျွန်မလည်း ပြတ်မည်လော၊ ဆက်မည်လော ဖြောင်ဖွင့်မေးကာ တိတိကျကျ ဆုံးဖြတ်လိုက်ဖို့ရှိ၏။ ယခုတော့ ကိုကိုမောင်နှင့်ကျွန်မကြားတွင် မပြတ်နိုင်သော နှောင်ကြိုးက ကျွန်မရင်ခွင်တွင် ခိုဝင်၍နေပြီ။ မမစိုးကို အပြတ်ရှင်းရမည် ဆိုရအောင်လည်း ကလေးတို့ဖေဖေသည် ယခုအခါတွင် မမစိုး၏နယ်မြေဝယ် ခြေတစ်ဘက်လှမ်း၍နေပါပြီကော။

ကျွန်မသည် ရှိုက်ကာငိုမိ၏။ "သမီးလေး၊ မငိုနဲ့လေ၊ ဘာသောက်မလဲ ထမင်းကော စားနိုင့်မလား၊ သူတို့နဲ့ အတူတူစားမလား'

ဒေါ်ဒေါ်မြက အပါးလာထိုင်ရင်းမေး၏။ "ဒီမျက်နှာတွေကို တိုးတိုးဘယ်လိုလုပ် မျက်နှာချင်းဆိုင်ရမှာလဲ၊ ဘာမှလဲ မစားချင်ပါဘူး"

"မစားချင်ရင် နေပါကွယ်၊ ဖြုန်းခနဲတော့ ဘာမှဆူဆူပူပူ မလုပ်နဲ့နော်"

"ဒေါ်ဒေါ်မြပြောသလို အချိန်တွေစောင့်လာခဲ့တာ ခုတော့ ခြေကျင်းဝတ်တင်မကဘူး၊ စပါးကြီးမြွေမျိုတာ ခါးလယ်တောင်ရောက်နေပြီ"

"ဟုတ်တယ် တိုးတိုး၊ ဒေါ်ဒေါ်မြ တောင်းပန်နေရတာက သမီးလေးမှာ ခု သူ့နဲ့ပတ်သက်ပြီး ကိုယ်ဝန်ကလဲ လွယ်နေရ၊ ဒါကြောင့် အရင်ကလိုတောင် ဆုံးဖြတ်ဖို့မလွယ်ဘူး၊ မင်းရင်သွေးရဲ့နောင်ရေးကို ထောက်ထားပြီး သည်းခံပြီး ခေါင်းအေးအေးနဲ့ စဉ်းစားပါဦး၊ ဒေါ်ဒေါ်မြ ဒီတစ်ခါ စိုးစိုးကို ဖြောင်ပြောပါ့မယ်ကွယ်၊ ပြီးတော့လဲ အိမ်ထောင်ရေးမှာ ဒါမျိုးတွေဟာကြုံတတ်တယ်၊ ကိုယ်က လိမ်လိမ်မာမာနဲ့ လင်ကိုဖျောင်းဖျတတ်မှ၊ နို့မို့ရင် ဆိုးဆိုးဝါးဝါးဖြစ်တတ်တယ်"

ဒေါ်ဒေါ်မြစကားလုံးမှာ အေးမြ၍ တရားလမ်းမှန်ကျပါ၏။ သို့သော်ရုတ်တရက်ပူလောင်နေသော ကျွန်မနှလုံးသားမှ မီးကို ငြိမ်းသွားအောင်မစွမ်းနိုင်သေးပါ။



ကိုကိုမောင်ပြန်လာချိန်တွင် သူဘာဖွင့်ပြောမည်ကို ကျွန်မစောင့်၍နားထောင်နေ၏။ သူတို့သည် နေရောင်ပျောက်မှပင် အိမ်သို့ပြန်ရောက်လာကြသည်။

"တိုးရေ၊ နေမကောင်းဘူးဆို၊ ဒေါ်ဒေါ်မြပြောတယ်" သူ့အသံများသည် ယခင်အတိုင်းပင် ကြည်ကြည်လင်လင် ဣန္ဒြေမပျက် ရှိ၏။ ကျွန်မသည် မျက်စိကိုမှိတ်ထား၍ 'ဟုတ်ကဲ့'ဟုသာ တစ်လုံးတည်းဖြေပါသည်။

"ကိုကိုမောင် မြို့ထဲကအပြန် အိမ်ရောက်တော့ တိုး ဂန္ဓာရုံကျောင်းဘက်သွားတယ်ဆိုလို့ လိုက်မလို့ မမစိုးက သူနဲ့အတူ လမ်းလျှောက်လိုက်ခဲ့ပါဦး၊ အပြန်မှ တိုးကိုဝင်ခေါ်ရအောင်ဆိုတာနဲ့ ကိုကိုမောင် မမစိုးနဲ့အတူလမ်းလျှောက်ထွက်သွားတာ"

ထိုစကားလုံးများမှလွဲ၍ သူသည် ဘာကိုမျှ မပြောတော့ပါ။ ကျွန်မနဖူးကို စမ်းသပ်၍ ထမင်းစားရန် ထွက်သွားပါတော့သည်။

ယခင်က အေးချမ်းသာယာလှပါသည်ထင်သော ဤတောင်မြို့တွင်ဆက်လက်၍ မနေချင်တော့ပေ။ သို့သော် တောင်မြို့မှာမနေချင်၍ နောက်တစ်ပတ်တွင် ထွက်ခွာလာခဲ့ပါသော်လည်း ကျွန်မအတွက် ရန်သူ့နယ်မြေနှင့်တူသော ရန်ကုန်မြို့ရှိ အိမ်ကြီးသို့ ပြန်ရောက်ရှိပြန်သောအခါ ကျွန်မအခြေအနေမှာ ဘာမှမထူးတော့ပေ။

စိုးမိုးချင်လွန်းလှသည်ဟု ကျွန်မ ပြစ်တင်ခဲ့သော နွေရာသီပင် ဘယ်လိုကုန်ဆုံးခဲ့သည်ကို ကျွန်မ သတိမပြုမိတော့ပေ။ တစ်စတစ်စနှင့် ကြီးထွားလာသော မမြင်ရသေးသည့်သားငယ်ကို ဝမ်းတွင်ပိုက်ကာ မိခင်ဘဝကို ရင်ဆိုင်ဖို့ ပြင်ဆင်နေရတော့သည်။ ယခင်ကလို ကားလည်းမမောင်းနိုင်တော့၍ ကိုကိုမောင်သည် သူ့ကားလေးကို သူကိုယ်တိုင်မောင်း၍ကျောင်းတက်၏။ တစ်ခါတရံ မမစိုးက ကြိုလာလေသည်။ ကျွန်မသည် ဘာကိုမှမမြင်၊ ဘာကိုမှမသိသလို နှုတ်ဆိတ်နေလိုက်ပါသည်။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက်သည် မမစိုး ပြသော ရွှေဖလားရောင် စိုပြည်ဝင်းလက်နေသည့် ချိတ်လုံချည်များကို အားရဝမ်းသာ ကိုင်တွယ်ကြည့်နေ၏။

"စိန်နဲ့ ရွှေဖလားရောင်နဲ့ ဆိုတော့"

ကျွန်မသည် ကျွန်မ မကြိုက်သောအရောင်အတွက် နည်းနည်း ဆင်ခြေ တက်ချင်ပေသည်။

"တိုးအသားက ဖြူဝင်းနေတာ၊ ရွှေဖလားရောင်နဲ့ အဟပ်ပေါ့"

မမစိုးက ဆိုသည်။

"တိုး ဝတ်ချင်တာက ချိတ်ထဘီ အဖြူခံ၊ ပဝါကလဲ ပါးပါးဖြူဖြူလေးနဲ့ဆိုတော့ ပုလဲတစ်ဆင်စာနဲ့ ဘယ်လောက်လှမလဲ"

မမစိုးက ပြုံးရယ်ရာမှ

"မိတိုးကြီးကလဲ ရွှေဖလားရောင်ဆိုတာ (Royal Colour)ခေါ်တယ်ဟဲ့၊ မင်းသုံးတဲ့ အရောင်ပေါ့၊ တို့များ ဆွေစဉ်မျိုးဆက်တွေ လက်ထပ်ရင် ဒီရွှေဖလားရောင်ကိုပဲ သုံးတယ်"ဟူ၍ ရှင်းလင်းပြောပြ၏။

သို့နှင့် မမစိုးကြိုက်သော အရောင်ကို ကျွန်မတို့ လက်ခံလိုက်ရသည်။ ကျွန်မ၏ ဖေဖေ့အမျိုးမှာ အမရပူရ ပိုးကုန်သည်များမှ ဆင်းသက်လာခဲ့သော်လည်း မေမေ့အမျိုးမှာ မြန်မာဘုရင်ခန့်ထားသော မင်းကြီးတစ်ပါးမှ ဆင်းသက်လာသည်ဟု အဆိုရှိ၏။ ဘာမင်းကြီးမှ ဘယ်လိုဆင်းသက်လာသည်ဟုတော့ ကျွန်မ မသိပေ။ ကျွန်မသည် ထိုကိစ္စများကို စပ်စုလိုသူလည်း မဟုတ်ပါ။ သို့သော် မေမေ့အမျိုးအနွယ်အရှိန်ကြောင့်ထင်သည်။ ကျွန်မတို့ ဆွေစုမျိုးစုထဲတွင် လက်ထပ်တိုင်း ပုဏ္ဏားရှစ်ယောက်က ပါရပေသည်။

သို့သော် ကျွန်မငယ်စဉ်က အမရပူရ တောင်မြို့ စိန်ပိတာကျောင်းတွင် နေစဉ် အတူနေခဲ့သော ညီမဝမ်းကွဲတော်ထဲမှ မအေးစိန်သည် ရွာသစ်မှ ရက်ကန်းသည်ယောက်ျားလေးနှင့် လွန်ခဲ့သော ၂ နှစ်ခန့်က လိုက်ပြေးသွား



သောကြောင့် သူ့အကြောင်းကို ကျွန်မတို့အမျိုးထဲတွင် စကားစပ်မပြောကြ။

မှတ်မှတ်ရရ မအေးစိန်တစ်ယောက် ပုဏ္ဏား ရှစ်ယောက်မပါပဲ လင်ရသွားလေသည်။

ကျွန်မတို့အတွက်မူ ပုဏ္ဏားရှစ်ယောက် မန္တလေးမှ လိုက်လာကာ ဦးကြီးဘအိုတို့အိမ် ဆင်းဒဝစ်လမ်းမှာ တည်းခိုနေကြပါသည်။

"ကိုကိုမောင်ရေ...ပွဲထုတ်ရင် တိုးတော့ မနည်း ဣန္ဒြေဆည်နေရမှာ"ဟု ကျွန်မက ပုဏ္ဏားများအကြောင်း စဉ်းစားရင်း ပြောလိုက်၏။

"ဘာဖြစ်လို့"

"သူတို့က ခရုသင်းတွေကိုင်ပြီး ဘာဟိန္ဒရီ ညာဟိန္ဒရီ လုပ်ကြဦးမှာ"ကျွန်မသည် ပြောပြောဆိုဆို ရယ်မိ၏။

"ဒါကတော့ တိုးတို့ ဆွေစဉ်မျိုးဆက် ထုံးစံကို လိုက်နာရမှာပေါ့"

"တိုးတော့ဆရာ၊ ရယ်ချင်ရင်လဲ ပွဲထုတ်ရင်းပေမယ့် ရယ်မိမှာပဲ၊ အဲဒါ ဣန္ဒြေနဲ့ မဆိုင်ဘူးနော်"

"ဘာပြောတယ်..."

မမစိုးအသံမှာ သူ့ခန္ဓာကိုယ်နှင့်အတူ အခန်းဝတွင် ပေါ်လာ၏။

"ပွဲထုတ်ချိန်မှာတော့ ဣန္ဒြေရရ မျက်နှာပိုးသေသေ နေမှပေါ့တိုးရဲ့၊ ဘယ်နှယ် ဟားတိုက်နေလို့..." သူ့အသံမှာ အနည်းငယ် ငေါက်သံပါလာ၏။

"ဟားတော့ မတိုက်ပါဘူး၊ စိတ်ထဲကတော့ ရယ်ချင်တာပေါ့"

ကျွန်မသည် ခုကတည်းက ရယ်ချင်နေတာကြောင့် မမစိုးကိုကြည့်နေရာတွင် မျက်နှာက မချိုမချဉ် ဖြစ်နေတော့သည်။

"မောင်မောင်ရော၊ ခေါင်းပေါင်းဟာ အံကိုက်ရဲ့လား၊ တော်ကြာ ခေါင်းကိုက်နေတတ်တယ်"

"အံကျပါတယ် မမစိုး"



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရားအတိုင်း ပြုစုသည်ကလွဲ၍ ကျွန်မသည် ကိုကိုမောင်ကို ကြာရှည် မျက်နှာချင်းမဆိုင်ချင်ပေ။ ကျွန်မကိုကလည်း ရင်တွင်းကအပူကို သိုသိုသိပ်သိပ်ထိန်း၍ အပြင်တွင် ဟန်တစ်မျိုးနှင့် စကားပြောတတ်သော မိန်းကလေးမျိုး မဟုတ်ပါပေ။

ဆောင်းဦးသို့ မြန်မြန်ရောက်စေချင်လှပေပြီ၊ ဆရာဝန်များအဆိုအရ နိဝင်ဘာ နောက်ဆုံးပတ်လောက်တွင် ကျွန်မ မျက်နှာမြင်မည်ဟုဆိုသည်။

မျက်နှာမြင်ပြီးလျှင်တော့ ဘယ်လိုပင်ဖြစ်ဖြစ် ပြဿနာကို ရှင်းရပေမည်။ ကိုယ်က သွေးမထွက်ချင်လွန်း၍ ခေါင်းငုံ့ကာ နေခဲ့ပါသော်လည်း တစ်ဘက်က ဤသည်းခံမှုကို နားမလည်ခဲ့၊ နံသည်၊ အ,သည်ထင်ကာ တစ်နေ့ထက်တစ်နေ့ပင် အထင်အရှား စော်ကားလာခဲ့ပေပြီ။

တဏှာနတ်မင်း၏ ယဇ်ပလ္လင်ဝယ် ဤသုံးယောက်သားအနက်တွင် တစ်ယောက်ယောက်သည် ယဇ်အပူဇော်ခံ သားကောင် ဖြစ်ရတော့မည်။ ကျွန်မအတွေးသည် ကြောက်မက်ဖွယ်ရာ ကောင်းသလိုပင် ကောင်းကင်ရှိ မိုးသားများကလည်း ညိုမှောင်ရစ်ဆိုင်း၍ ပြိုကျမလို တက်လာကြသည်။ တဏှာရက်စက်ခြင်းနှင့် အမှောင်တို့သည် တစ်သဘောတည်းသာတည်း။ ကျွန်မ၏ ရက်စက်သောအတွေးများကို အားပေးသောသဘောနှင့် မိုးသားတို့သည် ပြိုမလို အုံ့မှောင်လာကြသည်။ ဝင်းပသော လျှပ်ရောင်လက်လိုက်ကာ မိုးထစ်ချုန်းလိုက်သည့် အခါတွင်မူ ကျွန်မအတွေးပျောက်ကာ ဟစ်အော်ငိုမိသည်။

တကယ်တော့ ကျွန်မနှလုံးသားသည် လုံးဝအမှောင်မကျသေးပေ။

မိုးပါးသော တစ်ညနေတွင် ကျွန်မသည် ခြံနောက်ဘက်တွင် တစ်ယောက်တည်း လမ်းလျှောက်နေပေသည်။ မိုးပါးလာပြီဆိုသော်လည်း လေထဲတွင် မိုးသက်များ သိပ်သည်းစွာ ပါနေသေး၍ အေးမြနေပေသည်။ ဗိုက်ဖုံးအင်္ကျီပေါ်တွင် အနွေးထည်ထပ်ဝတ်ကာ လမ်းလျှောက်နေမိ၏။



ကန်ရေစပ်ဘေးတွင် အုတ်လှေခါးအပေါ်ထစ်၌ ကျွန်မထိုင်ရင်း ရေစပ်ကို ငေးနေမိသည်။

ရေစပ်တွင် ဖွေးဖွေးဖြူသော ခတ္တာပန်းသည် လှပစွာပွင့်နေ၏။ ဖြူနေသော ပွင့်ဖတ်တချို့သည် စိမ်းသောရေပြင်ပေါ်တွင် လျှောကျနေလေသည်။ မိုးသက်လေငွေ့လိုက်တိုင်း ခတ္တာပန်းရုံသည် ချစ်စဖွယ် အံ့လိုက်လှုပ်ရှားသွားကြသည်။

"အချစ်နဲ့ပတ်သက်လို့ မင်းတစ်ယောက်တည်း ပူပင်သောကဖြစ်ရတာ မဟုတ်ပါဘူးကွယ်"ဟု ခတ္တာပန်းက ကျွန်မကို စကားဆိုဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မသည် ခတ္တာပွင့်ကိုမြင်လျှင် ငယ်စဉ်ကရွတ်ဆိုခဲ့ရသော ကဗျာတစ်ပုဒ်ကို သွား၍သတိရ၏။

"နူးညွတ်ဖွယ်ရာ၊ ခုသံဝါကား၊ ခတ္တာဖြူဖွေး၊ မစဲသေးလျက်၊ ရောထွေးယှက်ကာ၊ ဘယ်ခြင်းရာကြောင့်၊ ယင်းမာရွှေပန်း၊ ပွင့်စုံလန်းသည်၊ နေနန်းသိပ်ဟန်နှင့် ကန်မှာသော်"

ပထမသော် ကဗျာရှင်သည် ကျွန်မကဲ့သို့ပင် သူ့အချစ်အား လုယူသူကိုသာ ပြစ်တင်လိုဟန်ရှိသည်။ ကဗျာရှင်ပီပီ နှလုံးသားနူးညံ့သူမို့ အချစ်ကိုလုယူသော ရန်သူကိုပင် ပန်းနှင့် တင်စားထားသည်။

နူးညွတ်သာယာလှသော ခုလိုရာသီတွင် ဖြူဖွေးသော ခတ္တာပန်းများ ပွင့်နေဆဲဖြစ်ပါ၏။ ဤယင်းမာပန်းတို့သည် ခတ္တာပန်းတို့ သူ့ရာသီနှင့်သူ ပွင့်၍မှ မကုန်ခင်၊ မစဲခင်၊ ဘာကြောင့်များ ရောထွေးယှက်တင်၍ အချိန်မကျဘဲ အတင်းဝင်ရောက် ပွင့်ကြပါသနည်း။

ကဗျာရှင်နှင့် သူ့ချစ်သူတို့ နှလုံးသားဝယ် ဖြူစင်သော ချစ်မေတ္တာပန်းများ ပွင့်နေကြဆဲမှာမှ နောက်ကြင်သူ၏ ယင်းမာပန်းပွင့်တို့သည် အဘယ်ကြောင့် ချစ်သူ၏ နှလုံးသားတွင် ထိုးဖောက်ဝင်ရောက်ကာ နေရာယူ၍ ပွင့်ကြပါသနည်း။ ကဗျာရှင်သည် ပန်းလေးများ ရာသီလု၍ ပွင့်သလို သူ့အချစ်နေရာလုခံရသည်ကို တင်စား၍ သိမ်မွေ့စွာ ဖွဲ့နွဲ့ထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအထိ ကျွန်မလိုပင် အချစ်လှသူကိုသာ စိတ်မချမ်းမမြေ့ ဖြစ်တင်ခဲ့သော်လည်း နောက်အပိုဒ်တွင်မူ သူ့ချစ်သူ မောင်တော်ကိုပါ သူသံသယဖြစ်လာ၏။ ချစ်သူ မပြတ်မသား ဖြစ်လာပုံရလေသည်။ နေမင်းရာဇာသည် ယခုအချိန်တွင် သိဟ်ရာသီမှာသော်လည်းကောင်း၊ ကန်ရာသီမှာသော်လည်းကောင်း ပြတ်ပြတ်သားသား တင်ရှိသင့်ပါလျက်နှင့် နေကလည်း သိဟ်မှာလိုလို၊ ကန်လိုလိုနှင့် မတည်ကျပါကလားဟူ၍ ချစ်သူအပေါ်တွင် သံသယရှိလာပြီကို နေနှင့်တင်စား၍ သူဖွဲ့ဆိုထား၏။ ကျွန်မအား ပြောနေသလိုပင် သူ့ကဗျာကလည်း အားလျော့သံပါလာသည်။

ပန်းပန်းချင်း နေရာလုသည်က အရေးမကြီး၊ ယခုတော့ နေမင်းကြီးကပါ နေရာမမှန်တော့ပြီဆိုတော့ ခက်လှပါတကား။

ခတ္တာပန်းသည် ကန်ရေပြင်တွင် လှပစွာလှုပ်ရှားလိုက်ပါသည်။

"တိုး"

ကိုကိုမောင့်အသံသည် နောက်မှပေါ်လာ၏။

"မိုးအေးတယ် တိုး၊ လာ အိမ်ကိုပြန်စို့၊ ဒေါ်ဒေါ်မြကြီးတောင် အအေးမိတယ်ထင်တယ်၊ လဲနေပြီ"

သူသည် ကျွန်မအပေါ်းလာကပ်ကာ ပခုံးကို ညင်သာစွာမ၍ ဆွဲထူလိုက်၏။

"တစ်ယောက်တည်း ဘာထိုင်စဉ်းစားနေလဲ"

"ခတ္တာပန်းကို ကြည့်နေတယ်"

သူသည် ခတ္တာပန်းရှိရာသို့ ကြည့်လိုက်၏။

"လှသားပဲနော်၊ ခတ္တာပန်းတွေ ဒီရေစပ်မှာ ပေါပါတယ်၊ တိုးက ထူးထူးဆန်းဆန်း ကြည့်နေလိုက်တာ"

"တိုးအဖို့တော့ ထူးဆန်းတာပေါ့" ကျွန်မသည် သူ့ရှေ့မှ လှေခါးထစ်ပေါ် လှမ်းတက်ရင်း ဖြေလိုက်၏။



"ကိုကိုမောင်က ဘောဂဗေဒဆရာကြီး၊ စီးပွားရေးသမားကြီးကိုး၊ ဂဏန်းတွေလောက် ပန်းဟာ ဘယ်တန်ဖိုးရှိမလဲ၊ တိုးကတော့ ကျောင်းမှာကတည်းက အင်္ဂလိပ်စာရော၊ မြန်မာစာရော ယူခဲ့တော့ ပန်းတွေမှာ အဓိပ္ပာယ်အများကြီးရှိတာပေါ့"

သူသည် ကျွန်မပခုံးကို ညင်သာစွာဖက်ရင်း ပြုံးပြုံးလေး မေးပြန်၏။

"ကဲဗျာ၊ စကားလုံးကလဲ ထူးဆန်းလိုက်တာ၊ ခတ္တာပန်းက တိုးကို ဘာအဓိပ္ပာယ်ရှိစေလဲ" သူသည် ရယ်သွမ်းသွမ်း လေသံဖြင့်မေးရင်း ဆက်လျှောက်လာကြ၏။ ဤရယ်သံ၊ ဤအပြုံးတို့လွှတ်ရာသို့ ကျွန်မ မပြေးနိုင်ပါပေ။ ကျွန်မသည် ပွေ့ဖက်ထားသော သူ့ပခုံးအောက်တွင် ညင်သာစွာ လမ်းလျှောက်ရင်း လိုက်ပါလာခဲ့၏။

"ဪ၊ ဒီပန်းမြင်တော့လဲ ဒီပန်းနဲ့ဆိုင်တဲ့ကဗျာက ခေါင်းထဲပေါ်လာတာပေါ့။

"နုံးညွှတ်ဖွယ်ရာ ခုသံဝါကား၊ ခတ္တာဖြူဖွေး၊ မစဲသေးလျက်၊ ရောထွေးယှက်ကာ၊ ဘယ်ခြင်းရာကြောင့်၊ ယင်းမာရွှေပန်း၊ ပွင့်စုံလန်းသည် နေနန်းသိဟ်နှင့် ကန်မှာသော်"

"အဲဒီကဗျာကို ကိုကိုမောင် သင်ဖူးသလား" ကျွန်မသည် မသိမသာပင် မေးလိုက်၏။

"ဘယ်သင်ဖူးမလဲ၊ ကိုယ်တို့ကောင်တွေက ဘိုကျောင်းနေ၊ ကောလိပ်ရောက်တော့ ဘောဂဗေဒယူတာ"

"မသင်ဖူးတာပဲ ကောင်းပါတယ်လေ၊ နောက်ဆုံးတော့ ဒီကမ္ဘာမှာ ပန်းတွေပျောက်ပြီး တစ်နှစ်သုံးဆိုတဲ့ ဂဏန်းတွေပဲ ကျန်ရစ်တာ ကောင်းပါတယ်"

ကိုကိုမောင်က ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ ကျွန်မတကယ်ဆိုချင်သည်က ငွေမှငွေဆို၍ ဟတ်တက်စွဲလိုက်နေသော ဤမမဆို၊ ဂဏန်းများကိုသာ နေ့စဉ်မျက်နှာချင်းဆိုင်နေသော ဘောဂဗေဒဆရာကြီး ဤကိုကို



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ နှစ်ယောက်တည်းသာ ကမ္ဘာတွင် ကျန်ရစ်နေပေတော့ဟု ပြောချင်ပါသီည်။ သို့သော် ကျွန်မနှုတ်က ပွင့်ပွင့်လင်းလင်း ဘာကြောင့်မထွက်ပါသနည်း။

ဤမျှ ရုပ်ဆန်၍ စီးပွားရေးမှ စီးပွားရေးဖြစ်နေသော လောကတွင် ပန်းတို့သည် ဂဏန်းတို့အား အရှုံးပေးရမည်မှာ ဓမ္မတာပါတည်း။ သို့သော် ဂဏန်းလုံးများလို လှုပ်ရှားပြောင်းလဲနေသော ဦးနှောက်ပိုင်ရှင်တို့သည် ကာလရှည်ကြာ၍ ခြောက်သွေ့လာခဲ့ပါလျှင် ဤပန်းတို့ကို မမြင်ရဘဲ သူတို့ဦးနှောက်သည် ဘယ်လိုလုပ်၍ ခိုင်ခံ့ချမ်းမြေ့နိုင်ပါမည်နည်း။ ကမ္ဘာကို တန်ဆာဆင်ရာတွင် ပန်းသည်လည်း လူသားတို့နှလုံး ချမ်းမြေ့ဖွယ်ရာ ပြုနိုင်စွမ်းသောကြောင့် သဘာဝသည် ပန်းအား တစ်နေရာပေးထားခြင်းဖြစ်၏။ ဂဏန်းများ လွှမ်းမိုးလာမှုကြောင့် ပန်းများအားလုံး ပျောက်ရမည်ဆိုသည်မှာ ဘယ်တော့မှ မဖြစ်နိုင်ပေ။ ထို့အတူပင် ပန်းများသာ နေရာတကာ လွှမ်းမိုးရမည်ဟူသော အယူအဆသည်လည်း မှန်ကန်သော ယူဆမှု မဖြစ်နိုင်ပေ။ ဤလောက၌ ပန်းနှင့် ဂဏန်းတို့သည် သူ့အကွက်နှင့်သူ နေရာယူရမည်သာတည်း။

*　　*　　*

တန်ဆောင်မုန်းလဆန်းသည် မိုးရာသီ၏ နောက်ဆုံးပတ်ဆိုသော်လည်း ရွာချသောမိုးမှာ ကြောက်မက်ဖွယ်ရာ သည်းထန်လွန်းလှသည်။ လျှပ်ပန်းလျှပ်နွယ်များမှာ မှန်ပြတင်းကို ဖောက်ခွင်း၍ အိပ်ခန်းသို့ပင် အခိုင်လိုက်ကျလာသည် ထင်လောက်အောင် ဝင်းလက်နေကြသည်။ ညဉ့်ဘက်ပင်ဖြစ်သော်လည်း အိပ်ခန်းထဲတွင် လင်း၍လင်း၍သွား၏။ ဒေါ်ဒေါ်မြသည် ခတ္တာပန်းများပွင့်သော ဝါခေါင်လမှစ၍ အအေးမိသလိုလို အာဂန္တုဖျားရာမှ ယခုတော့ အိပ်ရာမှ မထနိုင်တော့ပေ။ ညင်သာစွာ အသက်



ရှူနေသော်လည်း သူ့ရင်အုံသည် အားပျော့လွန်းလှ၏။ မိုးချုန်းသံကို သူကြောက်မည်စိုး၍ ကျွန်မသည် အပေါ်မှထိုင်ကာ သူ့လက်ဖျားလေးများကို ဆုပ်နယ်ပေးနေမိသည်။

ညဉ့်ဦးက မမစိုးမှာ တစ်ခေါက်လာကြည့်သွားသည်။ သူနာပြုဆရာမလေး အပေါ်တွင်ရှိသော်လည်း မိုးသည်းထန်လွန်း၍ ကျွန်မသည် ဒေါ်ဒေါ်မြအတွက် စိုးရိမ်ကာ အိပ်မရဘဲ ထလာခဲ့ပေသည်။

ဆရာမကလေးသည် ခုတင်ဘေး ကုလားထိုင်တွင်ထိုင်ရင်း အေးမြလှသောမိုးကြောင့် လူနာအတွက် စိုးရိမ်ဟန်ရှိ၏။

"တိုးရယ်၊ ဒေါ်ဒေါ်မြ ပူတင်းစားချင်တယ်"

ကျွန်မသည် ညဉ့်နက်နေပြီဖြစ်၍ အဖတ်မကျေချင်ပေ။ ဆရာမလေးအား အကြံဉာဏ်တောင်းသောအနေဖြင့် ကြည့်လိုက်၏။

"ဒေါက်တာဆိုဖီကတော့ မှာသွားပါတယ်၊ သူညဉ့်ဘက် အစာတစ်ခုတောင်းရင် ပူတင်းနဲ့ ကော်ဖီပူပူပေးနိုင်တယ်တဲ့"ဆရာမလေးက ပြောပြ၏။ ညနေကတည်းက ပူတင်းဖုတ်ပြီး အဆင်သင့်ရှိ၍ ကျွန်မသည် ဆရာမလေးအား အောက်သို့ဆင်းယူခိုင်းလိုက်သည်။

"ဆရာမလေး အနားမှာမရှိစေချင်လို့ ဒေါ်ဒေါ်မြ ပူတင်းစားမယ်ပြောတာ၊ တကယ်တော့မစားချင်ဘူး"

ဒေါ်ဒေါ်မြ တိုးတိုးလေးပြောသံမှာ ကျွန်မစိတ်ကို အထူးထိခိုက်သွား၏။

"သမီးလေး တိုးကို ဒေါ်ဒေါ်မြတစ်ခုပြောချင်တယ်၊ မောင်မောင့်ကိစ္စနဲ့ပတ်သတ်ပြီး တိုးဟာ ကိုယ့်အသက်ကို ကိုယ် ရန်မရှာပါဘူးဆိုတာ ဒေါ်ဒေါ်မြကို ကတိပေးပါလား"

ကျွန်မရင်ထဲတွင် ဆို့သွား၏။ ဘာကိုမှလဲ ပြန်မပြောနိုင်ပေ။ ဒေါ်ဒေါ်မြသည် ကျွန်မစိတ် အတွေးအခေါ်ကို ကြိုတင်သိနေလေသလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် လူ့ဘဝဟာ ဘာမှမကြာပါဘူး။ ခုပဲ ဒေါ်ဒေါ်မြ မင်းဝိုင့်ကို ခွဲရတော့မှာ"

"ဟင်"

ကျွန်မသည် သူ့လက်ဖျားလေးများကို ဆွဲယူ၍ ပါးတွင်အပ်ကာ မျက်ရည်များကလည်း ဖြိုင်ဖြိုင်ကျလာပါသည်။

"စိုးစိုးကို မတော်တဲ့အကြောင်း ဖျောင်းဖျောင်းဖျဖျ ဒေါ်ဒေါ်မြပြောပြီးပြီ။ သူ...သူ့ထုံးစံအတိုင်း သူလိုချင်တာကို မရ,ရတဲ့နည်းနဲ့ လုပ်မယ့်လူပဲ၊ လျှော့မှာမဟုတ်ဘူး" ထိန်းခနဲ မိုးကြိုးပစ်သံနှင့်အတူ ကျွန်မရင်ထဲတွင်လည်း ဒိန်းခနဲ ဖြစ်သွားပါသည်။

"သမီးလေး စိတ်ကိုထိန်းပါ၊ လိမ်လိမ်မာမာ နေပြပါ၊ သမီးတို့ ဆွေစဉ်မျိုးဆက်ဂုဏ်သရေကိုထိန်းဖို့ သမီးမှာ တာဝန်ရှိတယ်"

ဒေါ်ဒေါ်မြမှာ လူမမာမို့ ကျွန်မ ဆင်ခြေမပေးချင်ပါ။ ဆွေစဉ်မျိုးဆက်ဂုဏ်သရေကိုထိန်းဖို့ မမစိုးတွင်ကော တာဝန်မရှိပေပြီလော။

"ဒီပွဲမှာ ဘယ်သူမှ မသေစေချင်ဘူး၊ ကိုယ်ဝန်ဆောင်ချိန်မှာ ယောက်ျားတွေဟာ ဒီလိုပဲ တခြားမိန်းမကို စိတ်ညွှတ်တတ်တယ်၊ ဒီအတွက်လဲ မောင်မောင့်ကို အပြစ်မတင်နဲ့၊ ကလေးမျက်နှာကို မြင်ရချိန်ကျတော့လဲ သားသံယောဇဉ်ဟာ သူတို့မှာ ပိုတွယ်တတ်လာပြန်ရော" ဆရာမလေးမှာ ကော်ဖီနှင့် ပူတင်းယူလာ၏။ ဒေါ်ဒေါ်မြသည် သူ့စကားစကို ရပ်လိုက်၏။

ယခင်က အပျိုမကြီး၊ လူ့လောကအကြောင်းကို နားမလည်ဟု ကျွန်မထင်ခဲ့သော ဒေါ်ဒေါ်မြသည် တကယ်ဆိုတော့ လူ့သဘာဝကို အတွေ့အကြုံ အသိဉာဏ် ကြွယ်ဝလာခဲ့သော မိန်းမကြီးပါတကား။

ဆရာမလေးက အိပ်လျက်သောက် ခရားကလေးဖြင့် သူ့အား ကော်ဖီတိုက်နေစဉ် ကျွန်မ ဧည့်ခန်းမဆောင်နိုင်။ အိပ်ခန်းကို ငိုရှိုက်ရင်း ပြန်လာခဲ့သည်။ အိပ်ခန်းဝရောက်လျှင် အခန်းထဲမှ မမစိုးရယ်သံကို ခပ်အုပ်အုပ်ကြားလိုက်ရပါသည်။



ဘုရား...ဘုရား၊ ကျွန်မခေါင်းကိုပင် ရှစ်စိတ်ကွဲအောင် မိုးကြိုးခွင်းလေပြီလော။ ကျွန်မသည် ရုတ်တရက်ယိုင်ကျသွား၍ နံရံကို မှီထားရ၏။ ဤရယ်သံကို မကြားလို၍ ဒေါ်ဒေါ်မြအခန်းကို ပြန်လည်ပြေးသွားရန် မနည်းအားယူနေရသည်။

ဤလူနာကြီး တန်းလန်းနှင့်မှ ဖြစ်မှဖြစ်ရလေခြင်း၊ ပြီးတော့ မိန်းမကစ၍ အဆောင်ကူးရသည်ဟု အံမယ်လေး၊ ကျွန်မသည် ကြက်သီးမွေးညင်းထကာ ဒေါ်ဒေါ်မြအခန်းသို့ ကြောက်အားလန့်အားနှင့် ပြေးသွားပါတော့သည်။

တဲကိုဖျက်စဉ်က ရက်စက်သည်ဟု ကျွန်မစွပ်စွဲခဲ့သော ကျွန်မအစ်မသည် ဒုတိယ အသည်းဖျက်ခဲ့ပြီးသည့်နောက် ယခု အမှောင်ရိပ်တွင် အမဲဖျက်နေပြီတကား။

မောကြီးပန်းကြီး ပြေးလာသောကျွန်မနှင့် ဆရာမလေးတို့သည် အခန်းဝတွင် ဖြုန်းခနဲ ဆုံကြသည်။ သူကလည်း ပြိုးပြိုးပြာပြာ ဖြစ်နေသည်။

"မမတိုး၊ ဒေါက်တာဆိုဖီကို ခေါ်ရအောင်၊ ဒေါ်ဒေါ်မောလာနေပြီ"

"ဟင်"

ကျွန်မသည် ဆရာမလေးအား တယ်လီဖုန်းရှိရာသို့ လွှတ်လိုက်ပြီး ဒေါ်ဒေါ်မြထံသို့ ပြေးသွားမိသည်။ ကျွန်မတို့ ပြေးသံလွှားသံ၊ လှုပ်ရှားသံတို့ကြောင့်ထင်သည်၊ ကိုကျော်ရပ်နှင့် သူ့ရောနှောတို့ အခန်းတွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်။ ကျွန်မသည် သူတို့အား ကျောခိုင်း၍ နေ၏။ လုံးဝ စကားမပြော၊ သူတို့မျက်နှာကိုလည်း မကြည့်။

ထွက်ခွာသွားရတော့မည့် မိုးမင်းသည် မိုးသားမိုးမြေတို့ကို ဟစ်အော်ခေါ်နေသလားမသိ၊ ပြင်းထန်စွာ ထစ်ချုန်းလိုက်ပါသည်။ ဒေါ်ဒေါ်မြသည်လည်း မိုးမင်းကြီးခေါ်ရာသို့ လိုက်ပါသွားချေပြီတကား။

ဒေါက်တာဆိုဖီနှင့် ဆရာဝန်ကြီး အခန်းဝအရောက်တွင် ဒေါ်ဒေါ်မြသည် ကျွန်မရင်ခွင်ထက်မှာပင် ပျော့ခွေကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်စိထဲတွင် လုံးဝအမှောင်အတိ ကျသွားတော့သည်။

ကျွန်မသတိရလျှင် ကျွန်မအိပ်ခန်းတွင်းသို့ ရောက်နေကြောင်း သိရသည်။ ဒေါက်တာဆိုဖိရော၊ ဆရာဝန်ကြီး၊ ဆရာမလေးပါ ကျွန်မအပါးတွင် ရှိကြ၏။ ကိုကိုမောင့်ကိုလည်း တွေ့ရ၏။ ကျွန်မသည် ချက်ချင်းပင် မျက်စိပြန်မှိတ်ထားလိုက်သည်။

စိတ်ထိခိုက်သွား၍ မထနိုင်ဟူသောအနေနှင့် ကျွန်မသည် အိပ်ရာထက်မှာပင် လဲနေပေသည်။ တကယ်လည်း လှုပ်ရှားရန် ကျွန်မတွင် အားမရှိပါ။ ဒေါ်ဒေါ်မြအသုဘကိစ္စကို ကျွန်မ ဘာမှဝင်လုပ်မပေးတော့ပေ။ ကျွန်မအတွက် မြတ်နိုးကြည်ညိုဖွယ်ကောင်းသော ဤအမျိုးသမီးကြီးအား အသက်ရှင်စဉ်က အစွမ်းကုန် ပြုစုပြီးပါပြီ။ သေခါမှတော့ မျက်ရည်တရွှဲရွှဲနှင့်ငိုခံဖို့ ကျွန်မ မလုပ်ချင်တော့ပေ။ ရင်းနှီးသူတွေကသာ ကျွန်မအိပ်ခန်းသို့ ဝင်ရောက်နှုတ်ဆက်သွားကြ၏။ ကျွန်မသည် ကိုကိုမောင်ရော၊ မမစိုးကိုပါ စကား လုံးဝမပြောတော့ပေ။

နေ့လယ်တွင် ဦးကြီးဘအို ကျွန်မကို လာကြည့်၏။

"ဦးကြီးဘအို၊ မန္တလေးက ကိုကိုမောင့်မေမေနဲ့ ဖေဖေကို တယ်လီဖုန်းနဲ့ဖြစ်ဖြစ်၊ သံကြိုးနဲ့ဖြစ်ဖြစ် ဒေါ်ဒေါ်မြဆုံးတဲ့အကြောင်း အကြောင်းကြားပေးပါ။ သတင်းစာထဲက သိရမှာက နောက်ကျမယ်၊ တိုးကလဲ လာခဲ့ပါလို့ မှာတယ်လို့"

ဦးကြီးဘအိုသည် ကျွန်မ ကျန်းမာရေးကို ဂရုစိုက်ရန် မှာကြား၍ ကျွန်မပြောသည့်အတိုင်း လုပ်ပေးပေသည်။

မန္တလေးမှ မေမေနှင့်ဖေဖေမှာ သုံးရက်မြောက်နေ့မှ ရောက်လာကြသည်။ မေမေ အခန်းဝရောက်ရောက်ချင်း ကျွန်မက ဆီး၍ငိုတော့သည်။ မေမေကလည်း မျက်ရည်စများနှင့် ကျွန်မကို ပွေ့ဖက်ကာ နှစ်သိမ့်စကားပြောပါသည်။



"မယ်မြဟာ စိတ်သဘောထား အင်မတန်ရည်မွန်တယ်၊ မှင်းတို့ကို မမွေးခင်ကတည်းက သမီးတို့မေမေ မထွားအိန့် ညီအစ်မလို နေတာပဲ။ အေး၊ သမီးကလဲ မိခင်လို ခင်နေတော့ စိတ်ထိခိုက်မှာပဲ၊ ဝမ်းထဲက ကလေးကလဲ ရှိနေတော့ ကျန်းမာရေးတော့ မထိခိုက်စေနဲ့ကွယ်"

ဖေဖေကလည်း ခုတင်ဘေးတွင်ထိုင်၍ ကျွန်မအား တယုတယ စကားပြောကြပါသည်။ ကိုယ့်အပြစ်နှင့်ကိုယ် လုံဟန်မရှိသော ကိုကိုမောင်သည် သူ့မိဘများနှင့်ခပ်လှမ်းလှမ်း၊ ပြတင်းနားတွင် ခေါင်းငုံ့၍ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ တစ်ချက်တစ်ချက် ကျွန်မကို မော်၍မော်၍ကြည့်၏။

ကျွန်မသည် ဒေါ်ဒေါ်မြဆုံး၍ ဝမ်းနည်းသည်ကလည်း တစ်ကြောင်း၊ ကိုယ့်အဖြစ်နှင့်ကိုယ် ကျိတ်ဆွေးနေသည့် အကြောင်းကလည်း ရှိနေ၍ မေမေ့ကိုမြင်ရချိန်တွင် ပို၍ဝမ်းနည်းလာကာ မျက်ရည်မစဲနိုင်တော့ပေ။

အမှန်တော့လည်း ဒေါ်ဒေါ်မြမရှိသည့်နောက် ကျွန်မ အလွန်အားငယ်ပါသည်။ ဤအိမ်ကြီးတွင် သုံးယောက်ကျန်ခဲ့ပါမှ ကမောက်ကမဖြစ်နေသော လင်နှင့်အစ်မကြားတွင် ကျွန်မ ဘယ်လိုလုပ် နေရပါမည်နည်း။ ဝမ်းထဲမှ မကျေမနပ် မခံမရပ်ဖြစ်နေသည်ကိုမှ ဖွင့်ပြောပြတိုင်ပင်စရာ ယခင်လို ဒေါ်ဒေါ်မြကလည်း မရှိတော့ပေ။ ကျွန်မစိတ်ကို ကျွန်မ ဆက်လက်ထိန်းသိမ်းနိုင်မည်၊ မထိန်းသိမ်းနိုင်မည်ကို ကျွန်မ မပြောနိုင်ပါ။ စိတ်လည်း မချနိုင်ပါ။ ထို့ကြောင့်ပင် ကျွန်မဘာသာစီစဉ်၍ ယောက္ခမနှစ်ဦးအား ခေါ်ယူလိုက်ရခြင်း ဖြစ်ပေသည်။

ရက်လည်ဆွမ်းကျွေးပြီး နောက်နေ့တွင် ဖေဖေနှင့် မေမေတို့ ပြန်ရန် စီစဉ်ကြသည်။

ကျွန်မခုတင်ဘေးတွင် သူတို့ပြန်မည့်အကြောင်း ပြောနေကြစဉ် ကိုကိုမောင်နှင့် မမစိုးလည်း ရှိနေကြသည်။

"မေမေတို့ပြန်ကြရင် တိုးလဲ အတူလိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆံထုံး ထုံးတာလဲ ကျင့်ကျင့်နေပါဆို၊ မိတိုးဟာ ဘာမှမလုပ်ချင်ဘူး၊ မနက် လက်ထပ်ပွဲရော၊ ညနေညှော်ခံပွဲရော၊ ဆံထုံးနဲ့ နေရမှာနော်၊ တော်ကြာ ခေါင်းကိုက်တယ်၊ ဇက်လေးတယ်နဲ့ သိပ်ဆိုးတဲ့ဟာမလေး"

မမစိုးက မြည်သလိုလို ခြောက်သလိုလို ပြော၍ထွက်သွားတော့သည်။

ကျွန်မသည် ပွဲထုတ်မည့်နေ့အတွက် ဆံထုံးထုံး ကျင့်ရပြန်သည်။ ညဦးဦးတွင် မန္တလေးအငြိမ့်က ခြံထဲတွင် ကဦးမည်။ တကယ်ဆိုတော့ ကျွန်မလက်ထပ်ပွဲမှာ ချဲ့လည်းချဲ့နိုင်လွန်းသည်တကား...ဟု ကဗျာစပ်ဖို့ပင် ကောင်း၏။ ပွဲကြည့်စဉ်တွင် ဆံထုံးကိုဖြုတ်ကာ ရိုးရိုးဆံထုံးကလေးနှင့် ကြည့်၍ရပေမည်။ မနက်က ဒေါ်မြလာပေးသော လက်ဝတ်လက်စားထဲတွင်မှ ပွဲကြည့်စဉ် ဝတ်ရန်အတွက် နီလာတစ်ဆင်စာ ပါလာသေးသည်။ ည၌အမှောင်တွင် စိန်ရောင်က ပို၍လက်ပေဦးမည်။ မမစိုးသည် ဘာကြောင့်မှန်းမသိ။ ဤပြာနှမ်းနှမ်း နီလာကိုမှ ည၌ပွဲတွင် ဝတ်ရမည်လို့ ပို့လာသည်။

မိဘများက ငွေကြေးခိုင်လုံသူများ ဖြစ်သည့်အထဲ အမေရိကန် နိုင်လွန်ခေတ် ကောင်းစက အရင်းတစ်ကိုက်မှ ငါးကျပ်၊ တစ်ဆယ်ကျသည်ကို မြန်မာပြည်တွင် တစ်ကိုက် ခြောက်ဆယ့်ငါးကျပ်နှင့် ပြန်ရောင်းရသောခေတ်ကို မမစိုး မီလိုက်သောကြောင့် ကျွန်မင်္ဂလာဆောင်တွင် ငွေငါးသောင်းလောက်ကို မဖြုံသလို သုံးနိုင်ကြခြင်းဖြစ်၏။

ပိုက်ဆံကပေါ၊ လက်ထပ်ရမည့်သူက ကိုယ့်ချစ်သူဖြစ်နေ၍ ကျွန်မသည် အပျော်လွန်ကာ ဖေဖေနှင့် မေမေ့ကိုသော်မှ သတိမရပေ။ လက်ထပ်ပြီး အဝတ်အစားလဲချိန်မှ သတိရလာ၏။

ကျွန်မသည် မှန်တင်ခုံရှေ့တွင်ထိုင်ကာ ခေါင်းမှ စိန်များကို တစ်ခုချင်းဖြုတ်၍ ငွေသေတ္တာလေးထဲတွင် ထည့်နေ၏။ ဒေါ်မြက အပါးတွင် ရပ်လျက် ကျွန်မလက်ဝတ်လက်စားများကို ကူ၍ သိမ်းပေးပါသည်။



"အဲဒီဆံထိုးဟာ တိုးတိုးတို့ ဘွားဘွားလက်ထက်ကတည်းက သုံးတဲ့ ဆံထိုး၊ တိုးတိုးမေမေ့လက်ထက်တုန်းကလဲ ဒီဆံထိုးပဲ"

ကျွန်မသည် ဒေါ်မြပြောပြသော ဆံထိုးမှသည် မေမေ့ကို ဆက်စပ်၍ သတိသွားရ၏။

"မေမေရှိရင်လဲ တိုးတိုးမင်္ဂလာဆောင်ဟာ ပိုပြီး ပြည့်စုံမှာပဲနော်"

ကျွန်မသည် လေးငါးနှစ်အရွယ်က ခွဲခွာသွားသော မိခင်မျက်နှာကို ဝိုးတိုးဝါးတား ပြန်လည်မြင်ယောင်လာ၏။

"ခုလဲ စိုးစိုးက အမေလိုပါပဲ၊ လက်ထပ်ပွဲကို စေ့နေတာပဲ လုပ်ပေးလိုက်တာ၊ စေ့စပ်တုန်းက တိုးအတွက် စိန်တစ်ဆင်စာ လက်ဖွဲ့တဲ့အကြောင်း၊ မောင်မောင့်မိဘတွေရှေ့မှာ ကတိပေးတဲ့အပြင် မင်းတို့မေမေ ပေးတဲ့ လက်ဝတ်လက်စားထဲကဆိုရင် ဖက်ထုပ်စိန်လက်စွပ်ကြီး၊ သူ ဒီနေ့ဝတ်ထားတဲ့ ငါးရတီဟာလေ၊ အဲဒါပဲ သူယူတယ်၊ ကျန်တာ တိုးကို ပေးမယ်လို့ ဒေါ်ဒေါ်မြကို တိုင်ပင်တယ်၊ ဒါကြောင့် မင်း ခုဝတ်တဲ့ လက်ဝတ်လက်စားတွေမှာ တိုးတို့မေမေ့ပစ္စည်းတွေ သိပ်ပါလာတာပေါ့"

ဘယ်လိုပင် ချမ်းသာချမ်းသာ လက်ထပ်ပွဲမတိုင်ခင်က ဘယ်ဘက်က ဘယ်လောက်ထည့် ဆိုသည့်ကိစ္စမှာတော့ စေ့စပ်သောနေ့က အပြီးအပြေ ပြောကြရသေးပေသည်။

လက်ထပ်ပွဲပြီးသောအခါ ဟန်းနီးမွန်းထွက်ဖို့ စီစဉ်ရပြန်သည်။ ကိုကိုမောင်သည် တက္ကသိုလ် ဘောဂဗေဒဌာနတွင် ကထိကလုပ်နေသော်လည်း ခွင့်တစ်လ ရထားပေသည်။ ကျွန်မဆန္ဒကမူ နောက်ထပ် ရနိုင်သရွေ့ လစာမဲ့နှင့်ပင်ဖြစ်စေ ခွင့်ထပ်ယူကာ အမေရိကသို့ သွားချင်သည်။ အသွားတွင် လေယာဉ်ပျံနှင့်သွား၍ အပြန် လန်ဒန်မှတစ်ဆင့် မြေထဲပင်လယ်ကိုဖြတ်ကာ သင်္ဘောနှင့် အေးအေးဆေးဆေး ပြန်လာချင်သည်။

ငယ်ငယ်ကတည်းက ပထဝီသင်ရစဉ်တွင် ဆောင်းဥတု၌ မိုးရွာသွန်းတတ်သော ဤ မြေထဲပင်လယ်ရာသီဥတုကို ကျွန်မ နှစ်သက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဤ 'ဟင်'အသံမှာ မမစိုးဆီက ထွက်လာခြင်းဖြစ်သည်။

"မျက်နှာမြင်ချိန်လဲ နီးနေပြီတိုး၊ ပြီးတော့ ပထမကလေးဆိုတော့ ကိုကိုမောင့်ဆန္ဒကတော့ ဒီဒပ်ဖရင်မှာ မွေးစေချင်တယ်"

ကျွန်မရင်ထဲမှာ ဒိုးခနဲဒေါက်ခနဲသာ ပြောချလိုက်ချင်တော့သည်။ ခုမှတော့ လာမချော့ပါနဲ့တော့ ကိုကိုမောင်ရယ်၊ ဗိုက်ထဲမှာ လွယ်ထားရတဲ့သားကြောင့် ဒါလောက် အသက်ရှင်နေလို့ရတာ၊ နှစ်ယောက် စိတ်တူသဘောတူ သားကောင်ရဲ့အသည်းကို နှုတ်စားပြီးမှ ဒီသားကောင်မျက်နှာကို ကြည့်ပြီး သနားလှချည်ရဲ့၊ စိုးရိမ်လှချည်ရဲ့ ပြောမနေကြပါနဲ့တော့ ဟူ၍သာ စိတ်ထဲမှ ပြောနေမိ၏။ ပါးစပ်ကမူ စကားလုံးများ မထွက်ဘဲ မျက်ရည်များသာ တွေတွေစီးကျနေသည်။

"တိုးကိုခေါ်ပါ မေမေရယ်၊ တိုးဒီမှာ မနေရစ်ခဲ့ချင်ဘူး၊ မေမေက မွေးဖူးဖွားဖူးတယ်၊ တိုး ဒီကလေးကို မွေးရမှာ ကြောက်နေတယ်"

ကျွန်မက ငိုရှိုက်၍ မေမေ့ကို တောင်းတောင်းပန်ပန် ပြောနေမိ၏။ မမစိုးနှင့် ကိုကိုမောင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ဖေဖေကမူ လုံးလုံးလျားလျားကြီးတော့ ရိပ်မိပုံမပေါ်။ သို့သော် အခြေအနေတစ်ခုခု ထူးသည်ကို သတိပြုမိပုံရ၏။

"မအေးမေရယ် တို့များမန္တလေးမှာလဲ ဆရာဝန်ကောင်းတွေ ရှိပါတယ်၊ တိုး စိတ်ကျေနပ်အောင် ခေါ်လာခဲ့ပါ၊ ဒီမှာက မယ်မြလဲမရှိတော့ဘူး၊ စိုးစိုးတို့ကလဲ အမျိုးတွေမို့လား၊ ငါ့သမီး ငိုမနေနဲ့၊ ဖေဖေတို့နဲ့လိုက်ခဲ့"

"မွေးချိန်မှာ မေမေဒီလာနေရင် မဖြစ်ဘူးလား"

ကိုကိုမောင်သည် ယခုလိုတော့လည်း ကျွန်မကို လွှတ်လိုက်ရမှာ မလွှတ်ရက်ရန်ရှိ၏။ မမစိုးပါးစပ်ကမူ ဘာစကားတစ်လုံးမှ ထွက်မလာပေ။ သူ့အတွက် ကျွန်မ မရှိခြင်းသည် ပိုကောင်းနေပုံရသည်။

"မေမေ၊ တိုးတိုး ဒီအိမ်ကြီးမှာ မနေရစ်ခဲ့ချင်တာ"



ကျွန်မသည် သူ့အား ဘာမှမဖြေ၊ မေမေ့လက်ကိုသာ အတင်းအုပ်၍ မေမေ့မျက်လုံးများကို စူးစိုက်ကြည့်ကာ ပြောလိုက်ပါသည်။

နောက်တစ်နေ့တွင် မန္တလေးရထားပေါ်သို့ ကျွန်မ ဖေဖေနှင့်အတူ ရောက်နေတော့သည်။ ကိုကိုမောင်သည် ရထားတွဲက်ခါနီးအထိ ကျွန်မ အပါးမှမခွာ။ ကျွန်မသည် ပလက်ဖောင်းပေါ်မှ မမစိုးကိုရော၊ အပါးရှိ ကိုကိုမောင့်ကိုရော စကားတစ်လုံးမှမပြော၊ ရထားထွက်ခါနီးတွင် မေမေတို့ရှေ့မှာပင် ကိုကိုမောင်သည် ကျွန်မလက်ဖဝါးများကို ငြင်သာစွာ ဆုပ်နယ်ရင်း အလွန်ညှိုးနေသော မျက်နှာနှင့်နှုတ်ဆက်၏။

"ဒီဇင်ဘာကျောင်းပိတ်တော့ ကိုကိုမောင်လိုက်လာခဲ့မယ်"

ကျွန်မသူ့မျက်နှာကို နောက်ဆုံးမော့ကြည့်လိုက်ပါသည်။ ကျွန်မမျက်လုံးတွင် မျက်ရည်များပြည့်လာ၍ ခေါင်းကိုငုံ့လိုက်ပါသည်။ သူ့လက်ဖမိုးပေါ်သို့ မျက်ရည်ပေါက်များ ကျရစ်ပါသည်။ ဤမျက်ရည်စက်များက ကျွန်မဘာကြောင့် မန္တလေးကိုထွက်ခွာသွားသည်ကို သူ့အား ပြောကြားရစ်ပါလိမ့်မည်။ ဒီဂရီအဆင့်ဆင့် ရထားသော ပညာရှင်ကြီးသည် မျက်ရည်တို့၏စကားကို မသိ၊ မကြားဆိုငြားအံ့။ ကျွန်မတာဝန်မရှိတော့ပြီ။

* * *

ကျွန်မရင်သွေးကို မွေးဖွားရန်မှာ ရက်ပိုင်းမျှသာလိုတော့သည်။ ကိုကိုမောင့်ထံမှ ကျန်းမာရေးဂရုစိုက်ရန် စာတိုလေးတစ်စောင်သာ ရောက်လာပါသည်။ မမျှော်လင့်ဘဲနှင့် ဒေါက်တာဆိုဖီမှာ မန္တလေးသို့ ရောက်လာ၏။ ဆရာဝန်များကွန်ဖရင့်မှာ မန္တလေးတွင် ကျင်းပမည်ဖြစ်၍ သူသည် တက်ရောက်ရန်လာခြင်းဖြစ်ပေသည်။ သို့သော် အညာတွင် လည်ပတ်လို၍ သူ ခွင့်ယူကာခပ်စောစောထွက်လာခဲ့ခြင်းဖြစ်၏။ ဒေါက်တာဆိုဖီမှာ မမစိုးနှင့် ကျောင်းနေဘက်ဖြစ်၍ ကောလိပ်ကို ကျွန်မထက်စော၍ ရောက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမစိုးနှင့်သူပို၍ခင်သည်ဆိုလျှင် မမှားပေ။ သူတို့နှစ်ယောက် ပိုမိုခင်ရခြင်းကလည်း ဆိုဖီသည် မမစိုးလိုပင် အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနှင့် ဆရာဝန်လုပ်နေသောကြောင့်ဖြစ်သည်။ ဆိုဖီမှာ လာရောက်တည်းခိုခြင်းအတွက် ကျွန်မ ပိုမိုအားရှိပေသည်။ တစ်ညနေတွင် ကျွန်မတို့နှစ်ယောက်တည်း ခြံထဲလမ်းလျှောက်နေစဉ် ဆိုဖီသည် စကားတစ်ခုပြောလာ၏။

"တိုး၊ မီးဖွားပြီးပြန်ရင် မင်းမမစိုးကို တစ်ခုတိုက်တွန်းပေးပါလား"

ကျွန်မသည် ဆိုဖီ့စကားကို အံ့အားသင့်သွား၏။

"ဘာကို တိုက်တွန်းပေးရမှာလဲ"

"ကိုယ်တို့တွေ ညီအစ်မအရင်းလို ဖြစ်နေတော့...ရှင်းရှင်းပဲ ပြောရမယ်၊ အိမ်ထောင်ပြုဖို့..."

"ဟင်..."

ကျွန်မက ကျွန်မအတွေးနှင့်ကျွန်မ 'ဟင်'ရခြင်းဖြစ်သည်။

"ဘာလို့လဲဆိုတော့ ကိုယ်တို့လဲ ညဉ့်နက်သန်းခေါင် ယောက်ျားဆရာဝန်တွေနဲ့ တွဲလုပ်ရတာ၊ အပျိုကြီးတစ်ယောက်အဖို့ အတော်ထိန်းထိန်းသိမ်းသိမ်း နေရတယ်၊ စိုးစိုးလဲ စီးပွားရှာရင်း တစ်ယောက်ယောက်နဲ့ ငြိသွားမှာ စိုးရတယ်၊ ယယ်ရှယ်သူ၊ မတော်သူတွေနဲ့ နီးစပ်လို့ဖြစ်သွားရင် မတော်ဘူးဇော၊ ဒီတော့ သင့်တော်သူနဲ့ လက်ထပ်ဖို့သင့်တယ်"

ကျွန်မသည် မျက်လုံးလေးပြူးသွား၏။

"အို"ကျွန်မသည် နီးရာခုံရှည်တစ်ခုတွင် ဝင်ထိုင်လိုက်ရ၏။ "ဘုရား၊ ဘုရား"သူက ကိုကိုမောင်နှင့် သက်ဆိုင်ခြင်း မဖြစ်ခြင်းကိုပင် ကျေးဇူးတင်ရဦးမည်။

"လက်ထပ်တာဟာ စိတ်ထိခိုက်စရာ မဟုတ်ဘူး တိုး၊ အပျိုကြီးလဲ သွေးနဲ့သားနဲ့ပဲ၊ သူလက်ထပ်ပြီးရင် သာတောင် သူ့လုပ်ငန်းက ထည်ထည်ခန့်ခန့်နဲ့ တွင်ကျယ်နိုင်ဦးမယ်"



"ဆိုဖီပြောတာလဲ ကောင်းပါတယ်"

ကျွန်မသည် ဘာမှမသိသလို ဟန်ဆောင်လိုက်ရသော်လည်း ရင်ထဲမှာဖြင့် ဖြောင်းဆန်၍သွားပေပြီ။

"ကိုကိုမောင်ကလဲ မှာလိုက်တယ်ကွယ့်၊ ဒီဇင်ဘာ ကျောင်းပိတ်ပိတ်ချင်း သူ လိုက်လာမယ်တဲ့"

ကျွန်မသည် ခေါင်းတညိတ်ညိတ် လုပ်နေသည်မှလွဲ၍ ဘာမှပြန်မပြောနိုင်ပါပေ။ ကျွန်မ၏ကိုယ်ဝန်မှာ ဆရာဝန်များ မှန်းထားသော နိုဝင်ဘာထက် တစ်ပတ်နောက်ကျကာ ဒီဇင်ဘာလဆန်းတွင်မှ မွေးဖွားပေသည်။ ပထမညနာစပြုကတည်းကပင် ကျွန်မသည် အသင့်ရှာဖွေထားသော အိပ်ဆေးဆယ်လုံးကို ပုလင်းနှင့် လုံလုံခြုံခြုံထည့်၍ ကျွန်မခေါင်းအုံးအောက်တွင် ထားလိုက်ပါသည်။

သိပ်မှာလိုလို၊ ကန့်လိုလိုနှင့် မပြတ်သားသော ဤနေမင်း၏ အလင်းရောင်မှ လွတ်ရာကမ္ဘာတစ်ခုသို့လည်းကောင်း၊ ရွှေရောင်ဖုံးအုပ်ထားသော်လည်း အတွင်းပုပ်နေသော ယင်းမာပန်းမှ ကင်းဝေးရန်သော်လည်းကောင်း အိပ်ဆေးသည်သာလျှင် ကျွန်မကို လမ်းညွှန်ပေတော့မည်။

ဘဝဆက်ဆက် သံသရာတွင် သူတို့နှင့် ဝဋ်ကြွေးရှိလျှင် ကြေပါစေ ဆိုသော ဆုတောင်းကိုမျှ ညဉ့်တိုင်းဆုတောင်းမိသည်။

အိမ်မှာပင် မွေးမည်ဖြစ်၍ မန္တလေးမှ ဒေါက်တာတစ်ယောက်နှင့် ဆိုဖီမှာ ကျွန်မအပါးတွင် ရှိပါသည်။ ကလေး ဝမ်းကကျွတ်သည်နှင့်တစ်ပြိုင်နက် ဆိုဖီ၏အသံမှာ ကျွန်မနားထဲတွင် စူးစူးရှရှ ကြားလိုက်ရပါသည်။

"သားလေးဆရာ...တိုးတိုးရေ သားလေး"

အို...ကျွန်မရင်ထဲတွင် ဘယ်တုန်းကမှ မကြုံခဲ့ဖူးသော လှုပ်ရှားခြင်းမျိုးနှင့် လှုပ်ရှားသွားကာ မိန်းမောသွားသလိုပင် ဖြစ်သွားပါတော့သည်။

"သမီး...မေမေတို့ မြေးဦးကြီးကို ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီး အနီးဖြူဖြူကြီးနှင့် ထွေးထားသောသားကို မေမေက ချီပြချိန်တွင် ကျွန်မသည် အားယူပြုံးလိုက်ရသော်လည်း မျက်လုံးတွင် မျက်ရည်များပြည့်ဖုံးကာ တွေတွေစီးကျလာတော့သည်။

"သမီးရယ်၊ ဘာလို့ငိုရတာတုန်း"

ဖေဖေက ကျွန်မခေါင်းရင်းမှ နဖူးကိုသပ်ကာ ယုယုယယ ပြောပါသည်။

"သမီး...ဝမ်းသာလွန်းလို့ပါ"

တကယ်ပင် အသံများကလည်း တုန်တုန်ရီရီထွက်လာကာ ကျွန်မ ကလေးကို ကျွန်မလှမ်းယူပွေ့၍ ရင်ခွင်တွင် ပိုက်ထားလိုက်ရချိန်တွင် ကျွန်မနှလုံးသားများသည် လုံးဝချမ်းမြေ့ အေးမြသွားပါတော့သည်။

"နောက်မှ ကလေးချီ... ခု ကောင်းကောင်းနားဖို့ လိုတယ်ကွ"

ဆိုဖီက ကလေးကို ကျွန်မလက်မှယူကာ မေမေ့ဆီ လှမ်းပေးလိုက်ပေသည်။

"ဖေဖေတော့ မောင်မောင့်ဆီ သံကြိုးရိုက်လိုက်ဦးမယ်"

ဖေဖေနှင့် မေမေသည် ကလေးကိုချီကာ အပြင်ထွက်သွားချိန်တွင် ဆိုဖီတစ်ယောက်တည်း ကျွန်မအပါးတွင် ကျန်ရစ်တော့သည်။

"ဆိုဖီ"

သူက ကျွန်မကို စောင်ခြုံပေးချိန်တွင် ကျွန်မ သူ့ကိုခေါ်လိုက်၏။ ဆိုဖီသည် ကျွန်မကို စိုက်ကြည့်နေသည်။ ကျွန်မလက်များသည် ခေါင်းအုံးအောက်သို့ တဖြည်းဖြည်းရောက်သွားကာ အိပ်ဆေးပုလင်းကို ဆွဲယူလိုက်ပါသည်။ ဆိုဖီက ကျွန်မအမူအရာကို ငေးစိုက်ကြည့်နေသည်။ ကျွန်မသည် ဆေးပုလင်းကို ဆိုဖီလက်ထဲသို့ ထည့်လိုက်ချိန်တွင်မှ ဆိုဖီသည် ပုလင်းကိုကြည့်၍ မေးလိုက်၏။

"တိုးတိုး အိပ်ဆေးတွေပါလား...၊ ဘာလုပ်မလို့လဲ"

"သောက်မလို့..."

"ဟင်...မင်းဘာဖြစ်လို့ သောက်ရမှာလဲ"



ကျွန်မသည် မျက်ရည်များ ရစ်ဝိုင်းလျက်ကပင် အားရစွာပြုံးရင်း...

"ပထမတော့ အားငယ်လွန်းလို့"ဟု ဖြေလိုက်၏။

"ခုတော့ တိုးတိုးသားကြီးနဲ့အတူ ဒီလောကမှာ နေချင်သေးတယ် ဆိုဖီ၊ သူတို့တွေနဲ့ မျက်နှာချင်းမဆိုင်ရလဲ အရေးမကြီးဘူး၊ တိုးလေ နေဖို့အဖော် သားကြီးရလာပြီ..."

ဆိုဖီသည် ဘာကိုမှ နားလည်ပုံမပေါ်ပါပေ။

"ဆိုဖီ တစ်နေ့ ဒီဓာတ်ထုပ်ကို သိလာမှာပဲ"

"မင်းတို့ဓာတ်ထုပ် ဘယ်လိုဖြစ်တယ်ဆိုတာ ဆိုဖီတော့ မသိဘူး၊ ဒါပေမင့်တိုးရယ်...မင်းစိတ်မင်း အနိုင်ရလိုက်တာဟာ ဆိုဖီ ဝမ်းသာလို့မဆုံးဘူး၊ လက်မတင်လေးပဲ ကြည့်စမ်း..."သူသည် ကျွန်မလက်ဖဝါးများကို ညင်သာစွာဆုပ်နယ်၍ ကျွန်မအိပ်ပျော်သွားသည်အထိ သူ အပါးမှမခွာတော့ပေ။

* * *

ကျွန်မ နေ့စဉ်ရေးလာသော ထိုအဖြစ်အပျက်များကို ဇန်နဝါရီလဆန်း ဆိုဖီ ရန်ကုန်သို့အပြန်တွင် ဆိုဖီလက်သို့ အပ်လိုက်ပါသည်။ လူများသည် လူမသိစေလို၍ ဖုံးဖိခဲ့သော်လည်း ကိုယ်ခံစားသရွေ့တော့ ဖွင့်ဟတင်ပြချင်သေးသည်မှာ လူ့ဓမ္မတာပါတည်း။

ကျွန်မသည် ထိုစာရွက်များ ချိတ်ပိတ်၍ ဆိုဖီအားပေးကာ "မကြေးမုံ့လက်သို့အပ်ပါရန်..."မှာလိုက်ပေသည်။ မကြေးမုံသည် ကျွန်မတို့နှင့် ညီအစ်မနှစ်ဝမ်းကွဲ၊ မေမေ့ဘက်မှ တော်စပ်သူဖြစ်သော်လည်း ဤမြမစိုး၏ ငွေဆိုမှငွေ ဆက်ဆံမှုကြောင့် ဆွေမျိုးအသွားအလာ ပြတ်နေသည်မှာ ကြာပေပြီ။ မကြေးမုံသည် သူ့အတတ်ပညာနှင့် ကျွန်မ၏အဖြစ်များကို တင်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်လမ်း ဖော်ထုတ်တင်ပြလိုက်လျှင် ကျွန်မ၏ အစ်မတော် 'အသည်းစား ... ၄င်မကြီးသည် နောင်တရရှိပေလိမ့်မည်'ဟု ကျွန်မ မျှော်လင့်ပါသတည်း။

* * *

တိုးတိုးထံမှ ခတ္တာနှင့်ယင်းမာတို့ နေရာလှသောဓာတ်လမ်း ကျွန်မ လက်သို့ ရောက်လာချိန်တွင် ကျွန်မဘို့အိမ်သားများအားလုံး လှုပ်ရှားသွားပါသည်။

ကိုကတော့ ထုံးစံအတိုင်း ဒေါသထွက်နေသည်။

"ကိုကိုမောင်ဆိုတဲ့လူ တော်တော်သတ္တိနည်းတာပဲ၊ ဒီလိုပိုက်ထောင်ထားပြီဆိုတာသိရင် စောစောက ကြိုတင်ပြင်ဆင်ထားရမယ်၊ စစ်တိုက်တာလို ရင်ဆိုင်တိုက်ရတာမျိုးမဟုတ်တော့ စောစောက ကိုယ်က ချည်လာမယ့်ကြိုးကို အချည်မခံဘဲ လွတ်အောင်ပြေးရင် ရသားပဲဟာ၊ ဒီလူ ဘာမက်နေလဲ မသိဘူး..."သူက စစ်ရှုထောင့်နှင့်ကြည့်၍ ပြောပါသည်။

"ဟင်...မကြေးယုံတော့ မမစိုးကြီးကို မျက်နှာချင်းကို မဆိုင်ချင်တော့ဘူး၊ ဒါ ကိုကိုမောင့်အပြစ် မဟုတ်ဘူး၊ သူကိုယ်တိုင်က ဆွေဂုဏ်မျိုးဂုဏ် မထောက်ဘူး၊ တကတည်းမှပဲ ယောကျ်ားဆိုတာ မိန်းမက ဒီလိုစစ်ပြင်လာရင် မခံနိုင်ဘူးနော်...၊ ဒါဟာ 'ယောကျ်ားတို့အကြောင်း'မဟုတ်ဘူး၊ 'မိန်းမတို့အကြောင်း'ဖြစ်ရမယ်"

ညီမငယ် မကြေးယုံက သူမခံမရပ်နိုင်တိုင်း ဟောဟောဒိုင်းဒိုင်းပြောလိုက်ပြီးမှ ကိုယ့်ကို အားနာသွားဟန်တူ၏။ ပါးစပ်ပိတ်လိုက်၏။

"အေးလေ...မိန်းမလေးက မျက်ကန်းလို၊ ဦးနှောက်မရှိသလို နွတ်တိုးဝင်လာရင် ဦးနှောက်ဉာဏ်ရည်သာတယ်ဆိုတဲ့ တို့များယောကျ်ားတွေက ဆင်ခြင်ရမပေါ့"

ကိုသည် အတော်စိတ်မချမ်းမမြေ့ ဖြစ်ဟန်တူပါသည်။



"ဒီအဖြစ်တွေဟာ လောကကြီးမှာ ဖြစ်တတ်တဲ့ဟာတွေ ဆိုပေမင့် တကယ်တွေ့လာတော့လဲ သတ္တဝါတွေဟာ တုန်လှုပ်တာပဲ၊ အရေးကြီးတာက တိုးတိုးတို့ ပြန်လည်ပြီး ပြေပြေပြစ်ပြစ်ဖြစ်ဖို့လိုတယ်..."ကျွန်မက ဝင်ပြောလိုက်လျှင် အားလုံးလိုလို အတွေးကိုယ်စီနှင့် ငြိမ်သက်သွားတော့သည်။

နောက်နေ့တွင် ကို...ရုံးသို့ထွက်သွားချိန်မှာ ကိုကိုမောင် ရောက်လာပါသည်။ သူသည် အတော်ပင် ပိန်ချုံး၍နေလေသည်။

"ကိုကိုမောင် သားလေးရပြီဆို..."

ကျွန်မက ဘာမှမသိသလို ဆီးကြိုနှုတ်ဆက်၏။ သူသည် ခေါင်းညိတ်ပြကာ မသက်မသာနှင့် ကုလားထိုင်ပေါ်ထိုင်ရင်း...

"ဖိုးကျော်ကြီး...ရုံးသွားပြီလား"ဟု မေး၏။

"ဟုတ်ကဲ့..."

သူသည် တံတွေးများကိုမျိုရင်း စကားပြောရန် အားယူနေပုံရ၏။

"ဆိုဖို့ဆိုက သတင်းရလာတယ်၊ တိုးတိုး မကြေးမှုကို စာတွေတစ်ပုံကြီး ရေးပေးလိုက်တယ်ဆို"

"ဟုတ်တယ်၊ ဖတ်မလား၊ မှုသွားယူလိုက်မယ်"

သူသည် လက်ကာပြ၏။

"မယူပါနဲ့တော့ မှုရယ်၊ ဒီစာတွေဟာ ဘာတွေဖြစ်မယ်ဆိုတာ ကိုကိုမောင်သိပါတယ်၊ ဒီစာတွေထက် ကိုကိုမောင် ကြည့်ချင်တာက ကိုကိုမောင့်သားကြီးကိုပဲ"

သူသည် မောမောပန်းပန်း ပြောလိုက်သောအခါ ကျွန်မစိတ်ထဲမှ ဖြစ်မှဖြစ်ရလေခြင်းဟု ညည်းတွားမိ၏။

"တွေ့ချင်ရင်လဲ ခုကျောင်းပိတ်ပြီ၊ ကိုကိုမောင် သွားလေ..."

"ညီမရယ်၊ မင်း ဒီအဖြစ်တွေကိုအားလုံးသိပြီးသားပါ၊ ကိုကိုမောင်...ကိုကိုမောင်လေ၊ မိတိုးကြီးကို မျက်နှာချင်းမဆိုင်ရဲတော့ဘူး"

သူသည် ကတုံကရင်နှင့် ငိုတော့မလိုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမောင့်အပြစ်တွေ ပါပဲ၊ မမစိုးဟာ တစ်ယောက်တည်းသမား၊ သနားစရာပဲဆိုပြီး ငဲ့ရာသနားရာက ကိုကိုမောင် ချော့ကပ်ထဲကျတာပဲ၊ တကယ်ဆိုတော့ ကိုကိုမောင်ရဲ့ ထုထည်ကြီးတွေနဲ့ ဖတ်လာတဲ့စာအုပ်တွေ၊ ပညာတွေဟဲ့ မမစိုး မျက်လုံးတစ်ချက် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဝင့်လိုက်တာနဲ့ အားလုံးအရည်ပျော်တာပဲ"

ကျွန်မသည်လည်း သူနှင့်ရော၍ သက်ပြင်းကြီးချလိုက်၏။

"မမစိုးကို ဖြောင်းပဲယူတော့မယ်လို့ ဆုံးဖြတ်တော့မလို့ပဲ၊ ဒါပေမယ့် ကိုယ် ကြောက်တယ်"

ကျွန်မသည် ဘာဖြစ်၍မှန်းမသိ၊ ထိုစကားလုံးသို့ရောက်လျှင် ရယ်ချင်၍သွားတော့သည်။

"ဘာလို့ ကြောက်လဲဆိုတော့ ကိုယ်တို့ ဘောဂဗေဒပညာ သင်ယူပြီး စီးပွားရေးသမားရယ်လို့ အမည်တပ်ပေမယ့် စာတွေ့ပဲ၊ မင်းတို့မမစိုးကြီးက ငွေနဲ့ပတ်သက်လာရင် လူသားတောင်စားမှာ..."

"သူကပြောတယ်၊ သူတို့စီးပွားတွေ တကွဲတပြားစီ မဖြစ်အောင် ဒီအိမ်ပေါ်က မပြောင်းပါနဲ့တဲ့၊ တိုးကိုလဲ ပြန်ခေါ်ပြီး ဟန်မပျက်နေမယ်တဲ့၊ ဒါပေမယ့် ကိုယ် ပြောရမှာ ရှက်လိုက်တာမှုရယ်"

သူသည် စကားမဆက်နိုင်တော့ဘဲ သူ့မျက်နှာကို လက်ဝါးကြီးနှင့် အုပ်ထား၏။

"သူ့ကိုတော့ အဆက်မပြတ်စေချင်ဘူးတဲ့၊ ကိုယ်က သူ့ရဲ့ ခါးပိုက်ဆောင် လင်လေး ဖြစ်နေရမယ်ပေါ့"

"ဟင်..."

ကျွန်မသည် မမစိုးအကြံဉာဏ်ကို အံ့သြသွား၏။

"ဟိုတစ်လောက ငွေရေးကြေးရေးစကား ပြောတယ်" သူသည် တကယ်ပင် တုန်တုန်ယင်ယင် ပြောပြနေ၏။



"ဒီအိမ်ကြီးပေါ်ကဆင်းပြီး တိုးတိုးနောက် လိုက်သွားမယ်ဆိုရင်တော့ သူ တစ်ပြားမှ ခွဲမပေးဘူးတဲ့၊ တိုးတိုးမှာ သူပိုင်လက်ဝတ်လက်စားကလွဲပြီး ဘာမှ နာမည်ခွဲ မယူရသေးဘူး"

ကျွန်မသည် မမစိုးလို အသည်းနှလုံးမျိုးကို မတွေ့ဖူးသေးသလို၊ ကိုကိုမောင်လို သတ္တိကြောင်သူကိုလည်း မတွေ့ဖူးသေးပါ။ ကျွန်မတို့အတွက်မှာမူ ဆွေချင်းမျိုးချင်းမို့ မမစိုးအကြောင်းကို သိပြီးဖြစ်ပေသည်။

"ခုမှပဲ ကိုကိုမောင်ဟာ မင်းတို့ဆီ မျက်စိလည်ရောက်လာပြီး ဒီစကားတွေ ဆွေးနွေးရတာလဲ၊ ကိုယ့်အပြစ်ပါပဲ၊ အခုမှ ဘာလို့ထွက်လာရသလဲလို့ မေးစရာရှိတယ်၊ ဆိုဖီရဲ့အပြောဆိုရင် တိုးဟာ သူ့ကိုယ်သူ အိပ်ဆေးတွေသောက်ပြီး အဆုံးစီရင်ဖို့ ကြိုးစားသေးတယ်ဆိုပဲ၊ နောက်...မျက်နှာမြင်ပြီးမှ သူ့စိတ်သူနိုင်သွားတယ်၊ ဆိုဖီက ဒီအကြောင်း ကိုယ့်ကိုပြောပြီး 'တိုးမှာ သိပ်စိတ်ညစ်စရာအကြောင်း ဘာရှိလဲ' လို့ မေးသွားတယ်၊ မသိချင်ယောင်ဆောင်ပြီး မေးသလား၊ သိလျက်နဲ့ မေးသလားတော့ မသိဘူး"

ကိုကိုမောင်က သူ့စကားသူ ဆက်ပြောပါသည်။

"ဟုတ်တယ် ကိုကိုမောင်၊ တိုးတိုးက သူ့စာထဲမှာလဲ အတိုအလင်းရေးထားတယ်၊ မိတိုးလေးကို အစက မှုလဲ အမှတ်တမဲ့ ဒီသူငယ်မလေးဟာ မိဘပစ္စည်းထိုင်ဖြုန်းပြီး ပေါ့တော့တော့လေး နေမယ်ထင်တယ်၊ သူ အခုလို ကိုကိုမောင်နဲ့ပတ်သက်ပြီး ပြဿနာရင်ဆိုင်ရချိန်မှာ သူ့စိတ်ကို သူထိန်းပုံလေးတွေ မဆိုးဘူး၊ လူကြီးတော်တော်ဆန်တယ်"

"အဲဒါကြောင့်၊ အဲဒါကြောင့် ကိုယ့်အဖြစ်ကို ရှက်ရှက်ပြီး တိုးဆီလိုက်သွားဖို့ လန့်နေတယ်၊ ဖေဖေတို့လဲ ခုလောက်ဆို ရိပ်မိရောပေါ့"

"မမစိုးကရော"

"တိုးက သူမျက်နှာမြင်တဲ့အကြောင်း လုံးဝ သူ့အစ်မဆီ အကြောင်း မကြားဘူး"



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးပေမယ့် စိတ်ကူးနှင့် မျှော်မှန်းကာ ပူနွေးသော ဤဥရောပ၏ တောင်ပိုင်းရှိ ပင်လယ်ကို သွားချင်သည်။ စပျစ်ခင်းများ၊ ပန်းသီးများ၊ ရောင်စုံပန်းပွင့်များကို တွေ့လိုပေသည်။

ကျွန်မစိတ်ကူးကို ကိုကိုမောင်ကို ပြောပြသောအခါတွင် သူကလည်း သူရောက်ဖူးပေမယ့် သွားရန်သဘောတူသည်။ ချစ်သူနှင့်အတူ ခရီးဝေးဒေသသို့ စိတ်အေးလက်အေး အလည်အပတ် ထွက်ရသည်မှာ တကယ်တော့လည်း ပျော်စရာပါပေ။

သို့သော် ထမင်းဝိုင်းတွင် ကျွန်မဆန္ဒကို ထုတ်ဖော်ပြောဆိုသောအခါတွင်မူ

"အချိန်နည်းနည်း မစောင့်နိုင်ဘူးလား" ဟု မမစိုးက ဆိုပေသည်။

"မမစိုးကလဲ၊ ကိုကိုမောင် ခွင့်ရထားတာက ပင်ကိုက နည်းရတဲ့အထဲ၊ ပြီးတော့လဲ အပြန်ခရီးကို သင်္ဘောနဲ့ တိုးကပြန်ချင်တာ" ကျွန်မက ဆင်ခြေပေးနေစဉ် ကိုကိုမောင့် မျက်နှာကို လှမ်းကြည့်လိုက်၏။ ကိုကိုမောင်ကပါ ကျွန်မဘက်မှ ဝင်ရောက် ကူညီပြောပေးစေချင်သည်။ ကိုကို မောင်သည် ကျောက်ရုပ်သဖွယ် ငြိမ်သက်၍ မမစိုးကိုတစ်လှည့်၊ ကျွန်မကိုတစ်လှည့်သာ ကြည့်နေသည်။

"မမစိုးမှာထားတဲ့ နိုင်လွန်နဲ့ ဘရိုကိတ်တွေက ရှေ့လအလယ် သင်္ဘောပတ်နဲ့ ရောက်လာမှာ၊ ဒါကြောင့် မမစိုးက ဆိုင်းစေချင်တာ၊ ဒီကိစ္စတွေ ရှင်းလင်းပြီးရင် မမစိုးလဲ တိုးတိုးနဲ့ အတူလိုက်ချင်တယ်၊ ဆိုင်ကိစ္စတွေနဲ့ နေရတာ ဦးနှောက်လဲ ပင်ပန်းလှပြီ"

"ဟုတ်ပါတယ် တိုးတိုးရယ်၊ စိုးစိုးလဲအနားရ၊ အပန်းဖြေတာပေါ့၊ ညီအစ်မနှစ်ယောက် အတူတူသွားရတော့လဲ ပိုကောင်းတာပေါ့"

ဒေါ်မြကပါ မမစိုးဘက်က ရှေ့နေလိုက်ပြန်ပါသည်။ ကျွန်မသည် စိတ်လက်မအီမသာ ထမင်းဝိုင်းမှ ထလာခဲ့၏။ အိပ်ခန်းထဲတွင် ခေါက်



တုံ့ခေါက်ပြန်လျှောက်ရင်း စိတ်က မကျေမနပ် ဖြစ်နေပေသည်။ မကြာခင် ကိုကိုမောင် ရောက်လာ၏။

"ကိုကိုမောင်က သိပ်သတ္တိနည်းတာပဲ"

ကျွန်မဆီးကြို၍ ပြောခြင်းကို ကိုကိုမောင်သည် ခပ်ကြောင်ကြောင် ကျွန်မကိုလှမ်းကြည့်လိုက်ကာ ခုတင်ခြေရင်းတွင် ထိုင်လိုက်ပါသည်။

"ဘယ့်နှယ့် သတ္တိနည်းရမှာလဲ တိုးတိုး" သူက ပြန်မေး၏။

"တကယ်တော့ နည်းတာပေါ့၊ တိုးတိုးက ပြောနေပြီပဲဟာ၊ တိုးတိုး ကိုကို့မျက်နှာကို လှမ်းကြည့်ကတည်းက ကိုကိုမောင် နားလည်နေရမှာပေါ့"

"ဟုတ်ပါတယ် မမစိုးရယ်၊ ကျွန်တော့်ခွင့်ရက်လဲ နည်းနေလို့ပါ၊ ဘာညာနဲ့ အဲဒီလို ဝင်ပြောမှပေါ့။ ခုတော့ ကိုကိုမောင်ပါးစပ်က ကျောက်တုံးကြီးလိုပဲ ငြိမ်နေလိုက်တာ"

"သူ အကြောင်းပြတာလဲ ကောင်းတာကိုး တိုးတိုးရဲ့၊ သူလဲ လိုက်ချင်တယ်ဆိုတာ ကိုကိုမောင်က ဘယ့်နှယ့် ပြောရမလဲ၊ ပြီးတော့ အပျိုကြီးတစ်ယောက်တည်းသမားဆိုတော့ သူ့ကို ညှာရဦးမှာ"

"အဲဒီအပျိုကြီးတွေ ဒုက္ခရောက်နေတာပေါ့၊ ဒေါ်မြကလဲ အပျိုကြီးပဲ၊ ဘာနားမလည်၊ ညာနားမလည်နဲ့ ဝင်ထောက်ခံလိုက်သေးတယ်၊ ကိုကိုမောင် ဘိုဆန်တယ်ဆိုပြီး ဒီနေရာကျတော့ အ,နေလား၊ ဟန်းနီးမွန်းဆိုတဲ့ သဘောကို ကိုယ့်ချစ်သူနဲ့ကိုယ် ၂ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်နေချင်လို့ ထွက်တာပေါ့၊ ခုတော့ ကန့်လန့်ကန့်လန့်နဲ့ သူက ပါဦးမယ်၊ ပြီးတော့ သွားလေရာ နိုင်လွန်ကိစ္စ၊ ဘရိုကိတ်ကိစ္စ၊ ဘယ်လောက် အမြတ်ဆိုတဲ့ ဦးနှောက်ခြောက်မယ့် စီးပွားရေးသဘောတွေ ပါလာဦးမှာ"

ကျွန်မသည် ကျောင်းတုန်းက ပုံစံအတိုင်းပင် ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက်ပင် ပြောချလိုက်၏။

"သူ့ရှာလို့ပဲ ကိုယ်ဒီလိုနေရတာဆိုတာ ပြန်တွက်ဦးပေါ့ တိုး"

"အို၊ ကိုကိုမောင်ကလဲ လူတစ်မျိုးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့၊ ခု ကိုကိုမောင် ဘာလုပ်မလို့လဲ"

သူသည် မျက်လုံးလေး ကလယ်ကလယ်နှင့် တံတွေးမျိုချရင်း "ဒီညတော့ မှုံတို့အိမ်မှာပဲ အိပ်ရမှာပဲ" ဟုဆို၏။ တစ်ခါတရံ ပညာရှင်ကြီးများ၏ အားပျော့ပုံ၊ ကလေးလို ကြောက်အားယော်တတ်ပုံကို မြင်ရသောအခါ ကျွန်မစိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်မိ၏။

"ခုမှ တိုးပြောသလိုပဲ ကျွန်တော်ဘာအမွေမှလဲ မယူချင်ဘူး၊ ကျွန်တော့်လွတ်လပ်ခွင့်ကိုသာ ကျွန်တော်လိုချင်တယ်...လို့ မမစိုးကိုပြောခဲ့ပြီး အပြီးထွက်လာခဲ့တာပဲ"

ကိုကိုမောင်သည် ယခုမှပင် သတ္တိရှိလာပြီဟု ကျွန်မထင်ပေသည်။

"ဒါပေမင့်.တိုးတိုးဆီကို့ကိုကိုမောင်တစ်ယောက်တည်း မသွားရဲဘူး၊ ဖေဖေနဲ့ မျက်နှာချင်းဆိုင်ဖို့လဲ ကြောက်နေတယ်၊ ဒါကြောင့် ဖိုးကျော် ခွင့်ယူလို့ရရင် ကိုယ်နဲ့အတူ မန္တလေးလိုက်ခဲ့ပါလို့ လာပြောတာ"

ကျွန်မမှာ ဝမ်းထဲမှ ကျိတ်၍ပြုံးလိုက်မိပါသည်။

နောက်တစ်ပတ်တွင် ကျွန်မခင်ပွန်း ကိုနှင့်အတူ ကိုကိုမောင် မန္တလေးသို့ ထွက်ခွာသွားပါသည်။

ကိုကိုမောင်တို့ကိစ္စ ပြီးကတည်းက ညီမငယ် မကြေးယုံသည် ယောက်ျားတို့အကြောင်းကို မစပ်စုတော့ပါ၊ အဘယ်ကြောင့်ဆိုသော် ဖေဖော်ဝါရီလတွင် သူသည် သူ့ချစ်သူနှင့် လက်ထပ်သွားပြီ ဖြစ်သောကြောင့်တည်း။

ယောက်ျားတို့အကြောင်းကို စပ်စုလေ့လာသော ညီမငယ်မကြေးယုံသည် သူ၏ တကယ်လက်တွေ့ အိမ်ထောင်ရေးဘဝတွင် ဘယ်လိုပြဿနာနှင့် ရင်ဆိုင်ရသည်ဖြစ်စေ တည်ငြိမ်စွာ ဖြေရှင်းနိုင်ပါစေဟု ဆုတောင်းမိပါ၏။

သီတာရေမြေဆုံးတိုင် ယောက်ျားတို့အကြောင်းကို စပ်စုသော်လည်း ဆုံးလိမ့်မည်မထင်ပေ။ စင်စစ် ယောက်ျားတို့၏ ကောင်းခြင်းဆိုးခြင်း အပြောင်းအလဲအကြောင်းတို့သည် ကျွန်မတို့မိန်းမသားများ၏ လိမ္မာမှု ပါး



နပ်မှု၊ မိုက်မဲမှု စွမ်းရည်တို့အပေါ်တွင်လည်း တည်ရှိနေသောကြောင့် ယောက်ျားတို့အကြောင်းကို လေ့လာတိုင်း ကျွန်မတို့ 'မိန်းမတို့အကြောင်း' ကိုလည်း ကိုယ့်ဘာသာ လေ့လာသွားသင့်သည်ဟု ထင်ပါသည်။ သို့သော် ညီမငယ် မကြေးယုံသည် သူ့ပတ်ဝန်းကျင် ဘဝပေးအသိ၊ သူသင်ယူထားသော ပညာတို့ဖြင့် သူကြိုက်သလို ရှုထောင့်မှ လောကနှင့်လူသားတို့အား လွတ်လပ်စွာ လေ့လာပိုင်ခွင့်ရှိပြီဖြစ်၍ ကျွန်မ ပူပန်စရာမလိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတို့အကြောင်း

## အမှတ်( ၂ )

ကျွန်မအမည်မှာ မကြေးမုံဖြစ်၍ ကျွန်မ၏ညီမငယ်အမည်မှာ မကြေးယုံဖြစ်သည်။

မကြေးယုံ အရွယ်မရောက်တရောက်တွင် ကျွန်မတို့၏မိခင် ကွယ်လွန်ခဲ့၏။ ကျွန်မ အိမ်ထောင်ပြုပြီးစ ဖြစ်သော်လည်း ကျွန်မသည် ညီမငယ်ကို မထိန်းသိမ်းတတ်ပေ။ သို့သော် ညီအစ်မနှစ်ယောက် သင့်သလို ကြည့်နေရင်းမှ သူသည် ဒီဂရီရ၍ တက္ကသိုလ်တွင် ဆရာမလေး လုပ်နေပြီ။ မကြေးယုံမှာ အပျိုပေါက်စ မြီးကောင်ပေါက်အရွယ်မဟုတ်တော့သော်လည်း ကျွန်မသည် သူ့အား ကလေးငယ်တစ်ယောက်လို အစဉ် စိုးရိမ်၏။

ကျွန်မ၌ အကြီးဆုံးချို့ယွင်းချက်မှာ အိမ်ထောင်သည်ပင် ဖြစ်သော်လည်း ယောက်ျားများကို ကြောက်ခြင်း၊ ရွံမုန်းခြင်းပင် ဖြစ်၏။

တစ်နံနက်တွင် သူနှင့်ကျွန်မ ပုဂံလမ်းကို လျှောက်ကြ၏။ ထိုနေ့က ပုဂံလမ်းသည် မိုးရွာပြီးစဖြစ်၍ စိမ်းစိမ်းစိုနေပေသည်။ နွေဦးက ပွင့်ကြရသော စိန်ပန်းနှင့် ငုရွှေဝါ၊ ငုစပ်ပန်းရောင်ပွင့်ဖတ်များသည် မိုးရေထဲတွင် မျောပါ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြ၍ ပုဂံလမ်းသည် တစ်ရောင်တည်းသော မြသွေးဖြင့် ခေးရေးထားသလို ဖြစ်နေလေသည်။

မကြေးယုံသည် လမ်းဘေးပတ်ဝန်းကျင်ကို ကြည့်၏။

"မမှုံ ပုဂံလမ်းက ဆရာဦးသိန်းဖေမြင့် ဝတ္ထုထဲကလို မလှတော့ဘူးနော်"

မကြေးယုံရော၊ ကျွန်မပါ ဆရာဦးသိန်းဖေမြင့်ရေးသော 'ဆရာအို၏ ဒုက္ခ' ဆိုသော ဝတ္ထုကို ဖတ်ပြီးစ ဖြစ်ပေသည်။

"ဟုတ်တယ်၊ ဆရာရေးတုန်းက နွေဦးပေါက်ရာသီဆိုတော့ ပုဂံလမ်းမှာ ပန်းပွင့်တွေ ရောင်စုံပွင့်နေချိန်ကိုး၊ ဒီတော့ သူ့ကလောင်နဲ့ ထပ်မှုန်းထားတော့ ပုဂံလမ်းဟာ ရက်ရက်စက်စက် လှနေတာပေါ့"

"အင်းပေါ့လေ၊ ခုလဲ အားလုံး စိမ်းစိုနေတော့ တစ်မျိုးလှတာပေါ့" ဟု သူကဆက်ပြောနေ၏။ ကျွန်မတို့သည် အိမ်သုံးအိမ်လောက် ကျော်သွားပြီးနောက် အင်းလျားဆောင်ဘက်ကို တဖြည်းဖြည်းနီးလာ၏။

ညာဘက်ရှိ အိမ်တစ်အိမ်ရှေ့တွင် တရုတ်စကားအကျော်ပင်ကြီးတစ်ပင်ရှိသည်။ ထိုအပင်ရှေ့လမ်းတွင် မိန်းမကြီးတစ်ယောက် ကျွန်မတို့ကို နောက်ခိုင်းကာ ရပ်နေလေသည်။ သူ့တင်ပါးသည် အဆမတန် ကား၍ ဝလွန်းသော ခန္ဓာကိုယ်ကြီးကြောင့် ဗိုက်အရေပြားသည် ခါးကိုဖုံးနေသလို ဖြစ်နေပေသည်။

မကြေးယုံသည် ကလေးငယ်လို တခိခိရယ်လိုက်၏။

"ဘာရယ်တာလဲ မကြေးယုံ"

"ဩော်...ဆရာ့ဝတ္ထုထဲမှာ ဒီပုဂံလမ်းကို ဆရာအိုကြီးက လျှောက်လာတယ်၊ သူ့ရှေ့မှာ မိန်းမပျိုလေးက လျှောက်သွားတယ်၊ အဲဒါလေးကို ဖော်ပြတဲ့နေရာမှာ ရှေ့ကလျှောက်သွားတဲ့ မိန်းမပျိုရဲ့အလှကို ဆရာက အနုစိတ်ပြထားတယ်၊ ဝိုင်းဝိုင်းမို့မို့ တင်ပါးလေးက လမ်းလျှောက်သွားချိန်မှာ



စကောလေးလိုဝိုင်းပြီး နိမ့်တုံမြင့်တုံအဖြစ်မှာ ဆရာအိုဟာ ငယ်စိတ်ပြန်ဝင်ပြီး ကာမဂုဏ်ဖောက်ပုံကို ရေးထားတာ တွေးမိလို့"

ကျွန်မက မကြေးယုံပြောသည့်အတိုင်း ဖတ်ပြီးဖြစ်၍ ဆရာအနုစိတ်ပုံကို သဘောကျပြီးဖြစ်သည်။ သို့သော် သူရယ်သည်ကို နားမလည်ပေ။

"အဲဒါ ရယ်စရာမဟုတ်ဘဲ" ဟု ကျွန်မက ဆို၏။

"မမမှုံကလဲ ကျွန်မတို့ရှေ့က မိန်းမကြီးကို ကြည့်စမ်းပါဦး၊ ဆရာ့ဝတ္ထုထဲက ဓာတ်လိုက်မိန်းမပျိုနဲ့ ယှဉ်ကြည့်ရင်"

သူက ဆက်မပြောဘဲ ရယ်ပြန်၏။

"မကြေးယုံကလဲဟယ်၊ ကလေးလေးကျနေတာပဲ၊ သူ့ခမျာ ကြားသွားပါဦးမယ်"

ကျွန်မက တိုးတိုးပြောလိုက်ရ၏။

ကျွန်မတို့သည် ပုဂံလမ်းဆုံး၍ အင်းလျားရှိရာ ညာဘက်သို့ချိုးလာကြလေသည်။

"အဲဒီဝတ္ထုဖတ်ပြီးတော့ စိတ်ထဲမှာ တစ်မျိုးပဲ မမမှုံရယ်"

မကြေးယုံက စကားဆက်၍ ပြောပြန်သည်။

"ကျွန်မတို့တွေဟာ အသက်ချင်းကွာပြီး အိုသွားတဲ့ ယောက်ျားကြီးတွေကို စိုးရိမ်စိတ်မရှိဘဲ ရင်းရင်းနှီးနှီးဆက်ဆံကြတာပဲ၊ ဆရာရေးသလိုဆို အိုတဲ့လူတွေလဲ စိတ်ဖောက်ပြန်တတ်ကြတော့ ဆက်ဆံတဲ့နေရာမှာ ဘယ်စိတ်ချရမလဲနော်"

သူသည်တက္ကသိုလ်တွင် သဘာဝတ္ထုဗေဒဘာသာ(ဖလော်ဆော်ဖီ)ကို ယူလာခဲ့သူဖြစ်၏။ ကျွန်မက ရာဇဝင်ဘာသာ၂-ရပ်ကို ယူလာခဲ့သူ ဖြစ်၏။ ထို့ကြောင့် စကားဆွေးနွေးရာတွင် ရှုထောင့်ချင်း မတူကြပေ။ သို့သော် ဤနေရာတွင်မူ တစ်သဘောတည်းကျကြ၏။

"အေးပေါ့ဟ၊ ယောက်ျားတွေဟာ အိုအိုပို့ပို့ဘယ်စိတ်ချရမလဲ...မှန်တော့ သူတို့ဟာ အဆိပ်ရှိတဲ့ သတ္တဝါလိုပဲ၊ သတိထားဆက်ဆံရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ သူတို့ အဆိပ်တက်လာချိန်ဆို မိန်းမတွေအတွက် အန္တရာယ်ပဲ၊ တို့ ဆယ်တန်းတုန်းက ကျောင်းအုပ်ဆရာမကြီးက အမြဲ ပြောတယ်၊ မင်းတို့ ခေတ်မှာ ယောက်ျားလေးနဲ့ မိန်းကလေး ဆက်ဆံမှုဟာ ပိုမိုရင်းနှီးလာကြ တော့ ရှေးခေတ်လို အတင်းအကျပ် ထိန်းလို့မရဘူး။ ဒီတော့ ခေတ် အလျောက် ဆက်ဆံကြရင်လဲ လူပျိုတွေကို ရင်းရင်းနှီးနှီးဆက်ဆံတာ အရေး မကြီးဘူး၊ လူအိုတွေကိုတော့ ရင်းရင်းနှီးနှီး မဆက်ဆံစေချင်ဘူးလို့ အမြဲ ပြောတယ်"

မကြေးယုံသည် တွေ၍ စဉ်းစားလာ၏။ ကျွန်မက ဆက်ပြော၏။

"ဆရာမကြီး ပြောတာလဲ မှန်တာပဲ၊ လူအိုဆိုတော့ မိန်းမသဘော နားလည်ပြီးသား၊ ဘယ်အချက် ဘယ်လိုကိုင်ရင် မိန်းကလေးက ကျမယ် ဆိုတာ သိထားပြီးတော့ အိုလာပြီဖြစ်တဲ့ ယောက်ျားတွေဟာ တို့မိန်းကလေး တွေအတွက် ပိုပြီးအန္တရာယ်ကြီးတယ်"

"အင်း၊ ဟုတ်တာပဲ၊ ခြေချော်လက်ချော်ဖြစ်ပြီး ညားတာတောင် လူပျို အပျိုချင်းဆိုတော့ တင့်တယ်တာပေါ့လေ၊ မယားရှိတဲ့လူတွေ၊ အဘိုးအိုကြီး တွေဆိုတော့ ကိုယ့်မှာ ပိုနစ်နာတာပေါ့"

မကြေးယုံက သူ့ဘာသာသူ အဖြေထုတ်လိုက်၏။

"အေးကွယ်၊ မမမှုံတော့ ယောက်ျားတွေကို ယုံယုံကြည်ကြည်ဆက်ဆံ ဖို့ဟာ ခုထိမရဲဘူး"

မကြေးယုံက ရယ်ပြန်လေသည်။ ထိုနေ့နံနက် လမ်းလျှောက်ကြရင်း ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် ယောက်ျားတို့အကြောင်းကို ဆွေးနွေး ကြ၏။ ကျွန်မသည် မူလကျွန်မစိတ်ရင်း ယူဆထားသည့်အတိုင်း ယောက်ျား တို့ကို 'တဏှာ့ကျေးကျွန်များ' သဖွယ် သဘောထားကာ ထိုသဘောထားကို အခြေခံ၍ ဆွေးနွေးမိ၏။

မကြေးယုံစိတ်တွင်မူ ယောက်ျားတို့အပေါ် ဘယ်လိုသဘောထားသည် မသိပေ။ သို့သော် သူက ကျွန်မကို နိဂုံးချုပ်တစ်ခု ပြန်ပြော၏။



"အစ်ကိုဟာ မမမှုံကို သိမ်မွေ့လဲဂရုစိုက်တာပဲ၊ သိပ်လဲအေးတာပဲ၊ အဲဒီလို လူမျိုးကို ရထားပါလျက်နဲ့ မမမှုံဟာ ယောက်ျားတွေကို ဘာလို့မုန်းသလဲ ဆိုတာ ကျွန်မ တွေးမရဘူး"ဟုဆို၏။

"မုန်းတယ်လို့တော့မဟုတ်ဘူး၊ ကြောက်တာပဲ"

ကျွန်မသည်လည်း ဒါလောက်ပင် ပြန်ဖြေလိုက်၏။

* * *

နောက်တစ်ပတ်လောက်တွင် ကျွန်မတို့အိမ်သို့ မေမေ၏ ညီမဝမ်းကွဲ ဒေါ်လေးရောက်လာ၏။ သူသည် စာရေးဆရာတို့ ဖွဲ့နွဲ့တတ်သော ရေပြည့် သော ကမ်းပါးကဲ့သို့ ပြည့်ဖြိုးသော တင်ပါးရှိ၏။ ရှည်သွယ်သော ပေါင်တံ ပေါ်တွင် ပြည့်သောတင်မှာ နှစ်သက်ဖွယ်ရာဖြစ်၏။ ခါးမှာသေးသွယ်၍ ရင်ဖုံ့ဖုံ့နှင့် ပျို့မဲ့ဥက အလွန်လှမည့်သူ ဖြစ်ပေသည်။ သူ့မျက်ခုံးမှာ ကျွန်မ တို့လိုပင် ထူထူဖြစ်၏။ အသားမှာမူ ကျွန်မတို့လို မညိုပေ။ မျက်လုံး အနည်းငယ် မှေးသည်သာ သူ့မျက်နှာအတွက် အပြစ်ဆိုစရာရှိ၏။ နှာတံမြင့် မြင့်အောက်တွင် သူ့နှုတ်ခမ်းထူထူမှာ ငယ်စဉ်ကသာဆို စုပ်နမ်းချင်စရာပင် တည်း။

ယခုပင် အပျိုမဟုတ်တော့သော်လည်း အသက် ၄၀ တွင်းတွင် လှပ နေတုန်းဟု ကျွန်မစိတ်ထဲတွင် ထင်လေသည်။

ဒေါ်လေးကမူ ကျွန်မကိုတွေ့ချင်၍ လာသည်ဟုဆို၏။

"မခြေးမှုံ၊ မင်းအားရင် မင်းဦးလေးကို ငွေငါးရာ သွားပေးစမ်းပါ"

သူသည် ငွေငါးရာကို ကျွန်မလက်ထဲသို့ ထည့်လိုက်၏။ ဒေါ်လေး မျက်နှာကတော့ မရွှင်ပေ။ ကျွန်မသည် ဒေါ်လေးတို့၏ဇာတ်လမ်းကို သိ၏။ ဒေါ်လေး အသက် ၃၀ မပြည့်ခင်ကတည်းက ဦးလေးသည် မယားငယ် ထား၏။ သို့သော် ယခု ၃–၄ နှစ်တွင်မှ ဒေါ်လေးက သူ့အိမ်သို့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



အလျှင်းမလာရ ဆိုထားသောကြောင့် လုံးလုံး အဝင်အထွက် မရှိတော့ပေ။

ယခင်ကမူ ဒေါ်လေးသည် ဦးလေး မယားငယ်ရှိသည်ကို မသိသလိုပင် ထမင်းပွဲရုံကြီးပြင်ကာ ကျကျနန ကျွေးမွေး၏။ ယုယုယယ ပြုစုခဲ့လေသည်။ ကျွန်မတို့သည် လူငယ်များဖြစ်၍ ဒေါ်လေးတို့အကြောင်းကို ဘာမျှ စွက်ဖက်မပြောကြပေ။ ဦးလေးနှင့် အတိအလင်း ပြတ်ကတည်းက သူ့သစ်စက်ကို သူ့ဘာသာပင်ဦးစီးကာ ဒေါ်လေးက လုပ်၏။ သူ့တွင် သားတစ်ယောက်၊ သမီးနှစ်ယောက် ကျန်ရစ်ခဲ့သည်။

ဒေါ်လေးမျက်နှာ မသာသည်ကို မြင်ရတော့လည်း ကျွန်မ စိတ်မကောင်းပေ။

"ဒီငွေငါးရာကို သွားပေးရမယ်လား၊ ဘာပြောခဲ့ရမလဲ"

ကျွန်မက ငွေငါးရာကို ရေတွက်ကြည့်ရင်း မေးလိုက်၏။

"ဘာမှမပြောပါနဲ့၊ ဟိုတစ်ပတ်က စာရေးတောင်းလို့၊ အလုံအိမ်မှာ သူနေတယ်၊ သိတယ်မို့လား"

"ဟုတ်ကဲ့"

"ကဲ၊ ဒေါ်လေး သင်္ကိစ္စတွေရှိသေးတယ်၊ သွားဦးမယ်ကွယ်၊ မိကြေးယုံကော နေကောင်းလား"

မကြေးယုံသည် မီးဖိုမှ ပြေးထွက်လာကာ ဒေါ်လေးကို နှုတ်ဆက်၏။ ဒေါ်လေးသည် ခပ်ညှိုးညှိုးပင်နှုတ်ဆက်ကာ ပြန်သွားတော့သည်။ နောက်မှ ကြည့်နေသော ကျွန်မတို့ညီအစ်မနှစ်ယောက် မျက်လုံးထဲဝယ် နိမ့်တုံမြင့်တုံ လှိုင်းလိုအိနေသော ဒေါ်လေး၏တင်ပါးများသည် ပြဿနာအများကို ပေါ်စေတော့သည်။

ကျွန်မသည် ငွေငါးရာကိုယူကာ ဦးလေးအိမ်သို့ ချက်ချင်း သွားပေး၏။ ဦးလေးအိမ်သည် ငှားနေသော အခန်းငယ်တစ်ခုပင် ဖြစ်သည်။ ဝင်ဝင်



ချင်း ဧည့်ခန်းမှာလည်း သပ်သပ်ရပ်ရပ် မရှိပေ။ ကျွန်မဝင်လာ သံကြားရ၍ ထွက်လာသူမှာ ဦးလေးမဟုတ်ပေ။ မိန်းမတစ်ယောက် ဖြစ်၏။

"ဦးဘခိုင် ရှိပါလား"

"ကျွန်မ ဦးဘခိုင်မိန်းမပါ"

ကျွန်မသည် ယခုမှ ထိုမိန်းမကို ပိုဂရုစိုက်ကြည့်၏။ ပိန်ပိန်ပါးပါး ပေါင်တံရှည်ရှည် ကိုယ်လုံးမှာ မဖွံ့ပေ။ မျက်နှာသည် တောက်တောက်ပပ မရှိလှ။ သွယ်၍ မေးစေ့ချွန်း၏။ ဒေါ်လေးရုပ်ရည်နှင့် ဘာမှယှဉ်စပ်၍ မရပေ။ လမ်းလျှောက်ဟန်၊ စကားပြောဟန်ကလည်း သွက်လက်ဖျတ်လတ်သော အမူအရာမရှိ။ ခပ်လေးလေးပင်ဖြစ်၏။

"ကျွန်မ ဦးဘခိုင်တူမပါ"

ကျွန်မက ခပ်ပြတ်ပြတ်ပြောလိုက်၏။

သူသည် ပါးစပ်ကိုဟလိုက်ကာ ခဏငိုင်သွားပြီးမှ

"ကိုဘခိုင်၊ ဒီမှာ ဧည့်သည်လာနေတယ်"ဟု အတွင်းဘက်ကို လှည့်အော်ပြောလိုက်၏။

ဤနေရာတွင် ကျွန်မသည် ယဉ်ကျေးမှုတို့ဘာတို့ကို ဘာမှသတိမထားမိ၊ စိတ်ထဲကလည်း ဦးလေးရဲ့ မယားငယ်ပဲဟူသော အထင်သေးစိတ်က ထိုမိန်းမကို လေးစားမှုလျော့စေလေသည်။

ဖြန်းခနဲပင် ဧည့်ခန်းအတွင်းသို့ ခြေ သုံးလေးလှမ်းဝင်သွားကာ နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်၏။ စင်စစ် ကျွန်မအမူအရာမှာ ရိုင်းလှသည်။ မီးဖိုချောင်ကို ဧည့်ခန်းမှ တိုက်ရိုက်မြင်နေရသည်။ မီးဖိုထဲရှိ ဦးလေးမှာလည်း ကျွန်မကို မျက်လုံးပြူးကြီးနှင့် ကြောင်၍ ကြည့်နေသည်။ ချက်ချင်းပင် သူသည် မီးဖိုပေါ်ရှိ ဒယ်အိုးကိုချကာ ကျွန်မရှိရာသို့ ထွက်လာ၏။

"ဟဲ့၊ မကြေးမှုံ ဘာလာလုပ်လဲ"

"ဦးလေး ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သူမေးသည်ကိုမဖြေဘဲ သူ့ကိုပင် မေးခွန်းထပ်မေး လိုက်၏။

"ငါးကြော်နေတယ်"

ကျွန်မရင်တွင် ဒေါသတို့ ချောင်းချောင်းထ၍လာလေသည်။

"ဦးလေး တောင်းထားတယ်ဆို၊ ငွေငါးရာ ဒေါ်လေးက ပို့ခိုင်းလို့ မကြေးမှုံလာပို့တာ၊ ဒီမှာယူလိုက်ပါ"

ကျွန်မသည် ငွေကို ဦးလေးလက်ထဲကိုထည့်၍ ပြန်တော့ မယ်ဆိုကာ ချက်ချင်းပင် ပြန်ထွက်လာ၏။ မယားငယ်ဆိုသူကိုလည်း နှုတ်မဆက်ခဲ့၊ စင်စစ် ကျွန်မဟန်ပန်များသည် အတော်ပင် ရိုင်းရိုင်းပျပျ ရှုးရှုးရှားရှား ဖြစ်နေသလား မသိပေ။

အိမ်ရောက်လျှင် ထမင်းစားပွဲတွင် မကြေးယုံနှင့် အစ်ကို(ကျွန်မ၏ ခင်ပွန်း)ကို တွေ့ရ၏။ သူတို့သည် ကျွန်မဟန်ပန်ကို မြင်ကတည်းက ဒေါသထ လာသည်ကို သိပြီးဖြစ်ကြလေသည်။

"ကဲ၊ ဆိုစမ်းပါဦး မရွှေမှုံ၊ ဘာကိုဒေါသထလာပြန်လဲ၊ အဲဒါနဲ့ ထမင်း တစ်ခါမစားရလို့ တုန်တုန်ယင်ယင် ဖြစ်ဦးမယ်"

အစ်ကိုသည် ကျွန်မစိတ်မြန်ပုံ၊ ဒေါသထွက်လွယ်ပုံ၊ ရောဂါစုံကို သိထား သူဖြစ်သည့်အတိုင်း မေးလိုက်၏။ ကျွန်မသည်လည်း သူ့အပါးတွင် ခြေပစ် လက်ပစ် ဝင်ထိုင်လိုက်၏။

မကြေးယုံက စကားဆုံးအောင်ပြောပြီးမှ ထမင်းစ,စားရန် အကြံပေး ၏။ ကျွန်မ ဒေါသအရှိန် မပြေခင်စားလျှင်လည်း ထမင်းက တစ်ဇွန်းမျှဝင် မည်မဟုတ်ပေ။

"စိတ်ပျက်လွန်းလို့ပါ အစ်ကိုရာ၊ အစ်ကိုတို့ယောကျ်ားတွေဟာ တော် တော်နှာ:လည်ဖို့ခက်တဲ့ သတ္တဝါတွေပဲ"

"အလို"



အစ်ကိုက မဆီမဆိုင် အချခံလိုက်ရ၏။ ထိတ်လန့်တကြားအော်နည်း မျိုး အော်လိုက်၏။ ကျွန်မသည် ချက်ချင်းသတိရကာ "ကန်တော့ ကန်တော့ အစ်ကို၊ သတ္တဝါလို့ပြောတာ စိတ်မရှိပါနဲ့"ဟုဆို၍ သူ့ကို လက်အုပ်ချီ လိုက်ရသည်။

"ဒီနေ့ ဒေါ်လေးက ငွေငါးရာပေးခိုင်းလို့ ဦးလေး သွားပေးတယ်၊ စိတ် လဲပျက် ဒေါသလဲ ဖြစ်ပါရဲ့၊ ဦးလေးက မီးဖိုထဲမှာ ငါးကြော်နေတယ်"

"ငါးကြော် ဒေါသဖြစ်လာတာလား၊ ဒေါသမထွက်ပါနဲ့လေ၊ သူ့မိန်းမ နေမကောင်းလို့လားမှမသိ"

အစ်ကိုက ဖြေပြောလိုက်၏။

"အစ်ကိုကလဲ မကြေးမှုံဝင်သွားတော့ မယားငယ်ကိုယ်တိုင် ထွက်လာ တာ နေကောင်းလို့၊ စိတ်ထဲမှာ ဒေါသထတာက ဦးလေးကိုလှမ်းကြည့်လိုက် တော့ မီးဖိုထဲ ငါးကြော်ကြော်နေတယ်၊ ငွေငါးရာကို ပေးတောင် မပေးချင် ဘူး၊ ဒေါ်လေး ပေးခိုင်းလို့သာ"

"သူကျေနပ်လို့ သူ့ယောကျ်ားပေးခိုင်းတာပဲ၊ မမမှုံက ဒေါသ ဖြစ်မနေ ပါနဲ့တော့"

မကြေးယုံက ဝင်ပြော၏။ ကျွန်မသည်လည်း ခဏငြိမ်သွားပြီးမှ အစ်ကို့ ကို ပြန်ကြည့်မိ၏။

"စိတ်ပျက်လွန်းလို့ပါ အစ်ကိုရာ၊ အိမ်မှာ လူကြီးတွေပြောတာ ကြားဖူး တုန်းက မိန်းမတွေဟာ ယောကျ်ားကို အပြုအစုမတတ်ရင် ယောကျ်ား သာယာအောင် မလုပ်တတ်ရင် မယားငယ်နေတတ်တယ် ပြောတယ်၊ ခုတော့ အလှအပမှာလဲ ဒေါ်လေးခြေဖျားကို ဒီမိန်းမ,မမီ၊ အချက်အပြုတ်ကျလဲ ဒေါ် လေးက ချက်တတ်ပြုတ်တတ်၊ ပွဲရုံပြင်ပြီး ယောကျ်ားကိုပြုစုရတာ အမော၊ အဲဒါနဲ့ ဘာလို့ ကိုယ်ကပြန်ပြီး ဟင်းချက်ကျွေးရတဲ့မိန်းမကို ဒီဦးလေးက မက်နေရတာလဲ မသိ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ရယ်၏။ မကြေးယုံက ကျွန်မကို စေ့စေ့ကြည့်ကာ တွေးနေ၏။

"အဲဒီအယေ်ရဲ့ရုပ်က နေတစ်ခါလှန်းထားတဲ့ ငါးရံ့လိုပဲ"

ကျွန်မပုံခိုင်းသည်ကို အစ်ကိုက သဘောကျဟန်နှင့် ရယ်ပြန်သည်။ အစ်ကိုကလည်း ဘာမျှတော့ အဖြေမပေးပေ။ မကြေးယုံကလည်း သူ့ထင်မြင်ချက်ကို တစ်စုံတရာ ဖွင့်မပြောပေ။ ကျွန်မသည် ထမင်းပန်းကန်ကို စ,နှိုက်ရင်း ထမင်းထဲတွင် စိတ်မဝင်စား၊ စကားကိုလည်း မပြောတော့၊ ကျွန်မအတွေးကိုသာ ဆက်တွေးမိ၏။

ယခင်က ကျွန်မသည် ယောက်ျားတို့ကို တဏှာကျွေးကျွန်များ၊ သူတို့သည် ရှုံ့ကိုပင်ဖြစ်စေစေ၊ တင်ကားကား၊ ရင်မို့မို့ထုထားလျှင် ဟက်တက်စွဲလိုက်မည့်သူများဟု အထင်သေးခဲ့၏။ ယခု ဦးလေးနှင့်ဒေါ်လေး ပြဿနာတွင်မူ ဦးလေးသည် စိုပြည်လှပသော ဒေါ်လေးကိုစွန့်ကာ ဤငါးခြောက်ရုပ်ကို ဘာဖြစ်၍ တန်းတန်းစွဲနေပါသနည်း။ လင့်အကြိုက်ကိုသိ၍ ဖွယ်ဖွယ်ရာရာ ချက်တတ်ပြုတ်တတ် ပြုစုတတ်သော ဒေါ်လေးကိုစွန့်၍ ကိုယ်ကပြန်၍ ငါးကြော်ကြော်ကျွေးနေရသော မိန်းမကို မက်မောရပါသနည်း။ ဤနေရာ၌ တပ်နှစ်သက်ခြင်းတဏှာသည် ဘယ်မျှအရေးပါအရာရောက်သနည်း။ ကျွန်မသည် တွေးရင်းမောလာသလို အသက်ပြင်းပြင်း ရှူပြန်၏။ အစ်ကိုက ကျွန်မကိုကြည့်ကာ…

"မှုံကလဲကွာ၊ ဒါနဲ့ စိတ်ပင်ပန်းရဦးမယ်၊ ဘာမှမတွေးဘဲ ထမင်းစားစမ်း" ဟုဆို၏။ စင်စစ် အစ်ကိုသည် ကျွန်မ,မပြေလည်သော ပြဿနာကို တစ်စုံတစ်ခုတော့ ဖြေပေးသင့်သည်ဟု ကျွန်မတွေးမိပြန်သည်။

စင်စစ်မှာမူ ကျွန်မသည် ယောက်ျားတို့အကြောင်းကို ဘာမျှရေရာစွာ မသိသေးကြောင်းကို ထိုနေ့က ထမင်းစားရင်း ကိုယ့်ကိုယ်ကို ဝန်ခံလိုက်မိပါသည်။ တစ်ဖက်သတ် ယောက်ျားတို့အပေါ်တွင် အထင်သေးသော စိတ်



မှာ လျော့ပါးလာကာ "ဘာ့ကြောင့်" ဟူသော အကြောင်းရင်းကို စူးစမ်းလိုသော စိတ်မှာ ပိုမို၍ထက်သန်လာခဲ့ပါတော့သည်။

အတွေးရခက်သော အကြောင်းတို့တွင် 'ယောက်ျားတို့အကြောင်း' သည်လည်း ပြဿနာတစ်ခုပင် ဖြစ်၏။

●

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတို့အကြောင်း

## အမှတ်(၃)

ယောက်ျားတို့အကြောင်းကို ကျွန်မ ဂရုတစိုက် တွေးမိလာလေလေ၊ ပိုမိုစိတ်ဝင်စားစရာများကို အများကြီး တွေ့ရလေပင်ဖြစ်၏။ ယခင်လက ရေးခဲ့သော ဦးလေးအကြောင်းတွင် ဦးလေးအပေါ် ဒေါမနဿစိတ်များ ကျွန်မ ပွားများလာသည်နှင့်အမျှ "ယောက်ျားများသည် ဘာကို မက်မောတတ်ပါသလဲ"ဟူသော အတွေးကိုလည်း ကျွန်မ ခဏခဏတွေးမိ၏။

* * *

လွန်ခဲ့သော ၅ နှစ်ခန့်က ကျွန်မတို့တွင် ကားကလေးတစ်စီး ရှိခဲ့သည်။

ကားဝယ်ပြီးလျှင်ပြီးချင်းတွင် အစ်ကိုက ဒရိုင်ဘာလိုချင်သည်ဟုဆို၏။ ဒရိုင်ဘာအမြောက်အမြား လာရောက်တွေ့ဆုံကြသော်လည်း သူသည် တစ်ယောက်မျှ သဘောမကျပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကို့က ဒရိုင်ဘာပေမယ့် ကျက်သရေရှိမှ သဘောကျတာ"ဟု ဆို၏။

ကျွန်မတို့အိမ်သားများသည်လည်း သူ့ဆန္ဒကို တစ်စုံတရာဘာမျှ မဝေဖန်သေး။ ကျွန်မစိတ်ထဲတွင်မူ ကျက်သရေရှိသည် မရှိသည်တို့ထက် သမီးလေးနှင့် ညီမလေး ကျောင်းသွား၊ ကျောင်းပြန်ရန်အတွက် စိတ်ချရလျှင် တော်ပြီဟု ယူဆထား၏။ ကျွန်မတို့ခေတ်တွင် မိန်းမတို့သည်လည်း အိမ်ကို ပစ်၍ စီးပွားရှာကြရ၏။ ယခင်ကလို အိမ်ကို စောင့်၍ မထိန်းနိုင်ကြပေ။ ထို့ကြောင့် စိတ်ချရသော အိမ်စေမိန်းကလေးများနှင့် ဒရိုင်ဘာများမှာ လိုအပ်သော လုပ်ဖော်ကိုင်ဖက်အဖြစ် အိမ်ထောင်တစ်ခုတစ်ခုတွင် ပါဝင်လာကြသည်ဟု ကျွန်မယူဆမိ၏။

ကားဝယ်ပြီး နောက်တစ်လတွင်မူ အစ်ကိုနှင့်အတူ လူတစ်ယောက် ပါလာ၏။

"မှုံရေ၊ ကိုယ်တော့ ဒရိုင်ဘာတစ်ယောက် ရလာပြီ၊ ကဲ သူ့မျက်နှာက ကျက်သရေမရှိဘူးလား"

ကိုက သူခေါ်လာသော ဒရိုင်ဘာကိုပြ၏။

အစ်ကိုခေါ်လာသူသည် အသားမည်း၍ မျက်ခုံးမွေးကြီး၏။ နဖူးမှာ ကျယ်ရုံမက တစ်စုံတစ်ရာကို မတွေးဘဲနေစဉ်တွင်ပင် နဖူးရေများ တွန့်၍ နေလေသည်။ ပါးစပ်ပြဲသော်လည်း ရယ်ရွှင်လိုသောဟန် ရှိပုံမရပေ။ ကိုယ်လုံးမှာ တောင့်တင်း၍ လက်ပြင်အနည်းငယ် ကုန်းပေသည်။ လမ်းလျှောက်စဉ်တွင်လည်း စစ်သားတစ်ယောက်လို အားရပါးရ လျှောက်၏။

"ကိုသဘောကျရင် ပြီးတာပါပဲ"

ကျွန်မသည် ဒါပဲပြန်ပြောမိ၏။ တကယ်ဆိုလျှင်လည်း ဤအိမ်တွင် သူဦးစီးသူမို့ သူကျေနပ်ဖို့မှာ ပို၍အရေးကြီးပေသည်။

"ကို စစ်ရဲတပ်ရင်း ၄ မှာ ဒုတိယတပ်ရင်းမှူးလုပ်တုန်းက သူက ရဲဘော်ဟောင်းတစ်ယောက်ပဲ၊ ကိုယ့်ရဲဘော်ဆိုတော့ ကိုယ့်အပေါ်မှာလဲ သစ္စာရှိတယ်၊ သမီးလေးနဲ့ မကြေးယုံတို့အတွက်လဲ စိတ်ချရတာပေါ့"



"ဟုတ်ကဲ့ သူ့နာမည်ကရော"

"ဦးထွေးတဲ့"

ဒရိုင်ဘာပင်ဖြစ်သော်လည်း သူသည် အစ်ကို့ထက် အသက်ကြီးဟန် ရှိ၏။ အစ်ကိုကိုယ်တိုင်ကပင် သူ့ရဲဘော်ကို ဦးထွေးဟု လေးလေးစားစား ခေါ်သောအခါ ကျွန်မတို့ တစ်အိမ်လုံးကလည်း သူ့ကို ဦးထွေးဟု တရိုတသေ ခေါ်ကြ၏။

သူရောက်စက အစ်ကိုပြောသော 'ကျက်သရေ' ဆိုသောစကားကို ကျွန်မ နားမလည်။ ဦးထွေးမျက်နှာတွင် ဘာများ ကျက်သရေရှိပါလိမ့်ဟု ကျွန်မ ခဏခဏ တွေးကြည့်မိ၏။ သို့သော် ကျက်သရေကို ကျွန်မ ရှာမရပေ။

မကြာခင်တွင်ပင် အိမ်သားအားလုံးလိုလို ဦးထွေးကို ချစ်ခင်လာကြသည်။ ဦးထွေးအတွက် နေစရာအိမ်တွင်မက ထမင်းကိုလည်း ကျွေးရသည်။ လခကိုလည်း ၁၂၀ိ ပေးရလေသည်။

ဦးထွေးမိန်းမမှာ ဦးထွေးထက် အသက် ၁၅ နှစ်ခန့် ငယ်ပုံရ၍ အသက် ၂၀ ကျော်လောက်ပင် ရှိပေဦးမည်။ ကိုယ်ထည်လုံးလုံးကျစ်ကျစ်နှင့် မျက်နှာမှာ ချစ်စရာကောင်းပေသည်။ သူရယ်လိုက်လျှင် မျက်လုံးကလေးများ ပိတ်သွားအောင် ရယ်တတ်၏။ သူတို့နှစ်ယောက်ကို ပေးရသောအိမ်မှာ မြို့ပြင်ရှိ ကျွန်မတို့ ခြံလေးထဲတွင်ရှိသော အိမ်လေး ဖြစ်၏။

ညနေမိုးချုပ်၍ ဦးထွေးပြန်လာခါနီးတိုင်း သမီးလေးသည် ပြေး၍ နှုတ်ဆက်၏။

"ဦးထွေး၊ နက်ဖြန် စောစောလာပါ"

သမီးနှုတ်ဆက်စကားမှာ ဒါပဲဖြစ်၏။ ထိုစဉ်က သမီးလေးမှာ ငယ်ငယ် ပင်ရှိသေး၍ ဦးထွေးသည် သမီးလေးကိုပွေ့ချီကာ ရယ်မောပြီးမှ ပြန်တတ်၏။

သူသည် သမီးလေးနှင့် မကြေးယုံတို့ ကျောင်းပို့ကျောင်းပြန်ကိစ္စသာ မက သမီးလေး စားရေးသောက်ရေးကို ဂရုစိုက်ရ၏။ အိမ်ဖော်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ခွင့်နှင့်ပြန်ချိန်တွင် ဦးထွေးသည် သမီးလေးကို ကျောင်းက ပြန်ခေါ်ပြီး ထမင်းကျွေး၊ အဝတ်အစားလဲပေးနှင့် လူယုံတော်ကြီးသဖွယ် ဂရုတစိုက် လုပ်ဆပေးလေသည်။ တကယ်ဆိုလျှင် သမီးလေးအား ဦးထွေးလက်သို့ ကျွန်မတို့ မှီအပ်ထားခြင်းပင်ဖြစ်၏။

ပထမသော် ကျွန်မစိတ်ထဲတွင် သူများပြောစကားဖြင့် ဦးထွေးကို ပေးရသောလခသည် ကြီးသည်ဟု ထင်လေသည်။ တချို့တွင် ထမင်းကျွေး၊ အိမ်ပေးဆိုလျှင် လခ ၈၀ နှင့် ရသည်ဟု ဆိုကြ၏။ သို့သော် ကာလကြာမြင့်စွာလာလေလေ ကျွန်မသည် ဦးထွေး၏ တန်ဖိုးကို ပို၍သိလာ၏။ ဦးထွေးသည် လခ ၁၂၀ နှင့်ပင်မတန်။ ကျွန်မတွင် အင်အားရှိပါက ထို့ထက်ပင်ပို၍ ပေးသင့်ပေသေးသည်။ သူသည် သစ္စာရှိ၍ အားကိုးရသော ရဲဘော်တစ်ယောက် ကျွန်မအတွက် ဖြစ်လာလေသည်။

မိုးသည်းသော နေ့တစ်နေ့တွင်မူ ဦးထွေးပေါ်မလာပေ။ ကလေးနှင့် မကြေးယုံကိုရော၊ ကျွန်မရုံးအသွားကိုပါ အစ်ကိုက ကားမောင်း၍ လိုက်ပို့ရ၏။ ပြီးမှ သူ့ရုံးကို ဆက်သွားတော့သည်။

ဦးထွေးသည် ကိစ္စတစ်ခုခုဖြစ်၍ မလာနိုင်လျှင် တစ်ယောက်ကို အပြောလွှတ်မြဲဖြစ်၏။ ယခုမူ ဦးထွေး ဘာဖြစ်၍များ၊ ဘာကြောင့် အကြောင်းမကြားပါသနည်း။

ညနေစောင်းတွင်မူ အစ်ကိုသည် သူ့ကားကို ကိုယ်တိုင်မောင်း၍ ဦးထွေးရှိရာ ခြံသို့ ထွက်သွားတော့သည်။

ဦးထွေးမလာသည့်အတွက် စိတ်သောကအဖြစ်ဆုံးမှာ သမီးလေး ဖြစ်၏။

"ဦးထွေးဘာဖြစ်လို့လဲ မေမေ"

ကျွန်မကိုလည်း သူမေး၏။

"ဦးထွေး ဘာဖြစ်လို့လဲ အန်တီကြေးယုံ"



သူ့အဒေါ်ကိုလည်း မေး၏။

"ဦးထွေး ဘာဖြစ်လို့လဲ မမအေး"

အိမ်ဖော်မိန်းကလေးကိုလည်း မေး၏။ သူ၏ ကစားဖက်ဖြစ်ရုံမက ကျောင်းသွားကျောင်းပြန် သူ့ကို ဂရုတစိုက် စောင့်ရှောက်ကျွေးမွေးသူမို့ သမီးတွင် တွယ်တာသောသံယောဇဉ် ကြီးမားလာဟန်ရှိလေသည်။ အစ်ကို ပြန်လာမှပင် ကျွန်မတို့ အကြောင်းစုံသိရ၏။

"ဦးထွေး မနေ့က ဒီအိမ်ကပြန်သွားတော့ သူ့အိမ်မှာ သူ့မိန်းမ မရှိတော့ဘူး"

"ဟင်"

ထမင်းစားပွဲတွင်ရှိသော လူအားလုံး အစ်ကို့စကားကြောင့် သံပြိုင်'ဟင်' မိကြ၏။

"ဦးထွေးက စိတ်မချမ်းသာဘူးပေါ့၊ တစ်ညလုံး သူသွားတတ်တဲ့ နေရာတွေ လိုက်ရှာတာလဲမတွေ့၊ ဒီမနက်တော့ မိန်းကလေးရဲ့ အစ်မတို့၊ မောင်တို့ဆီ သွားအကြောင်းကြားရတာကိုး၊ ဒါကြောင့် အလုပ် မဆင်းတာ"

"ဘယ်ကိုများသွားပါလိမ့်၊ စိတ်ဆိုးသွားတာလဲ မဟုတ်ဘူးလား"

"ဦးထွေးအပြောတော့ ဘာမှမဖြစ်ဘူးလို့ ဆိုတာပဲ"

ကျွန်မတို့အားလုံးလိုလို ဦးထွေး သူ့မိန်းမကို ပြန်တွေ့ပါစေဟု ဆုတောင်းကြ၏။ သူ့မိန်းမမှာ ခပ်အအမို့ မတော်သူတို့လက်ထဲ ရောက်သွားမှာကို ကျွန်မ အလွန်စိုးရိမ်မိပေသည်။ ရန်ကုန်မြို့မှာ ငယ်ရွယ်သူ မိန်းကလေးတို့အတွက် အန္တရာယ်ကြီးလှလေသည်။

နှစ်ရက်မြောက်သောနေ့တွင်မူ ဦးထွေးရောက်လာ၏။

"မမှူးရေ၊ သန်းမေကို ပြန်တွေ့ပြီ၊ သူ့အစ်ကိုက အလုံဂတ်မှာ ပုလိပ်လုပ်လို့ ကျွန်တော် သွားအကြောင်းကြားထားတယ်၊ သူပဲ ရှာပေးတယ်၊ တွံတေးက အဒေါ်ဆီပြန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွေးကာ မိန်းမပြန်တွေ့၍ ဝမ်းသာအားရ ပြောရှာ၏။ ကျွန်မ ရင်ထဲတွင်မူ အမေ့ဆီပြန်လိုလျှင် လင်ကိုပြောဆို၍ ပြန်လျှင်လည်း ဖြစ်ပါ၏။ ကျွန်ုပ်နှင့် မသန်းမေသည် ယခုလို အထိတ်တလန့် ဘာ့ကြောင့် လုပ်သနည်း။ သို့သော် သူတို့အိမ်ထောင်ရေးတွင် မစပ်စုလိုသော ကျွန်မ နှုတ်ဆိတ်၍နေလိုက်၏။

ကျွန်မတို့အိမ်၏ စက်ယန္တရားလည်း ဆက်လက်၍ လည်မြဲလည်ပြန်သည်။

နောက်တစ်နှစ်တွင်မူ ကျွန်မတို့မိသားစုတွေ မုန်တိုင်းတိုက်ခတ်ခံရသည်ဟု ဆိုလျှင်မှားပေ။ ကျွန်မရောဂါကြောင့် ရန်ကုန်ဆေးရုံတွင်မက အိန္ဒိယကိုပင် ထွက်ခွာသွားကာ ကုသရ၏။

အိမ်ကိုနောက်ဆံငင်သော်လည်း လူယုံတော်ကြီး ဦးထွေးက ဘာမှမပူရန် အားပေးရှာ၏။ အိမ်ဖော် မိန်းကလေး မအေးကလည်း သူ အိမ်ကိုနိုင်အောင် ထိန်းနိုင်သူမို့ စိတ်ချရန် ပြော၏။ အစ်ကို့မှာမူ အိမ်တွင် ဒုက္ခရောက်နေသော အချိန်တိုင်းလိုလိုပင် စစ်စခန်းတစ်နေရာသို့ ထွက်ခွာသွားရတတ်သူ ဖြစ်၏။

"ဘာမှမပူနဲ့မမှုံရေ၊ ကိုကအစကတည်းက ကိုတို့အိမ်ကို စစ်တပ်တစ်တပ်လို လေ့ကျင့်ပေးထားတာ၊ တစ်ယောက်မရှိလဲ ရှိတဲ့လူနဲ့ အရှိန်မပျက် ဆက်သွားနိုင်ရမှာပေါ့"

ကိုပြောသလိုပင် ကျွန်မတို့အိမ်မှာ ကိုယ့်အရှိန်နှင့်ကိုယ် လည်သွား၏။ အိမ်တွင် အကြီးအမှူးဖြစ်သောအစ်ကို စခန်းတစ်နေရာသို့ ထွက်သွားဆဲတွင် ကျွန်မလည်း အိန္ဒိယသို့ ထွက်ခွာသွားခဲ့ရ၏။ အိမ်ကို ဒီလိုပင် ထားရစ်ရ၏။

အိန္ဒိယကပြန်လာချိန်တွင် အစ်ကိုတစ်ယောက်သာ လာကြို၏။ အိမ်ပြန်ရောက်ရောက်ချင်း ကျွန်မသည် ဦးထွေးအကြောင်း မေးရ၏။

"ကို,လာကြိုတာ ဦးထွေးလဲပါမလာပါလား ကို"

"အေး၊ မှုံ စိတ်မချမ်းသာမှာစိုးလို့ ကိုလဲမပြောတာ၊ ဦးထွေးမိန်းမ လင်ငယ်နောက်လိုက်သွားလို့"

"ဟင်..."



အိမ်သားများမှာမူ အကျိုးအကြောင်းသိပြီးဖြစ်၍ စိတ်လှုပ်ရှား ပုံမရပေ။ ကျွန်မအတွက်သာ တအံ့တသြ ဖြစ်နေလေသည်။

"ကိုရယ်၊ ဦးထွေးက အသက်ကြီးလို့ မသန်းမေက သူ့ဆန္ဒ မလိုက်နိုင်လို့များ လင်ငယ်နောက် လိုက်သွားတာလား"

"မှုံကလဲကွယ်၊ ဦးထွေးအသက်ကြီးတယ် ဆိုရအောင် ၃၅ နှစ်ကျော်ကျော်ပဲ ရှိသေးတာကို ကို့ထက် တစ်နှစ်ပဲ ကြီးတယ်။ ကို အသေးစိတ်မေးပြီးပြီ။ ဒါကြောင့်လဲမဟုတ်ဘူး၊ ဦးထွေးဖြင့် ဒီတစ်ခါ အတော်စိတ်ထိခိုက်ပုံရတယ်"

"ထိခိုက်တာပေါ့ ကိုရာ၊ စိတ်ထိခိုက်တာထက် ရှက်လည်းရှက်မှာပေါ့၊ ဘယ်တုန်းက လိုက်သွားတာလဲ"

"မှုံမလာခင် တစ်ပတ်လောက်ရှိသေးတယ်၊ အဲဒါ ခုတော့ သတင်းကြားတယ်၊ နောက်လင်ငယ်က သူ့ကို ပိုက်ဆံရှာခိုင်းလို့ လာကယ်ပါလို့ သူ့အမေဆီ စာရေးသတဲ့၊ သူ့အမေက ဦးထွေးကို ငိုပြီး လာတောင်းပန်တယ်၊ ကယ်ပါဦးဆိုလို့ ဦးထွေးလိုက်သွားလေရဲ့၊ သထုံဘက်မှာ ကို့အသိရဲဘော်တွေလဲ သထုံမှာရှိလို့ ဦးထွေးကို ကူညီဖို့ စာရေးပေးလိုက်တယ်"

"ဖြစ်မှဖြစ်ရလေကိုရယ်၊ ဦးထွေး မသန်းမေကို ပြန်ခေါ်လာမှာပေါ့"

ကိုသည် ဖျတ်ခနဲ ကျွန်မကို ဒေါသနှင့်ကြည့်လိုက်၏။

"ဒီလိုမိန်းမမျိုးကို ဘာဖြစ်လို့ ပြန်ခေါ်မှာလဲဟင်၊ ဟိုဘဝရောက်သွားမှာစိုးလို့ ကို့မှာတာဝန်ရှိတယ် ယူဆပြီး ဦးထွေးကို သွားခေါ်ဖို့ ခိုင်းရတာ၊ ဦးထွေးက တစ်စက်မှ သွားချင်တာမဟုတ်ဘူး၊ ခုလဲ သူ့အမေပါ ပါသွားတယ်၊ ဟိုကောင့်လက်က ပြန်ယူပြီး အမေကြီးကို အပ်ခဲ့ရမှာ၊ ဦးထွေးကရဲဘော်၊ စိတ်ထလာရင် လူတောင်သတ်ရဲတာ သိလား"

ဦးထွေးစိတ်ဆိုးပုံကို ပြောရင်းကပင် အစ်ကိုပါ စိတ်ဆိုးလာပြီကို ကျွန်မသိ၍ ငြိမ်သက်နေလိုက်၏။ နှစ်ရက်မြောက်နေ့တွင်မူ ဦးထွေး အလုပ်ပြန်ရောက်လာ၏။ သူ့မျက်နှာ မသာပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ အဆုံးမသတ်နိုင်သော ရောဂါကြောင့် ရှမ်းပြည်နယ် တောင်ပိုင်းတစ်နေရာသို့ ဆက်လက်၍အနားယူရန် ကျွန်မ ထွက်ခွာသွားရဦးမည် ဖြစ်၏။ မသွားခင် လိုအပ်သောပစ္စည်းလေးများ ဝယ်ယူစရာ ရှိလေသည်။

“မှုံ ခုတလော ဦးထွေးကို ကားမောင်းမခိုင်းနဲ့၊ စိတ်ထိခိုက်နေတဲ့အချိန် ကားမောင်းရင် အထိအခိုက် ဖြစ်တတ်တယ်၊ ကိုကိုယ်တိုင် မှုံသွားချင်တဲ့ နေရာတွေ လိုက်ပို့မယ်”

အစ်ကိုက သူပြောသည့်အတိုင်းပင် ဦးထွေးကို အနားပေးကာ သူကိုယ်တိုင် ကားမောင်း၏။ ထိုအချိန်က နွေရာသီကျောင်းပိတ်ချိန် ဖြစ်၍ ကလေးများအတွက် အလုပ်မရှုပ်ပေ။

ကျွန်မ ခရီးမထွက်ခင် တစ်ညနေတွင်မူ ထမင်းစားပွဲ၌ ဦးထွေး၊ ကိုနှင့် ကျွန်မတို့ ဆုံမိကြ၏။ ထမင်းစားကြရင်းပင် ကျွန်မသည် အေးအေးဆေးဆေး စကားစ၏။

“ဖြစ်ပြီးခဲ့တာတွေလဲ ပြီးခဲ့ပါပြီ၊ ဦးထွေးရဲ့ စိတ်သဘောလဲ ကျွန်မတို့ သိပ်လေးစားပါတယ်၊ ကျွန်မလဲ ခရီးထွက်ခါနီး ဦးထွေးလက်ကိုပဲ ဒီအိမ်ကို အပ်ခဲ့ရဦးမှာ၊ ဦးထွေး စိတ်ချမ်းသာလက်ချမ်းသာ ရှိနေရစ်စေချင်တယ်”

ဦးထွေးနှင့်ကိုသည် ကျွန်မ ဘာပြောမည်ကို ဆက်၍နားစွင့်နေကြ၏။

“ဒီတော့ အမေ့လက်ထဲမှာရှိနေတဲ့ မသန်းမေကို ဦးထွေး ပြန်ပေါင်းဖို့ စဉ်းစားစေချင်တယ်”

“ဘာ”

ဦးထွေးသည် ကြောက်စရာကောင်းသော မျက်နှာထားကြီးနှင့် ကျွန်မကို ပြန်ကြည့်၏။ ကျွန်မထံတွင် အလုပ်လုပ်နေသော အချိန်အတွင်း ဦးထွေးသည် ထိုကဲ့သို့မျက်နှာထားမျိုးနှင့် ကျွန်မကို တစ်ခါဖူးမျှ မကြည့်ဖူးပေ။ ကျွန်မလည်း စိတ်ထဲတွင် လန့်သွား၏။ “မမှုံ ကျွန်တော့်ကိုခင်ရင် ဒီစကားမျိုး ဆက်မပြောပါနဲ့၊ ကျွန်တော်ဟာ ဗိုလ်ကြီးနဲ့ မမှုံကို သွေးရင်းသားရင်းလို ချစ်လို့ ကျွန်တော် အလုပ်လုပ်ပေးနေတာ၊ ကျွန်တော့်အဖို့လဲ ဘာမှ လျှို့ဝှက်



ထားစရာမရှိဘူး၊ ကျွန်တော်ပြောပြမယ်၊ သထုံမှာ သူ့ကိုသွားခေါ်ဖော့ သူ့လင်ငယ်နဲ့အတူ သူ့ကို ကျွန်တော်တို့ ပက်ပင်းသွားတွေ့တယ်၊ သူ့အမေရော၊ သူ့အစ်ကိုပါ ကျွန်တော်တို့နဲ့ အတူပါတယ်၊ ရဲဘော်တွေလဲ ရှိတယ်ပေါ့၊ အဲဒါတွေ အားလုံးရှေ့မှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဘယ်လိုပြောတယ်အောက်မေ့လဲ၊ ‘ရှင့်ကို ကျွန်မ,မပေါင်းနိုင်ဘူး၊ ယင်ငယ်နဲ့ပဲနေမယ်’ တဲ့၊ ကဲ၊ သူ့အစ်ကိုကသာ အသားဆတ်ဆတ်တုန်ပြီး ရိုက်နှက် ဝင်ခေါ်ခဲ့တာ၊ လင်ငယ်လဲပြေးရော၊ အဲဒီလောက်ထိ ရက်ရက်စက်စက် ပြောတဲ့မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ့်နှယ်လုပ် ပေါင်းနိုင်မလဲ၊ မမှုံ ကျွန်တော့်နေရာကနေ တွေးကြည့်စမ်းပါ”

သူသည် ခပ်မာမာပင်ပြောကာ လက်ဆေး၍ စားပွဲမှ ထ,သွားတော့သည်။ ကျွန်မလည်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်၏။ ကိုကတော့ ခေါင်းသာပုန်ထပါတော့သည်။

“မှုံတစ်ယောက်ဟာ ကိုယ့်ဘာသာ နေတာမဟုတ်ဘူး၊ သူများ လင်မယားကြား ဝင်ရှုပ်ချင်တယ်၊ ဦးထွေးအနေနဲ့ စဉ်းစားကြည့်စမ်း၊ ဘယ်လောက် အသည်းနာစရာ ကောင်းသလဲ၊ ဦးထွေးမို့လို့၊ ကိုသာဆို သထုံမှာကတည်းက ဒီမိန်းမ နုတ်နုတ်စဉ်းပြီးပြီ”

“ဩော်... ကိုကလဲကွယ် ဒေါသမဖြစ်ပါနဲ့၊ သူများလင်မယားကြားဆိုတာ လင်မယားချင်း မသင့်မတင့်ဖြစ်အောင်ပြောမှ ဝင်ရှုပ်တယ်လို့ ခေါ်တာပေါ့၊ ခုဟာကတော့ ပြန်ပေါင်းစေချင်လို့ သင့်တင့်အောင် ပြောပေးတာပဲ၊ မှုံတို့မှာ လူကြီးဝတ္တရား ရှိသေးတယ်မဟုတ်လား၊ သူ့မျက်နှာ မကြည်သေးတာလဲ မှုံတို့ ဘယ်စိတ်ချမ်းသာမလဲ”

“ဟော့... ဦးထွေးစိတ်ချမ်းသာအောင် နောက်တစ်ယောက်ကို အသည်လောက်ကုန်ကုန် တောင်းပေးမယ်လို့ ကိုယ်ပြောထားပြီးပြီ။ မှုံ့ကသော ခရီးထွက်မှာ အေးအေးထွက်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း ကျွန်မကို မှာန်မဲကာ ထမင်းစားပွဲမှ ထ,သွားပြန်သည်။

* * *

ကျွန်မအနားယူရာ ရှမ်းပြည်နယ်တောင်ပိုင်းသည် ချမ်းမြေ့အေးချမ်း၏။ ရာသီဥတုအေးရုံမက ရှုခင်းက သာယာပေသည်။ တောင်ထိပ်တွင် တောခြင်းနီးများဖုံးနေသော တောင်ကုန်းမှာ ကျွန်မတို့အိမ်ရှေ့ ဘက်တွင်ရှိ၏။ ဆောင်းသို့တိုင်လျှင် ချယ်ရီပွင့်များသည် တောင်ခြေတွင် စီရရီ ပွင့်နေကြသည်။ ကျွန်မတို့အိမ်ကလေးကပင် တောင်ကုန်းငယ်တစ်ခု၏ ထိပ်တွင်ရှိ၍ ရှုခင်းကို အပေါ်ကစီး၍ မြင့်နေရသည်။ တောင်စောင်းတစ်နေရာ လမ်းကွေ့တွင်မှ ဗိုလ်ကြီးစိုးမင်းသည် ဘိအိုင်အေ၊ ဘီဒီအေလက်ထက်ကတည်းက အစ်ကိုနှင့်အတူ ဂျပန်ပါးရိုက် ခံကြရသူများ ဖြစ်ခဲ့ကြ၏။ တော်လှန်ရေး ရောက်တော့လည်း လက်တွဲခဲ့သော ရဲဘော်ဟောင်းများ ဖြစ်ခဲ့သည်။ သူသည် မကြာခဏဆိုသလိုပင် ကျွန်မတို့အိမ်သို့ လာလည်၏။ ကျွန်မ၏ ကျန်းမာရေး အခြေအနေကို မေးရုံမက နေရေး,ထိုင်ရေး သက်သောင့်သက်သာ ဖြစ်ဖို့ အတွက် အစဉ်ကူညီ၏။ သူ၏ဇနီးသည် အနွဲ့ကိုမူ ကျွန်မ မတွေ့ရသေးပေ။

သို့သော် နေ့လယ်သို့တိုင်လျှင် ဖျတ်လတ်သွက်လက်စွာ အဝတ်များ ဖွပ်လျှော်လှမ်းနေသော အနွဲ့ကိုမူ ယောင်ကုန်းပေါ်မှ လှမ်း၍မြင် နေရလေသည်။ တစ်ညနေတွင်မူ အနွဲ့ပါ ကျွန်မတို့အိမ်သို့ လာရောက်လည်ပတ်၏။ အနွဲ့သည် အနီးကပ်မြင်ရသောအခါ ပို၍ ချစ်စရာ ကောင်းလေသည်။ သူ့ ပါးကလေးများသည် ဖောင်းအိ၍ အစဉ်ပြုံးနေသော မျက်နှာပေးဟန် ရှိပေသည်။ တောင့်တင်းပြေပြစ်၍ ခန့်ညားသော ကိုယ်လုံးကိုယ်ဟန်မှာ ဗိုလ်ကြီး ကတော်ဂိုက် ပီသပေသည်။ ဝတ်စားထားဟန်ကလည်း သပ်သပ်ရပ်ရပ်



ရှိပေသည်။ ကလေးခုနစ်ယောက် အမေအဖြစ် ကသီလင်တ ဖရိုဖရဲဟန် သူ့တွင် မရှိပေ။

"ကျွန်မကတော့ ဒီပြတင်းကနေ အနွဲ့ဘာလုပ်နေတယ်ဆိုတာ အမြဲ မြင်နေရတာပဲ၊ အနွဲ့ဟာ နေ့လယ်မှာဆိုရင် တစ်ခါမှ နားနေတယ် မရှိဘူး နော်"

အနွဲ့သည် ကျွန်မညွှန်ပြသော ပြတင်းမှ သူ့အိမ်ကလေးကို လှမ်းကြည့်၏။

"ချက်ရေးပြုတ်ရေး ထားလိုက်ဦး၊ ဒီကလေး ခုနစ်ယောက် အဝတ် ဖွပ်ရလျှော်ရတာကိုက နားရတယ်မရှိဘူး မှုရယ်" ဟု သူက ပြုံး၍ပြန်ပြော၏။ အနွဲ့ပြန်သွားလျှင် အနွဲ့အကြောင်းကို အစ်ကိုအား ကျွန်မက ချီးကျူး၍ ပြောပြ၏။

"အနွဲ့ဟာ အိမ်ထောင်ကို နိုင်ရုံတင်မကဘူး၊ ကိုစိုးမင်းက ကစား သိပ်ဝါသနာပါတယ်၊ ကစားပွဲသွားချင်လို့ ငွေပေးစမ်းဆိုရင် တစ်ပြားမှ မချန်ဘူး၊ အကုန်ပေး၊ လက်ဝတ်လက်စား ချွတ်ပေးဦးဆိုလဲ တစ်ခုမချန် ဘူး၊ အားလုံး ကြည်ကြည်သာသာ ပေးလိုက်တာပဲ၊ သိပ်အေးတဲ့ မိန်းကလေး ပဲတဲ့"

အစ်ကိုကလည်း အနွဲ့ကို အတော်ပင်ချစ်ခင်ဟန် ရှိ၏။ ဗိုလ်ကြီးစိုးမင်း အပေါ်တွင်လည်း ညီတစ်ယောက်လိုပင် ခင်မင်ပုံရလေသည်။ ကျွန်မသည် အိမ်တွင်းမှာပင် အချိန်ကုန်သည်က များ၏။ ပြတင်းမှ လှမ်းမြင်ရသော ထင်းရှူးပင်များ၊ တောင်ခြေတွင် ဝိုက်၍ဝိုက်၍စိုက်ထားသော ဒေလီယာ ပွင့်များနှင့် နှင်းဆီရိုင်းများသည်သာ ကျွန်မ၏ စိတ်ဖြေစရာရှုခင်းများ ဖြစ် လေသည်။ အစ်ကို သွားရောက်လည်ပတ်ရာကိုလည်း ကျွန်မ,မလိုက်ချင်သော တစ်ခါတရံ ပြတင်းတွင်ရပ်ရင်း လောကကြီးအား မှန်ထဲအမြင်နှင့်သာ ခံစား နေရသော (လေဒီအော့ ဖရှယ်လော့တ်)ကဗျာထဲက ရှယ်လော့တ်ရှာသူကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတွေးမိ၏။ ကျွန်မသည်လည်း ပြင်ပလောကကို မှန်ပြတင်းမှ ကြည့်ရင်းသာ အချိန်ကုန်ခဲ့ရလေသည်။

နှင်းမှုန်အောက်တွင် ပန်းခင်းကလေးများသည် ရောင်စုံကော်ဇောသဖွယ် ပြန့်ကျယ်လှသည်။ တစ်ခါတရံ တောင်ခြေကိုပတ်၍ ခြေသွားလမ်းအတိုင်း မောင်းနှင်သွားသော နွားအုပ်နှင့် နွားကျောင်းသား ဂေါ်ရခါးလေးများကို တွေ့ရ၏။ နွားခလောက် ဒိုးဒိုးဒေါင်ဒေါင်အသံများသည် တောင်ထိပ်သို့ လွင့်ပျံ့၍လာလေသည်။ တနင်္ဂနွေနေ့သို့ တိုင်လျှင် တောင်ခြေရှိ ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန်သွားကြသော ခရစ်ယာန်ဝန်ဝတ် စုံတွဲများအား ထင်းရှူးပင်များအောက်တွင် တွေ့ရလေသည်။ ကျွန်မကဲ့သို့ ပိုးမွေးသလို မွေးနေရသော ရောဂါသည်တစ်ယောက်အား ပေါင်းသင်းနေရခြင်းမှာ အစ်ကို့အတွက် ညည်းငွေ့ စရာပင် ဖြစ်သည်ဟု ကျွန်မတွေးမိသောအခါ ကျွန်မဘဝကိုကျွန်မ အတော်ပင် စိတ်ပျက်မိသည်။ ထိုအခါတွင် အိမ်တောင်ဘက်ပြတင်းသို့ပြေး၍ အန္တီ့တို့အိမ်ဘက်သို့ ကြည့်ရ၏။ အန္တီ့သည် ရွှင်လန်းဖျတ်လတ်စွာ အိမ်အလုပ်များကို လုပ်အပြီးတွင် သူ့ကလေးငယ်များနှင့်အတူ သစ်တော်ပင်အနီးတွင် ပြေးဆော့နေတတ်ပေသည်။

တစ်နေ့တွင် အစ်ကိုက ကျွန်မကို ထမင်းစားပွဲတစ်ခုသို့ခေါ်၏။

"မှုံရေ ဟယ်လင်တို့အိမ်က ဒီနေ့ည ထမင်းစားဖိတ်ထားတယ်၊ မှုံလဲ ပါတယ်၊ လိုက်မလား"

"မှုံ မလိုက်ချင်ပါဘူး ကိုရယ်" ကျွန်မသည် ဒါပဲ ပြောလိုက်မိ၏။

"မှုံဟာ ကိုယ်တစ်ယောက်တည်း ဟယ်လင်တို့အိမ်ကိုလွှတ်တာ မစိုးရိမ်ဘူးလား"

ကျွန်မက ပြုံး၍နေလိုက်၏။ ဤမြို့ကလေးတွင် ဟယ်လင်တို့ အိမ်ဆိုလျှင် လူငယ်တိုင်း သိလေသည်။ အထူးသဖြင့် လူပျိုလူရွယ်များသည် ဟယ်လင်တို့အိမ်တွင်ပျော်၏။ ဟယ်လင်၏လည်ပင်းမှ ပုလဲသွယ်လေးနှင့် ဟယ်လင်၏မျက်လုံးများ တောက်ပကြောင်းကို သူတို့သည် ခဏခဏ



စကားစပ်မိတိုင်း ပြောကြသည်။ ဟယ်လင့်အစ်မသည် စန္ဒရားတီးတော်၍ ဟယ်လင်က သီချင်းဆိုကောင်းသည်။ ကပွဲလုပ်သောညများတွင်မူ အရက်ချိုများသောက်၍ ဟယ်လင်နှင့်တွဲကရသော ယောကျ်ားလေးများသည် ထိုညကို မမေ့နိုင်ကြပေ။ ဟယ်လင့်အဖေသည် သတ္တုတွင်းသူဌေးတစ်ဦး ဖြစ်လေသည်။ လူငယ်တိုင်းလိုလိုပင် ဟယ်လင်တို့အိမ်သို့ တစ်ခါရောက်ဖူးလျှင် မပြန်ချင်ဟု ဆို၏။

ထို့ကြောင့်ပင် ကိုက "မှုံဟာ ကိုကိုတစ်ယောက်တည်း ဟယ်လင်တို့အိမ်ကိုလွှတ်တာ မစိုးရိမ်ဘူးလား" ဟု မေးခြင်း ဖြစ်၏။ သူ့အတွက် အဝတ်အစားများကို ကျွန်မ ပြင်ဆင်ပေး၏။ မကြာမီ ဗိုလ်ကြီးစိုးမင်း လာခေါ်ကာ သူတို့နှစ်ယောက် ဟယ်လင်တို့အိမ်သို့ ထွက်သွားကြလေသည်။

ဆောင်းနှောင်းလာလျှင် ရန်ကုန်သို့ ကျွန်မပြန်လာခဲ့၏။ အစ်ကိုမှာမူ မလိုက်လာနိုင်ခဲ့သေးပေ။ လေဆိပ်တွင် ဦးထွေးက လာရောက်ကြို၏။ သူ့မျက်နှာသည် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ရှိ၏။ အိမ်ရောက်၍ ဦးထွေး ပြန်သွားပြီးမှ ညီမငယ် မကြေးယုံက ပြောပြ၏။

"မမမှုံ၊ ဦးထွေးရယ် မသန်းမေကို ပြန်ပေါင်းပြီ"

ထိုစကားကိုကြားရ၍ ကျွန်မ မအံ့သြပေ။ မသန်းမေကို ခွဲနေရခြင်းအတွက် ဦးထွေး စိတ်မသက်မသာဖြစ်နေသည်ကို ကျွန်မ ရှမ်းပြည်နယ်သို့ မသွားခင်က သိပြီး ဖြစ်၏။ အမှန်စင်စစ် ဦးထွေးအဖြစ်မှာ မသန်းမေက သူ့ကိုမချစ်၍ စိတ်ညစ်စိတ်ဆိုးနေခြင်းသာ ဖြစ်ပေသည်။ သူကိုယ်တိုင်က မသန်းမေကို မုန်းခြင်းမဟုတ်သည်ကို သူ့ကိုယ်သူ မစဉ်းစားမိပေ။ ဘယ်လိုနည်းနှင့်ဖြစ်ပေစေ၊ သူတို့လင်မယား ကြည်ကြည်ဖြူဖြူ ပြန်လည်ပေါင်းသင်းခြင်းအတွက် ကျွန်မ ဝမ်းသာမိပေသည်။ မိုးကျလာလျှင် အစ်ကိုလည်း ရှမ်းပြည်နယ်မှ ပြန်လာရ၏။ ညစာထမင်းဝိုင်းတွင် ကျွန်မတို့အိမ်သားတစ်စု စုံစုံလင်လင် ပြန်တွေ့ကြပြန်သည်။ ယခုတစ်ကြိမ်မှာမူ သမီးလေးသည် သူချစ်သော ဦးထွေးသတင်းကို သူကိုယ်တိုင် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ၊ ဦးထွေးလေ မသန်းမေနဲ့ ပြန်ညားနေပြီ"

"ဟာ"

ကိုသည် အလန့်တကြား အော်လိုက်၏။ သူစိတ်ထဲတွင်မူ အတော် ထူးဆန်းနေပုံ ရလေသည်။ ထမင်းကိုပင် ရုတ်တရက် မစားနိုင်သလို ခဏ ငိုင်သွားလေသည်။ ကျွန်မကမူ ပြုံး၍သာနေလေသည်။ ကျွန်မအပြုံးသည် သူ့အဖို့ အများကြီး အဓိပ္ပာယ်ရှိ၏။ 'ဘယ့်နှယ်ရှိစ၊ ပြန်ပေါင်းဖို့ မှုံပြောတုန်းက ဆရာတပည့်နှစ်ယောက် မှုံ့ကို ဝိုင်းစိတ်ဆိုးကြ၊ အော်ကြတာ သတိရသေးသလား' ဟု မေးနေဟန်ရှိ၏။ တကယ်လည်း ထိုအဓိပ္ပာယ်နှင့် ကျွန်မက ပြုံးနေခြင်း ဖြစ်သည်။

"အံ့ရောကွယ် မှုံ့ရယ်၊ ဦးထွေးဟာ တော်တော့်ကို ခွင့်လွှတ်နိုင်တဲ့ ရဲဘော်တစ်ယောက်ပဲ"

သူသည် အံ့ဩသလို၊ ဝမ်းနည်းသလို မကွဲပြားသော မျက်နှာထားဟန်နှင့် ဆို၏။

"သြော်...ဒါနဲ့ မှုံ့အတွက် ဦးထွေးနဲ့မသန်းမေသတင်းကြားရတာ ဝမ်းသာစရာ ဖြစ်မှာပဲ၊ အခုကိုပြောမယ့် သတင်းကတော့ မှုံ့အတွက် ဝမ်းနည်းစရာ ဖြစ်လိမ့်မယ်၊ ကိုစိုးမင်းရယ် အန္တွ့ကို ကွာလိုက်ပြီ"

"ဟင်..."

ယခုတစ်ခါ ကျွန်မအလှည့်ဖြစ်၏။ တကယ်ပင် ကျွန်မလက်ထဲမှထမင်းလုတ်ပင် လွတ်၍ကျသွားသည်။

"မဟင်နဲ့မှုံ၊ ဒီလူ ကိုကိုလဲ အတွေ့မခံရဲတော့ဘူး၊ ဟယ်လင်နဲ့ ယူကြတော့မလို့"

"ဘုရား... ဘုရား၊ အန္တွ့ဟာ မိန်းမတစ်ယောက်အနေနဲ့ အတော့်ကို အပြစ်ကင်းတဲ့သူပဲ၊ ဖျတ်လတ်တယ်၊ သွက်လက်တယ်၊ ကလေးခုနစ်ယောက်နဲ့သာဖြစ်တယ် 'သိပ်သပ်ရပ်တာပဲ"



ကျွန်မသည် အန္တွ့ချီးမွမ်းခန်းဖွင့်ရင်း ရှမ်းပြည်နယ်တွင် နေရစဉ်က တွေ့ခဲ့ရသော အန္တွ့တို့အိမ်ထောင်အကြောင်းကို မကြေးယုံအား ပြောပြ၏။ ကျွန်မစကားဆုံးလျှင် အစ်ကိုက သက်ပြင်းချရင်း ပြန်ပြောပြန်သည်။

"ခက်သားလား မှုံ့ရာ၊ ဂျပန်ခေတ်လောက်က ပဲစားပြီး နေလာကတည်းက အန္တွ့က ပေါင်းလာတာလား၊ ခု အရာရှိလခဆိုတာ ကလေး ခုနစ်ယောက်ရှိတဲ့အိမ်ထောင်အဖို့ အနည်းနဲ့အများ ကသီတာပဲ၊ ဟယ်လင့်အိမ်လိုတော့ ဖဲကြောင်းဖော်နေတဲ့ စားပွဲခင်းဖြူဖြူပေါ်မှာ ငွေခွန်းတွေနဲ့ ဘယ်စားနိုင်မလဲ၊ တို့ကောင်တွေက အရက်စုံမြှို့ပြီး ရေဒီယိုဂရမ်က တေးသံနဲ့ က,နေရင် ပဲစားရတဲ့ဘဝတွေဘာတွေ မေ့သွားရော၊ ဟိုတုန်းက လယ်ကန်သင်းပေါ်မှာ အောင်ဘုဘဝနဲ့ ပေါင်းလာတဲ့ အန္တွ့ကို ခုတော့ ကလေးခုနစ်ယောက်မွေးလို့ နို့စော်နံလာပြီ ထင်ပါရဲ့ကွာ"

အစ်ကိုသည် စကားပြောလျှင် အံတုံးလိုက် အတစ်လိုက် ပြောတတ်၏။

"အန္တွ့မို့လို့ ကျန်းမာလို့ ကလေးတွေကို ကိုယ့်နို့ကိုယ်တိုက်ပြီး မွေးနိုင်တာ၊ မှုံသာဆို ဒီလိုသာ ကလေးခုနစ်ယောက် မွေးရရင်လား၊ နို့ဖူးဖိုးနဲ့ အစ်ကို့လ ၁ ကုန်တယ်"

ကျွန်မပြောသည်ကို မကြေးယုံက ရယ်မောလိုက်၏။ ကျွန်မကမူ မရယ်နိုင်ဘဲ ဆက်ပြောမိ၏။

"မှုံပြောရင်လဲ ကိုက မှုံ့တစ်ယောက် အတွေးခေါင်တယ်လို့ သိပ်ပြောတာပဲ၊ မိန်းမတစ်ယောက်အဖို့ အကြီးဆုံးအပြစ်ဟာ လင်ငယ်နေတာပဲ၊ အဲဒီလို ခွင့်မလွှတ်နိုင်လောက်အောင် ကြီးလေးတဲ့အပြစ်မျိုး ကျူးလွန်တဲ့ မသန်းမေကိုတောင် ရဲဘော်ဦးထွေးကြီးဟာ ပြန်ပေါင်းတယ်၊ အန္တွ့မှာ အပြစ် ရှိချင်လဲရှိမယ်၊ ဒါပေမယ့် မသန်းမေလောက် ခွင့်မလွှတ်နိုင်စွမ်းတဲ့ အပြစ်မျိုးတော့ အန္တွ့မှာ မရှိဘူး၊ ဒါကိုတော့ ကိုစိုးမင်းဟာ ကွာပစ်တယ်၊ ယောက်ျားတွေဟာ တော်တော်ဆန်းတဲ့ လူတွေပဲ"

ကျွန်မစကားဆုံးလျှင် မကြေးယုံ စကားစတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြေးယုံသာ ပါဠိတတ်ရင်တော့ ယောက်ျားတွေကို ဝိဂြိုဟ်ပြုချင်တယ်"

"ဘာ"

အစ်ကိုက မကြေးယုံစကားကို တအံ့တသြနှင့် မေးဟန်ပြုလိုက်၏။

"ဒါပေမင့် မကြေးယုံမှာ ပါဠိမှ မတတ်ဘဲ၊ ဒီတော့ ငယ်ငယ်တုန်းက ပထဝီသင်သလို အဓိပ္ပာယ်ရှင်းပြရရင်....

"ယောက်ျားဆိုသည်ကား ကြီးလေးသောအပြစ်များကို ကျူးလွန်သူအား ခွင့်လွှတ်နိုင်၍ အသေးအဖွဲ့အပြစ်များကို ကျူးလွန်သူအား ခွင့်မလွှတ်နိုင်သူကို ယောက်ျားဟုခေါ်သည်"ဟု ပြောလိုက်၏။

သူ့စကားဆုံးလျှင် အစ်ကိုက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

ကျွန်မကမူ မရယ်နိုင်ပါပေ။ ဤရဲဘော် ဦးထွေးနှင့် ကိုစိုးမင်းအကြောင်းမှာ ကျွန်မအတွေးဝယ် အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်ခဲ့ပါတော့၏။

ယခုမှပင် "ဦးထွေးမျက်နှာသည် ကျက်သရေရှိသည်"ဆိုသော အစ်ကို၏ 'ကျက်သရေ'ဆိုသောသဘောကို ကျွန်မ ဝိုးဝါးတွေးမိပါတော့သည်။

သို့သော် 'ယောက်ျားများသည် ဘာကို မက်မောတတ်ပါသလဲ'ဟူသော မေးခွန်း၏ အဖြေကိုမူ ကျွန်မ ယခုထိ မသိသေးပေ။

●

# ယောက်ျားတို့အကြောင်း

## အမှတ်(၄)

ကလောမှ ရန်ကုန်သို့ ရထားထွက်ချိန်သည် စောလွန်းလှသည်။ ရထားတွဲထဲတွင် မီးရောင်မှာ ဝိုးတိုးဝါးတားသာ လင်းနေ၍ တစ်ယောက်မျက်နှာကိုတစ်ယောက် သဲကွဲစွာမမြင်ရပေ။ သို့သော် ထိုနေ့က ကျွန်မတို့တွဲတွင် ဗိုလ်ကြီးလင်မယား တစ်စုံတွဲ၊ ကလေးငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ပါလာမည်ဟု ကျွန်မ ကြိုတင်သိရှိပြီး ဖြစ်သည်။

ကျွန်မတို့ဇနီးမောင်နှံနှစ်ယောက်နှင့် ပေါင်းပါမှ အားလုံး လူခြောက်ယောက် တည်းရှိမည်ဖြစ်၍ ချောင်ချိစွာ သွားနိုင်ပေသည်။ ရန်ကုန်မှ ကျွန်မတို့ကို လာခေါ်သော ရဲဘော်သက်ဖေမှာ တတိယတန်းတွင် စီးနင်းလိုက်ပါလာ၏။

ကျွန်မစိတ်ထဲတွင် ယခုတစ်ခေါက် ရန်ကုန်သို့ဆင်းလာရခြင်းကို ပျော်လက်ပျော် မရှိပေ။ ပစ္စည်းများ နေရာချပြီး ကျွန်မတို့ဘက် ထောင့်တွင် ကျွန်မတစ်ယောက်တည်း ကွေး၍ လိုက်ပါလာ၏။ ကလောမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်စက ရာသီဥတုကလည်း အေးမြနေသည်။ အပြင်တွင် မိုးကလည်း စိုစွတ်၍ မှောင်နေသောကြောင့် ဘာကိုမျှမမြင်ရပေ။ တစ်ဘက်ကူရှင်တွင် ဗိုလ်ကြီးကတော်နှင့် စကားပြောတတ်စ ကလေးငယ် အဖော်မိန်းကလေး တို့သည် စကားပြောလိုက်လာ၏။ သူတို့၏ရုပ်ရည် ဝတ်စားဟန်များကို ကျွန်မ သဲကွဲစွာ မမြင်ရသေးပေ။ ကျွန်မအတွေးနှင့်ကျွန်မ လိုက်လာသော ကြောင့် ဂရုမပြုမိခြင်း ဖြစ်ပေသည်။

ကျွန်မတွေးလာသူမှာ ဦးလေးဦးအောင်မြင် ဖြစ်လေသည်။ သူနှင့်ကျွန်မ သွေးမစပ်သော်လည်း သူ့ကို ကျွန်မတို့ညီအစ်မက ဦးလေးဟု ခေါ်၏။ သွေးရင်းသားရင်း ဦးလေးကဲ့သို့ပင် ကျွန်မတို့ကို ဦးလေးသည် အစဉ် စောင့်ရှောက်၏။ လူတစ်ယောက်တွင် အရေးအကြီးဆုံးအချိန်မှာ နာရေး ဖြစ်၏။ ကျွန်မသည် ဘယ်ဘဝက ဘာဆုတောင်းခဲ့မှန်း မသိပေ။ ကျွန်မတို့ မိသားစုထဲတွင် တစ်ယောက်ယောက်ဆုံးတိုင်း ကျွန်မလက်ပေါ်တွင် အသက် ပျောက်၍ ကျွန်မကိုယ်တိုင် သဂြိုဟ်ခဲ့ရသည်က များ၏။ အစ်ကိုဝမ်းကွဲအိမ် သို့ သွားရောက်လည်ပတ်စဉ် တစ်ချိန်ကပင် အံ့သြဖွယ်အဖြစ်တစ်ခု ဖြစ်ခဲ့ရ သည်။ အစ်ကို၏ဖခင်မှာ တစ်အိမ်နေသည်။ ထိုနေ့က ဝါဆိုဦးဖြစ်၍ အစ်ကို ကြီးက သူ့အိမ်သို့ ဖခင်ကိုခေါ်ကာ ထမင်းကျွေး ကန်တော့ပြီး တရား ဆွေးနွေးသည်။ ပြီးလျှင် ကျွန်မနှင့် ခဏထားခဲ့ပြီး အပြင်ရှိ ဧည့်သည်များ နှင့် စကားပြောနေ၏။ ဘကြီးမှာ ဘယ်လိုဖြစ်လာသည်မသိ။ ကျွန်မအား သူ့ရင်ကို ဖိပေးပါဆို၍ ဖိလိုက်သည့်ခဏတွင်ပင် အသက်ပျောက်သွားတော့ သည်။

ကျွန်မ့သည် ထိုကဲ့သို့ အနိဋ္ဌာရုံ အဖြစ်အပျက်များကို ခဏခဏ ကြုံရ ပါ၏။ ကြုံခဲ့တိုင်းလည်း အနားတွင် အဖော်မရှိ။ တစ်ကိုယ်တည်း ကြုံတတ် လေသည်။

အစ်မအကြီး ဆုံးစဉ်ကလည်း ကျွန်မတို့တွင် ဆွေမျိုးအင်အား တောင့် တင်း၏။ တစ်စုံတစ်ခုဖြစ်လာလျှင် တယ်လီဖုန်းဆက်ရန် ဆွေမျိုးတိုင်းက



မှာထား၏။ သို့သော် မမာစ မောသည့်အချိန်မှစ၍ ဆေးရုံရေခဲတိုက်သို့ သွင်းချိန်အထိ ဘယ်တယ်လီဖုန်းမှ ဆက်၍မရ၊ အားလုံး ပျက်နေ၏။

ထိုအချိန်တွင် ဦးလေးသည် ဘယ်ကပေါက်လာသည်မသိ။ အင်မတန် အားငယ်သော၊ တစ်ယောက်တည်းသော ကျွန်မအပေါ်တွင် သူသည် စောင့်၍ အားပေး၏။ နောက်ဆုံး မြေချသည့်အချိန်အထိ ဦးလေးသည် အစမှအဆုံး ဆောင်ရွက်ပေး၏။ မေမေဆေးရုံတက်စဉ်၊ ဖေဖေ အကြီးအကျယ် ခွဲစိတ် ကုသခံရစဉ်၊ မကြေးယုံ လည်ပင်းခွဲရစဉ် အခါများသည်လည်း ကျွန်မ အတွက် သေရေးရှင်ရေး သေမင်းနှင့်အပြိုင် အင်အားလု၍ အသက်များကို ရယူချိန်တွင်လည်း ဦးလေးသည် ကျွန်မအပေါ်တွင် အမြဲရှိခဲ့၏။ သူ၏ချိုပြုံး သောမျက်နှာ၊ အေးဆေးသော ဟန်များနှင့် ကျွန်မအား အားပေးကာ ကူညီ ခဲ့သည်။

"မကြေးမှုံရေ အားမငယ်နဲ့နော်၊ ဟောဒီသွေးတစ်ပုလင်း ကုန်သွားရင် မကြေးယုံဟာ စိတ်ချရပြီ"

ကျွန်မသည် ထိုစဉ်က အသက်မျှပင် မရှူနိုင်။ အတွေးဆုံးဖြစ်သော ညီမလေး အသက်မှ ပြန်ရှင်ပါဦးမည်လောဟူသော အတွေးနှင့် မျက်တောင် မခတ်စိုက်၍ ကြည့်နေမိ၏။ ဦးလေးကား ကျွန်မ၏စိတ် ခြောက်ခြားရဆုံး အချိန်များတိုင်းတွင် အားကိုးရာ၊ မှီခိုရာ ဖြစ်ခဲ့၏။

နောင်ခါသော် ဦးလေးကို မြင်ရတိုင်းမြင်ရတိုင်း၊ ကျွန်မစိတ်နှလုံး အေး မြသွား၏။ သူသည် အရပ်မြင့်၍ ရင်အုပ်ကျယ်၏။ ငယ်စဉ်က ပထမ ကမ္ဘာစစ်တွင် စစ်မှုထမ်းဟောင်းတစ်ယောက် ဖြစ်ခဲ့၍ လှပတောင့်တင်းသော ကိုယ်ခန္ဓာကိုပိုင်ခဲ့သော လူငယ်တစ်ယောက်ဖြစ်ခဲ့သည်။ ယခုသော် ဦးလေး ဆံပင်များသည် ဖြူလာခဲ့၍ ကျယ်ပြန့်သော ရင်အုပ်ကြီးများသည်လည်း အသားဆိုင်များ လျော့ပါးလာခဲ့သည်။ သို့သော် သူ့မျက်နှာ ပြုံးချိုချိုမှာမူ ယခုထိ ဟန်မပျက်သေးပေ။ အသက် ငါးဆယ်ကျော်သော်လည်း အိမ်ထောင် မပြုသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ယောက်တည်း မဟုတ်။ အကူအညီကိုလို၍ တစ်စုံတစ်ယောက်က သွားရောက်တောင်းခံတိုင်း ဦးလေးသည် ပြုံးရွှင်စွာနှင့် တတ်နိုင်သလောက် ကူညီခဲ့သည်က များလေသည်။ တစ်ခါက ကလေးတစ်ယောက်ကို ဆေးကုပေးရင်းမှ သေသွားသောကြောင့် သူအားလုံး မြေမြှုပ်သည်အထိ စရိတ်ခံလိုက်၏။

သို့သော် ယခု ဦးလေးကား မရှိတော့။ ဦးလေးဆုံးကြောင်းကြားရသောနေ့က ကျွန်မသည် ဆတ်ဆတ်ခါသွား၏။ အားကိုးရာမဲ့တော့သလိုပင် ဖြစ်သွားတော့သည်။ ချစ်၍လည်း ငိုမိသည်။ အားကိုးရာမဲ့၍လည်း ငိုမိတော့သည်။

ကိုက ချက်ချင်းလိုပင် "တို့များ ဦးလေးကို သင်္ဂြိုဟ်ထိုက်တယ်၊ သူဟာ တို့အတွက်ဆို သွေးမစပ်တဲ့အဖေပဲ၊ ကဲ ပစ္စည်းတွေပြင်"ဟု ပြော၏။ ကျွန်မတို့သည်လည်း ချက်ချင်းပင် ရန်ကုန်သို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ တခြားနီးစပ်သော ဆွေမျိုးများသည် ကျွန်မမျက်မှောက်တွင်ပင် အသက်ကုန်ဆုံးတတ်ကြပါလျက်နှင့် ကျွန်မဘဝတွင် အလွန်အားထားရသော ဦးလေးသည် ကျွန်မမျက်ကွယ်တွင် အသက်စွန့်လွှတ်သွားရှာ၏။ သူ၏ နောက်ဆုံးအချိန်ကို ကျွန်မ မတွေ့လိုက်ရခြင်းအတွက် ကျွန်မ ယူကျုံးမရ ဖြစ်နေမိသည်။

မီးရထားအပြင်သည် လင်းစပြုလာ၍ ကျောက်တောင်ကုန်းလေးများနှင့် စိမ်းခြယ်ပန်းများ၊ ခရမ်းရောင် မော်လမြိုင်ပန်းကလေးများကို မြင်လာရလေသည်။ ယခင်က ဤတောင်ကုန်း တောင်တန်းများကို ငေးမိုက်ကာ မီးရထားနှင့် ဆင်းလာရတိုင်း ပန်းခြုံကလေးများကိုကြည့်ကာ ပျော်ရွှင်လာမိသည်။ 'ရန်ကုန်ရောက်လျှင်'ဟူသော အတွေးကလည်း စိတ်ကို မြူးကြွ၍လာစေလေသည်။

ယခုတော့ ကျွန်မစိတ်များသည် ပန်းလေးများ အလှကိုပင် စိတ်မဝင်စားတော့ပေ။ ညိုမှောင်သော တောင်တန်းကြီးများသည် ကျွန်မ၏ နွမ်းသေစိတ်ကို ပို၍ညှိုးလျှအောင် ဖန်တီးနေတော့သည်။



"မွှရေ...ဟောဒီက ဗိုလ်ကြီးမင်းမောင်တဲ့၊ ဟောဒါက ဗိုလ်ကြီးကတော်"

ကိုသည် မီးရထားတွဲထဲ အလင်းရောင်ဝင်လာ၍၊ တစ်ဦးနှင့်တစ်ဦး သဲကွဲစွာမြင်ရပြီဖြစ်၍ မိတ်ဆက်ပေးဟန်ရှိ၏။ ကျွန်မလည်း ယခုမှပင် ကျွန်မတစ်ယောက်တည်း အတွေးကြွယ်နေသောအဖြစ်ကို ရပ်လိုက်ရသည်။ မိုးမလင်းခင်က အတူတစ်တွဲတည်း ရထားစီးလာပါလျက် အင်္ဂလန်ပြည်သားကြီးများလို နှုတ်ဆိတ်နေမိသော ကျွန်မအဖြစ်အတွက် ကျွန်မ အားနာသွား၏။ ဗိုလ်ကြီးကတော်ကိုရော၊ ဗိုလ်ကြီးကိုပါ ပြုံးပြ၍ ကျွန်မနှုတ်ဆိတ်နေမိကြောင်းကို တောင်းပန်လိုက်ရ၏။

ဗိုလ်ကြီးမင်းမောင်သည် အရပ်မြင့်၍ အလုံးအဖန် တောင့်တင်းသည်။ သူ့မျက်နှာသည် ရွှင်၍တောက်ပသည်။ ထူးထူးခြားခြား မျက်လုံးကတောက်ပသည်။ နှာတံပေါ်သည်။ နဖူးကျယ်သည်ဟူ၍ သီးခြားတော့ ဖော်ပြ၍မရပေ။ သို့သော် အားလုံးသော မျက်နှာပေါ်ရှိ ဤမျက်လုံး၊ မျက်ခုံး၊ နှာတံများနှင့် မေးရိုးကျပုံများမှာ နှစ်လိုဖွယ်ရှိသော လူတစ်ယောက်ဖြစ်ကြောင်း ပုံပေါ်နေကြ၏။

ဗိုလ်ကြီးကတော်ကမူ နု၍ပျော့သောအသွင်ရှိသည်။ ကော့ကရော့ဖြစ်နေသော ဆံပင်မှာ နဖူးပေါ်တွင် တစ်ဝက်ကျနေလေသည်။ ကျန်တစ်ဝက်မှာမူ ညာဘက်ဦးထိပ်တွင် မြင့်၍တက်သွားသည်။ ဆံပင်အလှကို ကောင်းမွန်စွာ သ,ထားပုံရလေသည်။ သေးသွယ်သော မျက်နှာလေးပေါ်တွင် သူ့မျက်လုံးလေးများသည် ဝိုင်းစက်စွာရှိကြသော်လည်း မျက်လုံးအရောင်ကမူ ထူးထူးခြားခြား တောက်ပခြင်းမရှိပေ။ သို့သော် ကော့သောမျက်တောင်နှင့် ကွေးညွှတ်သော မျက်ခုံးများက သူ့မျက်လုံးပုံကို ပို၍လှအောင် လုပ်ပေးနေလေသည်။ နှာတံမှာ သေး၍ပေါ်သည်။ အပေါ်မှဝတ်ထားသော ဆွယ်တာမှာ ထူနေ၍ ဗိုလ်ကြီးကတော်၏ ရင်သားအဲလှကိုမူ မမြင်ရပေ။ သို့သော် သူတို့နှစ်ယောက်သည် ဗိုလ်ကြီးမင်းမောင်က ကြံ့ခိုင်တောင့်တင်းသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအလှကို ပိုင်သလို၊ ဗိုလ်ကြီးကတော်က နုပျော့၍ သေးသောအရုပ်ကလေးလို လှသူဖြစ်သည်။

သူတို့သားအဖသုံးယောက်တွင် ကျွန်မတို့နှစ်ယောက်၏စိတ်ကို အလှူပ်ရှားနိုင်ဆုံးမှာ ကလေးထိန်း မိန်းကလေး၏လက်ပေါ်ရှိ ကလေးငယ် ဖြစ်ပေသည်။

ကလေးကိုမြင်စက ယောက်ျားလား၊ မိန်းမလားဟု ကျွန်မ မဝေခွဲတတ်ပေ။ သူ့ဖခင်၏ မျက်နှာသွင်ပြင်ရော၊ ဟန်အမူအရာကိုပါ သူ့, ရထားသူလေး ဖြစ်၏။ နောက်မှပင် မိန်းကလေးမှန်း သိရ၏။ သူသည် စကား ပြောတတ်ခါစကပင် ရှိသေး၏။ သို့သော် စကားတစ်လုံးမျှ မပြောဘဲ ကျွန်မတို့နှစ်ယောက်ကို ကြည့်နေသော ဟန်ကလေးကပင် သူ့အား ခေါ်ယူချီပွေ့စေလိုကြောင်း၊ သူသည်လည်း ကျွန်မတို့နှင့်အတူ စကားပြောလိုကြောင်း ပြောနေဟန် ရှိ၏။ ဆယ်မိနစ်လောက်အကြာတွင် ကိုသည် မနေနိုင်တော့ပေ။ သူ့ကို ဆွဲယူပွေ့ချီလိုက်ရ၏။ သူသည် ပျော်ရွှင်စွာ ကျွန်မတို့ကျရှင်ပေါ်သို့ ရောက်လာသည်။ သူ့လက်ထဲမှ ငွေလက်ကောက်လေးအကြောင်းကိုလည်း မပီကလာ၊ ပီကလာ ပြောပြ၏။ တစ်ခါတရံ ပြတင်းပေါင်ကိုကိုင်ကာ ထ၍ ခုန်၏။ သူ့စိတ် အလွန်ချမ်းမြေ့ပျော်ရွှင်နေပုံ ပေါ်လေသည်။ သတင်းစာကို ဖတ်ရင်းမှ စကားပြောနေသော ဗိုလ်ကြီးနှင့် ကိုမှာ တစ်ခါတစ်ရံ သူတို့စကားနှင့်သူတို့ စိတ်ဝင်စားလာချိန်တွင် ကလေးငယ်သည် ကို၏ပေါင်ပေါ်မှာ သွားထိုင်လိုက်ပြီး သူ့ရင်ဘတ်ကို သူပုတ်၍ ကို့မေးစေ့လေးကိုကိုင်ကာ ပြော၏။

"ဒီကိုလဲ ကြည့်ပါဦး"

ကျွန်မတို့မှာ ကလေးစကားပြောနေဟန်ကို ကြည့်ကာ ရယ်ရတော့သည်။ သူ့ဖခင်ပေါ်တွင် ကိုက စိတ်သိပ်ဝင်စား၍ သူ့ကို သတိမေ့နေသည်ကို ကြိုက်ဟန်မတူ…



"ဟုတ်ပါရဲ့…လူကြီးလူကောင်းကို စကားမပြောမိဘူး"ဆို၍ ကိုက ပွေ့ချီလိုက်သည့်အခါတွင်မှ ကလေးသည် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။ ကျွန်မသည်လည်း ကလေးနှင့် အလုပ်ရှုပ်နေ၍ ဦးလေးအကြောင်းကို ဆက်မတွေးအားပေ။ ဗိုလ်ကြီးကတော်မှာမူ တိုင်းရင်းမေ စာအုပ်ကိုဖတ်ကာ သူနေမြဲနေရာတွင်ပင် ထိုင်၍လိုက်ပါလာ၏။ ရထားသည် တောင်တန်း၊ တောင်ကုန်းများကို ဖြတ်ကျော်၍ မြေပြန့်သို့ဆင်းစပြုလာသည်။

"ဟော၊ ဒီအချိန်…သမီးလေး ဆာတော့မယ်"

ဗိုလ်ကြီးမင်းမောင်သည် လက်ထဲမှ သတင်းစာကိုချကာ နေရာမှ ထလိုက်၏။ ခေါင်းပေါ်ရှိ စင်ပေါ်မှ ခြင်းတောင်းတစ်ခုကို ဆွဲချ၍ ဇလုံငယ်တစ်ခုကို ယူလိုက်၏။ ကလေးမလေးကို ဆေးရန် ဇလုံငယ်တစ်ခုကို ပေးလိုက်သည်။ ပြီးလျှင် ဇလုံထဲသို့ အသင့်ယူလာသော ချိုင့်ထဲမှ ထမင်းကို ထည့်လိုက်၏။ ဆားအနည်းငယ်ဖြူး၍ ပုစွန်အသားများနှင့် ရောနယ်လိုက်၏။

"ကဲ…လာ…လာ သမီးလေး…"

ကလေးကို ကို့လက်ပေါ်မှ လှမ်းယူကာ ထမင်း စ,ကျွေးတော့သည်။ ကလေးထိန်းမိန်းကလေးမှာ ထမင်းလုံးများ မဖိတ်စေရန် စောင့်လုပ်ပေးသည်ကလွဲ၍ ဘာမှမလုပ်ပေ။ ကလေးက မစားချင်သလိုလို ချေးများသည့်အခါ ဗိုလ်ကြီးမင်းမောင်သည် ကိုယ်တိုင်စားပြလိုက်ရင်း

"ကောင်းလိုက်ဟာကွယ်…ပုစွန်အနှစ်လေး၊ သမီးက ဒါမှစားချင်တာကိုး"

သူသည် ချိုင့်ထဲမှ ပုစွန်အနှစ်များကို ထပ်ထည့်ပြန်ကာ ကလေး စားချင်အောင် ဇွန်းလေးနှင့် မွှေလိုက်ပြန်၏။ ကျွန်မကား ဝမ်းထဲမှ ပြုံး၏။ ကလေးထမင်းကျွေးနေသော ဗိုလ်ကြီးကိုကြည့်ကာ သဘော ကျနေမိသည်။ ထမင်းစားပြီးလျှင် ကလေးမလေးက ဇလုံကို သိမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးပါးစပ်နှင့် လက်များကို သန့်သွားအောင် ဗိုလ်ကြီးက လုပ်ပေး၏။ ထမင်းစားပြီးလျှင် မရွှေချောလေးသည် ကျွန်မတို့လက်ထဲသို့ ပြန်ရောက်လာပြန်သည်။

ရာသီဥတုသည် ပူနွေးလာ၏။ သာစည်ဘူတာသို့ မီးရထားလည်း ဆိုက်လာသည်။ ကျွန်မတို့လူစုသည် မန္တလေးမှစုန်လာသော မီးရထားတွဲကို ပြောင်းစီးရမည်ဖြစ်သည်။ ကျွန်မတို့မှာ နှစ်ယောက်တည်း ခေတ္တလာသည်မို့ အိပ်ရာလိပ်တစ်ခု၊ လက်ဆွဲအိတ်တစ်လုံးသာ ပါသည်။ ကျွန်မတို့ မန္တလေး မီးရထားတွဲပေါ်သို့ ချက်ချင်းပင်ရောက်လာ၏။ ဗိုလ်ကြီးမင်းမောင် ကတော့လည်း လိုက်ပါလာကာ သူတို့ဘက် ကုရှင်ပေါ်တွင် ထိုင်လိုက်၏။ ကလေးကို ကလေးမလေးက ချီလာသည်။ ဗိုလ်ကြီးမင်းမောင်သည် အိမ်ပါ ပြောင်းလာသည်မို့ ပစ္စည်းက များသည်။ ရထားဆိုက်ချိန်ကလည်း သိပ်မကြာပေ။

ထင်းရှူးပုံး အကြီး၊ အငယ်၊ တောင်း၊ ခြင်းတောင်း၊ အိပ်ရာလိပ်၊ စောင်၊ မျိုးကိုစုံနေတော့ပေသည်။ သူ့ရဲဘော်ရော၊ ကူလီပါ ၅က သူ့ကိုယ်တိုင် တစ်ခုပြီးတစ်ခု သယ်ဖာင်လာ၏။ သာစည်မှာ အလွန်ပူသောကြောင့် ဗိုလ်ကြီးမင်းမောင်တစ်ကိုယ်လုံးတွင် ချွေးများရွှဲနေသည်။ သို့နှင့် ပစ္စည်းများလည်း မကုန်သေး။ ဗူလီနတ်စများမှာ ပလက်ဖောင်း ပေါ်တွင် ရှိရစ်သေးသည်။

"မှူးရေ၊ ဗိုလ်ကြီးမင်းမောင်တော့ ဖားနေပြီ၊ ကို ကူလိုက်ဦးမယ်"

ကိုသည်လည်း မနေသာတော့ဘဲ ထင်းရှူးပုံးများကို ကူသယ်ရသည်။ အရေးထဲတွင် မရွှေချောလေးသည် ကျယ်ကျယ်လောင်လောင် ငိုတော့သည်။ ကလေးမလေးကလည်း ချော့၍မရ။ ရာသီဥတုအပြောင်း မြန်သည်ကို ကလေးက ကြိုက်ပုံမရပေ။

"ခင်၊ ကလေးသိပ်ငိုနေတယ်ကွ၊ ချော့လိုက်ပါဦး"

ထင်းရှူးပုံးတစ်ခုကို ပခုံးပေါ်ထမ်း၍ တွဲပေါ်တက်လာသော ဗိုလ်ကြီးမင်းမောင်က သမီးငိုသံကြား၍ စိတ်ညစ်သွားဟန်ရှိလေသည်။



"အို... ပူလွန်းလို့ လူများ မောရတဲ့အပေါ်မှာ"

ဗိုလ်ကြီးကတော်သည် ကရမက်ယပ်တောင်လေးနှင့် ဆွယ်တာချွတ်ထားသော သူ့ကိုယ်လုံးလေးကို ဖြည်းညင်းစွာခတ်ရင်း ပြောလိုက်၏။ ကလေးမှာ ငိုဆဲပင် ဖြစ်တော့သည်။

"ခင်ကလဲကွာ၊ သယ်နေရတဲ့လူတွေက မမော...ခင်က မောနေတယ် ဟဲ...ဟဲ"

ဗိုလ်ကြီးကား ရယ်ကာ လက်ထဲမှထင်းရှူးပုံးကိုချ၍ နောက်တစ်ပုံးသယ်ရန် ပလက်ဖောင်းပေါ်သို့ ပြေးဆင်းပြန်သည်။ မရွှေချောလေးသည် ငိုရာမှ ကျွန်မပေါင်ပေါ်သို့ ရောက်လာ၏။ သူ့အငိုတိတ်အောင် သာစည်ဘူတာ လာရောင်းသော ခြင်းလုံးများ ဝယ်ပေးရ၏။

"ရော့၊ ကောင်မလေး၊ ဒါ နင့်ဖာမို့လား"

ဗိုလ်ကြီးမင်းမောင်သည် လက်ထဲမှ ဖာတစ်လုံးကို ကလေးထိန်းမလေးအား လှမ်းပေးလိုက်၏။ သူတို့ပစ္စည်းများအားလုံး ပြီးလျှင်ပင် ရထားစထွက်တော့သည်။ ဗိုလ်ကြီးတစ်ကိုယ်လုံးလည်း ချွေးများရေချိုးထားသလို စိုနေလေသည်။ ကိုသည်လည်း အပေါ်ဝတ်အကျီများ ချွတ်လိုက်ရ၏။

"ခင် သမီးငိုတာ မုန့်ဆာလို့ထင်တယ်၊ မုန့်ကျွေးပြီး သိပ်လိုက်ရအောင်၊ သူ့မုန့်ဘယ်မှာထားလဲ"

"ခြင်းထဲမှာ..."

ဗိုလ်ကြီးကတော်သည် ယပ်တောင်တစ်ဘက်မှခတ်ကာ တိုင်းရင်းမေဂျာနယ်ကိုကြည့်ရင်း ပြောလိုက်၏။ ပစ္စည်းများကား အစီအစဉ်လိုက် မဟုတ်တော့။ ခြင်းလေးလည်း ဘယ်ကြားရောက်နေမှန်း မသိတော့။ ဗိုလ်ကြီးမင်းမောင်သည် ထ,ကာ အဖော်မိန်းကလေးနှင့်အတူ ရှာပြန်သည်။ အထုပ်အပိုးများ ဟိုဖွဒီဖွလုပ်ပြီးမှ ကလေးအစားအသောက် ထည့်သောခြင်းလေးမှာ ပေါ်လာ၏။ ဗိုလ်ကြီးသည် မုန့်တစ်ခုကိုယူကာ သမီးကို မုန့်ကျွေး၏။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ကျွေးရင်း ကလေးကို ပခုံးထမ်းကာ ချော့သိပ်၏။ မရွှေချောလေးမှာ မျက်တောင်စင်းလာသည်။

"မိပု...ကလေးအိပ်ရာခင်း"

ဗိုလ်ကြီးက ပြောလိုက်၏။ ကလေးမလေးက ဗိုလ်ကြီးကတော် ခြေရင်းဘက်တွင် ကလေးအတွက် အိပ်ရာပြင်လိုက်၏။ ဗိုလ်ကြီးသည် ကလေးကို ကိုယ်တိုင်သိပ်ကာ ဘေးမှမှန်ပြတင်းကိုလည်း ပိတ်လိုက်သည်။ ကျွန်မကား ဗိုလ်ကြီးမင်းမောင်၏ လုပ်ပုံကိုင်ပုံများကိုကြည့်ကာ စိတ်ထဲမှ ကြည်ညိုလာ၏။ တောင်ငူတွင်ညအိပ်ကာ မီးရထားသည် ဆက်ထွက်လာ၏။ ကော်ဖီနှင့်မုန့်များကို တောင်ငူဘူတာတွင် စားလာကြသည်။ ဗိုလ်ကြီးသည် နံနက်က သွားမတိုက်ဘဲ မုန့်စားလာ ဟန်ရှိ၏။

"ကျွန်တော်ဖြင့် ခုမှ သွားတိုက်၊ မျက်နှာသစ်ရမယ်၊ မုတ်ဆိတ်မွေးလဲ ရိတ်ရဦးမယ်၊ ခင်ဗျာ ကိုတို့ သွားပွတ်တံရော..."

"လက်ဆွဲအိတ်ထဲမှာ..."

ဗိုလ်ကြီးကတော်သည် သူ့ဆံပင်ကို သပ်ရပ်စွာပြင်ရင်းမှ ပြောလိုက်၏။ ဗိုလ်ကြီးသည် ကုရှင်အောက်ရှိ လက်ဆွဲအိတ်တစ်လုံးထဲမှ ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်တော့သည်။ သို့သော် သူနှိုက်သော ပစ္စည်းများမှာ သူလိုချင်သောအရာများ မဟုတ်ပေ။ ဆယ်မိနစ်လောက် တကုန်းကုန်းနှင့်ရှာဖွေနေသော ဗိုလ်ကြီးအဖြစ်ကို ကျွန်မရယ်ချင်လာ၏။ ကျွန်မ၌ သိုသိပ်သောအမူအရာ မရှိပေ။ ထို့ကြောင့် ကျွန်မသည် အသံထွက်အောင် ရယ်လိုက်မိ၏။ မိတ်ဆွေသစ်ကြီး မရွှေချောလေးအား ချီထားသောကို,က ကျွန်မရယ်သည်ကို အငိုပွားယ်ပေါက်သွား၏။

"ဗိုလ်ကြီးမင်းမောင် ရှာမနေနဲ့တော့၊ ဟိုမှာ ကျွန်တော့်ပတ္တူအလိပ်ထဲမှာ အားလုံး ကိရိယာအစုံပါတယ်...၊ ယူသုံးလေ"

ဗိုလ်ကြီးမင်းမောင်လည်း ဆက်ရှာရန် လက်လျှော့လိုက်ပုံရ၏။ အစ်ကို၏ စစ်ဗိုလ်များဆောင်သော ပတ္တူအလိပ်ထဲမှ ဓား၊ သွားတိုက်ဆေးများကို



ယူသုံးတော့သည်။

ထမင်းစားပြီးချိန်တွင် အားလုံးနားကာ အိပ်စက်နေကြသည်။ မရွှေချောလေးသည် ဗိုလ်ကြီးကတော်ခြေရင်း အိပ်ရာထက်တွင် အိပ်ပျော်နေသည်။ ကျွန်မတစ်ယောက်တည်းပင် မအိပ်ဘဲ ကုရှင်ကိုမှီကာ ရထားပြတင်းအပြင်ကို ကြည့်၍လိုက်လာမိ၏။ ရထားတွဲအပြင် မြက်ခင်းများမှ စိတ်အာရုံပြောင်းကာ ဦးလေးကို ပြန်လည်သတိရပြန်သည်။

နောက်ဆုံးအခါ ဦးလေးနှင့်တွေ့ကြစဉ်က ဦးလေးသည် မမာစပြုနေလေပြီ။ သူ့အသက်တစ်ခြမ်းသည် ဆန်ခါကျနေပြီဖြစ်ကြောင်း ဆရာဝန်ထံမှ ကျွန်မသိရှိရပြီး ဖြစ်လေသည်။ တွေ့ကြသော ထိုနေ့က ဦးလေးသည် သူ့ခေါင်းအုံးအောက်မှ စာလေးတစ်စောင်ကို ကျွန်မလက်ထဲသို့ ထည့်သည်။

လက်ရေးကိုမြင်ရုံနှင့် အန်တီမာ၏စာမှန်း ကျွန်မသိ၏။ စင်စစ် အန်တီမာနှင့် ကျွန်မသာ သွေးဟော်စပ်ကြလေသည်။ အန်တီမာသည် မေမေ၏နှစ်ဝမ်းကွဲညီမတစ်ယောက်ဖြစ်ကာ ပိုက်ဆံချမ်းသာသော တစ်ဦးတည်းသမီး ဖြစ်လေသည်။ ဦးလေးသည် အန်တီမာ၏စာကို ကျွန်မဖတ်စေချင်သောဆန္ဒရှိလေသည်။ ကျွန်မသည် စာလေးကိုဖတ်ရင်း စိတ်မကောင်းဖြစ်သွားသည်။ စာမှာ အရှည်ကြီးရေးထားသော်လည်း အောက်မှမျဉ်းသားထားသော စာကြောင်းလေးသုံးကြောင်းကို ကျွန်မ အတော်သဘောကျမိ၏။ ဦးလေးသည်လည်း ထိုစာကြောင်းလေးကို သဘောကျကာ အောက်မှ မျဉ်းသားထားဟန်တူသည်။

'မောင်...'

*မာ့မိဘတွေဆီက ရမယ့်အမွေတွေကို မက်မောလို့ မောင့်ကို လက်မထပ်တာလားဆိုတဲ့ မောင့်မေးခွန်းကို ဖြေပါရစေ။ မာဟာ မေမေတို့ ဖေဖေတို့ထံက ရမယ့်အမွေကို မောင့်ခေါင်းက ဆံပြုတစ်ချောင်းလောက်အောင် မမက်ဘူးဆိုတာ ယုံပါ...*စာမှာ အရှည်ကြီးပင်ရေးထား၏။ သို့သော် ဤစာပိုဒ်လေးကိုသာ ကျွန်မ သဘောကျလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ အန်တီမာ၊ မိန်းမလိမ္မာကြီးလေ၊ သူ့ရဲ့ မိဘအပေါ် လေးစားတဲ့စိတ်ကို ဦးလေးချီးကျူးပါတယ်၊ ဒါကြောင့် ဦးလေးလဲ သူနဲ့အပြိုင် သစ္စာရှိပြတာပေါ့"

ထိုနေ့ကစာလေး ထုတ်ပြပြီး ဦးလေးက ထိုစကားလုံးများကို ပြောပြ၏။ ကျွန်မ အသက်ရှူမဝသလို မောလျှသွားမိ၏။ ဦးလေးနှင့် အန်တီမာကား ငယ်ရွယ်သူများ မဟုတ်ကြတော့။ ဦးလေးက ငါးဆယ်ကျော်၍ အန်တီမာက လေးဆယ်ကျော်ပေပြီ။ ထို့ကြောင့် အန်တီမာသည် သူ့စာတွင် 'ဆံဖြူတစ်ချောင်း' ဟူသော စကားလုံးကို သုံးလိုက်ခြင်းဖြစ်၏။ သူတို့သည် ဤဆံပင်လေးများ နွဲ့လျပျော့ပျောင်း၍ ပိတုန်းရောင်တောက်စအချိန်က မေတ္တာမျှခဲ့ကြသည်။ ယခုအချိန်တွင် ဦးလေးခေါင်းဝယ် ဆံပင်ဖြူများ ဝေနေကြလေပြီ။ အန်တီမာသည် ခေါင်းမာလေသလော၊ ပျော့ညံ့လေသလား ကျွန်မလည်း မတွေးတတ်ပေ။

အန်တီမာ့မိဘများက မျက်ရည်သွယ်သွယ်ကျ၍ ဦးလေးကို မယူစေချင်ကြောင်း ပြောချိန်တွင် အန်တီမာက ပြန်ပြောသော စကားများသည် သူတို့အချစ်ဇာတ်လမ်း၏ အရေးကြီးသောအခန်း ဖြစ်ခဲ့၏။

"ဖေဖေတို့ မေမေတို့ အသက်ရှင်သရွေ့ မာ မောင့်ကိုမယူပါဘူး၊ အဲဒီအချိန်အတွင်းမှာလဲ မာ့ကိုဘယ်ယောက်ျားနဲ့မှ ဖေဖေတို့ မပေးစားရဘူး"

ထိုစကားလုံးများဖြင့် အန်တီမာသည် မိဘကိုလည်း ကျေနပ်စေခဲ့၏။ လာစပ်သော ဘိလပ်ပြန်များရန်ကိုလည်း တားခဲ့ကာ ဦးလေးနှင့်လည်း 'မတတ်သာ ခပ်ခွာခွာနေဦးစို့၊ မုန်းလို့ဟုတ်ဘူး...' ဟူသော ဇာတ်ကို ခင်းခဲ့လေသည်။ သို့သော် စာများကိုမူ တစ်နည်းနှင့်မရောက် တစ်နည်းနှင့် ရောက်အောင် အန်တီမာသည် ဦးလေးထံသို့ ပို့ခဲ့၏။

ဦးလေးသည် ပထမကမ္ဘာစစ် စစ်ပြန်ကြီးတစ်ယောက်ဖြစ်ကာ ကြင်နာတတ်သော နှလုံးသားကလွဲ၍ ပိုင်ဆိုင်သောပစ္စည်း မရှိပေ။ အန်တီမာ့မိဘ



များက သိန်းချီ ချမ်းသာကြသည်။ သူတို့သည် နှလုံးသားထက် ငွေကို တန်ဖိုးထားကြသူများ ဖြစ်လေသည်။

ယခုတော့ ဦးလေးက အရင်ဆုံးကာ အန်တီမာမိဘများသည် ငွေပုံပေါ်တွင် ကျန်းမာစွာရှိနေကြဆဲ ဖြစ်၏။

ကျွန်မလည်း တွေးရင်း ရင်ထဲမှာနာလာ၍ မျက်ရည်များလည်း တွေတွေကျလာသည်။ ဝတ္ထုသာဆိုလျှင် မိဘများဆုံးသည်အထိစောင့်ပြီး အိုကြီးအိုမအရွယ်ကျကာမှ သစ္စာရှိစွာ ပေါင်းကြရသော ချစ်သူနှစ်ဦး ဇာတ်လမ်းမှာ ကြည်နူးဖွယ် အလွန်ကောင်းပေမည်။

ယခုတော့ တွေးသည့်ကျွန်မပင် ရင်ထဲမှာဆို့နင့်၍လာသည်။ တစ်တွဲလုံး တိတ်ဆိတ်၍ အိပ်မောကျနေချိန်တွင် ကျွန်မသည် တစ်ယောက်တည်း ငိုနေမိသည်။

ရန်ကုန်ကို ဝင်ခါနီးမှ တွဲထဲတွင် ပြန်လည်လှုပ်ရှားလာလေသည်။ ရန်ကုန်အဝင်တွင်မူ ဗိုလ်ကြီးမင်းမောင်သည် ပစ္စည်းအားလုံးသိမ်းပြီး သူ့ကိုယ်ကိုလည်း သပ်ရပ်စွာ ပြင်ဆင်ပြီးဖြစ်လေသည်။ ရထားဆိုက်လျှင် ကျွန်မတို့နှစ်ယောက်အား အိမ်အထိ ဗိုလ်ကြီးမင်းမောင်က လိုက်ပို့၏။

ကျွန်မတို့သည် ဗိုလ်ကြီး၏သမီး ချစ်ဖွယ်ကောင်းသော မရွှေချောလေးနှင့် ခွဲခွာလာခဲ့ကြသည်။

* * *

အိမ်ရောက်လျှင် ပစ္စည်းများထားကာ ဦးလေးမြေပုံသို့ သွားရောက်ကန်တော့ကြ၏။ ဤမြေပုံအောက်ဝယ် ဦးလေး၏ အရိုးနှင့်အသားများသည် မကြာမီ ဆွေးမြည့်ကွယ်ပျောက်ကြတော့မည်။ သို့သော် သူသည် သူ၏ချစ်မေတ္တာကိုမူ ဤလောကဝယ် ထားရစ်ခဲ့သည်။

ငြိမ်းငြိမ်းသွင်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်တွင် ရဲဘော်များ ကျဆုံးသောအခါ အားတင်းနိုင်သည်ဟု ဆိုသော ကိုသည် ဦးလေးမြေပုံကို ကန်တော့ချိန်တွင် မျက်ရည်များ တွေတွေ ကျလာ၏။

အမှန်တော့ တစ်ချိန်သောအခါတွင် ဦးလေးသည်လည်း ပြောင်မြောက်စွာ စစ်ပွဲများတွင် တိုက်ခိုက်ခဲ့သော စစ်သားဟောင်းတစ်ဦး ဖြစ်ခဲ့ပါ၏။

ကျွန်မ အိမ်သို့ပြန်လာခဲ့သည်။

နောက်နေ့တွင် အန်တီမာနှင့် ကျွန်မသွားရောက်တွေ့၏။ အန်တီမာသည် ကျွန်မပခုံးများကို တင်းကျပ်စွာဖက်၍ ငိုပါသည်။ ဤငိုပွဲကို တွေ့ရမည်ဟု ကျွန်မကြိုတင်တွေးမိပြီး ဖြစ်ပါသည်။

"သူတို့ အန်တီမာ့ကို ပြောမပြကြဘူး"အန်တီမာသည် ယူကျုံးမရစွာ ပြောရင်းငို၏။ နောက်ဆုံးအချိန်တွင် ဦးလေးကို အန်တီမာ မတွေ့လိုက်ရပေ။

"တစ်သက်မှာတော့ မင်းဦးလေးလိုလူမျိုး အန်တီမာ တွေ့မှာမဟုတ်ပါဘူး။ အန်တီမာဟာ ယောက်ျားတွေကို ထင်ခဲ့တယ်၊ သူတို့ဟာ အသည်းနှလုံးထဲမှာ တကယ်ချစ်တဲ့ မိန်းမတစ်ယောက် ရှိသလို၊ သူတို့ကိုယ်ခန္ဓာဆန္ဒကို ဖြေဖျောက်ဖို့ မိန်းမတစ်ယောက်ကိုတော့ ယူကြစမြဲပဲလို့"

"ဦးလေးဟာ အဲဒီလိုမျိုး မဟုတ်ပါဘူး"

ကျွန်မက တစ်လုံးချင်း အန်တီမာကို ပြန်ပြောလိုက်၏။

"ဒါကြောင့် အန်တီမာ ပိုပြီးရင်နာတာပေါ့ မိရွှေမှုရယ်၊ အန်တီမာရော၊ မေမေတို့ရော၊ သေရင်လေ ရွှေတွေငွေတွေ အများကြီးထားခဲ့မယ်၊ ဒါပေမယ့် ကျန်ရစ်သူတွေ အန်တီမာတို့ကို ငွေမက်တဲ့တစ်ပွဲစား ဥစ္စာစောင့်မကြီးလို့ သတ်မှတ်မှာပဲ၊ မင့်ဦးလေးက သူနဲ့ဆက်ဆံတဲ့ လူတိုင်းအပေါ်မှာ ဘယ်တော့မှ မပျောက်ပျက်တဲ့ ချစ်မေတ္တာတရားကို ထားခဲ့တယ်"

အန်တီမာက ဆတ်၍ငိုပါသည်။ သူကျေနပ်ရအောင် ငိုသည်အထိ ကျွန်မစောင့်၍နေရစ်၏။ ကျွန်မနှင့်အန်တီမာ ဦးလေးအပေါ်တွင် ယူဆချက်မှာကား တစ်သဘောတည်း ကျလေသည်။ ကျွန်မပြန်ခါနီးတွင် အန်တီမာ၏



ပါးပေါ်မှ မျက်ရည်များကို ကျွန်မလက်ကိုင်ပဝါလေးနှင့် ကိုယ်တိုင် သုတ်ပေးလိုက်သည်။

အန်တီမာ၏ ဖြူနုသော ပါးမို့လေးများသည် အိုကြောင်းများထင်လာ၍ မျက်လုံးအောက်၌ အရစ်များသည် ထူထပ်လာကြသည်။ နားထင်စပ်တွင် ဖြူသောဆံစလေးများသည် ပြိုးပြိုးပြောက်ပြောက် ပေါ်နေကြလေသည်။

ဪ-အချစ်ဆိုသည့် သဘောကလည်း ငယ်သည်၊ ကြီးသည်မဟုတ်၊ နှလုံးသားကို ပူပန်စေတတ်သည်တကား...။

ညစာ ထမင်းဝိုင်းတွင်မှ ညီမ,မကြေးယုံက ဦးလေးနှင့် အန်တီမာ အကြောင်း စကားစပြောပြန်သည်။ ဦးလေး,မမာပုံ၊ နောက်ဆုံး သွေးများ အန်၍ ဆုံးသွားပုံ၊ အန်တီမာနှင့် မတွေ့လိုက်ကြရကြောင်း၊ အန်တီမာ့မိဘများက ဦးလေး မမာသည်ကိုပင် အန်တီမာမသိအောင် ဖုံးထားပုံကို ပြောပြ၏။ ထိုထမင်းစားဝိုင်းတွင် ကို,မပါပေ။ ကျွန်မတို့ ထမင်းစားဆဲတွင်မှ ကိုသည် မောကြီးပန်းကြီးနှင့် အပြင်မှပြန်လာ၏။

"ဆာလိုက်တာ မှုံရာ...၊ ကိုတော့ ရေမချိုးတော့ဘူး၊ တစ်ခါတည်း စားမယ်"

သူသည် ထမင်းဝိုင်းကို ဝင်ထိုင်လိုက်၏။

"ကို,ဘယ်သွားနေလဲ...၊ မှုံဖြင့် တစ်နေ့ခင်းလုံး အန်တီမာနဲ့ ငိုနေကြတယ်"

"အေး...မှုံက အန်တီမာနဲ့ငိုနေတုန်း ကိုက ရဲဘော်သက်ဖေနဲ့ ရယ်နေရတယ်"

"ဆိုစမ်းပါဦး...အန်တီမာတို့အကြောင်းက ပြောပြဖို့မလိုပါဘူး၊ ရဲဘော်သက်ဖေ ဘာဖြစ်လို့လဲ"

"အေးပါ... မှုံတို့အမျိုး ငွေမက်သူတွေအကြောင်းတော့ မကြားချင်ပါဘူး"

ပြီးပြီးချင်းချင်းတအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကို,သည် အန်တီမာ၏မိဘများကို အတော်စိတ်နာနေဟန်ရှိ၏။ သူ့ရဲဘော်အကြောင်း ဆက်ပြော၏။

"လတ်စသတ်တော့ ကလောကို သူလိုက်သာလာတယ်၊ ဘာမှလဲမပြော၊ ဦးလေးကြောင့်ပဲလာသလိုလို၊ ဘာလိုလိုနဲ့၊ ဒီမနက်မှ ကိုယ်တော်ချောက 'ဗိုလ်ကြီးစိတ်ထိခိုက်တာ အသာထားပြီး မိန်းမတောင်းပေးစမ်းပါ' တဲ့"

"ဘာ..."

ကျွန်မရော၊ မကြေးယုံပါ အံ့အားသင့်သွားကြ၏။

"အဲဒါနဲ့ ကိုလဲ မှုပြန်လာတဲ့အထိမစောင့်ဘဲ တစ်ခါတည်းလိုက် သွားရတာ၊ သူ့ဟာက တောင်းတောင်းယူယူကို၊ အခု တစ်ခါတည်း သတို့သမီးအိမ်မှာ ထားခဲ့ရတယ်"

"တစ်ခါတည်း မင်္ဂလာဆောင်လိုက်တယ် ဆိုပါတော့၊ သတို့သမီးကို မှုသွားကြည့်ရဦးမယ်"

"သွားကြည့်မှဖြစ်မှာ၊ ဒီကိုတော့ လာမှာမဟုတ်ဘူး"

"ဘာဖြစ်လို့"

"ကိုဖြင့် အစက ကို့ရဲဘော်တွေထဲမှာ ဦးထွေးဟာ ကြည်ညိုစရာကောင်းတယ်လို့ ယူဆနေတုန်း ရဲဘော်သက်ဖေက စံချိန်ချိုးသွားပြီ၊ သူယူတဲ့မိန်းကလေးက အသားဖြူဖြူ၊ မျက်လုံးတစ်ဘက်က တိမ်စွဲပြီး ပျက်နေတယ်၊ မမြင်ရဘူး၊ ခြေထောက်က နှစ်ဘက်စလုံးမသန်လို့ သတို့သမီးထတော့ လူတွဲ,ထရတယ်၊ လမ်းမလျှောက်နိုင်ဘူး၊ မိန်းမတစ်ယောက်ဟာပေါင်းနေရင်းက ရောဂါရလာပြီး မကွာတော့ရင် ဒီယောက်ျားကို ဒါလောက်မချီးကျူးဘူး၊ ခုတော့ မျက်စိတစ်ဘက်လပ်၊ လမ်းမလျှောက်နိုင်အောင် ခြေမသန်တဲ့ မိန်းကလေးကို လူကြီးစုံရာနဲ့ ကိုသက်ဖေက တောင်းယူတယ်ကွာ"

ကိုသည် သူ့ရဲဘော်၏စိတ်ဓာတ်ကို အားရပါးရ ချီးကျူးကာ ပြောနေတော့သည်။ ကျွန်မ၏ညီမငယ် မဖလော်ဆော်ဖီကမူ ငေးငိုင်၍ နားထောင်နေရာမှ...



"ဦးလေးတို့၊ ရဲဘော်သက်ဖေတို့ အကြောင်း ကြားရတော့လဲ ယောက်ျားတွေရဲ့အချစ်ဟာ 'မျက်လုံး၊ လျှာနဲ့ ခန္ဓာကိုယ်' အပေါ်မှာပဲ ရှိတယ်လို့ တွက်လို့ မဖြစ်ပြန်ဘူး"ဟု ဆိုပြန်၏။

အကယ်၍သာ မီးရထားတွဲပေါ်တွင် ရှောင်တခင် ကျွန်မတွေ့ခဲ့ရသော မိန်းကလေးကို ရွှေလိုဥထားသည့် ဗိုလ်ကြီးမင်းမောင်အကြောင်းကို ညီမငယ် မကြေးယုံသိပါလျှင်မူ ယောက်ျားတို့အကြောင်းကို သူ ဘယ်လို ဝိတ္တာရချဲ့မည် မသိပေ။

●

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတို့အကြောင်း

## အမှတ်(၅)

"မှုံတို့ကကွယ် မျိုးနဲ့ချီ အ,တာပဲ"

တစ်ခါတစ်ခါ ကျွန်မတို့ဆွေမျိုးစုအကြောင်း ပြောရင်း ကျွန်မခင်ပွန်းသည်က ထိုကဲ့သို့ရေရွတ်လျှင် ကျွန်မသည် မခံနိုင်ဖြစ်တတ်၏။ တစ်ခါတစ်ရံလည်း ဝမ်းနည်းမိသည်။

တစ်ညချမ်းတွင် ကျွန်မထက်အ,သော မိန်းမငယ်များနှင့် တွေ့ဆုံသောအခါတွင်မူ ကျွန်မသည် အစ်ကိုပြောသည်ကို ဝမ်းမနည်းတော့ပေ။ သို့သော် အ,တာနှင့်ရိုးတာ ဘာများကွာပါလိမ့်ဟု ခဏခဏ တွေးခေါ်မိလေသည်။ ထိုညဦးချိန်ကို တွေးမိတိုင်း ကျွန်မဝမ်းနည်းမိ၏။ ကျွန်မသည် ကျန်းမာရေးမကောင်းသူ ဖြစ်သည့်အတိုင်း အိပ်ရာပေါ်လဲရာမှ နာလန်ထ,စ အချိန်ဖြစ်၏။ အပြင်ကို မထွက်နိုင်သေးပေ။ သို့သော် အစ်ကိုအကြီးဆုံးဖြစ်သူတွင် နှလုံးရောဂါ ပြင်းထန်စွာဖြစ်သည်ဆို၍ ကျွန်မသည် ကိုယ့်ကိုယ်ကိုအားယူ

www.burmeseclassic.com

www.burmeseclassic.com



ကာ သွားရောက်ကြည့်ရှုရင်း ဆရာဝန်ကြီး ဦးအေးထံ သွားရောက်ပြသဖို့ စီစဉ်ပေးသင့်သည်များကို စီစဉ်ပေးခဲ့ရလေသည်။

အိမ်ရောက်ရောက်ချင်းပင် "မမေ့ကို (......)မြို့က တင်တင်ဆိုတာက တွေ့ချင်လို့တဲ့"ဟု သမီးလေးက ဆီးကြိုပြောရှာ၏။

"သူ ဘယ်မှာလဲဟင်"

"မေမေ ဦးကြီးမောင်မောင် နေမကောင်းလို့ အပြင်ထွက်သွားပါတယ်လို့ သမီးကပြောတော့ သူ ညတစ်ခေါက် လာဦးမယ်လို့ ပြောသွားပါတယ်..."

ကျွန်မသည် အဝတ်လဲရင်း (...)မြို့က တင်တင်ဆိုသည်မှာ ဘယ်သူပါလိမ့်၊ ကျွန်မအသိထဲတွင် တင်တင်မရှိ။ တင်တင်သည် ဘယ်လိုမိန်းကလေးပါလိမ့်၊ ဘာကိစ္စပါလိမ့်နှင့် ကျွန်မတွေးနေမိ၏။ ထမင်း စားပွဲပြင်နေချိန်တွင်မှ ကျွန်မ တင်တင်ကို တွေ့ရလေသည်။

"မေမေ...သမီးပြောတဲ့ တင်တင်ဆိုတာ လာပြီ၊ သမီး တံခါးဖွင့် ပေးလိုက်ပြီ"

ကျွန်မသည် ခြံဝင်းဝသို့ ဝင်လာသော မိန်းမငယ်ကို ထွက်၍တွေ့၏။ ခြံပြင်တွင် သုံးဘီးတစ်စင်း ရပ်လျက်ရှိလေသည်။

မိန်းကလေးသည် ခြင်းတစ်ခု၊ လက်ဆွဲအိတ်တစ်လုံးကို ဆွဲ၍လာ၏။ သူ့နောက်တွင် ယောက်ျားလေးတစ်ယောက် ပါလာလေသည်။ မိန်းမငယ်မှာ ကျွန်မ၏ ညီမလေးအရွယ်လောက်ရှိ၍ နားတွင်ပန်ဆင် ထားသည်မှာ နားကပ်မဟုတ်ဘဲ ကျောက်စီနားကွင်းလေးဖြစ်၍ ပိုမိုနုနယ်လှသည်။

"မမရယ်...မမကိုတွေ့ချင်လွန်းလို့ ကျွန်မ လာခဲ့တာပါနော်"

သူ့မျက်နှာတွင် အလွန်အားကိုးစိတ်နှင့် အလွန်ပူပန်သော ခံစားမှု နှစ်ခုစလုံး ပေါ်၍နေလေသည်။

"မမအိမ်ပေါ်ကို ကျွန်မ တက်ပါရစေ"

"တက်ပါ...တက်ပါ"



သူဝင်လာသောအခါတွင်မှ နောက်က ယောက်ျားလေးက ကျွန်မ မျက်နှာကို မော်ကြည့်ရင်း "ကျွန်တော်က အရိုင်းစံပယ်က ကိုမောင်တင်လတ်ပါ"ဟု ပြောပြန်သည်။ စိတ်ထဲတွင်တော့ စုံထောက်ဝတ္ထုအစကို ဖတ်နေရသလို စိတ်လည်းဝင်စား၏။ ခပ်ကြောင်ကြောင်လည်း ဖြစ်၏။

"ဒီလိုပါ၊ ဒီမိန်းကလေးကို ဘယ်သူလဲလို့ ကျွန်တော် မသိပါဘူး၊ ဆရာကိုအောင်လင်းဆီကို နေ့လယ်က ရောက်လာတယ်၊ သူက မမကို တွေ့ချင်လွန်းလို့ သိပ်ဆန္ဒပြင်းပြနေတယ်၊ အဲဒါ နေ့လယ်က တစ်ခေါက်ရောက်ပြီးပြီတဲ့၊ မမနဲ့မတွေ့လို့ တစ်ညနေလုံး ကျွန်တော်တို့ဆီမှာ၊ ခု ညဦးဆိုတော့ သူ လာရတာ တစ်ယောက်တည်းဖြစ်နေလို့ ကျွန်တော် လာပို့တာပါ"

"ဟုတ်ကဲ့၊ အဲ...ကိုတင်လတ်လဲ ဒီမှာ အိမ်သားတွေနဲ့ စကားပြောရစ်ပါ၊ ကျွန်မ တင်တင်နဲ့တွေ့ပါဦးမယ်"

ကျွန်မသည် ကိုတင်လတ်အား အိမ်သားများ စကားဝိုင်းတွင် ထားရစ်ခဲ့၍ (...)မြို့သူတင်တင်အား အိမ်ထဲသို့ ခေါ်သွားပါသည်။

တင်တင်သည် ဆံပင်များကို ပြုပြင်၍မထား၊ ဆံပင်ဖရိုဖရဲသည် နဖူးပေါ်ဝဲ၍ နေလေသည်။ သူ့မျက်နှာ နုနုလေးတွင် နှုတ်ခမ်းနီဆိုးထားသည်သာ အလှခြယ်ခြင်း၏ အသွင်ပေါ်ကနေလေသည်။

"ထိုင်ပါဦး..."

ကျွန်မနှင့်သူသည် ကုလားထိုင်တစ်လုံးစီတွင် ထိုင်ကြ၏။ သူသည် အကျီအနွေးထည် အဝါရောင်ကလေးကို အပေါ်တွင် ဝတ်ထား၏။ လုံချည်မှာ နီညိုမြန်မာရက်ကလေး ဖြစ်၏။

"ကျွန်မကို တွေ့ချင်တာက ဘာကိစ္စလဲဟင်"

သူသည် မည်သူမှ အပါးတွင်ရှိစေချင်ပုံ မပေါ်ပေ။ ကျွန်မတို့ စကားပြောရာ ခန်းမတွင် တခြားလူကိုလည်း မတွေ့ရ၍ သူစကား ပြောဖို့ သို့သော် စကားမစခင်တွင်ပင် မျက်ရည်ပေါက်ကြီးများသည် ဒလဟော



www.burmeseclassic.com

www.burmeseclassic.com



သွန်ကျလာကြ၏။ ကျွန်မသည် ပင်ကိုအခံ အသည်းနှလုံးကိုက ခပ်ပျော့ပျော့မို့ သူငိုသောအခါ ကျွန်မမျက်လုံးမှ မျက်ရည်များ စို့လာရပြန်သည်။

"ကျွန်မကို စကားပြောရင်လေ မငိုပါနဲ့နော်၊ တင်တင်ငိုရင်လေ ကျွန်မလဲငိုမှာ"ဟု ကျွန်မပြောရင်း ကျွန်မမျက်လုံးမှ မျက်ရည်ကိုသုတ်တော့မှ သူသည်လည်း သူ့မျက်ရည်ကို သူသုတ်တော့၏။

"မမဆီကို ကျွန်မလာချင်လွန်းလို့ လာခဲ့တာပါ၊ တစ်ညနေလုံးတော့ မမမရှိဘူးဆိုတာ ကျွန်မသိလို့ ဆရာကိုအောင်လင်းအိမ်မှာ အချိန်ဖြုန်းရင်း စောင့်နေပါတယ်။ ဆရာကိုအောင်လင်းဇနီး ဒေါ်ခင်တုတ်ကလဲ 'တင့်'ကို ကောင်းကောင်းမွန်မွန် ပြုစုထားပါတယ်၊ သူကတော့ ပြောပါတယ်၊ တင့်ရဲ့ ပြဿနာကို မကြေးမှုံ့ပြောပြလို့လဲ သူ့ခမျာ နားထောင်ရုံအပြင် ဖြေရှင်းနိုင်မယ် မဟုတ်ပါဘူး၊ သူနဲ့ မတွေ့ခင် ခြေဦးတည့်ရာ လျှောက်သွားမနေပါနဲ့ဦး၊ ဒီမှာခဏနားပါကွယ်ဆိုလို့ တင်လဲ နားနေပါတယ်၊ တင်လေ မမက ဖြေရှင်းပေးပေး၊ မပေးပေး မမမျက်နှာကို မြင်ရရင် တင် ကျေနပ်ပါပြီ။ မမ ပေးတဲ့ အကြံဉာဏ်ကို တင် လိုချင်လွန်းလို့ပါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့..."

ခက်ကပြီ၊ ကျွန်မရင်ထဲတွင် ဤပိန်ချည့်လှုပ်တုတ် ခန္ဓာကိုယ်ပိုင်ရှင် ကျွန်မအား အထင်တကြီး အားကိုးလိုသူများ ရှိသေးသကိုးဟု စိတ်တွင် အောက်မေ့မိ၏။

"ကဲ...ဘယ်လိုဖြစ်လာတာလဲ"

သူသည် စကားကိုစ,၍ သူ့အဖြစ်ကို ပြောသော်လည်း သူ့ချစ်သူနာမည်နှင့် သူ့မိဘနာမည်ကိုပါ အားလုံး သိုသိပ်၍ထား၏။ တခြား အချစ်နာကျသူ မိန်းကလေးများကဲ့သို့ သူ့အကြောင်းကိုလည်း ဝတ္ထုရေးစေဟန် မရှိပေ။ (ဤလို ကျွန်မ၏တွေးထင်ချက်ကပင် 'အ'သောအတွေးအခေါ်လား မသိပေ။) ထုံးစံအတိုင်းပင် သူ့ဇာတ်လမ်းမှာ လူငယ်နှစ်ယောက် ချစ်ကြခြင်းက စ၏။



"တင့်မှာ နေမကောင်းကယ်လို့ ပြောပြရင်ပဲ ကိုကိုဟာ သင့်တဲ့ ဆရာဝန်တစ်ယောက်ဆီ ခေါ်သွားပြီး ကုသပေးပါတယ်"

"ဒါပေမင့် လက်ထပ်ဖို့ကိုတော့ သူ မစီစဉ်သေးပါဘူး၊ ကိုကိုဟာလေ တင့်ကို ချစ်နေပါသေးတယ် မမရယ်၊ နေမကောင်းတော့ ကိုကိုကိုယ်တိုင် လာပြုစုတယ်"

သူသည် ထိုကြားထဲတွင် ဇာတ်လမ်းကို အတော်ပြည့်ပြည့်စုံစုံ ပြောသွားရှာ၏။

"ခုတော့ နယ်ပြောင်းသွားရပြီ၊ အဲဟိုတစ်နေရာကနေ သူကပြောတယ်၊ မင်းကိုတော့ ချစ်ပါရဲ့၊ ဟိုက မိဘသဘောတူသူနဲ့ လက်ထပ်ရတော့မယ်တဲ့၊ တင်ဘယ်လိုလုပ်ရမလဲ ဟင်...မမ"

ဒုတိယအကြိမ် မျက်ရည်များသွန်ချကာ ငိုပြန်ပါလေသည်။ ခက်ကပြီ၊ ကျွန်မလက်ဖျားများလည်း ထုံးစံအတိုင်း အေးလာ၏။

"သမီးရေ...ညည်းသည်ဖို့ ကော်ဖီတစ်ခွက်၊ မေမေ့ဖို့ ဟောလစ်တစ်ခွက် ယူလာခဲ့ပါ"ဟု သမီးလေးအား မှာလိုက်ရ၏။ ဤကဲ့သို့ လက်ဖျား အေးလာချိန်တွင် ဟောလစ်ကို သောက်လိုက်ပါဟု ဆရာဝန်က မှာထား၏။ ထိုကဲ့သို့ မသောက်လျှင် ကျွန်မသည် တစ်ခါတည်းပင် အိပ်ရာထဲပစ်လဲသွားတတ်သော ရောဂါရှင်ပင်တည်း။

"တင့်အချစ်ဟာ တစ်ဦးတည်းပိုင် ချစ်ချင်တဲ့အချစ်မျိုး မဟုတ်ပါဘူး၊ ဟိုမိန်းမကို သူလက်ထပ်ချင် လက်ထပ်ပါစေ၊ တင် အငယ်ဘဝနဲ့ပဲနေရနေရ၊ ကိုကို့မျက်နှာကို မြင်နေရရင် တင် ကျေနပ်ပါပြီ ကိုကိုရယ်လို့ တင်က ပြောလိုက်တော့ ဒိဝါကျွတ်ရင် တင်တင့်ဆီကို လာခဲ့မယ်တဲ့၊ အဲဒါ အမှန်ပဲ လားဟင် မမ၊ တင်တင်မှာ မျှော်လင့်ချက် ရှိသေးလား"

ကျွန်မသည် မျက်လုံးကြောင်ကြီးနှင့် သူ့ကိုစိုက်ကြည့်မိ၏ [illegible] ကိုးနှင့် လာရှာသူအား 'မျှော်လင့်ချက်မရှိတော့ဘူး'ဟု ပြောလိုက်[illegible] ခမျာ ပစ်လဲကာ သေပွဲဝင်ချင်စိတ် ပေါက်ရှာပေလိမ့်မည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အံတည်ကြံပါလျှင် ဤမိန်းကလေးကို တစ်ပါတည်းခေါ်ယူကာ သူ့ချစ်သူသည် လက်ထပ်မည် ဖြစ်လေသည်။

"ဟင်...မမ မျှော်လင့်စရာ ရှိသေးသလား"

ဒုတိယ တင်တင်က ထပ်မံ၍ မေးပြန်လေသည်။ ကျွန်မ ဘယ်လို ဖြေရပါ့။

"ရှိ...ရှိ... ရှိပါသေးတယ်လေ"

ကျွန်မသည် တုန်တုန်ယင်ယင် တစ်ထစ်ငေါ့ငေါ့ ဖြေလိုက်၏။ 'ရှိပါသေးတယ်' ဟူသော အဖြေနောက်ပိုင်း၌ ကျွန်မသည် အကြောင်းပြချက် ပြရဦးမည် ဖြစ်၏။ သို့သော် ဘာအကြောင်းပြရမည်လည်း ကျွန်မ မသိပေ။

"ဒီလိုရှိပါတယ် တင်တင်၊ ကျွန်မပြောပြမယ်၊ တင်တင်လာတာကလဲ ညကြီး၊ ပြောပြတွေ့ဆုံကြရတာလဲ ကမန်းကတန်းနဲ့ဆိုတော့ ခေါင်းမူးလှတယ်၊ ခေါင်းအေးအေးနဲ့ ကျွန်မတို့ စဉ်းစားရအောင်"

သူသည် အငိုတိတ်ကာ မျက်လုံးကလေး ဝင်းလက်လာပြန်၏။

"ဒီကိစ္စ တဖြည်းဖြည်းစဉ်းစားရအောင်၊ ဘာကိုစဉ်းစားလို့၊ ဘယ်လိုပဲလုပ်လုပ်၊ တင်တင်ချစ်တဲ့သူနဲ့တော့ နောက်ထပ် နှစ်ယောက်ချင်း မတွေ့ကြဖို့ ကျွန်မ တောင်းပန်ပါရစေ"

သူ့အန္တရာယ်ကို သူ့ကြောက်မကြောက်တော့ မသိပေ။ ကျွန်မကတော့ 'နောက်တစ်ခါ' ဆိုသည်ကို အင်မတန်ပင် ကြောက်သွား၏။ အဘယ်ကြောင့်ဆိုသော် တစ်ခါအလိမ်ခံရလျှင်မူ လိမ်သူ၏အပြစ်ဖြစ်သော်လည်း နှစ်ခါအလိမ်ခံရလျှင်မူ အလိမ်ခံရသူ၏ အပြစ် ဖြစ်၏။

"ခုကော ဘယ်လိုအစီအစဉ်နဲ့ လာခဲ့တာလဲ၊ မိဘတွေရောသိရဲ့လား၊ ပြီးတော့ ရန်ကုန်မြို့ရဲ့ ညအန္တရာယ်က မိန်းကလေးတစ်ယောက်တည်းအနေနဲ့ တင်တင်မကြောက်ဘူးလားကွယ်၊ ဆရာကိုအောင်လင်းဇနီးကိုပဲ တင်တင်ကျေးဇူးတင်သင့်သေးတယ်၊ သူ့ခများ စိုးရိမ်ပြီး လူအဖော်ထည့်လိုက်တာ"



"ဟုတ်ပါကယ်၊ ကျွန်မလာတာကို ကျွန်မမိဘတွေ မသိဘူး၊ မမနဲ့အတူနေချင်လို့ ရန်ကုန်မှာပဲ အလုပ်ရှာပြီး သူ့ကိုစောင့်မယ်၊ မိဘတွေဆီတော့မပြန်ချင်ဘူး"

"ဟုတ်ပါတယ်၊ နေတယ်ဆိုတာက လွယ်ပါတယ်၊ မိဘတွေဆီက တိတ်တဆိတ် ထွက်လာတာကတော့ မကောင်းဘူး၊ ကျွန်မတို့မှာ ဝတ္တရားရှိတယ်၊ သက်ဆိုင်ရာမိဘကိုတော့ တင်တင်ဒီမှာရှိတယ်ဆိုတာ အကြောင်းကြားရလိမ့်မယ်၊ ပြီးတော့ မိဘဆိုတာ ဘယ်တော့မဆို အားကိုးရာ၊ မှီခိုရာပါကွယ်၊ ဘာ့ကြောင့် မိဘကိုစွန့်ပြီး အဝေးကို ပြေးချင်ရတာလဲ၊ သူများအောက်ကျို့ဖို့ထက် ကိုယ့်မိဘခြေဖဝါးကို နမ်းရနမ်းရ နမ်းပြီး၊ မိဘအရိပ်ကို ခိုဖို့၊ ဖြစ်ပြီးတဲ့အပြစ်အတွက် ခွင့်လွှတ်ဖို့၊ နေပြီး ခေါင်းအေးအေးစဉ်းစား၊ ကျွန်မဆိုလဲစာရေး၊ အလုပ်ရှာ၊ ရန်ကုန်မှာ အလုပ်ရတော့ မိဘတွေ ကျေကျေနပ်နပ်နဲ့ လာခဲ့တာပေါ့"

သူသည် မိဘရှိသည်၊ မရှိသည်၊ ဘယ်သူနှင့်နေသည် ဆိုသည်ကို ပွင့်ပွင့်လင်းလင်း ပြောလို့ပုံမရပေ။

"ကျွန်မသူငယ်ချင်းအိမ်ကို မနက်က ရောက်ခဲ့ပြီးပါပြီ။ သူငယ်ချင်းနဲ့ အတူနေမယ်"

စကားပြောနေစဉ်ပင် ကျွန်မ၏ ခင်ပွန်းသည်မှာ အခန်းထဲသို့ ဝင်လာ၏။

"မိန်းကလေးက ညကြီးမင်းကြီး ဘယ်သွားမလို့လဲ၊ မောင်တင်လတ်အပြောတော့ သွားစရာလဲ မရှိဘူးဆိုပါလား၊ လျှောက်တော့သွားမနေပါနဲ့၊ လုံခြုံရေးအတွက်ပဲ ဒီမိန်းကလေး ဒီမှာရှိတယ်လို့ ဌာနကို သတင်းပို့ပြီး ဒီအိမ်မှာအိပ်ပေါ့၊ မနက်မှ မင်းသွားချင်တာကို လိုက်ပို့မယ်"

"ဟင့်အင်း...ဟင့်အင်း... ဌာနကိုတော့ အကြောင်းမကြားပါနဲ့၊ တင်တင့်ကို ရဲတွေအထင်သေးတာ မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခင်ပွန်းသည်မှာ စစ်ဗိုလ်ပီပီ သူ၏လုံခြုံရေးအမြင်နှင့် ကြည့်ဟန်တူသည်။

"မဟုတ်ဘူးလေကွယ်၊ သူတို့ကို အကြောင်းကြားဖို့က တို့မှာ တာဝန်ရှိတယ်၊ တို့ထိန်းသိမ်းထားပါတယ်ဆိုတာ သူတို့သိရုံလေးပဲ၊ မင်းက အရွယ်ငယ်သေးတဲ့ မိန်းကလေးကွယ့်"

"ဟင့်အင်း၊ ရဲတွေသိရင် သတင်းထောက်တွေပါ သိမှာ၊ တင်တင့်သူငယ်ချင်းဆီကိုပဲ တင်တင်ပြန်သွားမယ်"

ကျွန်မခင်ပွန်းမှာ အခန်းပြင်သို့ အသာထွက်သွား၏။

"ဒီလိုဆို ကျွန်မ ဘာလုပ်ပေးရမလဲ၊ မိန်းကလေးဆိုတာ အင်မတန်အန္တရာယ်များပါတယ်ကွယ်၊ ပြီးတော့လဲ နောင်ကို စိတ်ညစ်တယ်ဆိုပြီး အိမ်ကခုလို ဖြုန်းခနဲ ထွက်ထွက်မလာနဲ့၊ ဝတ္ထုထဲသာ ကောင်းချင်ကောင်းတာ၊ တကယ်ကျတော့ ရန်ကုန်ဟာ အင်မတန် ကြောက်စရာကောင်းတယ်နော်၊ ကျွန်မကိုယ်တွေ့မို့ ပြောတာပါ"

"တင်တင့်ဆန္ဒကတော့ မမဆီကအကြံဉာဏ် လိုချင်လို့ပါပဲ"

ခက်ကပြီ၊ အကြံပေးအရာရှိကြီး လုပ်ရအောင်လည်း ကျွန်မသည် တန်ခိုးတော်ရှင်၊ ဉာဏ်ကြီးရှင်မဟုတ်။ ယခုမှ ကိုယ့်ကိုယ်ကိုတွေး၍ အထင်သေးသလို ရယ်ချင်သလို ဖြစ်မိလာ၏။ ဆရာကိုအောင်လင်းတို့ မကြေးမှုံတို့ကို ပရိသတ်က ဘယ်လိုမြင်လေသည် မသိပေ။ စာရေးဆရာတို့သည် ဘဝပြဿနာများကို ဖြေရှင်းပေးနိုင်သူများဟု ထင်ကြလေသလား။ စင်စစ်မတော့ ဤအောင်လင်း၊ ဤမကြေးမှုံတို့သည် တစ်ကြိမ်သောအခါက ဘဝစစ်မြေပြင်တွင် သွေးချင်းချင်းနီမျှ ဒဏ်ရာရကာ ဘုံးဘုံးလဲခဲ့သူများသာတည်း။ ထိုဒဏ်ရာများကို အားတင်း၍ခံကာ တစ်ချီတစ်ပွဲပြန်၍နွှဲကာ အားယူလာရသူများ ဟူသည်ကို သူတို့ သိဟန်မတူ၊ ဒါကြောင့်ပင် သူသည် အောင်လင်းနှင့် မကြေးမှုံတို့ထံ ပြေးလာဟန်တူသည်။



"ကျွန်မ ပေးနိုင်ဆုံး အကြံဉာဏ်ကတော့ မိဘဆီကို ပြန်သွားပါ၊ ခေါင်းအေးအေးနဲ့ စဉ်းစားပါ၊ ရန်ကုန်မှာ အလုပ်လုပ်ချင်တယ်ဆို ဖြည်းဖြည်းဆေးဆေးရှာ၊ ရတော့ လာလုပ်၊ အချစ်နဲ့ပတ်သက်လို့ကတော့ များသောအားဖြင့် ယောကျ်ားတွေရဲ့အချစ်ကို မယုံစေချင်ဘူး၊ ယောကျ်ားတွေကို အားလုံးသိမ်းရုံးပြီး ကျွန်မ အပြစ်ပြောတာ မဟုတ်ပါဘူး။ ယောကျ်ားတွေဟာ ကောင်းပဲ့ယောကျ်ားတွေလဲရှိတယ်၊ မကောင်းတဲ့ ယောကျ်ားတွေလဲရှိတယ်၊ ကောင်းတဲ့သူကိုပဲတွေ့တွေ့၊ မကောင်းတဲ့သူကိုပဲ တွေ့တွေ့ ကျွန်မတို့ဟာ မိန်းမ၊ ဒီနေရာမှာ ဘာဥပဒေနဲ့မှ ယောကျ်ားနဲ့မိန်းမ တန်းတူလုပ်မရဘူး။ ရှင်းရှင်းပြောရရင် ယောကျ်ားအကောင်းနဲ့ပဲတွေ့တယ်ထား၊ နှစ်ယောက်တူတူ ချစ်ကြလို့ ခေတ်စကားအရ အသည်းကွဲကြပြီ ဆိုပါစို့၊ သူတို့အသည်းကွဲတာ လူမမြင်ဘူး၊ ကျွန်မတို့မှာ ယောကျ်ားရတယ်ဆို ဖတ်ခနဲ ဗိုက်ထဲမှာ ကလေးပါလာရော"

ကျွန်မသည် စကားလုံးရိုင်းရိုင်းပင် သုံးလိုက်ရ၏။

"ရုရှားစကားပုံတစ်ခုကို ကြားဖူးလား...

"တို့များယောကျ်ား စိတ်ရှုပ်ပေါက်လို့ အပြင်ထွက်သွားရင် အပြန်မှာက တစ်ယောက်တည်းပဲ ပြန်လာတတ်တယ်။ မင်းတို့မိန်းကလေး စိတ်ရှုပ်ပေါက်လို့ ထွက်သွားရင် အပြန်ကျ ကလေးတန်းလန်း ပြန်ပါလာတတ်တယ်' ဆိုတာ...အဲဒီစကားပုံဟာ ကျွန်မတို့ကိုယ်ကို ကျွန်မတို့ထိန်းဖို့စကားပုံပါပဲ၊ တင်တင့်ကို အပြစ်မတင်ပါဘူး။ မိန်းကလေးများဟာ ကိုယ့်ချစ်သူကို ယုံကြတယ်၊ ကိုယ့်ချစ်သူကို ယောကျ်ားကောင်း အာဇာနည်ကြီးလို ပူဇော်ပသတဲ့ဘဝရောက်အောင် မြတ်နိုးတတ်ကြတယ်ဆိုတာ ဘာလို့လဲဆိုတော့ ကျွန်မကိုယ်တိုင် တစ်ခါက ချစ်သူကို ယုံခဲ့တယ်၊ ဒါပေမယ့် ဘုရားတန်ခိုးတော်ကြောင့်ပဲ 'မပုံ'ခဲ့ဘူး"

"ဒီလိုဆို ကိုကိုဟာ ဝါကျွတ်ရင် တင်တင့်ကို လာခေါ်မယ်ဆိုတာ မမျှော်လင့်ရဘူးပေါ့"

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူလိုချင်သည်ကိုပဲ သနားစဖွယ် ထပ်ခါမေး၏။ သူ့အမေးနှင့် ကျွန်မအဖြေ တစ်လွဲစီဖြစ်နေလေပြီလား။

"ဒီလိုပါလေ၊ မျှော်လင့်စရာ ရှိပါသေးတယ်၊ ဒီကြားထဲ ခေါင်းအေးအေးနဲ့စိစဉ်နိုင်ဖို့ အချိန်တွေ ရှိပါသေးတယ်၊ ကျွန်မပြောတာက ဝါကျွတ်ရင် တင်တင်ကို ခေါ်မှာပါ၊ နောက်တစ်ခါ တွေ့ကြဦးနို့လို့ဆိုရင် တွေ့မှာစိုးလို့ 'လူကိုတော့ယုံပါတယ်၊ အကြွေးကိုသည်းခံပါ' ဆိုတဲ့ ကုန်စုံဆိုင် ဆိုင်းဘုတ်လိုပဲ 'ချစ်သူကိုတော့ ယုံပါတယ်၊ တွေ့ကြဖို့ သည်းခံပါ' ဆိုတဲ့ ဆောင်ပုဒ်ကို တင်တင် ကျက်ထားပါ"

သူသည် ငိုင်၍စဉ်းစားနေ၏။

"ဘာလို့လဲဆိုတော့ ကျွန်မတို့မှာက မိန်းမ၊ အခု ကျွန်မ လူကြီးစုံရာနဲ့ အစ်ကို့ကို လက်ထပ်ထားတယ်ဆိုဦး၊ ငါပေါင်းချင်တယ် လာခဲ့ဆိုမှ သူ့အနားကပ်နိုင်တာ၊ သူက စိတ်မပါဘူးဆိုတော့ ဘာတတ်နိုင်မှာလိုက်လို့၊ စီးပွားရေးသာ သရက်စေ့ထက်ခြမ်းကွဲတွေ၊ ဘာတွေနဲ့ ဥပဒေစကား ပြောနိုင်တာ၊ သူတို့အသည်းနှလုံးက အချစ်ရဖို့ ကျွန်မတို့က ဥပဒေနဲ့ စကားမဆိုနိုင်ဘူး"

တင်တင့်ခေါင်းထဲတွင် ဘာများစဉ်းစား၍ ဘယ်လိုဆုံးဖြတ်နေသည် မသိပေ။ ငြိမ်သက်စွာ နားထောင်နေ၏။

"လောလောဆယ် ကျွန်မရင်ထဲ စိုးရိမ်နေရာက အခုည တင်တင် ဘယ်ကိုသွားမလဲ၊ ကျွန်မတို့အိမ်မှာ အိပ်ပါ"

သူသည် ရဲရဲဝံ့ဝံ့ပင် ကျွန်မမျက်နှာကို ဖျတ်ခနဲမော်ကြည့်လိုက်၏။

"ကျွန်မသူငယ်ချင်းအိမ်ကို ပြန်အိပ်မှာပါ"

"အဲဒီအိမ်ထိအောင် အဖော်ထည့်လိုက်ပါရစေ"

"မလိုပါဘူး၊ ကိုတင်လတ်ကိုတောင် ကျွန်မ လမ်းမှာထားရစ်မှာ"

"ဟင်..."



ကျွန်မရင်ထဲတွင်တော့ တင်တင့်သတ္တိကို ချီးကျူးရမလား၊ အပြစ်တင်ရမလား မသိပေ။ ကျွန်မပင်လျှင် လက်ထပ်ပြီးသူ ဖြစ်ပါလျက် ညဘက်ဝယ် သုံးဘီးကားကို တစ်ယောက်တည်း မစီးရဲပေ။

"ဒါဖြင့်ရင် နက်ဖြန်ကိုတော့ တင်တင့်မိဘများဆီပြန်ဖို့ ကျွန်မ တောင်းပန်ပါရစေ"

"ဟုတ်ကဲ့၊ ပြန်ပါ့မယ်"

"တကယ်လား"

"မမအပေါ် ကျွန်မ ကတိပေးရင် ပေးတဲ့အတိုင်း လုပ်ပါ့မယ်၊ တင် သွားတော့မယ်"

ကျွန်မတို့သည် သုံးဘီးကားပေါ်အထိ သူနှင့်ကိုတင်လတ်ကို လိုက်၍ပို့ကြ၏။ တင်တင်သည် သုံးဘီးကား စက်နှိုးချိန်တွင်ပင် ကျွန်မကို လှမ်း၍ မေးလိုက်ပြန်ပါသည်။

"မမ မျှော်လင့်ချက် ရှိပါသေးသလား"

"ရှိပါသေးတယ်"

ကျွန်မပြန်ပြောသံသည် အားလျော့တုန်ယင်လှလေသည်။ အမှောင်ထဲတွင် သုံးဘီးကားကလေးသည် ပျောက်ကွယ်သွား၏။ အစ်ကိုသည် ကျွန်မလက်ကိုတွဲချိတ်ကာ ခြံထဲသို့ ပြန်ဝင်လာ၏။

"ကိုတင်လတ်ကပြောတယ်၊ ဒီကလေးမလေးအကြောင်း သူတို့လဲ ဘာမှ မသိဘူးတဲ့၊ ဒါကြောင့် ဒီည သူ့မှာသွားစရာ မရှိဘူးဆိုရင် အမျိုးသမီးဂေဟာကို သူတို့ပို့မယ်လို့ စီစဉ်ထားကြတယ်တဲ့"

အစ်ကိုနှင့်ကျွန်မ စကားပြောရင်း ထမင်းစားခန်းထဲသို့ ဝင်လာကြ၏။

"ကို့စိတ်ထဲ တစ်ခုမကောင်း ဖြစ်နေတာက သူ့ခမျာ အားကိုးတကြီးနဲ့ ပြေးလာတာကို တို့များက ဌာနကိုတိုင်ပြီးမှ အိပ်ခွင့်ပြုမယ် ဆိုတာကို သူငယ်မလေးများ အယူအဆမှားသွားမလားကွယ်၊ တယ် ရက်စက်တဲ့သူတွေပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"မှုံလဲ ဒီလိုပဲတွေးမိပြီး ကလေးမလေး ဒီလိုပြန်သွားရတဲ့ကိစ္စမှာ မှုံတို့အပြစ် ကင်းရဲ့လားလို့ စိတ်မချမ်းမသာ ဖြစ်တယ် ကို"

ထမင်းစားပွဲတွင် ထိုင်လျက်ရှိသော ညှိသည်ယောကျ်ားကမူ...

"အံမယ်လေး...သူတော်စင်လင်မယား၊ တော်ကြာ ခင်ဗျားတို့ပါ ဂါတ်တဲတစ်ညသွားအိပ်ရမယ်၊ တကယ့်အဖြစ်က ဘယ်လိုမှန်းမှမသိပဲနဲ့ဗျာ၊ မသကာ အရင်ကလဲ သိကျွမ်းခဲ့တဲ့ အကြောင်းသိမိတ်ဆွေ ဆိုရင်တော့ ခင်ဗျားတို့လက်မခံတာ ခင်ဗျားတို့မှာ တာဝန်ရှိချင်ရှိမယ်၊ ခုကိစ္စမှာတော့ သူသူ့ကိုယ်ကိုယ် ဌာနကို အကြောင်းကြားပြီးမှ လက်ခံသင့်တာပေါ့"

"သူ့ရုပ်ရည်ကတော့ အထင်သေးစရာ တစ်ကွက်မှ မရှိပါဘူး"

ကျွန်မ၏ ညီမငယ် မကြေးယုံက ဆိုပြန်ပါလေသည်။

"မမမှုံလဲ သူ့ခမျာလေးကို အထင်မသေးပါဘူ "

"ဒါနဲ့ မရွှေမှုံအတွက် ယောကျ်ားတို့အကြောင်း ဝတ္ထုဇာတ်လမ်း ရလိုက်ပြန်ရော့လား"ဟု အစ်ကိုက မေး၏။

"ဝတ္ထုဇာတ်လမ်းရယ် ဆိုရအောင်က သူ့ခမျာ သူ့ချစ်သူအဖြစ်ကို အားလုံး လျှို့ဝှက်သွားရှာပါတယ်"

"အင်း...ဟုတ်ကဲ့ မရွှေအ၊ ခင်ဗျားဆီ ဒီမိန်းကလေး လာကတည်းက သူ့အဖြစ်ဟာ ဝတ္ထုတစ်ပုဒ်ဖြစ်စေချင်လို့ပေါ့၊ နာမည်၊ နေရပ်၊ အတိအကျတော့ ဘယ်ပြောမလဲ"

အစ်ကိုက ထမင်းစားရန် ဟန်ပြင်ရင်း စကားဆက်ပြော၏။ မကြေးယုံကမူ "အဲဒီလိုဆို အစ်ကိုက 'ရှေးသရောအခါ ဗာရာဏသီပြည်တွင် အ,သော စာရေးဆရာတစ်ယောက်ရှိ၏။ သူ့ထံသို့ ရိုး၍အ,သော မိန်းမများ လာကြကုန်၏...'လို့ မိန်းမတို့အကြောင်း ဝတ္ထုရေးပါလား" ဟု ပြောပြန်လေသည်။

"ဒီလိုမပြောပါနဲ့ မကြေးယုံရယ်၊ လောကမှာ မင်းတတ်တဲ့ ဖလော်ဆော်ဖီနဲ့ မဖြေရှင်းနိုင်တဲ့အကြောင်းတွေ အများကြီးရှိတယ်၊ သိရဲ့လား၊



ကဲ...တကယ်ဖြေရှင်းနိုင်ရင် ရိုးတာနဲ့ အ,တာ ဘာကွာသလဲ" ဟု ကျွန်မ မေးလိုက်သောအခါတွင်မူ ထမင်းဝိုင်းသည် ပြန်လည်တိတ်ဆိတ်၍ သွားပါတော့သည်။

* * *

ဒုတိယအကြိမ်မြောက် အ,သောမိန်းမတစ်ယောက်သည် ကျွန်မထံသို့ ရောက်လာပြန်သည်။ သူလာသည်မှာတော့ ညဥ့်ဦးယံမဟုတ်ပေ။ သို့သော် အိမ်တွင် လူသူကင်းရှင်း၍ အေးချမ်းသော နေ့လယ်ပိုင်းဖြစ်၏။ သူ့အကြောင်းကမူ 'ဘဝအစ ငိုချင်းကစ၍ ဘဝအလယ်တွင် ငိုချင်းသယ်ကာ ဘဝအဆုံး ငိုချင်းနှင့်ဆုံးရသောအကြောင်း'ဖြစ်၏။ သူချစ်သော ယောကျ်ားတစ်ယောက်ကို အကြောင်းပြု၍ သားငယ်ကို ရင်တွင်ပိုက်ကာ ခရီးကြမ်းကို လှမ်းရသောဇာတ်လမ်းဖြစ်၏။ သူ့ဇာတ်လမ်းသည် စုံ၍ ရှည်လျား၏။ မငြိမ်းချမ်းသောကာလတွင် စစ်မြေပြင်နှစ်ဘက်ကြားဝယ် မိန်းမသားနှင့် ကလေးတို့ အလူးအလိမ့် ခံစားရသော ဇာတ်လမ်းဖြစ်၏။ သို့သော် လူမျိုးရေးပါနေ၍တစ်ကြောင်း၊ အခြားသော အကြောင်းအရပ်များက ပါနေ၍ တစ်ကြောင်း ရုတ်တရက် တင်ပြရန် အချိန်နှင့် အခြေအနေက မပေးသေးပေ။

"မမရဲ့ စိမ်းသင့်မှစိမ်း ဇာတ်ကားပြတော့ စိမ်းက ဦးဝိစာရလမ်းမှာ တစ်ယောက်တည်း လျှောက်နေတာမြင်ရတော့ ကျွန်မကြည့်ရင်း ငိုလိုက်ရတာ၊ ဘာဖြစ်လို့လဲဆို ကျွန်မလေ ကလေးကို စောင်ကြီးနဲ့ထုပ်ပြီး ဦးဝိစာရလမ်းမှာ ဖိနပ်မပါဘဲ တစ်ခါတုန်းက လျှောက်ခဲ့ရလို့"

သူက သူ့အကြောင်းပြောရင်းက ပြောပြ၏။

"ကျွန်မငိုတာကို ကျွန်မနဲ့အတူတူ ရုပ်ရှင်ကြည့်နေတဲ့ အရာရှိကတော်ကြီးက တွေ့တော့၊ 'ဟဲ့ အရူးမ၊ နင့်မှာ ရုပ်ရှင်ကြည့်လဲငိုရ၊ အလုပ်လျှောက်

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လဲငိုရနဲ့ မရှက်ဘူးလား'တဲ့၊ သူတို့ကတော့ မျက်ရည်အကြောင်းကို ဘယ်သိမှာလဲနော်"

"ဒါပေါ့လေ၊ ပန်းခင်းတဲ့ဝေါယာဉ် အမြဲစီးနိုင်တဲ့ မိန်းမတွေ ရှိတတ်ပါတယ်၊ သူတို့ကို မျက်ရည်အကြောင်း ပြောပြလို့ သူတို့က ရယ်မှာပေါ့၊ မျက်ရည်ဆိုတာ 'ရှမ်ပိန်'လို သောက်လို့ အရသာရှိသလားလို့တောင် မေးဦးမယ်..."ဟု ကျွန်မက ပြောပြလိုက်၏။

ကျွန်မ ရန်ကုန်ကို တစ်ယောက်တည်း ထွက်လာရသော အချိန်နှင့် ထိုမိန်းမရောက်လာသော အချိန်တို့မှာ မရှေးမနှောင်းဖြစ်ဟန် တူလေသည်။

"မမရေးတဲ့ ဝတ္ထုတွေဖတ်ရင်း သူရေးတာတွေဟာ တကယ်ဖြစ်နေသလိုပါပဲလား၊ ငါဖြစ်တာနဲ့ တူလေခြင်းလို့ ဖတ်ရင်းတွေးမိတယ်"ဟု သူက ဆိုပြန်ပါသည်။

"ဟင်...မမဟာ ဒီလိုအဖြစ်တွေကို ကြုံခဲ့တယ်၊ မမဟာ ဗိုလ်ကြီးကတော်တစ်ယောက်၊ ခုလိုအေးချမ်းတဲ့ တိုက်ထဲမှာနေရပြီး ကျွန်မတို့လို ဘဝကြမ်း လျှောက်ခဲ့ရတယ် ဆိုတာတော့ ကျွန်မ,မယုံပါဘူး"

သူ့ခမျာသည် ဖက်ဖူးနုရောင် နံရံများနှင့် ကာရံထားသော ကျွန်မတို့ စကားပြောနေသည့် ဧည့်ခန်းကိုကြည့်ရင်း ပြော၏။ သူ့ဘေးတွင် အင်ဂျင်နီယာကြီး ကိုကိုဘဆိုင်၏ လက်ရာဖြစ်သော ယိုးဒယား ပန်းခက်ပန်းနွယ်များကလည်း လှပစွာ နွယ်ယှက်၍နေကြသည်ကို မြင်ရသောအခါ သူ့ခေါင်းထဲတွင် ဤမေးခွန်းကို မေးထိုက်ပေလိမ့်မည်။

ကျွန်မရင်ထဲတွင်မူ 'လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ၊ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရစမြဲမို့လားလေ'ဆိုသော မွေးဇာတ်ကား၏ ပဏာမသီချင်းကိုသာ ဆိုပြလိုက်ချင်ပါသည်။ သို့သော် ကျွန်မဘာမှ မဖြေခင်ပင် သူက ပြန်ပြော၏။

"ကျွန်မရေးလာတဲ့ဇာတ်လမ်းကို အခွင့်သင့်ရင် မမ တင်ပြပါ"



"စိတ်ချပါ စစ်မှန်းတီးရေးဇာတ်လမ်းမို့ ကျွန်မ ပိုသဘောကျပါတယ်"

"ဟုတ်ကဲ့၊ ဒီစာမူကို ပါစေချင်လွန်းလို့ ငွေလဲ ခြောက်ရာလောက်ကုန်ပါပြီ"

"ဘာပြောတယ်...ဘာလို့ကုန်တာလဲ"ဟု ကျွန်မက အထိတ်တလန့်နှင့် မေးလိုက်၏။

"ဒီလိုပါ...ဒီစာမူကို မိတ်ဆွေတစ်ယောက်က စာရေးဆရာ သုခဆီသွားပြပေးမယ်တဲ့၊ ခရီးစရိတ်လဲ ပေးပါ၊ စာမူပါအောင် စာရေးဆရာကို သွားပြောရင် ငွေလဲပေးရမယ်ဆိုလို့ ပထမလူကို ပေးရတာ သုံးရာကျော်တယ်၊ နောက် ဒုတိယလူကိုလဲ ဆရာတင့်တယ်ဆီ သွားပေးမယ်ဆိုလို့ ပေးရတာ လေးရာနီးနီးပဲ၊ သူတို့ကပြောတယ်တဲ့ ...အကြောင်းအရာတော့ ကောင်းပါတယ်၊ တင်ပြပုံ မဟုတ်သေးဘူးလို့ ပြန်ပြောလိုက်တယ် မမရဲ့..."

ကျွန်မသည် သက်ပြင်းချလိုက်မိ၏။

"ဒီမှာ နောက်ကို သူများပြောတာ ဘယ်တော့မှ မယုံနဲ့၊ အဲဒီငွေတွေကို လမ်းကလူ ဖြတ်စားတာ၊ စာရေးဆရာသုခတို့၊ စာရေးဆရာ တင့်တယ်တို့ဆိုတာ တစ်ပြားမှမရဘူး၊ စိတ်သာချ...ထုံးစံလဲမရှိဘူး၊ စာမူဆိုတာ ကောင်းလာရင် ထုတ်ဝေတဲ့လူက စာရေးတဲ့သူဆီမှာ ပိုက်ဆံပေးပြီး ဝယ်ရတာ"

ကျွန်မရှင်းပြမှ သူသည် မျက်လုံးပြူးမျက်ဆံပြူး ဖြစ်လာ၏။

"ဒါဖြင့် မမကို တိုက်ရိုက်လာတွေ့တာ ကျွန်မကံကောင်းတာပေါ့"

"အင်း...နောက်လဲနိုးစပ်ရာ ပြောထားပါ၊ မကြေးမှုကို သွားတွေ့ပေးမယ်၊ ငွေပေးပါလို့တောင်းရင် ဘယ်သူ့မှမပေးပါနဲ့လို့..."

ကျွန်မသည် မပဒ္မာစာရီအား ပြောပြလိုက်ရ၏။ အစ်ကို ရုံးဆင်းလာချိန်တွင် ထိုမိန်းမအကြောင်း ပြောပြသောအခါ ကျွန်မထင်သည့်အတိုင်းပင် "ဒါလောက် အ,တဲ့မိန်းမ ဒါလောက်ခံရတာ နည်းတောင် နည်းသေးတယ်ကွာ"ဟု မှတ်ချက်ချပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ညီမငယ် မဖလော်ဆော်ဖိသာ ဤအကြောင်းကို ကြားပါလျှင်လည်း "ဒါလောက်အ,လို့ ခံရတာကတော့ ယောကျာ်းလုပ်သူမှာ အပြစ်မရှိပါဘူးမမမှုံ့"ဟု သူက ယောကျာ်းတို့ဘက်က ရှေ့နေလိုက်လိမ့်မည်ဟု ကျွန်မထင်ပါသည်။ သို့သော် ဘယ်လိုပင် ဘယ်သူက သတ်မှတ်ချက် ဘယ်လိုချချ ထိုမိန်းမပေးခဲ့သော အကြောင်းကိုမူ ကျွန်မသည် ဝတ္ထုတစ်ပုဒ်လို ရေးဖွဲ့၍ တင်ပြချင်ပါသည်။ အခါအခွင့် ကြုံပါစေသတည်း။

* * *

သူတို့နှစ်ဦးနှင့် တွေ့ဆုံပြီးသည်မှာ လပေါင်းအတော်ကြာခဲ့ပေပြီ။ ဝါကျွတ်၍ ဆောင်းဝင်ကာ နွေ၏အရိပ်အခြေကိုပင် တွေ့မြင်ရစပြုလာလေသည်။

ဝါကျွတ်တွင် တင်တင့်ချစ်သူသည် တင်တင်အား လာ၍ပင် ခေါ်သွားလေပြီလား၊ သို့တည်းမဟုတ် တင်တင်သည် တစ်ယောက်တည်းပင်ချစ်သူလာ၍ ခေါ်ချိန်ကို ငံ့လင့်၍ နေလေသလား။ သူ့ထံမှ ဘာစာမျှ ထပ်မံ၍မလာတော့ပေ။

တစ်အားကိုးနှင့် လာရောက်သူ တင်တင်အား လက်မခံသူဟူ၍ ကျွန်မအပေါ်တွင် တင်တင်သည် စိတ်နာ၍ပင် သွားလေသလော၊ ဘယ်လိုပင်ဖြစ်ဖြစ် ဟိုနေ့ညလိုတာ့ ညကြီးသန်းခေါင် ဇွတ်ရှုတ်ထွက်လာသော အဖြစ်မျိုး ထပ်မံလုပ်ရန် အကြံဉာဏ်များ တင်တင်၏ခေါင်းထဲတွင် ပေါ်၍မလာစေချင်ပေ။

တစ်ခါတရံလည်း ကျွန်မတို့ရေးသားသော ဝတ္ထုများသည် ငယ်ရွယ်သူတို့စိတ်ကို မြှောက်ပင့်ပေးရာပင် ရောက်လေသလောဟု တွေးတောမိ၏။



အချစ်ကိစ္စနှင့် ပတ်သက်လာလျှင် ကျွန်မတို့ မိန်းကလေးများသည် ပို၍မိုက်ရူးရဲသည်ကိုမူ ကျွန်မတို့ ဝန်ခံရပေမည်။ အရွယ်မရောက်တရောက် အပျိုပေါက်အချိန်တွင် ပို၍ဆိုးရွားလှသည်။

တစ်နေ့ကပင် ဓမ္မစကြာကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ဓမ္မစကြာမယ်ရှေ့ အကြောင်းကို သွား၍တွေးမိ၏။ ဓမ္မစကြာသည် အနက်ကို ရွတ်လေလေ ပို၍လေးနက်လေလေ ဖြစ်၏။ နိဗ္ဗာန်လမ်းသို့သွားရာတွင် ဓမ္မစကြာတရားမှာ သိမြင်ခံစားလွယ်သော မူလအခြေခံတရားဖြစ်သည်ဟု ကျွန်မယူဆမိ၏။ ဝိပဿနာတရားကို လက်တွေ့အားမထုတ်ခင်ကပင် ဓမ္မစကြာအနက်ကို အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်ရာမှ ကျွန်မသည် ပြင်းပြစွာ ပူလောင်လှသော ကျွန်မ၏နှလုံးသားကို အေးမြချမ်းငြိမ်းမှု ရရှိခဲ့၏။

အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဇာတိကြောင့် ဖြစ်ပေါ်လာသည့် ဒုက္ခဆင်းရဲခြင်းကိုလည်းကောင်း၊ ချစ်သောသူနှင့် ကွေကွင်းရ ခြင်းဆင်းရဲ မချစ်မနှစ်သက်သူနှင့် အတူနေရခြင်းဆင်းရဲကိုလည်းကောင်း၊ အကြင် လိုချင်သောအကြောင်းတို့သည် ဤလောကတွင်ရှိ၏။ ထိုလိုချင်သောအရာတို့ကို မရမှ အဖန်တလဲလဲဖြစ်ရသော ဆင်းရဲတို့ကိုလည်းကောင်း၊ ထိုဆင်းရဲခြင်း အသီးသီးမှ လွတ်မြောက်ရာသည် နိဗ္ဗာန်သာတည်း။ ထိုနိဗ္ဗာန်သို့ သွားရာလမ်းကား ရှစ်သွယ်သော လမ်းရှိ၏ဟု မြတ်စွာဘုရားသခင်သည် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးတရားကို အကျယ်ဖွင့်ပြ ဟောတော်မူ၏။

မြတ်စွာဘုရားသခင် ဟောကြားတော်မူသော အဘိဓမ္မာတရားတို့ အမြောက်အမြားရှိသည့်အနက်မှ ဓမ္မစကြာကို တရားဦးအဖြစ် ဘာကြောင့် ဟောသနည်းဆိုသည်ကို ကျွန်မ ရွတ်ဖတ်ရင်းမှ သဘော ပေါက်၏။

ဓမ္မစကြာသည် ဘဝဒုက္ခကို ထင်ရှားအောင် ပြရုံမက လွတ်မြောက်ရာလမ်းစဉ်ကိုလည်း လွယ်လွယ်ရှင်းရှင်းပြ၏။ ဝိပဿနာကို ထိုင်လေသော ဤမဂ္ဂင်ရှစ်ပါးလမ်းစဉ်မှ လွဲဖယ်၍မရသည်ကို သဘော ပေါက်လာလေ ဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ အေးမြချမ်းငြိမ်ခြင်း၏ အဆုံးသို့ပို့သော ဓမ္မစကြာတရားတော်ကို အာရုံဆောင်၍ အဟိတ်တိရစ္ဆာန် နဂါးမင်းကိုပင် သဘောပေါက်အောင် ဟောပြောနိုင်သော မယ်ရွှေသည် ချစ်သူကို တွေ့လိုဇောကြောင့် ကမ်းကိုမမြင်နိုင်သော သမုဒ္ဒရာအတွင်းသို့ ညတွင်းချင်းခုန်ချဖြတ်ကူးလာ၏။ ကျွန်မသည် မယ်ရွှေသည့်တ္တိကို ချီးကျူးရမည်လား၊ ကြောက်ရမည်လား၊ တစ်ခါတစ်ခါ အတွေးကျယ်သူပီပီ တွေးမိ၏။

သို့သော် မယ်ရွှေနှင့်နှိုင်းစာလျှင်မူ တင်တင်တစ်ယောက် ညကြီးသန်းခေါင် ကျွန်မထံ ပေါက်လာသည့်အတွက် တင်တင့်ကို အပြစ် မဆိုလိုပါပေ။ သို့သော် နောက်တစ်ဖန်တွင်မူ မယ်ရွှေလို စွန့်စားခန်းမျိုးလုပ်ဖို့ကိုမူ ကျွန်မအားမပေးရဲပါ။ အဘယ်ကြောင့်ဆိုသော် မယ်ရွှေဝတ္ထုတွင် ပင်လယ်ထဲမှ ကယ်ဖို့ နဂါးမင်းက ဝတ္ထုထုံးစံအတိုင်း ပေါ်လာခဲ့သော်လည်း တင်တင်၏ လက်တွေ့ဘဝတွင် နဂါးမင်းက ပေါ်ချင်မှပေါ်မည်။ အချစ်သမုဒ္ဒရာဝယ်ဝဲနှင့်တွေ့ပါက စုံးစုံးမြုပ်သွား မည်ကို ကျွန်မ စိုးရိမ်သောကြောင့်တည်း။

တစ်ခုကလည်း များသောအားဖြင့် ကျွန်မတို့ စာရေးသူလူငယ်ပိုင်းတွင် မြီးကောင်ပေါက်တို့ ပျက်စီးခြင်း၊ မိန်းကလေးများပျက်စီးရခြင်းသည် ဝတ်စားနေရေး၊ စီးပွားရေး မနိုင်လုံ၍၍ဟု ယူဆကြသည်။ ကျွန်မကအစ ဤအတွေးအခေါ်နှင့် ဝတ္ထုများကို တင်ပြကြသည်။ သို့သော် သတင်းစာများတွင် ခဏခဏ အိပ်ဆေးသောက်သူ၊ ရေထဲ ဆင်းသေသူများတွင် စားနိုင်သောက်နိုင် ငွေရှင်ကြေးရှင်များ အတော်များများပါကြ၏။ ကျွန်မထံသို့လာသော မိန်းကလေးများသည်လည်း ပညာတတ်များ စက်ရှင်တရားသူကြီးသမီးများ၊ ကြေးရေတတ်မိန်းကလေးများသာတည်း။

တလောကရောက်လာသော ယောက်ျားလေးတစ်ယောက်မှာ သူဌေးသား ဖြစ်၏။ သူ့ချစ်သူက မချစ်နိုင်ဆို၍ သူ့ကိုယ်သူ သတ်သေမည်ဟုဆိုလာသည်။ ကျွန်မတွင် တတ်သမျှမှတ်သမျှနှင့် အတော် တရားဟောလိုက်ရသည်။ ဘယ်သို့ပင်ဆိုစေ၊ အရွယ်ရောက်စ လူငယ်ပိုင်းတွင် ထစ်ဆို



အချစ်အတွက် စွန့်စားရခြင်းသည် သူရဲကောင်းဖြစ် သည်ဟု ယူဆသောအယူအဆများ ကြောက်မက်ဖွယ်ရာ လွှမ်းမိုးလာသည်ကိုမူ ကျွန်မတို့ ဂရုပြုသင့်၏။

ထိုသို့ဖြစ်ရခြင်းမှာ စီးပွားရေးကြောင့်ဟု ယူဆမှုမှာလည်း လုံလောက်သော အကြောင်းပြချက် မဟုတ်ပေ။ တချို့ကိစ္စများတွင် မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ကျွန်မထံရောက်လာသော မိန်းကလေးတို့သည် စီးပွားရေးတောင့်တင်းကြသူများသာတည်း။ သို့ဖြစ်လျှင် ကျွန်မတို့သည် ထိုပြဿနာများကို မည်သို့ရင်ဆိုင်ကြပါသနည်း။

●

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတို့အကြောင်း

## အမှတ်(၆)

**မမွှတာ**

* ကြင်ကြသေးသည်
ကွေးလေးငယ်ရှယ်၊ အမိကွယ်က
ခုဝယ်တိုင်ကျ၊ မောင်နှမတို့
ယုယသာကြည်၊ ကြင်လေသည်တည့်။

* ရှင်ကြသေးသည်
ကြည်အေးသာလှ၊ မောင်နှမတို့
ဘယကင်းကွာ၊ စည်းစိမ်သာခွဲ
မေတ္တာတည်ကြည်၊ ရှင်လေသည်တည့်။

* မြင်ရသေးသည်၊
မအေးဖွယ်မူ၊ တစိမ်းသူအား
ကြည်ဖြူစိတ်မှာ၊ နောင့်ကြင်လျှာဟု
မေတ္တာရစ်ခွေ၊ ချစ်ပါလေသော်
ဗျာဝေနှမ်းလျ၊ ငယ်နှမအား
မုချအမှန်၊ မေ့လျော့ချန်မည်
မြင်လေသည်တည့်။ ။

*ဒေါ်ခင်စောမူ*

www.burmeseclassic.com

www.burmeseclassic.com



နံနက်က ရောက်ရှိလာသောစာနှင့် ပတ်သက်၍ တင်တင့်အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရမည် ဖြစ်သည်။ အထင်အရှား စာရွက်ပေါ်တွင်ရှိသော စာလုံးများအရမှ ထိုစာမှာ ရိုးရိုးသားသား စာတစ်စောင် ဖြစ်၏။ စာပါအတိုင်းသာဆိုလျှင် ထူးထူးထွေထွေ တွေးတောနေစရာမလိုပေ။ စာမှာ အောက်ပါအတိုင်းဖြစ်၏။

**မမတင့်**

**ရှိသေစွာ စာရေးလိုက်ပါသည်။ နောက်အပတ်တွင် အထွေး ရန်ကုန်သို့ လိုက်လာချင်ပါသည်။ တနင်္ဂနွေနေ့ ညနေရထားတွင် အထွေးကို ကြိုစေလိုပါသည်။**

**ချမ်းမြေ့ရွှင်လန်းပါစေ။**

**အထွေး**

အထွေးသည် တင့်တင့်၏ခင်ပွန်း ဒေါက်တာထွန်းမြတ်၏ တစ်ဦးတည်းသောနှမ ဖြစ်သည်။ အထွေးလာရောက် လည်ပတ်ခြင်းအတွက် သူ့ဘာမှ ကန့်ကွက်စရာမရှိပေ။ သို့သော် အထွေး၏အဖြစ်က စာရွက်ပေါ်တွင် ရေးထားသော စကားလုံးများလောက် ရှင်းရှင်းလင်းလင်း၊ ရိုးရိုးသားသား မရှိပါပေ။ စာတွင် တစ်စုံတရာ ဖော်မပြသော်လည်း စာယူလာသူ ဒေါ်သွယ်က အထွေး၏အခြေအနေကို အားလုံးရှင်းပြ၏။ ဒေါ်သွယ်သည် အထွေးတို့သားအမိ လုပ်ကိုင်လျက်ရှိသော ကွမ်းသီးခြံကို စောင့်ရှောက်ပြုပြင်သူ ခြံစောင့်မာလီကြီး၏ ဇနီးဖြစ်သည်။

"အထွေးက ရန်ကုန်လာတဲ့ အကြောင်းမှန်ကို သူ့မေမေ မသိစေချင်ဘူး၊ ကျွန်မကိုတော့ မတင့်တင့်ကို အကြောင်းစုံပြောပြဖို့ အားလုံးပဲ ပြောပြလိုက်ပါတယ်" ဒေါ်သွယ်ထံမှ စကားကြားပြားချင်း တင့်တင့်သည် အတော်အံ့သြသွား၏။

"ဆိုစမ်းပါဦး၊ မအေတစ်ယောက်လုံး မသိစေချင်တဲ့စကားကို ယောက်မကို ပြောလိုက်တယ်ဆိုတော့"



"ဟုတ်ကဲ့...အထွေးစိတ်ထဲမှာ ယောက်မကို မိခင်ထက် ပိုအားကိုးပုံရပါတယ်၊ တစ်ခုကလဲ...သူ့အမေကြီးဟာ ကြီးတောင့်ကြီးမားရောက်မှ သူ့အကြောင်းကို မသိစေချင်ဘူး"

ဒေါ်သွယ်သည် စကားကို သွယ်သွယ်ပြောင်းပြောင်းပင် ပြောတတ်သူပါတကား။

"သူ့အကြောင်းက"

တင့်တင့်သည် စကားကို ဝင်ထောက်လိုက်၏။

"သူ့အကြောင်းက ဒီလိုပါ၊ တိုတိုပြောရရင် ဒီရန်ကုန်မှာလာနေရင်း သူ့ကလေးကို မွေးချင်တယ်"

တင့်တင့်သည် ကြားရသော စကားအတွက် အတော်လေးတုန်လှုပ်သွား၏။ သူ့ယောက်မသည် ဘယ်သူနှင့်မှ လက်မထပ်သေးသော အပျိုတစ်ယောက် ဖြစ်၏။ ကွယ်လွန်သွားသော သူ၏ညီမ ဆင့်ဆင့်နှင့်မှ ရွယ်တူလောက်ရှိသည်။

"ဘယ်သူနဲ့ လက်ထပ်လို့လဲ၊ ကလေးအဖေရော" တင့်တင့်သည် သူသိလိုသော မေးခွန်းများကို ထပ်ဆင့်မေးလိုက်၏။

"ကလေးအဖေကတော့ ရှိပါတယ်၊ လက်ထပ်တာကို မကြေညာသေးလို့သာ ပြဿနာပေါ်လို့ မတင့်တင့်ဆီ သူ...ရေးတာပဲ၊ ရိုးရိုးသားသားဖြင့် ကလေးတစ်ယောက် မွေးဖွားရတာဟာ ဂုဏ်ယူစရာကြီးပါ"

တင့်တင့်သည် သက်ပြင်းရှိုက်လိုက်၏။ "ကလေးအဖေကို မောင်ထွန်းမြတ်ရော၊ မတင့်တင့်ရော သိပါတယ်"

"ဘယ်သူလဲဟင်"

"နယ်ပိုင်ဝန်ထောက် ဖေသန်းထွန်း"

"အို... မောင့်ရဲ့ မိတ်ဆွေပါလား"

လွန်ခဲ့သော နှစ်နှစ်ကမှ ဖေသန်းထွန်းသည် တောင်ငူသို့ နယ်ပိုင်အဖြစ်နှင့် ပြောင်းရွှေ့သွားသည်။ ဒေါက်တာထွန်းမြတ်က ဆိတ်ငြိမ်၍ အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သော သူ့မိခင်အိမ်တွင် နေရန်ကိုရော၊ သူ့မိခင်နှင့် နှမကိုလည်း ဖေသန်းထွန်းအား စောင့်ရှောက်ရန်ကိုပါ မှာလိုက်၍ အထွေးတို့နှင့် အတူနေဖြစ်သော ဖေသန်းထွန်းပင်တည်း။

"ထူးထူးထွေထွေတော့ ဒေါ်သွယ်မပြောချင်ပါဘူးကွယ်၊ ဖေသန်းထွန်းဟာ သီတင်းကျွတ်တုန်းက ဒီမှာလာပြီး ဆန်းမှာ လက်ထပ်သွားတယ်ဆိုတာ တင့်တင့်တို့ သိပြီးထင်တယ်"

"ဟာ..သိရုံတင် ဘာကမလဲ၊ လက်ဖွဲ့တွေဘာတွေနဲ့ သူ့မင်္ဂလာဆောင်ကို ဝိုင်းကူကြသေးတယ်၊ ဒီလူဖြင့် သိပ်မျက်နှာပြောင်တာပဲ"

"သူမျက်နှာပြောင်တာတွေဘာတွေ အပထားပြီး လောလောဆယ်က အထွေးပြဿနာပဲ၊ ဖေသန်းထွန်းကို ဒီအတွင်းဝန်ရုံးမှာ အတွင်းဝန်ကလေးအဖြစ် ခေါ်ယူလိုက်တော့ အထွေးအဖို့ ပိုဆိုးသွားတယ်၊ အထွေးပြောတော့ ကလေးစရိတ်ကို အဝေးက ထောက်ပံ့မယ်လို့...ပြောသွားသတဲ့၊ အထွေးအတွက် အရေးကြီးတာက ကလေးစရိတ်ထက်၊ တိတ်တိတ်လေး လက်ထပ်ထားတာဆိုတော့ ကလေးအဖေကို အတိအလင်း ကြေညာချင်တယ်၊ အစ်ကို မောင်ထွန်းမြတ်ကို ဘယ်လိုအသိ ပေးဖို့ဆိုတာတွေ ကောင်မလေး..အတော်သောကရောက်နေတယ်"

ဒေါ်သွယ်သည် ထိုမျှရှင်းလင်းပြောပြကာ ညနေရထားနှင့် တောင်ငူသို့ ပြန်သွားသည်။ စာတစ်ရွက်နှင့် ပြဿနာပေါ်ကာ ကျန်ရစ်သူမှာကား တင့်တင့်သာတည်း။

မောင်နားလည်အောင် အခြေအနေကိုလဲ ရှင်းပြပြီးကာမှ အထွေး၏ ကလေးအဖေပြဿနာကို ဆက်လက်စဉ်းစားကြရမည် ဖြစ်သည်။ မောင်နားလည်ပါမှ အထွေးကို အိမ်မှာလက်ခံလိုမည် ဖြစ်သည်။ သူတို့ယောကျ်ားဆိုသည်က ထိုကဲ့သို့ကိစ္စများ ဖြစ်လာလျှင်၊ ရှက်လှချေရဲ့လေး၊ မျက်နှာကို လိုးပစ်ချင်သလေးနှင့် အတော်ဖြောင်းဆန်တတ်သူများ ဖြစ်သည်။ သို့သော် မောင်နားလည်အောင် ထိုကိစ္စကို မတင်ပြခင် တင့်တင့်သည် သူ့ရင်တွင်



ခံနေသော အညှိုးစိတ်ကို ပထမဆုံး ဖြေချရမည်ကို သူနားလည်၏။ သို့သော် သူ့စိတ်က လွယ်လွယ်နှင့် အလျှော့မပေးပေ။

တင့်တင့်သည် မိန်းမဖြစ်လျက်နှင့် မိန်းမများကိုမုန်းနေသည်။ အထူးသဖြင့် ယောက်မဆိုသည့်သူတွေကို ပို၍မုန်းနေသည်။ ထိုအမုန်းကို ဖျောက်၍ မရမချင်း။ အထွေးကို လက်ခံဖို့ဆိုသည်မှာ ဘယ်လိုမှ မဖြစ်နိုင်ပါပေ။ သူများမသိအောင် သူ့စိတ်က သူ့ကို တိုးတိုးလေး ဖွင့်ပြောနေ၏။

"ဒီကောင်မလေးကို လက်မခံချင်ဘူး၊ ယောက်မဆိုတာတွေကို မုန်းတယ်"

သူသည် စာရွက်ကလေးကို ခေါက်လိုက်၊ ဖွင့်လိုက်နှင့် တစ်နေရာတည်းမှာ ထိုင်၍မရ၊ ဆုံးဖြတ်ချက်ကိုလည်း လွယ်မယောင်နှင့် ရုတ်တရက် ဆုံးဖြတ်လို့ မရနိုင်ပေ။

"ဘာဆိုင်လို့လဲ၊ ငါမုန်းတာက အစ်ကို့ကိုယူတဲ့ ယောင်းမကိုမုန်းတာပဲ၊ ခု အထွေးက ငါ့ယောကျ်ားရဲ့နှမပဲ...မဆီမဆိုင် ငါက ဘာဖြစ်လို့ သူ့ကိုမုန်းရမှာလဲ" မုန်ကန်သော အတွေးအခေါ်များကလည်း သူ့ဦးနှောက်၏ တစ်ထောင့်တစ်နေရာမှ ပေါ်လာကာ သူ့ကို ဆုံးမကြပါသည်။ သို့သော် သူသည် အလျှော့မပေးချင်ပေ။ အိပ်ခန်းထဲသို့ ဝင်သွားကာ ခုတင်ပေါ်လှဲရင်း ကွယ်လွန်ပြီးသော ညီမငယ် ဆင့်ဆင့်ကိုလည်းကောင်း၊ သူတို့ညီအစ်မနှစ်ယောက်၏ အချစ်ဆုံးအစ်ကိုကြီး အရေးပိုင်မင်း ဦးကျော်ဝင်းကိုလည်းကောင်း ပြန်၍ သတိရနေသည်။

ဦးကျော်ဝင်းနှင့် မေမေတင် လက်ထပ်ပြီး သုံးလလောက်တွင် သူတို့ညီအစ်မ မန္တလေးသို့ လိုက်ပါသွားခဲ့ရသည်။

"ကိုကို့မှာ ဒီနှမလေးနှစ်ယောက်ပဲ ရှိတယ်ဆိုတာ မေမေတင်သိပါတယ်၊ ကိုကိုက မင်းတို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူသိတော့ သူ လဲ မင်းတို့ကို ချစ်ပါတယ်၊ ဟိုကျတော့ မေမေတင့်သဘောကို မင်းတို့သိမှာ ပါပဲကွယ်" မေမေတို့ ဖေဖေတို့ ဆုံးပြီးနောက်ပိုင်းတွင် ကိုကိုပြော ရှာသည်



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် အမြဲလိုက်ခဲ့ကြသည်။ ကိုကိုကိုယ်တိုင်က အဒေါ်များနှင့် ရန်ကုန်တွင် ထားရစ်ခဲ့ရမည်ကို စိတ်မချပေ။ ကိုကိုသည် ဝန်ထောက်ဖြစ်စ ငယ်ငယ်ရွယ်ရွယ်မှာ အိမ်ထောင်မပြု၊ အရေးပိုင်ဘဝရောက်မှပင် လက်ထပ်ဖြစ်သည်။

တင့်တင့်သည် သူ့အစ်ကို၏ သံယောဇဉ်ကို နားလည်ပါ၏။

"ကိုကိုဟာ တင့်တင့်တို့ညီအစ်မ မိဘမရှိလို့ငဲ့ပြီး ဒီတစ်သက်လုံးနေသွားမယ်ဆိုရင် ဘယ်သဘာဝကျမလဲ၊ တင့်တင့်တို့ အနေနဲ့ကလဲ ကိုကို့ကို ဒုက္ခမပေးချင်ပါဘူး၊ ကိုယ့်အမွေလေးနဲ့ကိုယ် ဒေါ်ဒေါ်တို့နဲ့အတူ ရန်ကုန်မှာ လုပ်စားနေရစ်မှာပေါ့၊ ကိုကို စိတ်တူသဘောတူတွေ့ရင် လက်ထပ်ပါ"

တင့်တင့်သည် ခဏခဏလိုပင် ကိုကို့လက်ထပ်ရေးကို တိုက်တွန်းခဲ့၏။ လူပျိုကြီးဘဝနှင့် သူတို့ညီအစ်မအပေါ် ထိုမျှ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတွက် တင့်တင့်သည် ကိုကို့အပေါ် ကျေးဇူးတင်၍ မဆုံးခဲ့ပေ။ ကိုကို့အား ဒါထက်ပို၍ တာဝန်မပေးချင်တော့ပါ။

ကိုကိုကမူ လက်ထပ်ပြီးသည့် နောက်ပိုင်းမှာပင် ရန်ကုန်တွင် နှမများကို မထားရက်၊ မထားလိုပေ။ ထို့ကြောင့် သူနှင့်အတူလိုက်နေဖို့ ခေါ်နေသည်။ ဒေါ်ဒေါ်တို့က ခေတ္တခဏဆိုသလိုပင် အစ်ကိုဖြစ်သူ စိတ်ချမ်းသာအောင်လိုက်သွားဖို့ တိုက်တွန်းကြသည်။ မိမိတို့အတွက် ပြဿနာပေါ်မှာစိုး၍ မလိုက်လိုသော်လည်း စင်စစ် မိဘလိုအားကိုးခဲ့သော အစ်ကိုတစ်ယောက်နှင့် ခွဲခွာရမည်ဆိုတော့လည်း ကိုကိုလက်ထပ်သော ညဉ့်ကတည်းက ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင်ငိုမိသည်။ ဆင့်ဆင့်သည် ငယ်ငယ်ကတည်းက ကိုကို့ကို အချစ်ပိုသည်။

"ကိုကို..ဆင့်ဆင့်တို့ဘက်က ပါရမယ်၊ ကိုကိုက ခြေတံရှည်တယ်"

အထူးသဖြင့် ပို၍သဲသူက ညီမငယ် ဆင့်ဆင့်ဖြစ်သည်။ သူတို့ တောအိမ်ကြီးတွင် လသာသောညဉ့်များတိုင်းလိုလို ထုပ်ဆီးတိုးတမ်း ကစားကြသည်။



တောင်ပိုင်းက အပျိုများရော၊ အိမ်နီးချင်း အပျိုများရော စုရုံး ပါဝင်ကြသည့် အထဲမှာပင် "ကိုကိုလဲပါရမယ်" ဟုဆိုလျှင် ကိုကိုသည် ကောလိပ်ကျောင်းတော်သားကြီးအဖြစ်နှင့်ပင် ဟန်မလုပ်ဘဲ ဝင်၍ ထုပ်ဆီးတိုးခဲ့သည်။ သူတို့မောင်နှမတတွေ တပျော်တပါးကြီး ခုန်ချ ကစားခဲ့သော မြစ်ကမ်းပါးကအစ၊ ကိုကိုကျောင်းဖွင့်၍ပြန်တိုင်း လိုက်ပို့ရသော တောလမ်းအဆုံးအထိ ပြန်၍ မြင်ကြသည်။

ဆောင်းဦးပေါက်လျှင် တောအိမ်ကြီးသို့ ဖေဖေရော၊ မေမေပါ ပြောင်းရွှေ့လာကြသည်။ စပါးရိတ်သိမ်းသည့် ကိစ္စအားလုံး ပြီးစီး၍ မိုးဦး တစ်ဖြိုက်နှစ်ဖြိုက် ကျပြီးမှ မြို့အိမ်ကို ပြန်၍လာတတ်ကြသည်။ တစ်ခါတလေ မျိုးစပါးဝေပေးပြီးနောက် ပျိုးကြဲပြီး မိုးဖြိုင်ဖြိုင်သဲမှပင် တောအိမ်ကြီးမှ သူတို့မိသားစု ခွဲခွာလာခဲ့ကြပေသည်။

"ဘယ်တတ်နိုင်မလဲ ဆင့်ဆင့်၊ တို့များမောင်နှမတွေ ဘယ်လိုပဲ ချစ်ခဲ့တယ်ဆိုပေမင့် ဒါဟာ ဓမ္မတာပဲ၊ ကဲ...တစ်နေ့လဲ" ဆင့်ဆင့် ချစ်တဲ့သူနဲ့တွေ့ရင် ကိုကို့ကိုခွဲပြီး လိုက်သွားမှာပဲမို့လား၊ ကိုကိုဟာ မေမေတို့ဆုံးပြီးကတည်းက ခုချိန်ထိ အိမ်ထောင်မပြုဘဲ တို့နဲ့အတူတူ နေလာတာပဲ မမတင့်တို့က ကျေးဇူးတင်ရဦးမယ်"

ကိုကိုလက်ထပ်သောညဉ့်က ညီမငယ်ဆင့်ဆင့်ကို သူက ဖျောင်းဖျခဲ့၏။

"ဓမ္မတာဆိုတာတော့ သိတာပေါ့၊ ဒါပေမင့် ဝမ်းနည်းတာဟာ ဝမ်းနည်းတာပဲလေ"

ဆင့်ဆင့်သည် တစိမ့်စိမ့်ယိုသော မျက်ရည်စများကိုသုတ်ရင်း သူ့ကိုပြန်ပြောခဲ့၏။ ရှိုက်ကြီးတငင် ငိုကြွေး၍ အဟုန်နှင့်ကျလာသော မျက်ရည်ထက် တစိမ့်စိမ့်ယိုသော မျက်ရည်သည် စိတ်ထိခိုက်ခြင်း၏ 'လေးနက်'မှုကို ပိုမို၍ ထင်လင်းစွာပြ၏။ လက်ထပ်ပြီး ကိုကို မန္တလေး ရွှေ့ပြောင်းပြီးသည့်နောက် ကိုကိုတစ်ယောက် မလာတော့ပြီဟု သူတို့ညီအစ်မ ငိုသည်။ သို့

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သော် ကိုကိုသည် ခြောက်လလောက်ကြာ၍ နေသားကျချိန်တွင် သူတို့ ညီအစ်မကို လာခေါ်၏။

"ကိုကိုနဲ့ ဘူတူလိုက်သွားမယ်"

သူ့အဖို့သာ တွေးတွေးခေါ်ခေါ် ကိုကိုနှင့်အတူနေရေးအတွက် စဉ်းစဉ်းစားစား လုပ်နေသည်။ ဆင့်ဆင့်ကမူ 'ကိုကိုနဲ့ အတူလိုက်သွားမယ်'ဆိုသော စကားလုံးကို သီချင်းလိုပင် ရွတ်ဆိုနေသည်။ မန္တလေး ရောက်သောအခါ သူတို့ယောက်မမေမေတင်ကို တွေ့ကြရသည်။ မေမေတင်သည် ပြုံးနေသော အခါတွင် အလွန်လှပသော မိန်းမတစ်ယောက်ပင်တည်း။ မော်လမြိုင်သူပီပီ တင်ပါးကျပုံ၊ ရင်ချီပုံတို့မှာ ယောကျ်ားများ ဈွဲမက်စရာကောင်းအောင်ကိုပင် ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် လှုပ်လှုပ်ရှားရှားရှိ၏။ သို့သော် မေမေတင်သည် ပြုံးသည်ကို သူတို့ကတော်ချင်းချင်း စကားပြောချိန်နှင့် ကိုကိုနှင့် စကားပြောချိန်မှလွဲ၍ တင့်တင့်တို့ မတွေ့ရပေ။

တင့်တင့်က ရောက်ရောက်ချင်းပင် နောက်ဖေးချောင်ကို တာဝန်ယူခဲ့၏။ ဆင့်ဆင့်ကိုမူ အဝတ်လျှော်ဖို့နှင့် တင့်တင့်ကိုယ်တိုင်ကပင် တာဝန်ပေးခဲ့သည်။ ကြမ်းတိုက်၊ တံမြက်စည်းလှဲသော ကိစ္စများအတွက် အစေခံများ ရှိနေလေသည်။ မန္တလေး ရာဇဝတ်ဝန်ကြီးကတော်မှာ ခဏခဏဆိုသလို မေမေတင်ဆီ လာလည်သည်။ ဝန်ထောက်ကတော်ကြီးသည် တင်ပါးကကားကား မျက်လုံးကပြူးပြူး ဖြစ်သည်။ ရင်သားကလည်း အိအိမို့မို့ကြီးနှင့် ရောက်လာတိုင်းလိုလို သူ၏ဝန်ထောက်ကြီးအား သူ မည်မျှနိုင်ရသည်ကို ခဏခဏ ပြောပြတတ်၏။ တစ်ခါတစ်ရံလည်း လယ်ဝန်ကတော်လေးမှာ ငယ်ရွယ်၍ လှပပုံ၊ နောက် မီးလင်းတတ်ပုံ၊ သူသာဆိုလျှင် ဤအဘိုးအို လယ်ဝန်ကြီးကို ရွေပုံပေးတောင် မယူဘူးဟူ၍ ပြောပြနေတတ်၏။ တစ်နေ့တွင် တင့်တင့်သည် ဧည့်သည်များ ရောက်ရှိလာ၍ လက်ဖက် တစ်ပန်းကန်ကို မေမေတင် အကြိုက်သုတ်ကာ စားပွဲတွင် ရေနွေးကြမ်းအိုးနှင့်အတူ သွားပို့၏။



"ဒီသူငယ်မတွေက ဘယ်ကလဲ"

ကာယကံရှင်ရှေ့တွင် ထိုမေးခွန်းသည် ရိုင်းပျသော မေးခွန်းတစ်ခု ဖြစ်သည်ကို ရာဇဝတ်ဝန်ကတော်ကြီးသည် သတိထားမိဟန် မတူပေ။

"ကိုကို့နှမတွေလေ..."

မေမေဘင်က စိတ်မပါသလို ဖြေ၏။

"မင်းကတော်က အတော်အေးတာပဲနော်၊ ကျွန်မဖြင့် ကိုကိုစိန်နဲ့ လက်ထပ်ပြီးစက ကိုကိုစိန် သူ့နှမတွေ၊ အဖေတွေခေါ်ချင်တယ်လို့ ကျွန်မကို တိုင်ပင်တယ်လေ၊ ကျွန်မက ပြောလိုက်တာပေါ့၊ အစက ရှင်တစ်ယောက်တည်း အောက်မေ့လို့ လက်ထပ်ပါတယ်...ခုမှ မယားကြီး၊ မယားငယ်တွေ ရှိမှန်း သိရတော့တယ်လို့ ပြောလိုက်တယ်...ဒီကတည်းက ကိုကိုစိန် ပါးစပ်ပိတ်သွားတာပဲ"

"ဟား...ဟား...ဟား...ဟား"

မေမေတင်ကအစ ကျန်ကတော်များပါ ဟားတိုက်ရယ်ကြသည်။ တင့်တင့်ကမူ အထက်တန်းလွှာဆိုသော ထိုအရာရှိကြီးများ၏ ကတော်များပါးစပ်မှ ထိုမျှကြမ်းတမ်းသော စကားလုံးများ ထွက်လာသည်ကို ကြားရသောအခါ သူသည် နားမထောင်ရဲတော့သလို ထမင်းစားခန်းဆီသို့ ပြေးလာရ၏။

"ခုနေအခါ တစ်လခြောက်ဆယ်ပေးတောင် ယုံရတဲ့သူ ရှားသား မင်းကတော်၊ ဒီတော့ ဒီယောက်မတွေကို ချော့သာခိုင်းထား၊ ပဂ္ဂိတော့ ဒီလိုပဲ၊ အိမ်မှာ အလုပ်တွေကို ခြေဖျားနဲ့တောင် မတို့ဘူး၊ ပဂ္ဂိယောက်မတွေက အားလုံးလုပ်တာပဲ၊ ထမင်းကျွေး၊ အဝတ်ဆင်ပေါ့"

အတော်အမြော်အမြင်ကြီးပုံရသော အရာရှိကတော် တစ်ယောက်က ယောက်မကို အစေခံကဲ့သို့ အသုံးချနည်းကို ပြောပြ၏။ သူသည် ငယ်ရွယ်ပုံ ရ၍ ခေတ်မီ၏။ တွန့်ကောက်နေသော ဆံပင်များသည် နဖူးထက်မှာ ဝဲနေလေသည်။ နောက်စေ့တွင်မူ ဆံပင်လိပ်များသည် နှင်းဆီပွင့်ဖတ်ပုံ လိပ်နေလေသည်။ နိုင်လွန်အစိမ်းရင့်ထူထူကို ဝတ်ထားသော်လည်း သားမနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်သားထက် ရင်ဘတ်သည် ချွန်မြ၍တင်းရင်းနေလေသည်။ အောက်ခံလုံချည်မှာ ပိုးသားအဖြူ ပြောင်ဖြစ်၍ ကတော်များအားလုံးတွင် အရာရှိကတော်၏ အရောင်ရွေးချယ်ပုံမှာ ပို၍ခေတ်မီ၏။

ငါးမုန့်များကြော်၍ မီးဖိုမှယူလာသော ဆင့်ဆင့်က အရာရှိကတော်၏စကားကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေ၏။

"ဆင့်ဆင့် သွားမပို့နဲ့လေ...မမတင့်ပဲ သွားချမယ်"

တင့်တင့်သည် စိတ်ဆတ်သော ညီမအား ထိုကတော်ဝိုင်းသို့ မသွားစေလိုပေ။

"မမတင့်က ဒီကောင်မတွေကို ဘာလို့ သွားစားပွဲထိုးရမှာလဲ ငွေစိန်လာစမ်း..."ငွေစိန်သည် ဆင့်ဆင်းအပါး ကပ်လာ၏။

"အဲဒါတွေ အိမ်ရှေ့သွားပို့ချေ၊ အလကားဟာတွေပဲ၊ သူတို့လင်တွေရဲ့ ဂုဏ်တွေကြောင့် ကတော်ဖြစ်နေကြရတာ၊ ပါးစပ်က စကားလုံးတွေနားထောင်ရတာ ဘာမှလဲ တန်ဖိုးမရှိဘူး၊ ဟိုမျက်ပြဲမကြီးက တစ်နေ့တစ်နေ့ အတင်းပြောရတာ မပျင်းဘူးလားမသိဘူး"

ဆင့်ဆင့်သည် ငယ်ရွယ်သူပီပီ ဒိုးဒိုးဒေါက်ဒေါက် ပြောနေသည်။

"ပဂ္ဂိတော့လေ..."

အရာရှိကတော် အသံသည် ထွက်လာပြန်၏။

"တစ်လောက သူ့အမေဆီ ငွေပို့မယ်ပြောတယ်၊ နှစ်ခါလား...ထမင်းမစားဘဲ တက်ပြလိုက်တယ်၊ ကိုကို တစ်ခါတည်း နောက်...ငွေပို့ဖို့စကားမပြောတော့ဘူး"

ကတော်များ၏ရယ်သံမှာ ညှော်ခန်းကို လျှံ၍ထွက်လာ၏။

"တစ်ခုကလဲ သတိထား မင်းကတော်..."

ဝါအရင့်ဆုံး ရာဇဝတ်ဝန်ကတော်ကြီးသည် ဆုံးမစကားကို ဆက်၍ပြော၏။



"သူတို့က မျက်ရည်တစ်စက်နှစ်စက် ကျပြီးပြောရင် သူတို့အစ်ကိုတွေက ယုံတတ်တယ်နော်၊ အဲဒါ လင်မယားကြားထဲ အရှုပ်အရှင်း ဖြစ်တတ်တယ်၊ အို...ရှင်းရှင်းကတော့ ဝေးဝေးနေတာ အကောင်းဆုံး"

ထမင်းစားခန်းတွင် ကြားနေရသော ညီအစ်မနှစ်ယောက်မှာ အသက်ရှူကျပ်လာ၏။ အတော်ပင် လိုက်နာနည်းယူဖွယ်ကောင်းသော နှစ်လိုဖွယ်စကားများပါတကား။

"ဆင့်ဆင့်...မမတင့်အခန်းထဲ လိုက်ခဲ့စမ်း၊ မနေ့က လုံချည်အထက်ဆင့် တပ်ပေးစမ်းပါ။ မမတင့် လက်ပြင်အောင့်နေလို့"

တင့်တင့်သည် ညီမဖြစ်သူအား လှည့်ပတ်ခေါ်ခဲ့၏။ ဆင့်ဆင့်သည် အခန်းထဲရောက်လာ၍ လုံချည်ကိုကိုင်ကာ ချုပ်မည်ဖြစ်နေသည်အထိ တစ်စုံတစ်ခုကို တွေးနေပုံရလေသည်။

"မမတင့်ရာ၊ အစကတော့ မိန်းမတွေဟာ ကောင်းကြတယ်ထင်ပါရဲ့၊ အဲဒီလို အိမ်ထောင်ရက်သားကျပြီး အပေါင်းအသင်းနဲ့နေတဲ့အခါ ဒီရာဇဝတ်ဝန်ကတော်လို မိန်းမတွေက ဝိုင်းဝန်းပြီး အတတ်ပညာတွေ သင်ပေးယိုက်တာနဲ့ ပျက်စီးကြတာထင်တယ်၊ အခုလဲ မမမေကို ကောင်းကောင်းသင်တန်းပေးနေကြတာပဲ"

"တစ်ခါတလေတော့လဲ တို့များ နှမလုပ်တဲ့လူတွေ၊ အမေလုပ်တဲ့ယောက္ခမတွေက ဆိုးဆိုးဝါးဝါး ရှိချင်လဲ ရှိတတ်တာကိုး ဆင့်ဆင့်ရယ်"

တင့်တင့်သည် ညီမကို စိတ်ပြေအောင်ပြောကာ ခုတင်ပေါ်တွင် လှဲနေမိသည်။ ယခုလို နေရပုံနှင့် ကြာရှည်နေ၍ သင့်မသင့်ကိုသာ တင့်တင့်ခေါင်းထဲတွင် စဉ်းစားနေမိသည်။ ရန်ကုန်ပြန်၍ ညီအစ်မနှစ်ယောက် လုပ်ကိုင်စားသောက်ကာ အခြေချလိုသည်ဟု ကိုကို့ အကြောင်းပြရ ကောင်းမည်လား။ ယခုလောက်က စောစောစီးစီးထွက်ခွာ သွားလျှင် အေးအေးသာသာနှင့် ကောင်းမည်ဟုထင်သည်။ သို့သော် ကိုကို့သဘောကလည်း ရှိနေပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့် အချိန်ယူစဉ်းစားနေသော်လည်း သူတို့ညီအစ်မ ရန်ကုန်ကို ထွက်မလာဖြစ်အောင် အကြောင်းတစ်ခု ပေါ်လာသည်။ နောက်နှစ်တွင် အရေးပိုင်ကတော် ဒေါ်မေမေတင်တွင် သားဦး ဘိုးချွန်ရလာသောကြောင့် ဖြစ်သည်။ ဆင့်ဆင့်သည် မုန်းတော့လည်း မုန်းလွယ်သည်။ ဘိုးချွန်ကို ချစ်တော့လည်း သူသည် လမ်းမမြင်၊ ကမ်းမမြင်ကို အတော်သဲသဲလေး ချစ်သည်။ ဘိုးချွန်အတွက် မိခင်က တစ်ရက်အိပ် ရေးမပျက်ခဲ့။ ဆင့်ဆင့်သာ တစ်ခါတရံ ညလုံးပေါက်အိပ်ရေးပျက်ကာ ကလေးကို စောင့်ရှောက်ခဲ့ပေသည်။

တစ်နေ့တွင်မူ ကတော်များဆုံချိန်တွင် ကလေးကိုခေါ်လာခဲ့ရန် မေမေတင်က ဆင့်ဆင့်ကို လှမ်းပြောလိုက်၏။ ဆင့်ဆင့်သည် သူ့တူတော်မောင်ကို အသာမ,ချီ၍ သွားသည်။ ဘိုးချွန်သည် ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေးမို့ ချစ်စဖွယ်ကောင်းလှသည်။ တစ်ယောက်တစ် လှည့်ချီကာ ကလေးချီးမွမ်းခန်းဖွဲ့နေကြသည်။

"အေးကွယ်...ညည်းက ညီမအငယ်လား"

ဝန်ကတော်ကြီးက ဆင့်ဆင့်ကို စိမ်းစိမ်းကြည့်ကာ စကားစ,ပြန်သည်။ ရေဒီယိုဘေးတွင် အသာထိုင်နေသော တင့်တင့်မှာ ဝန်ကတော် ကြီးပါးစပ်မှ ကြမ်းတမ်းသော စကားလုံးများ ထွက်မလာပါစေနှင့်ဟူ၍ ကျိတ်ဆုတောင်းနေသည်။

"ဟုတ်ကဲ့" ဆင့်ဆင့်ကဖြေ၏။

"ညည်းတို့ အင်မတန်ကံကောင်းတယ်မှတ်၊ မေမေတင်လိုယောက်မမျိုးရတာ၊ မင်းကတော် သဘောကောင်းလို့ စားဖို့လဲမပူရ၊ ဝတ်ဖို့လဲ မပူရ ဟုတ်တယ်မို့လား"

ဘုရား...ဘုရား ညီမလုပ်သူ ဆင့်ဆင့်စိတ်ထလာကာ တစ်စုံတစ်ခု လွှတ်ခနဲမပြောပါစေနှင့်ဟု တင့်တင့်မှာ ကျိတ်ဆုတောင်းမိပြန်သည်။



"ဒီတော့...ကလေးကိုလဲ ကောင်းကောင်းကြည့်...သိလား၊ ညည်းတို့ ဖွပ်လျှော်လုပ်တော့ မေမေတင်လဲ အကုန်အကျနည်းတာပေါ့၊ ကျေးဇူးတရားဆိုတာ သိရတယ်"

"ကျွန်မတူလေးကို ကျွန်မချစ်လို့ ကြည့်တာပါ၊ အန်တီတစ်ခါ ပြောတုန်းကတော့ ယောက်မတွေကို ဝေးဝေးထားရမယ်ဆို"

ဆင့်ဆင့်သည် ပက်ခနဲပြန်မေးလိုက်၍ တင့်တင့်ရင်ထဲ တုန်သွား၏။ မျက်လုံးလေးလည်း ပြူးသွား၏။

"ကောင်မလေး ရိုင်းလိုက်တာ၊ ဒါ..နင်ပြန်ပြောစရာလား၊ သွားစမ်း... အထဲကို"

မေမေတင်သည် အစေခံတစ်ယောက်လိုပင် ဆင့်ဆင့်ကို ငေါက်ထည့်လိုက်၏။ ဆင့်ဆင့်သည် ချက်ချင်းပင် ထလာခဲ့သည်။ ဝန်ကတော်ကြီး၏ မျက်လုံးမှာ သူ့အား ပြန်လည်ပြောဆိုရပါမည်လားဟု မီးဝင်းဝင်းတောက်လျက်ရှိသည်။

"ကောင်မတွေက ကာသာလေးမှန်းသိလို့ ကမ်းတက်တယ်"

မေမေတင်ပါးစပ်မှ ထိုစကားသံထွက်လာသောအခါတွင်မူ တင့်တင့်သည် ဆင့်ဆင့်နောက်သို့ လိုက်လာခဲ့သည်။ ခုတင်ပေါ်တွင် အံကြိတ်ကာ မျက်ရည်တွေကျနေသည်။

"ဆင့်ဆင့်ကလဲ တယ်လဲစိတ်မြန်တာကို၊ ကိုယ့်တူကိုယ်ချစ်လို့ ပြုစုထိန်းသိမ်းနေတယ်ဆိုတာ မမသိပါတယ်"

"လူကို အစေခံသာသာ စကားပြောတာတော့ ဆင့်ဆင့်မခံချင်ဘူး၊ ဆေတနာဆိုတာကို ဒီပုတ်ပြဲမကြီးက နားလည်ပုံမရဘူး"

"ဆင့်ဆင့် ကိုကို့ကို ချစ်တယ်ဆို"

တင့်တင့်သည် အစ်ကို့သံယောဇဉ်နှင့် လှည့်ကိုင်ရ၏။

"အစ်ကို့ကိုချစ်ရင် ကိုကို့မိန်းမ အသိုင်းအဝိုင်းကို ဆင့်ဆင့် သည်းခံရမှာပေါ့..."

www.burmeseclassic.com



"အို…သမီးယောက်မအချင်းချင်းက တော်တော်ပါ၊ ကြားလူတွေ ဝင်ရှုပ်နေတာ ဆင့်ဆင့်မကြိုက်ဘူး"ဆင့်ဆင့်သည် ရှိုက်ခါရှိုက်ခါငို၏။ ထိုညဉ့်ကစ၍ ကလေးကို ဆင့်ဆင့်နှင့် အတူမသိပ်တော့ပေ။ နောက်နေ့တွင် ဆင့်ဆင့် အကြီးအကျယ် ဖျားသွားတော့သည်။ ပို၍ အခြေအနေဆိုးသွားသည်က ဖျားနေစဉ် မီးယပ်ပေါ်ခြင်းမှာ ရုတ်တရက် ရပ်ဆိုင်းသွားခြင်းပင်ဖြစ်သည်။

အဖျားကျသွားပေမင့် ဆင့်ဆင့်သည် နာလန်ထုမလာ၊ ပုံကျသွားကာဖျော့တော့သွားသည်။ ခြေသလုံးနှင့် လက်မောင်းများမှာ မြွေရေခွံလို အသားများ ခြောက်၍ခြောက်၍ ကွာလာသည်။ ကိုကိုကလည်း မန္တလေးဆရာဝန်ကြီးကို ခေါ်ပြ၏။

ဆင့်ဆင့်သည် ဘိုးချွန်ကို ကြည့်ချင်သည်။ မေမေတင်က ကလေးထိန်းအား ဆင့်ဆင့်အခန်းသို့ ကလေးကို လုံးဝခေါ်မသွားရဟု တားမြစ်ထားလေသည်။

ဆင့်ဆင့်ရောဂါ အခြေအနေကလည်း နှစ်လကျော်လာပေမင့် မီးယပ်သွေးမှာ ပြန်၍ မပေါ်လာပေ။

တစ်ညနေတွင်မူ တင့်တင့်သည် ဆရာဝန်ထံမှ ပြန်လာ၍ ဆေးပုလင်းများကို သယ်ယူလာ၏။ ကိုကိုတို့ အခန်းဝရှိ ဆေးဘီရိုပေါ်တွင် တင်မည်ပြုစဉ် မေမေတင့်အသံကို ကျယ်ကျယ်လောင်လောင် ကြားရသည်။

"ကိုကို…ဘာသိသလဲ၊ လူကို အရမ်းအပြစ်မတင်နဲ့၊ ကိုကို့နှမတွေ ဘာဖြစ်နေလဲ သိလား"

တင့်တင့်မှာ နေရာမှရွေ့မရဘဲ ငြိမ်သက်စွာ နားထောင်နေမိ၏။ ဘာကများစ၍ ဘာဖြစ်နေပါလိမ့်။

"ဆင့်ဆင့်ဖြစ်နေတဲ့ ရောဂါက ရိုးရိုးမဟုတ်ဘူး သိလား၊ ဗိုက်ထဲမှာ ကလေး နှစ်လကျော်ပြီ၊ မီးယပ် မပေါ်တာ နှစ်လကျော်သွားပြီ၊ မယုံရင် တင့်တင့်ရော၊ ဆရာဝန်ရော မေးကြည့်"



ဘုရား…ဘုရား…။ တင့်တင့်သည် မူးလဲကျမသွားအောင် ဘီရိုစွန်းကို ကိုင်ထားရ၏။ မေမေတင်သည် မှားလည်းမမှား၍ မှန်လည်း မမှန်သောစကားကို ပြောလေပြီ။ ကိုကိုမေးလျှင် ဘယ်လိုဖြေရပါ့၊ မီးယပ်မပေါ်သည်မှာတော့ အမှန်။ ထိုရောဂါသည် သွေးရိုးသားရိုးပါ။ ကလေးရှိခြင်း မဟုတ်ဆိုသည်ကိုတော့ ဆရာဝန်ကသာ သက်သေခံနိုင်ပေမည်။ သို့သော် ဆရာဝန်ကြီးကို ကိုကိုက ဖွင့်ဟမေးပါမည်လား။ သို့တည်းမဟုတ် သူ ရှင်းလင်းပြသည်ကိုရော ကိုကိုနားထောင်ပါမည်လား။

"အိမ်မှာ ကောင်းကောင်းကျွေးမွေးထားတာ ငြိမ်ငြိမ်မနေဘူး၊ ကမြင်းကြောထသေးတယ်၊ အစ်ကို့အရှက်လဲ ခွဲချင်သေးတယ်"မေမေတင်၏ စကားလုံးများသည် ကြမ်းတမ်းလှသည်တကား။

ကိုကို့အသံကို ပြန်လည်မကြားရ။ တင့်တင့်သည် ညီမအခန်းသို့ ဝင်ခဲ့၏။ ဆင့်ဆင့်သည် မှိန်းနေပုံရပေသည်။ အခြေအနေများကို ရှင်းပြဖို့နေနေသာသာ ကိုကိုနှင့် မျက်နှာချင်းဆိုင်ဖို့ပင် အခွင့်မသာပေ။ ကိုကိုသည် အိမ်ကို ညဉ့်နက်မှ ပြန်လာ၏။ ဆင့်ဆင့်အခန်းကိုလည်း မဝင်။ သူနှင့်လည်း တွေ့တိုင်းလို ကိုကို့မျက်နှာကို ကြည့်ရသည်မှာ တစ်ခါမှ မထားဖူးသော မျက်နှာထားတင်းတင်းကိုသာ တွေ့ရ၏။ တင့်တင့်သည် ဤကိစ္စတွင် အေးအေးသာသာနှင့် အဝေးသို့ ထွက်ခွာသွားဖို့ကိုသာ စဉ်းစားနေမိသည်။

"ကိုကို…ဆင့်ဆင့်ကို ရန်ကုန်ခေါ်သွားပြီး သူ့ရောဂါကို ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ကုချင်တယ်"

တစ်ညတွင် ညဉ့်နက်သည့်တိုင်အောင်ပင် သူသည် ကိုကို့အား စောင့်၍ပြောသည်။ သူပြောနေစဉ်တွင် မေမေတင်သည် အပါးတွင် ရှိလေသည်။

"မင်းတို့ကိစ္စ မင်းတို့ကြည့်ရှင်း…"

ကိုကို့စကားလုံးသည် ပြတ်တောက်၍ တင်းမာလှ၏။ အခွင့်သာလျှင် ဆင့်ဆင့်ရောဂါအကြောင်းကိုပါ ရှင်းလင်းပြောလိုလှသော်လည်း ကိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အပါးမှ ချက်ချင်းထသွား၏။ ကိုကိုသည် မောင်တစ်ယောက်အနေနှင့် အရှက်ကြီးလွန်း၍ ထိုကိစ္စကို မကြားလိုလေသလား။ တင့်တင့်သည် တစ်ယောက်တည်းပင် ကုလားထိုင်တွင် ကျန်ရစ်၏။ ကိုကို့နောက်သို့ လိုက်သွားသော မေမေတင်၏နောက်ပိုင်းကို ငေးမောကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာတော့သည်။

နှမဆိုသည်မှာ တကယ်တော့ အဓိပ္ပာယ်မရှိပါတကား။

ရန်ကုန်သို့ ညီအစ်မနှစ်ယောက် ဆင်းလာသည်အထိ သူသည် ကိုကို့ထံသို့ စာမရေးတော့ပေ။ ဒေါ်ဒေါ်တို့က မိန်းမချင်းမို့ သူ့ရင်းလင်းပြချက်ကို သဘောပေါက်၍ တော်ပါသေးသည်။ ဒေါ်ဒေါ်တို့ ဆက်သွယ်ပေးမှုနှင့်ပင် ဒေါက်တာထွန်းမြတ်နှင့် တွေ့ဆုံ၍ ဆင့်ဆင့်ရောဂါကို စစ်ဆေးကုသရသည်။

“ဒါဟာ..တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်၊ မီးယပ်ပေါ်တုန်း အကြီးအကျယ်ဖျားရင် စိတ်ထိခိုက်ရင် မီးယပ်ပျောက်သွားတတ်တယ်၊ ဗမာတွေကတော့ ဒီလိုဖြစ်ရင် ဆေးပူတွေ သိပ်တိုက်တာပဲ၊ အမှန်တော့ ဆေးပူတိုက်လေ ဒုက္ခရောက်လေပဲ...”

“ဒါဖြင့် ဒီရောဂါဟာ သွေးရိုးသားရိုးပါနော်၊ ဒေါက်တာ...ကိုယ်ကိုယ်ဝန်ရှိတာ မဟုတ်ပါဘူးနော်...”

တင့်တင့်သည် အပျိုကြီးဖြစ်နေသောကြောင့် မမေးဝံ့မေးဝံ့မေးရင်း မျက်ရည်များ တွေတွေကျလာသည်။ ဒေါက်တာထွန်းမြတ်အဖို့ ထိုမေးခွန်းရော၊ တင့်တင့်ပုံရော အဆန်းဖြစ်နေတော့သည်။

“ကိုယ်ဝန်ရှိတာ မဟုတ်ပါဘူး...မတင့်တင့်...၊ ဒါပေမင့် ဆင့်ဆင့်ရောဂါဟာ ကုလို့ရနိုင်မယ်လို့တော့ ကျွန်တော် တာဝန်မခံနိုင်ဘူး”

တင့်တင့်အဖို့ မျှော်လင့်ချက်များ လုံးဝမရှိတော့ပေ။

“အဲ့... အဲ့ပါရဲ့၊ မယားစကား ဒါလောက်ယုံရသတဲ့လား မောင်ကျော်ဝင်းရယ်၊ တကယ်ဆို မန္တလေးဆရာဝန်ကြီးကိုပဲ ဖွင့်မေးဦးတော့”



ဆင့်ဆင့် ရောဂါသည်းလာသော နေ့တွင်မူ ဒေါ်ဒေါ်တို့က မခံမရပ်နိုင်ပြောလာကြသည်။

“သူတို့ယောက်ျားတွေက ဒါမျိုးဆို ပိုရှက်တတ်တယ်မို့လား၊ ကိုကို့ကိုလဲ အပြစ်တင်စရာ မဟုတ်ပါဘူးလေ...တင့်တင့်တို့အကြောင်းကို...”

“ဘာအကြောင်းရမှာလဲ၊ မိဘဆိုလဲ ကိုယ်ပဲဟာ၊ မောင်ကျော်ဝင်းကိုကအရင်မောင်ကျော်ဝင်း မဟုတ်တော့ပါဘူး၊ တကတဲမှပဲ တဏှာရူးကျနေတာပဲ” အပျိုကြီးဖြစ်သူ ဒေါ်ဒေါ်လေးကမူ ပင်ကိုက ယောက်ျားမုန်းစိတ်ဖြင့် အပျိုကြီးလုပ်နေသူပီပီ ဒေါနှင့်မောနှင့်ပြော၏။

နောက်တစ်ပတ်တွင် ဆင့်ဆင့် ကွယ်လွန်ခဲ့သည်။ ပါးစပ်ကသာ ကိုကိုကို ကာကွယ်ခဲ့သော်လည်း ရင်ထဲတွင် ကိုကို့အပေါ်နာကျင်စိတ်မှာ တင့်တင့်တွင် ပျောက်၍မသွားပေ။ ဆင့်ဆင့်သေဆုံးသည်ကိုမှ ကိုကို့ထံ အကြောင်းမကြားခဲ့။ မိန်းမဆိုသည့် သတ္တဝါတွေကိုလည်း မုန်းတီးစိတ်မှာ သူ့ရင်ထဲတွင် အစိုင်အခဲဖြစ်လာခဲ့သည်။ တကယ်သာဆိုလျှင် မောင်နှမသုံးယောက်ကြားတွင် ဖြစ်လာသောပြဿနာအား ခေါင်းအေးအေးနှင့် ပြေပြေပြစ်ပြစ်သာ မေမေတင်က ဖြေရှင်းပေးခဲ့ပါလျှင် သူတို့မောင်နှမတွေ၏ ပြဿနာသည် ထိုမျှ ဆိုးဆိုးဝါးဝါး ဖြစ်လာစရာအကြောင်းမရှိဟု တင့်တင့်က ယူဆသည်။ တင့်တင့်သည် အစ်ကိုကိုရော ယောက်မကိုရော သူ ဒေါက်တာထွန်းမြတ်နှင့် လက်ထပ်သည့်ကိစ္စကိုသော်မှ အကြောင်းမကြားခဲ့ပေ။

တစ်နေ့တွင်မူ ဒေါက်တာထွန်းမြတ်ဆေးတိုက်သို့ လိုက်သွားရင်း မမျှော်လင့်သော လူနာတစ်ယောက်ကို သူတွေ့ရ၏။ ခါတိုင်းဆိုလျှင် ဘယ်လူနာကိုမဆို သူသည် ဆရာဝန်ကတော်ပီပီ ဖော်ဖော်ရွေရွေဆက်ဆံသည်။ ယခုတစ်ခါတော့ ဒေါက်တာထွန်းမြတ်ရှေ့တွင်ပင် သူထလာခဲ့သည်။ ထိုလူနာ အခန်းထဲကထွက်သွားမှ သူ ပြန်ဝင်ခဲ့သည်။

“ဘယ့်နဲ့ တင့်တင့်...မျက်နှာထားကြီး တစ်ခွဲသားနဲ့ ဘယ်ထသွားတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့မောင်...ဒီတစ်ခါတော့ တင့်တင့်ကို ခွင့်လွှတ်ပါ၊ တင့်တင့် ဒီဆရာမကြီးကို မျက်နှာချင်း မဆိုင်ချင်ဘူး"

ဒေါက်တာထွန်းမြတ်သည် တအံ့တသြ သူ့ကိုကြည့်လိုက်၏။

"တင့်တင့်...သူ့ကိုသိတယ်လား..."

"သိတယ်...ရာဇဝတ်ဝန်ကြီးကတော် ဒေါ်မမ၊ အရင် မန္တလေးမှာ နေတယ်၊ ဆင့်ဆင့်ကို ဝိုင်းသတ်ကြတဲ့အထဲမှာ သူလဲ ပါတာပေါ့"

"ဘယ့်နှဲ့ ဆရာဝန်ကတော်ကြီးရယ် စိတ်ကလဲ ပျော့မလိုနဲ့ မာလိုက်တာ"

"အို...ခုထိတော့ ကိုယ့်စိတ်ကို ဆုံးမလို့ မရသေးဘူး...မောင်"

"ခုတော့ မိန်းမကြီးက သနားစရာကြီးပါကွယ်၊ ရောဂါကတော်တော် ရယ်၊ စိတ္တဇပါနေတယ်၊ သူတို့ ရန်ကုန်ကို ပြောင်းလာရတယ်၊ အဲဒါ... အဘိုးကြီးက ရုံးအုပ်မိန်းကလေးနဲ့ ဆက်နေလို့ ဒီမိန်းမကြီးက စိတ္တဇနဲ့ နှလုံးရောဂါလိုလို ဖြစ်နေတယ်"

"တကယ်တော့ သနားဖို့မကောင်းပါဘူး၊ ဘာဖြစ်လို့လဲဆို ဒီ မိန်းမကြီးတွေဟာ ဇာတ်တူသား မိန်းမချင်းအပေါ် သိပ်ပြီးရက်စက်ပစ်တော့ ဝဋ်အနေနဲ့ ယောက်ျားတွေရဲ့ စိမ်းကားရက်စက်တာကို တန်ပြန်ခံရတာပဲ... ဟောဒီလောကကြီးမှာလေ လူတွေအားလုံးဟာ ဝဋ်လည်မှာချည်းပဲ"

ဒေါက်တာထွန်းမြတ်သည် အစဉ်လိုပင် ကိုယ်ဟန်အမူအရာရော၊ စကားပြောရာတွင်ရော ပျော့ပျော့ပျောင်းပျောင်း ပြောတတ်သော သူ့ချစ်ဇနီး၏ ယခုလို ဒေါထပုံကို တစ်ခါမှ မမြင်ဖူးသူပီပီ...တင့်တင့်ပခုံးကို ယုယုယယပင် ဖက်လိုက်၏။

"ပြီးတာတွေ ပြီးပါပြီ၊ မေ့လိုက်ပါတော့..."

"ဆင့်ဆင့်ဆုံးရတာဟာ ယူကျုံးမရစရာတော့...မရစရာပေါ့၊ တင့်တင့်တို့ မောင်နှမကြား မောင်က ဝင်သွေးခွဲတာတော့ မဟုတ်ဘူး၊ တကယ် ဆို...မေမေတင်ပြောသမျှကိုလဲ ဟုတ်,မဟုတ်၊ ရာ,မရာကို ကိုကျော်ဝင်းကလဲ စဉ်းစားသင့်သေးတယ်လေ..."



"မောင်ပြောတာလဲ မှန်ပါတယ်...ဒါပေမင့် မမမေကိုဖျက်တာ အဲဒီမိန်းမကြီး အုပ်စုတွေပေါ့...ဒါကြောင့်လဲ ခုခေတ်မှာ စနစ်တစ်ခုကို အမြစ်က စ,ဖြိုချင်တဲ့ တစ်ယူသန်စိတ်တချို့ လူတွေရဲ့ခေါင်းထဲမှာ ဝင်လာတာ၊ တင့်တင့်တောင် ဘယ်လောက်စိတ်ပျော့တယ်ပြောပြော၊ အဲဒီမိန်းမကြီးတွေ မျက်နှာမြင်ရင်ကို တစ်ခါတည်း ကတော်ဟူသမျှကို အမြစ်ကကို လှန်ပစ်ချင်တယ်"

"ဟော..."

လင်တော်မောင် ဒေါက်တာကြီးမှာ ပြင်းထန်လှသော တင့်တင့်စကားလုံးများကို လန့်သွားပုံရ၏။

"နယ်မှာ..အရာရှိကတော်တွေ ရာထူးနည်းနည်းကြီးလာရင်..မင်းကတော်၊ ဘာကတော် ဆိုဆိုပြီး အဲဒီဝါရင့်မကြီးတွေ ဝိုင်းဖျက်ကြတာပဲ၊ ကိုယ့်စာကိုယ်ဖတ်ပြီး အေးအေးနေချင်တဲ့ ကတော်တွေ၊ ကိုယ့်ကလေးနဲ့ ကိုယ် ထိန်းသိမ်းပြီး မိခင်ပီပီနေချင်တဲ့ ကတော်တွေကျရင် အဲဒီ ဝါရင့်မကြီးတွေပဲ မာနကြီးသလေး...ဘာလေးနဲ့ ဝိုင်းထေ့လား ထေ့သေးရဲ့၊ အချိန်ကုန်ခံပြီး သူများသမီးယောက်မကြား အတတ်မျိုးစုံ သင်ပေးလား ပေးရဲ့၊ အဲဒါတွေနဲ့ပဲ မဆီမဆိုင် ယောက်ျားတွေမှာ ကလယ်ကလယ်နဲ့ ရာထူးလျှော့ရလား၊ လျှော့ရရဲ့"

"ကဲ...ကဲ... စိတ်ထိန်းလိုက်ပါဦး အချစ်ရယ်၊ မေ့လိုက်ပါတော့၊ တင့်တင့်သာ တစ်နေ့သောအခါ ဆရာဝန်ကတော်ကြီးအဖြစ်နဲ့ အဲဒီလို ပတ်ဝန်းကျင်တွေတွေ့ရင် ကိုယ့်စိတ် မတုန်လှုပ်အောင် ကြိုးစားပေါ့..."

မောင်က သူ့ကို ယုယုယယ ဖျောင်းဖျရှာပါသည်။ တင့်တင့်အဖို့တော့ ထိုညတစ်ညလုံးလိုလို အိပ်၍မရပါပေ။ မန္တလေးတွင်နေစဉ်က အဖြစ်များမှ အသစ်သဖွယ် သူ့မျက်လုံးထဲတွင် အားလုံးပြန်လည်ပေါ်လာကြ၏။

ပြီးပြီးချုပ်ချုပ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကဲ...ယခုတော့ သူ့ယောက်မလေး အထွေးနှင့် ပတ်သက်သော ပြဿနာက သူ့ရှေ့တွင် မားမားပေါ်လာလေပြီ။ ဘယ်လိုဖြေရှင်းမည်နည်း။

ပြဿနာချင်းသည် တူမလိုလိုနှင့် မတူခဲ့။ ဆင့်ဆင့်က သွေးရိုးသားရိုး ရောဂါ၊ အထွေးက တကယ် ကလေးရှိခြင်း။

ဘယ်လိုပင်ဖြစ်စေ၊ သူတင်ပြသော အချက်အလက်ပေါ်မူတည်၍ မောင်က စဉ်းစားဆုံးဖြတ်ပေးမည်။ မေမေတင်လို တစ်ချက်တို့လိုက်ရုံနှင့် ထိုကိစ္စသည် မီးဟုန်းဟုန်းတောက်နိုင်သည်။

မေမေတင်အပေါ် မုန်းတီးသည်နှင့် ယောက်မဖြစ်သူ အထွေးအပေါ်တွင် သူသည် ပစ်ပစ်ခါခါ လျစ်လျူရှုသင့်သလော။ မိန်းမတစ်ယောက်ဖြစ်လျက်နှင့် 'မ,ဆိုလျှင် မုန်းတယ်'ဟူသော အယူအဆ သူ့ခေါင်းထဲတွင် ပြင်းပြင်းထန်ထန် ဝင်နေသည်ကို သူ ရုတ်တရက် နှိမ်၍မရပေ။

အထွေးထံသို့ စာပြန်ရန် စာကြည့်စားပွဲတွင် ထိုင်လိုက်၏။ ဆင့်ဆင့်ဓာတ်ပုံသည် စားပွဲပေါ်တွင် ထောင်လျက်မှ သူ့ကို စိမ်းစိမ်း စိုက်ကြည့်နေပုံရသည်။

"ဆင့်ဆင့်တို့ မန္တလေးအိမ်မှာ မောင်ပေးယောက်မတွေအနေနဲ့ မျက်နှာငယ်ငယ် နေခဲ့ရတဲ့အဖြစ်ကို ပြန်သတိရပါဦး မမတင့်"

ဓာတ်ပုံက သူ့ကိုစကားပြောသလို သူ့စိတ်တွင် ထင်လာ၏။

အကြောင်းမမှန်ဘဲနှင့် မေမေတင့် စွပ်စွဲချက်ကြောင့် ညီမဖြစ်သူ မရှုမလှ သေဆုံးခဲ့ရသည်။ ယခု အထွေးက အကြောင်းမှန်။ သူကသာ ဝင်မကယ်လျှင် အထွေးသည် ဆင့်ဆင့်ထက် အသက်ရှင်လျက်နှင့် ဆိုးဆိုးဝါးဝါး ဖြစ်နိုင်သည်။

ဆင့်ဆင့်ဓာတ်ပုံသည် အထွေးဘက်က သူ့အား အသနားခံနေပုံရသည်။ သူသည် နောက်ဆုံး ညီမငယ်ပုံအား ရင်တွင်ပိုက်ကာ ရှိုက်ငိုမိ၏။ ငို၍ဝမှပင်



"အထွေးလိုက်လာခဲ့"ဟူသော သံကြိုးစာကိုရေး၍ ဒရိုင်ဘာအား သံကြိုးရုံးသို့ လွှတ်လိုက်တော့သည်။

ညနေတွင် မောင်ပြန်လာလေပြီ။ မောင့်ကို ရေချိုး,ထမင်းကျွေးပြီးသည်အထိ အထွေးအကြောင်းကို စကားမစသေး။ ခြံထဲတွင် အေးအေးလူလူထိုင်ကာ ဆေးတံခဲနေချိန်ရောက်မှပင် သူ စကား,စတော့၏။

"မနက်က တောင်ငူက စာရတယ်မောင်၊ အထွေး ရန်ကုန်လာမလို့တဲ့"

"မေမေရော ပါလာမယ်လို့လား"

မောင်က အေးအေးလူလူပင် မေးသည်။

"မေမေ ဖြည်းဖြည်းတော့ လိုက်လာမှာပေါ့"

"အိုကွယ် အထွေးကလဲ၊ မေမေကို ဘာလို့ထားရစ်ခဲ့ရမှာလဲ တစ်ခါတည်း ခေါ်လာရောပေါ့"

ဩော်..သူတို့ယောက်ျားများ ဆိုသည်ကလဲ တကယ်တော့ သနားစရာကောင်းပေသား။ အိမ်တွင် အကြီးအမှူး ဖြစ်ပါလျက်နှင့် အိမ်၏အသေးစိတ်ပြဿနာများကို နားမလည်တတ်ကြပါပေ။ တင့်တင့်သည် လင်မျက်နှာကြည့်ကာ ပြောပြရမည့် ပြဿနာအတွက် စိတ်မောမိသည်။ သို့သော်မပြော၍ကား မဖြစ်...

"ဒီလိုမောင်၊ သူလာတာကိုတော့ မေမေသိပါတယ်၊ လာတဲ့အကြောင်းကိုတော့ မေမေ့ကို သူမသိစေချင်ဘူး"

မောင့်မျက်နှာသည် အံ့ဩသောအသွင်သို့ ပြောင်းသွား၏။

"ဘာအကြောင်းနဲ့ လာမှာမို့လဲကွယ်"

"အကြောင်းကတော့ မောင်လဲ စိတ်ထိန်းပြီး နားထောင်စေချင်တယ်"

မောင်သည်ဆေးတံကိုချွတ်ကာ မျက်လုံးလေးပြူး၍ နားထောင်၏။

"အထွေးက ဒီလိုက်လာပြီး ဖေသန်းထွန်းနဲ့ တွေ့ချင်လို့"

"ဖေသန်းထွန်းနဲ့...ဘာလဲ၊ ဖေသန်းထွန်းနဲ့ ဖြစ်ကြသလား"



www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံသည် မိုးချုန်းသံလို မာလာခဲ့သည်။ သူသည်လည်း ခုတော့ အခြေအနေကို ရိပ်မိသူတည်း။

"ဒီကောင်က ဒီမှာ လက်ထပ်ပြီးနေပြီဟာ၊ သူလိုက်လာလို့ ဘာထူးမှာလဲ...ငါ့အရှက် လာခွဲမလို့လား..."

"နေပါဦးမောင်ရယ်...ဖြည်းဖြည်းဆေးဆေး စကားပြောရအောင်ကွယ်၊ တင့်တင့်ပြောပြတာတွေကို နားထောင်ပါဦးမောင်၊ တင့်တင့်တို့မောင်နှမ ဖြစ်ကြတဲ့ ကိစ္စတွေကို မောင်အားလုံးသိတယ်မို့လား၊ ဒီတုန်းက မောင်ပြောခဲ့တယ်လေ၊ မေမေတင် ဘယ်လိုပဲကြားက ဝင်ရှုပ်ရှုပ် ကိုကိုကျော်ဝင်းကြီးက စဉ်းစဉ်းစားစား နားထောင်ရမယ်ဆို၊ ခုလဲ မောင် စဉ်းစဉ်းစားစား နားထောင်ပါဦး..."

မောင်သည် စိတ်ပျက်လက်ပျက်နှင့် ငိုင်ကျသွား၏။ ဆေးတံကြီးကို စားပွဲပေါ်တင်ကာ ကြိမ်နောက်မှီပေါ် ကိုယ်ကိုပစ်လှဲလိုက်သည်။

"နှမရှိတဲ့သူဖြစ်ဖြစ် သမီးမိန်းကလေး ရှိတဲ့သူဖြစ်ဖြစ် ဒီလိုအဖြစ်မျိုးတွေဟာ တွေ့တတ်ကြတာပဲ၊ ဒါကို ရှက်လှချည်ရဲ့ ဘာရဲ့နဲ့ရှူးရှူးရှားရှား မလုပ်ပါနဲ့ မောင်ရယ်၊ ဖြည်းဖြည်းစဉ်းစားပြီး ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရအောင်"

"ဒီကောင်မလေးကိုက အနေအထိုင် မဟုတ်ဘဲကို..."

"တစ်ခါတစ်ခါ မိန်းကလေးတွေကိုက နန့်တဲ့တဲ့ ပျာတာတာဆိုတာ တင့်တင့်ဝန်ခံပါတယ်၊ တစ်ခါတလေတော့လဲ ယောကျ်ားတွေကလဲ စောင့်စည်းအပ်တဲ့ ဝတ္တရားကို ပျက်တာကိုး"

"ယောကျ်ားဆိုတာက ကျားပဲ၊ သွေးညှိနံ့ရရင် ခဲမှာပဲ"

မောင်က ဒေါသအရှိန်မပြေသေး။

"မောင် ဒေါသမဖြစ်နဲ့နော်၊ ကျားက သွေးညှိနံ့ရရင် ခဲမှာပေါ့၊ တိရစ္ဆာန် ဦးနှောက်နဲ့ တိရစ္ဆာန်ရဲ့ ဆန္ဒကိုး၊ ယောကျ်ားဆိုတာ လူသား မောင်ရဲ့၊



လူဆိုတာ သတ္တဝါတွေထဲမှာ အထွတ်အမြတ်ဆုံး၊ သူတို့မှာ ဆင်ခြင်တုံတရား၊ အသိဉာဏ်ဆိုတာ ရှိနေလို့ မြတ်နေတာပေါ့၊ ဘယ်နဲ့လဲ သွေးညှိနံ့ရတိုင်း ခဲရလား...အညှိနံ့ကို အထွေးကပဲ ပေးတယ်ထား၊ ဒါဟာ ငါ့ထမင်းရှင်၊ သူဟာ ငါ့အချစ်ဆုံး သူငယ်ချင်းနှမ၊ ငါအတည်မယူဘဲ မကြံထိုက်ဘူးဆိုတာကတော့ ဖေသန်းထွန်းအမ်နဲ့ စဉ်းစားသင့်တယ်၊ ယောကျ်ားဆိုတာ မိန်းမထက် စဉ်းစားဉာဏ်၊ အမြော်အမြင် သာပါတယ်... အထွေးလေးကိုလဲ တစ်ဘက်သတ် ဒေါမထပါနဲ့ဦး"

"ဟင်း"

မောင်သည် မထွေးနိုင်၊ မအန်နိုင်သလို သက်ပြင်းရှည်ကြီးကိုချလိုက်၏။

"ဒီကောင် လုပ်ရက်တယ်...တိရစ္ဆာန်သာသာပဲ၊ ခုတော့...ဘယ်နဲ့လုပ်မလဲ...မောင်တော့ အထွေးမျက်နှာလဲ မကြည့်ချင်ဘူး"

"အဲ...အဲဒီ မျက်နှာမကြည့်ချင်မှုတွေကြောင့် ဆင့်ဆင့်သေရတာပဲ၊ မောင်မကြည့်ချင်နေ၊ အထွေးဒီလာတာကိုတော့ တင့်တင့်တို့ လက်ခံရမှာပဲ"

မောင်သည် ခေါင်းငိုက်စိုက်ကျသွား၏။

"တင့်တင့်က ယောက်မပါမောင်၊ အနေသာကြီး၊ မောင်က အထွေးရဲ့ မိဘလို အားကိုးရတဲ့ တစ်ယောက်တည်း အစ်ကိုပါ၊ အစ်ကိုလုပ်သူက လက်ခံပြီး ပြေပြစ်အောင် စီစဉ်မပေးလို့ တစ်နေ့ အထွေး ဒုက္ခရောက်ရင် ဘယ်သူ့နှမ ရောက်တာလဲ၊ ပြီးတော့ အချို့နှမတွေလို ခပ်ကဲကဲမှ မဟုတ်ဘဲ။ ဒီသူငယ်မလေးဟာ သေသေဝပ်ဝပ် နေရှာပါတယ်၊ မောင်က...မောင့်နှမ အကြောင်း ပိုသိပါတယ်..."

"ဒါလေမင့်...အချိန်တွေက လွန်ခဲ့ပြီး၊ ဟိုက လက်ထပ်ပြီးသူ့ အငယ် ဖြစ်နေတာပေါ့"

ပြီးပြီးချည်းချည်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အငယ်ဖြစ်တာက တော်သေးတာပေါ့ ကလေးအဖေမပေါ်ဘဲ ကလေးမွေးရတာထက်စာရင်...အမှန်တော့ အထွေးကို ဖေသန်းထွန်းက လက်ထပ်ထားပြီး မကြေညာတာ"

"ဘာပြောတယ်"

မောင်က အသံတုန်အော်လိုက်၍ တင့်တင့်ပင် တုန်သွား၏။

"စိတ်ထိန်းပါဦး မောင်ရယ်၊ မောင်အော်တာ တင့်တင့်တောင် ကြောက်သွားတယ်၊ အထွေးအဖြစ်က အဲဒါလောက်အထိ ဖြစ်နေတယ်"

တင့်တင့်သည် တကယ်ပင် မျက်ရည်လည်လာ၏။ ဒေါက်တာ ထွန်းမြတ်သည် ဝုန်းခနဲ မတ်တပ်ရပ်ကာ ခြေထောက်အောက်ရှိမြေ ပြိုမတတ် ခေါက်တုံ့ခေါက်ပြန် ပြင်းပြင်းကြီးနင်းကာ လမ်းလျှောက်နေသည်။

"ဘာလုပ်ရမှာတုန်း...ဘာလုပ်ရမှာတုန်း" ဝက်ရူးပြန်သလို ပါးစပ်ကလည်း အော်နေသည်။

"မောင်...နောက်က မားမားရှိနေတယ်ဆိုတော့ ဖေသန်းထွန်းဟာ မောင့်မျက်နှာထောက်ပြီး ပိုးစိုးပက်စက် မလုပ်ဘူးပေါ့၊ မောင်ကသာ မျက်နှာလွှဲနေရင် ဖေသန်းထွန်းက ပိုပြီး အထွေးကို မျက်နှာလွှဲခဲပစ်ထားမှာပေါ့..."

"အဲ...ဒီတော့ ဘာလုပ်ရမှာလဲ"ခေါင်းမီးတောက်သူလို အော်ပြန်သည်။

"တင့်တင့်တို့ မျက်နှာထောက်ချင့်ရမှာပေါ့ မောင်ရယ်...မောင် အထွေးကို လက်ခံတယ်ဆိုရင်ပဲ တင့်တင့် ဝမ်းသာလှပါပြီ"

"သဘော...သဘော...ဒီကောင်မလေး ရောက်လာရင်သာ ချက်ချင်းတော့ မောင်မျက်နှာချင်း မဆိုင်ဘူးနော်"

"မဆိုင်ပါနဲ့လေ၊ တင့်တင့် အတွင်းဝန်ချုပ် ဦးခင်မောင်ဝင်းကို သိပါတယ်၊ နည်းနည်းတော့ မျက်နှာအပူခံပြီး သွားပြောရမှာပဲ၊ ဖေသန်းထွန်းဟာ လက်ထပ်ပြီးကြောင်း လူကြီးတွေကို အသိပေးရင်တော်ပြီ၊ သူ့ဆီက ကလေးစရိတ်တို့ ဘာစရိတ်တို့ တင့်တင့်တို့က လိုချင်တာမှ မဟုတ်ဘဲ၊ မောင်ဝင်ပါလာတယ် ဆိုရင်ပဲ ဖေသန်းထွန်းဟာ ခေါင်းလျှိုသွားမှာပါ"



"ကြည့်စီစဉ်၊ ကိုယ့်ကိုတော့ သိပ်မပြောနဲ့"

တင့်တင့်သည် ဟင်းချမိ၏။ တင်းခံနေသော သူ့စိတ်ကို လျှော့ချလိုက်သည့်အတွက် ထိုညတွင် သက်သောင့်သက်သာ အိပ်ပျော်သွားသည်။

အတွင်းဝန်ချုပ် ဦးခင်မောင်ဝင်း အကူအညီဖြင့် ဖေသန်းထွန်းသည် အထွေးအား တရားဝင်ဇနီးအဖြစ် ရုံးတော်တွင် လက်ထပ်ခဲ့ပါကြောင်း လူကြီးများကို ဝန်ခံခဲ့သည်။ ဘယ်လိုပင်ဆိုဆို...အစ်ကို လုပ်သူ ဒေါက်တာ ထွန်းမြတ် အရှိန်ကိုလဲ ဖေသန်းထွန်းက လေးစားသည်က ပါသောကြောင့်ပင် ဖြစ်သည်။ ရန်ကုန်တွင် ဖေသန်းထွန်း လက်ထပ်ယူသော မင်းကတော်အနေနှင့် သူ လက်ထပ်မယားကြီး ဖြစ်ရသည်ကိုပင် ကျေနပ်ပြီးဖြစ်၍ တော်ပါသေး၏။

အထွေးသည် ပြန်မည့်နေ့က တင့်တင့်လက်ကို ညင်သာစွာဆုပ်ကိုင်၍ နမ်း၏။ တင့်တင့်မျက်လုံးတွင် ညီမလေး ဆင့်ဆင့်ကို မြင်ယောင်ကာ မျက်ရည်များ စိမ့်၍လာသည်။

မျက်ရည်စက်များ စိုနေသော မျက်တောင်ကို အထွေးက ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ပြော၏။

"မမတင့်ဟာ အထွေးရဲ့ ယောက်မ မဟုတ်ဘူး၊ အမေပါပဲ"

* * *

**မိကြေးမှုံ**

"ယောက်ျားတို့အကြောင်း' မင်းရေးနေလို့ ကိုယ်တို့မောင်နှမ၊ သမီး ယောက်မတွေအကြောင်း ရေးပေးလိုက်တယ်။

ယောက်ျားတို့အကြောင်းလား၊ မိန်းမတို့အကြောင်းလားတော့ မသိဘူး၊ ဒါပေမယ့် ယောက်ျားတွေ ဖြစ်ရတဲ့အကြောင်းထဲမှာတော့ ငါ့မိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အဆင်ခြင်၊ အမြော်အမြင်ဟာ ရာနှုန်းပြည့် အရေးကြီးတယ်ဆိုတာတော့ မင်းသိစေချင်တယ်။

ချမ်းမြေ့ရွှင်လန်းပါစေ

**မမတင့်**

မမတင့်မှာ ကျွန်မတို့ဆွေမျိုးစုတွင် တစ်ဦးပါဝင်သော ညီမဝမ်း ကွဲ တော်သူပင်တည်း။

ခင်နှင်းယု

BURMESE CLASSIC .com

www.burmeseclassic.com